www.burmeseclassic.com

# မမသဒ္ဒါမောင်

## တစ်ခုသောနွေဦးမှာ...



အချစ်လုံးချင်းဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၆၊ စက်တင်ဘာလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၇၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅ . ၈၃

မမသဒ္ဒါမောင်
တစ်ခုသော နွေဦးမှာ/ မမသဒ္ဒါမောင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၃၀၂ - စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) တစ်ခုသော နွေဦးမှာ


# မမသဒ္ဒါမောင်

## တစ်ခုသော နွေဦးမှာ



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

နွေဦးရာသီသည် အလွမ်း၏အစပင် ဖြစ်လေ၏။ မှန်ပါသည်။ အလွမ်းတွေကို မလိုချင်သူအတွက် နွေရာသီဆိုတာ သုံးရာသီအတွင်းမှ အမုန်းတီးဆုံး အစက်ဆုပ်ဆုံး ရာသီတစ်ခုပင် ဖြစ်ချေမည်။ အထူးသဖြင့် သူမ၏ဘဝမှာ အခါးသက်ဆုံးကာလတစ်ခုအဖြစ် အရိုက်ထင်ခဲ့ရသည်က အမှန်ပင် ဖြစ်လေ၏။ သူမအမည်မှာကိုက 'နွေရိပ်စံ' ဖြစ်နေသည်မို့ အပူတွေကို အလိုလို စုစည်းနေသကဲ့သို့ ဖြစ်နေပေမည်။

ပြတင်းပေါက်မှ လိုက်ကာကို နေမရှိန်စေရန် တစ်ဝက်ဆွဲပိတ်ထားပေမယ့် အလင်းရောင်ဝင်စေရန်အတွက် ကျန်တစ်ဝက်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ အနည်းငယ်ဖွင့်ထားပါ၏။ ထိုနေရာမှ အလင်းရောင်နှင့်အတူ နွေဦးလေပြည်တို့က (သိပ်ကြီးမအေးပါပဲ) သူမ အခန်းတွင်းသို့ ဝင်လာကြလေသည်။ စာထိုင်ရေးနေကျ စားပွဲထက် အလင်းကျသည်က အနေတော်ပင် ဖြစ်လေ၏။

"ကတောက်! ဖြောက်! ဖြောက်! ဂျွတ်!"

နောက်ဆုံးခန်းစာမူကို ရေးပြီးပြီမို့ လက်မှတ်ထိုးလိုက်ရင်း လက်ချောင်းတွေ ညောင်းနေသဖြင့် လက်ဆစ်ချိုးလိုက်သလို ဇက်ကိုပါ စောင်း၍ ချိုးလိုက်ပါ၏။ အမျိုးသမီးအများစုကဖြင့် လက်ဆစ်တွေကြီးတာကို မနှစ်သက်ကြပေမယ့် စာရေးသည့် သူမကဖြင့် အညောင်းပြေချင်တာမို့ လှတာ မလှတာ အပထားပြီး အမြဲချိုးလေ့ရှိလေသည်။

ညဘက် အနားယူစဉ် စာမူလက်ရေးသတ်ပုံ ပြန်စစ်ရဦးမှာမို့ စာမူ (စာမျက်နှာ ၄၀၀ Ruby Student Book) ကို ဒီအတိုင်းသာ ပိတ်ထားလိုက်ပါ၏။ စာရေးစားပွဲထက် ရေဖြစ်ဖြစ်၊ ကော်ဖီဖြစ်ဖြစ် မှောက်ကျတတ်တာမို့ သစ်သားစားပွဲပေါ်မှာ မှန်ချပ်ထူထူ တင်ထားပါသည်။ စာအုပ်ကို အံဆွဲဖွင့်၍ ခဏသိမ်းထားလိုက်ပါ၏။ ပြီးနောက် မတ်တပ်ရပ်ကာ ခါးကို ဟိုဒီလှည့်ကာ အကြောဆန့်လိုက်မိလေသည်။

"ရှူး!"

ပါးစပ်မှလေမှုတ်ထုတ်ရင်း စိတ်ကို လျှော့ချလိုက်ပါ၏။





ညဘက် စာမူသတ်ပုံစစ်ပြီးလျှင်ဖြင့် အဖုံးအုပ် Percel ထုပ်ကာ စာတိုက်ကိုသွား၍ အမြန်ချောပို့အဖြစ် စာပေတိုက်ကို လှမ်းပို့ရတာကထုံးစံပါပဲ။ အိပ်ရာထက် လှဲချကာ အညောင်းအညာပြေလိုက်ချင်ပေမယ့် ရေအေးအေးလေးသောက်ချင်သဖြင့် မလှဲဖြစ်ပါချေ။

အိပ်ခန်းတံခါးကို ဖွင့်၍ ထွက်လိုက်ပြီး ဧည့်ခန်းဘက်ကို လှမ်းကြည့်လိုက်မိပါ၏။ ပြီးနောက် ထမင်းစားခန်း (မီးဖိုချောင်) ရှိရာဆီသို့ လမ်းဆက်လျှောက်လိုက်ပါသည်။ ဒီမှာလည်း 'အန်တီငယ်' မရှိသဖြင့် နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်နေမည်ထင်ပါ၏။ ရေခဲသေတ္တာထဲမှ Plastic ရေပုလင်းကို ထမင်းစားပွဲထက်ရှိ လင်ပန်းထဲမှ ဖန်ခွက်ထဲသို့ လက်သုံးလုံးခန့် ငှဲ့လိုက်ပါသည်။

ရေပုလင်းကို ရေခဲသေတ္တာထဲ ပြန်သိမ်းလိုက်ပါ၏။ လင်ပန်းထဲ အဆင်သင့်ရှိနေပါသည့် ရေကရားထဲမှ ရိုးရိုးရေသန့်ကို ရေခဲရေထဲသို့ ခပ်များများလေး လောင်းထည့်ကာ ရောလိုက်ပါ၏။ ဖန်ခွက်တစ်ဝက်ကျော်ကျော်လောက်ရောက်မှ ကရားကို ပြန်ချကာ ဖန်ခွက်ကို မော့သောက်လိုက်ပါသည်။ သိပ်ကြီးမအေးတော့သည့် ရေတို့က လည်ချောင်းတွင်းမှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ စီးမျောသွားလေ၏။

"သမီးလား"

"ဟုတ်!... အန်တီငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝိုက်ဆာလို့လား သမီး"

အိတ်ဆောင်အိပ်ခန်းထဲမှ 'အန်တီငယ်' (ဒေါ်စောငယ်) ထွက်လာလေ၏။ အဒေါ်ဖြစ်သူက ခပ်ပြည့်ပြည့်ဖြစ်ပေမယ့် သူမကဖြင့် ပိန်ပိန်သွယ်သွယ်လေးအတိုင်းပါပဲ။ အစားလည်း အရမ်းနည်းကာ ညဉ့်နက်သည်အထိ စာရေးသည့်အလုပ်ကြောင့် အိပ်ရေးလည်းပျက်ကာ မျက်တွင်းက အမြဲညိုနေတာပါ။ အထူးသဖြင့် စာကြည့်မျက်မှန်ပုံတုံးမည်းမည်းကြီးကြောင့် ရှိရင်းစွဲအသက် (၂၈) နှစ်ထက် (၃၅) နှစ်ဟု ထင်တတ်ကြတာပါလေ။

"မဆာပါဘူး အန်တီငယ်ရယ်"

"ဘာစားချင်လဲ သမီးရယ်။ စားချင်တာလေးရှိရင် ပြောပေါ့။ အန်တီငယ် ချက်ကျွေးပါ့မယ်"

သူမ ပြုံးရုံမျှ ယှဲ့ယှဲ့လေးသာ ပြုံးလိုက်မိလေ၏။ တစ်နှစ်ကျော်ခဲ့တာတောင်မှ 'မောင်' ကိုလွမ်းနေသည့်စိတ်က မပြေနိုင်သေးတာလေ။ ထားရစ်ခဲ့သူအနေနဲ့ စိတ်က ပေါ့ပါးနိုင်ပေမယ့် ကျန်ရစ်ခဲ့သူကဖြင့် အလွမ်းဒဏ်ရာတွေအပြည့်နှင့် မဟုတ်ပါလား။ ထို့ကြောင့်ပင် အသည်းကွဲဝတ္ထုစာမူတို့က စာဖတ်သူ၏ရင်ဝသို့ စိုက်ဝင်စေသည့် မြားတံတွေနှယ် ကလောင်သွားထက်စေခဲ့တာလေ။

"ဘာမှမစားချင်ပါဘူး အန်တီရယ်"





"သမီးပြောထားမှ ငါးရက်စျေးမှာ ကြိုဝယ်ထားလို့ရမှာပေါ့ စံ။ ဒီလိုပဲ ဘာမှ ဟုတ်တိပတ်တိ မစားဖြစ်နေရင် ကြာလာတာနဲ့အမျှ လုံးပါးပါးလာလိမ့်မယ်"

"စံက အစကတည်းက အသားရှိတာကိုး"

"ဝို့ထက် အာဟာရဖြစ်ဖို့က ပိုအဓိကကျမှန်း သမီး သိမှာပါ။ သမီးက အန်တီငယ်ထက် ပညာပိုတတ်တာပဲ"

ပညာတွေ တတ်မြောက်ခဲ့လို့ရော ဘဝက ပိုပြီးပြည့်စုံမှာတဲ့လား။ 'မောင်' မရှိတော့တဲ့နောက်မှာ ရှင်သန်ခြင်းတို့က အဓိပ္ပာယ်ကင်းမဲ့ခဲ့ရတာပါလေ။ အသက်ထက် ပိုချစ်ခဲ့ပါလျက် သေသလားရှင်သလား မသိရပါဘဲ အထီးကျန်ခြင်းတွေအပြည့်နဲ့ 'စံ' ကို ချန်ရစ်ခဲ့ရတာက ဘာအကြောင်းကြောင့်နှင့်ပါလဲကွယ်။

"ဗိုက်ထဲ အစာရှိအောင်တော့ စံ စားပါတယ် အန်တီငယ်ရယ်"

"ဟင်း . . . သမီးကို ဘယ်လိုမျိုး ကူညီပေးနိုင်မှ အရင်လို အပြုံးမျိုးတွေ ပြန်မြင်ရမှာပါလိမ့်"

ညည်းညူဟန်ပြောနေပါသည့် 'အန်တီငယ်' ၏အနီးမှ ထွက်လာခဲ့ပါသည်။ တိုက်ပုလေးရှေ့မှာ ဝရန်တာလေးရှိသလို ချန်တာ လက်ရန်းတို့မှာ တိုက်ပန်း (ပန်းဆီရောင်) တို့က ရစ်ပတ်နွယ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တက်၍ ပွင့်နေကြလေ၏။ အုတ်လှေကားလေးကို ဆင်းကာ ဒန်းဖြူဖြူလေးရှိရာဆီ ဆက်လျှောက်ခဲ့ပါသည်။ ဒီဒန်းလေးမှာထိုင်၍ ခြံဝကို အမြဲမျှော်ကြည့်ဖြစ်ခဲ့သည် မဟုတ်ပါလား။

"ရနံ့မရှိတဲ့ပန်းတွေကို မောင်ကြိုက်တယ်" ဆို၍ မွှေးရနံ့ သိပ်မရှိသည့် ပန်းတို့ကိုသာ သူမ ရွေးချယ်စိုက်ပျိုးခဲ့တာလေ။ ခြံဝင်းလေးကို သစ်သားချောင်းတို့ဖြင့် ခပ်ပုပုလေး ကာထားပြီး ဆေးဖြူဖြူလေး သုတ်ထားတာ ခါးကျော်ကျော်ခန့် သစ်သားခြံတံခါးလေးကိုလည်း ဆေးပြာလေးသုတ်ထားတာ။ ဒီတိုက်ပုပုလေးကို အဝါနုရောင်လေး ဆေးခြယ်တာတို့ကို မောင်နှင့်အတူ သူမ လုပ်ဖြစ်ခဲ့ကြတာပါ။

မျက်စိကြည့်လေရာ 'မောင့်' ပုံရိပ်တို့က မပျောက်ကွယ်သွားပါချေ။ ခြံအဝင်ဝမှာ သံတိုင်ထူ သံဆန်ခါကွေးလျက် ပန်းကုံးပုံစံပြုလုပ်ထားပြီး 'မောင်' နှစ်သက်ပါသည်ဆိုသည့် စက္ကူပန်းတို့က အခုတော့ဖြင့် အရောင်သွေးစုံလင်စွာ ပွင့်နေလေပြီ။ ခြံစည်းရိုးအတွင်းဘက်မှ ရွက်လှပင်တို့ကလည်း ခပ်ခြားခြားလေး စိုက်ထားတာမို့ ဝါတစ်လှည့်၊ နီတစ်ဖုံ၊ စိမ်းတစ်မျိုးဖြင့် ရှင်းသန့်နေကြတာပါ။ မရှင်သန်မလန်းဆန်းသည့်အရာဆို၍ သူမ နှလုံးသားပင် ရှိနေမည် ထင်ပါရဲ့။

လမ်းကြားလေးရဲ့အဆုံးမှာရှိနေလို့ နားအေး တိတ်ဆိတ်တာကို ကြိုက်လို့ဆိုပြီး ဒီခြံလေးကို ရွှေးဝယ်ခဲ့တာလေ။ မြင့်မြင့်မားမား





တိုက်ကြီးတွေထက် ခပ်ပုပု ပြားပြားတိုက်လေးကိုသာ နှစ်သက်ပြီး 'မောင့်' စိတ်ကြိုက် ဆောက်ဖြစ်ခဲ့ရတာပါ။ အိမ်ဝင်ပေါက်နေရာမှာ ကိုယ်တိုင်စာတန်းချိတ်ထားပါသည့် ရွှေအိုရောင်စာလုံးတို့ကို ခပ်တိုးတိုး ဖတ်လိုက်မိလေ၏။

"ရင်ငွေ့နွေးနွေးစံအိမ်"

တကယ့်ကို ရင်ငွေ့နွေးနွေးလေးနှင့် ပျော်ရွှင်ခဲ့ရတာ အမှန်ပါပဲ။ သို့သော် လပိုင်းခန့်သာရှိခဲ့သည့် ကာလက ဤမျှ တိုတောင်းနေလိမ့်မည်ဟု ထင်မထားမိခဲ့ပါ။ "မုန်းသည်"၊ "စိတ်နာသည်"၊ "နာကျည်းသည်" ဟူသည့်စကားမျိုး တစ်ခွန်းတလေမှ မပြောခဲ့ပါဘဲ သူမဘဝထဲမှ လေလွင့်ရွက်ဝါလေးလို ပျောက်ကွယ်သွားခဲ့တာ မဟုတ်ပါလား။

ခြေဖျားဖြင့် မြေပြင်ကိုထောက်ရင်း ဒန်းကို ခပ်ဖြည်းဖြည်း လွှဲလိုက်ပါ၏။ အနောက်ဘက်မှနေ၍ လေသံတိုးတိုးလေးဖြင့် "စံကို ချိုပွေ့ထားတဲ့ ဒန်းဖလေးလို မောင်ဖြစ်ချင်တယ်" ဟူသည့် စကားကို ကြားယောင်မိလိုက်ပါသည်။ လုပ်သည့်အလုပ်ကိုက စိတ်ကူးယဉ်ရသည့် အလုပ်မို့ 'စံ' ကို စိတ်ကူးယဉ်အတွေးကမ္ဘာထဲမှာပဲ 'မောင်' ချန်ထားရစ်ခဲ့သည်ထင်ပါရဲ့။

"ဝရော!"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြင်းပြင်းတိုက်ခတ်သွားပါသည့် လေပြည်တို့ကြောင့် သူမ၏ ဆံနွယ်ကို လေထဲလွင့်သွားရလေ၏။ တင်ပါးဖုံး၍ကျော်သည်အထိ အရှည်ထားဖြစ်ခဲ့သည့် ဆံနွယ်တို့ကို နှစ်ပတ်လျှို၍ ချည်လိုက်ရပါသည်။ ဒီဆံနွယ်တို့ကို 'မောင်' ပင် တယုတယကိုင်လျက် နမ်းရှိုက်မြတ်နိုးခဲ့တာပါလေ။ အခုတော့ ယုယသူမဲ့သည့် ဆံနွယ်တို့က အရင်လို မပျော့ပျောင်းတော့ပါပဲ ခြောက်သွေ့ညှိုးမွဲနေရပြီ မဟုတ်ပါလား။

"မောင့်ကို စောင့်နေတာလား စံ"

"ဟင်!"

နားထဲ ကြားလိုက်မိသည့်အသံကြောင့် ခြံဝသို့ ဆတ်ခနဲ လှမ်းကြည့်လိုက်မိပါ၏။ လူခေါ် ကြေးခေါင်းလောင်းလေး ချိတ်ထားသည်မှလွဲ၍ သက်ရှိအရာ ဘာဆို ဘာမှမရှိပါချေ။ ရူးများ ရူးတော့မှာလား။ အလွမ်းဆိုတာတွေက ချစ်ခြင်းကို သေစေသည့် အဆိပ်သာ ဖြစ်ခဲ့ပါလျှင် 'နွေရိပ်စံ' တစ်ယောက် လွန်ခဲ့သည့်နှစ်ကတည်းက သေဆုံးပျောက်ကွယ်ခဲ့ပေပြီ။

"ကျလီ! ကျလီ!"

ဝိတောက်ပင်ကိုင်းထက်မှ ငှက်စာလေးတို့၏ ရန်ဖြစ် စကားများသံကို အတိုင်းသားကြားနေရလေ၏။ သူမမှာဖြင့် ရန်ဖြစ်ရမည့်သူရယ်လို့ အနီးမှာ မရှိပါချေ။ မြေပေါ်ခင်းလိုက်၊ 'အန်တီငယ်' ထည့်





ပေးထားသည့် အစာမုန့်ထဲ ဝင်စားလိုက် ဟိုဘက်ခပ်လှမ်းလှမ်းမှာ ရှိနေပါသည့် ရေဖလားလေးထဲ ဝင်လိုက် ဖျှားခနဲ အပေါ်ကို ပျံတက်သွားလိုက်ဖြင့် ပျော်မြူးနေကြပါသည့် စာကလေးငှက်တို့ကို အားကျမိတာအမှန်ပါ။

"အတူတူနေချင်ပြီ"

ခပ်တိုးတိုးပြောသံကြားခဲ့ရစဉ်က အဘယ်မျှ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရပါသနည်း။ တည်ငြိမ်တဲ့အရွယ်၊ သင့်လျော်သည့်အသက်၊ မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြင့် ခေါင်းတစ်ညိတ်အဖြေကို အကောင်အထည်ဖော်ဖြစ်ခဲ့ကြတာလေ။ မိန်းမသားတစ်ဦး၏ဘဝ အဆုံးသတ်က "လက်ထပ်ခြင်း" မည်၏တဲ့။ ထိုအဆုံးအဖြတ်မှာပဲ သူမဘဝ လမ်းဆုံးသွားခဲ့ရတာပါလေ။

လပိုင်းမျှပျော်ခဲ့ရသည့်အပျော်တို့က အိပ်မက်တစ်ခုလို တိမ်လွင့်သလို ပျောက်ကွယ်သွားလိမ့်မည်ဟု ဘယ်ထင်ထားပါ့မည်နည်း။ ဇာကြမ္မာဆိုတာ လူက ဖန်တီးတာဆိုပြီး လက်တွေ့မှာဖြင့် သူစေစားရာအတိုင်း လူသားတွေကသာ လိုက်နာခဲ့ရတာပဲ။ အမှန်တော့ လူသည် ဇာကြမ္မာ၏ အစေခံပင် ဖြစ်လေ၏။

"သမီးစံ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ညနေ အမေ်ရေလောင်းဖို့"

"စံမဲ့လုပ်လိုက်ပါ့မယ် အန်တီငယ်"

"အေး . . အေး။ ဒါဖြင့် အန်တီ ကြာဆံဟင်းခါးလေး ချက်လိုက်မယ်။ ရှောက်သီးသုပ်လေးနဲ့ သမီး ထမင်းစားလို့ကောင်းသွားအောင်"

"ကျေးဇူးအများကြီးတင်ပါတယ် အန်တီရယ်"

အန်တီငယ်က အိမ်ရှေ့တံခါးကိုဖွင့်ပြီး လှမ်းပြောကာ အိမ်ထဲဝင်သွားလေတော့၏။ တစ်ရက်တစ်ရက် ဤမျှ မြန်ဆန်နေသလို တစ်နှစ်ဆိုသည့် ရက်ပေါင်းများစွာက ခဏလေးပါပဲလား။ 'မောင်' ရယ်၊ 'စံ' မျှော်နေမှန်းသိပါလျက်နဲ့ ထွက်သွားခဲ့တဲ့ခရီးက ဘာကြောင့်များ ပြန်မလာခဲ့တာလဲ။ အများပြောကြသလို ကားမှောက်တဲ့ ခရီးသည်ထဲမှာ 'မောင်' ပါသွားခဲ့ပါသလား။

စာရင်းအတိအကျဖြင့် မစီးကြဘဲ လမ်းကြုံတက်စီးသည့် ခရီးနေရာမှာ နေခဲ့တာက မှားနေလို့များလား။ "ဓာတ်ပုံပြိုင်ပွဲမှာ ဆုယူပြီး တစ်ခါတည်းပြန်လာမှာ" ဆိုပြီး ပျောက်သွားခဲ့တာ ဒီလောက်ထိ ကြာနေပြီလေ။ ဘာဆုမှမရခဲ့လျှင်တောင်မှ ဒီနေရာ ဒီရင်ခွင်ကို မဖြစ်မနေ ပြန်လာရမည်ဆိုတာကို မေ့များမေ့နေပြီ ထင်ပါရဲ့။

လုံချည်ထက်ကျလာပါသည့် ရွက်ဝါလေးကို ကောက်ယူ





ကိုင်လိုက်မိပါ၏။ သစ်ရွက်လေးတွေလည်း ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေတော့မည်။ ပန်းပွင့်လေးတွေလည်း ပွင့်ဟောင်းကြွေ၍ အဖူးသစ်လေးတို့ စထွက်ပေတော့မည်။ ဒါဖြင့် 'မောင်' ချစ်ခဲ့တဲ့ နှလုံးသားတစ်ခုကိုရော ဟောင်းနွမ်းတယ်ယူဆပြီး ထားခဲ့လေသလား။

'မောင်' ရယ် . . . 'စံ' က 'မောင့်' ကို အခုအထိ သတိရလွမ်းဆွတ်နေတုန်းပါပဲ။ ရင်ထဲမှာရော ဦးနှောက်ထဲမှာပါ 'မောင့်' ပုံရိပ်တို့ စွဲထင်နေသလို ချစ်ခြင်းမေတ္တာတွေက အပြည့်အသိပ် ရှိနေတုန်းပါလေ။ လွမ်းနေသူကို စိတ်ပြေဖို့အတွက်ကဖြင့် 'မောင့်' ရဲ့ ဓာတ်ပုံလေးနဲ့ 'စံ' တို့ရဲ့ လက်ထပ်စာချုပ်လေးတွေသာ ရှိတော့တာ မဟုတ်ပါလား။

ညနေခင်းမှာတောင် မထားဖြစ်တော့ဘဲ 'စံ' ရဲ့အိပ်ခန်းနံရံတွေမှာ ပြည့်လုနီးပါး ကပ်ထားတဲ့ 'မောင့်' ဓာတ်ပုံတွေကိုသာ မြင်ကြလျှင် 'နွေရိပ်စံ' ကို 'လင်တရူး' ဆိုပြီး တီးတိုးသမုတ်ကြတော့မယ် ထင်ပါရဲ့။ ချစ်သူအဆင့်ထက်ပိုပြီး အိမ်သူရာထူးကိုပေးခဲ့သည့် 'စံ'၏ အရှင်သခင်ကတော့ဖြင့် အနီးအပါးမှာ မရှိတော့တာ ကြာခဲ့လေပြီ။

❂



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ပါကင်ထုပ်ထားသည့် စာမူ၊ ဝိုက်ဆံအိတ်၊ phone တို့ကို အိတ်ထဲသို့ စုထည့်ကာ လွယ်လိုက်ပါ၏။ နေပူလျှင် အကာအကွယ်ဖြစ်စေရန် ဦးထုပ်အဝိုင်း (လျှာပြားကြီးကြီး) အဖြူရောင်လေးကို မေးသိုင်းကြိုးချည်၍ ဆောင်းလိုက်ပါသည်။ စာကြည့်မျက်မှန်မပါလျှင် မနေတတ်သဖြင့် မျက်မှန်ကိုင်းမည်းကြီးက သူမ မျက်နှာထက်မှာ ထုံးစံအတိုင်း ရှိနေဆဲပါပဲ။

မှန် သိပ်မကြည့်ဖြစ်ပေမယ့် အပြင်ထွက်ရမှာမို့ တစ်ချက်တော့ ကြည့်လိုက်မိလေ၏။ ဆံပင်က ကျစ်ဆံမြီးကျစ်ထားပြီး အကျီ ပွပွနှင့် ပုံတုံးတုံးမိန်းမတစ်ယောက်၏ ပုံရိပ်ကို မှန်ထဲမှ မြင်နေရပါ





သည်။ ဤသည်ကား နာမည်ရကာစ စာရေးဆရာမ 'ပုံရိပ်စံ' ပင် ဖြစ်လေ၏။ သနပ်ခါးအရမ်းကြားနေတာကို လက်ဝါးဖြင့်ပင် ဖြစ်သလို ပွတ်သပ်လိုက်ပြီး အကျီမကြေစေရန် ဆွဲဆန့်လိုက်ပါသည်။

"ဆိုင်ကယ်နဲ့ သွားမှာလား သမီး"

"ဟင့်အင်း . . . မြင်းလှည်းပဲစီးသွားပါ့မယ် အန်တီငယ်။ မြို့ထဲရောက်ရင် လျှောက်ကြည့်ပြီး ဝယ်ချင်တာဝယ်မလားလို့ပါ"

"အေးအေး သမီး"

"အန်တီ ဘာမှာချင်သေးလဲ"

"လက်ဖက်အသား ကုန်ခါနီးပြီမို့ ဝယ်လာပေးပါကွယ်"

"ဟုတ်ကဲ့"

တိုက်ပုလေးထဲမှ ထွက်လိုက်ပါ၏။ အိမ်တံခါးကို ပိတ်လိုက်ပြီး အုတ်လှေကားမှ ဆင်းလိုက်ပါသည်။ အုတ်ခဲစီထားသည့် လမ်းကလေးမှ ဆက်လျှောက်ခါ ခြံတံခါးသေးသေးလေးကို ဖွင့်၍ ထွက်လိုက်၏။ ပြီးနောက် အတွင်းမှ ကလန့်ကို လှမ်းထိုးလိုက်၍ ပိတ်လိုက်ပါသည်။ အိမ်ထဲမှာ 'အန်တီငယ်' တစ်ယောက်တည်းသာရှိသဖြင့် အန္တရာယ်ဖြစ်မှာစိုး၍ အိမ်ထဲမှ သော့ပိတ်ထားရန် သတိပေးကာ မှာထားရလေ၏။

လမ်းကြားလေးထဲမှ ခပ်သွက်သွက်လျှောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးသို့ ရောက်ရန် (၁၅) မိနစ်ခန့် လျှောက်ရလေ၏။ လမ်းထိပ်သို့ရောက်စဉ် ဟိုဒီမျှော်၍ ကြည့်လိုက်ပါသည်။ ကယ်ရီဆိုင်ကယ်တွေသာ မြင်ရပြီး မြင်းလှည်းတစ်စီးမှ မတွေ့ရသဖြင့် လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်မိ၏။ မနက် (၉) နာရီမို့ မြင်းလှည်းတွေ မနားနိုင်သေးပါလေ။

"ခလောက်! ခွပ်! ခလောက်! ခွပ်!"

"ဟော!"

မြင်းခွာသံကြားလိုက်ရသဖြင့် ဝမ်းသာသွားရလေ၏။ ခပ်လှမ်းလှမ်းမှာ လာနေပါသည့် မြင်းလှည်းကို မြင်လိုက်ရသလို ကျန်ပစ္စည်းနှင့် passenger ပါ မပါ လှမ်းအကဲခတ်လိုက်မိ၏။ အများစုက ကယ်ရီတွေသာ စီးကြပေမယ့် "မောင် စိတ်မချဘူး" ပြောစဉ်ကတည်းက ဆိုင်ကယ်ကို တတ်နိုင်သလောက် မစီးဖြစ်အောင် ရှောင်ဖြစ်ခဲ့တာပင်။ 'မောင်' စီးသည့် ဆိုင်ကယ်လေးကိုလည်း ဂိုဒေါင်ထဲ ဒီတိုင်းသိမ်းဖြစ်ခဲ့သည် မဟုတ်ပါလား။

လက်လှမ်းတားလိုက်သဖြင့် မြင်းလှည်းက သူမရှေ့မှာ ရပ်သွားလေ၏။ ပြတင်းပေါက်မှ အထဲသို့ လှမ်းကြည့်စဉ် ခရီးသည်မပါ၍ စိတ်အေးသွားရပါသည်။ မြင်းလှည်းမောင်းသမားကလည်း ဦးလေးကြီး အရွယ်မို့ ပို၍ စိတ်ချရလေ၏။ ကိုယ့်ကိုယ်ကိုယ် လှတပတ





မိန်းကလေးဟု မသတ်မှတ်သော်ငြား မိန်းမသည် မိန်းမပင် ဖြစ်သည်ကိုတော့ သိရမှာပါလေ။

"ဘယ်သွားမှာလဲ ကလေးမ"

"တောင်ကြီးကိုပါ"

"စောင့်ပေးရဦးမလား"

"ရပါတယ် ဦးလေး၊ ကျွန်မ ဈေးထဲပတ်ဦးမှာမို့ ကြာမှာပါ။ နေပါစေ"

လှည်းအိမ်တံခါးကို ဆင်းဖွင့်ပေးလိုက်သဖြင့် တက်ထိုင်လိုက်ပါ၏။ ပြတင်းပေါက်ဘောင်ပေါ် လက်တင်၍ အပြင်ရှုခင်းတို့ကိုငေးရင်း မြင်းလှည်းစီးခဲ့ရလေသည်။ အကွေ့အကောက်များလွန်းပါသည့် လမ်းမကြီးက ဖြူးနေပေမယ့် သစ်ပင်ကြီးတွေ အုံ့ဆိုင်းနေသည်မို့ လေပြည်က အေးနေတာပါ။ ဆောင်းတွင်းမှာဆို ယခုလို အကျီအပါးလေးဖြင့် လမ်းထွက်၍ မရပါလေ။

စိန်ပန်းပြာပြာတို့က လေအဝှေ့မှာ လမ်းထက်သို့ ကြွေကျကုန်သော၏။ အဘယ်မျှ ကဗျာဆန်လွန်းပါသနည်း။ 'မောင်' သာ မြင်လျှင်ဖြင့်မနေ ဓာတ်ပုံတစ်ပုံလောက်တော့ ရိုက်လိမ့်မည်သာ။ လူပုံတွေကို ရိုက်လေ့ရိုက်ထမရှိသည့် 'မောင်' က 'စံ' ၏အသက် (၂၇) နှစ်မွေးနေ့ 'မောင်' နှင့် လက်ထပ်သည့်နေ့ မှာ အမှတ်တရ ရိုက်ပေးပြီး နံရံ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လုနီးပါး ပုံကူးကာ ညှော်ခန်းမှာ ယခုထိ ထားဖြစ်ခဲ့ပါသည်။

မျက်မှန်မတပ်နိုင်သော ရုက်ပြူးတို့ဖြင့် ပါးမို့မို့လေး ရဲနေပါသည့် 'နွေရိပ်စံ' (စာရေးဆရာမ 'ပုံရိပ်စံ') ၏ဘဝမှာ အလှဆုံးပုံအဖြစ် မှတ်မှတ်ရရ ရှိနေခဲ့တာပါ။ တကယ့်ကို ရိုးရှင်းသည့် အပြင်အဆင်ဖြင့် မျက်လွှာချထားသည့် ဟန်လေးကို အမိအရ ရိုက်ပေးခဲ့တာပင်။ ထိုသို့သော 'မောင်' သည် ဤသို့ အရက်ကြီးသည့် မိန်းကလေး၏အသည်းနှလုံးကိုပါမက ဘဝကိုပင် အပိုင်သိမ်းပိုက်ခွင့်ရခဲ့တာပါလေ။

မြင်းလှည်းရပ်သွားပြီး ဦးလေးကြီး တံခါးဖွင့်ပေးမှ (မြင်းလှည်းပေါ်မှ) ဆင်းကာ မြင်းလှည်းခရှင်းပေးလိုက်ပါ၏။ စာတိုက်ကြီးဝင်းထဲသို့ဝင်လျက် အဆောက်အဦထဲ ဝင်ခဲ့ရလေသည်။ အမြန်ချောပို့ကောင်တာမှာ စာမူကိုအပ်ကာ ပေးပို့ခပါ တစ်ခါတည်း ချေလိုက်ပါ၏။ လစဉ် ပို့နေကျမို့ မည်မျှ ကုန်ကျသည်ကိုလည်း သူမ သိနေလို့ပါပဲ။

လက်ခံဖြတ်ပိုင်းပြန်ပေးတာကို ယူလိုက်ပြီး ထွက်ခဲ့စဉ် phone ဖြင့် စာမူပို့လိုက်ပြီဖြစ်ကြောင်း message ပို့လိုက်ပါသည်။ သူမက ဒီအလုပ်တစ်ခုတည်းလုပ်တာ မဟုတ်ရပါ။ စီးပွားရေးလုပ်ငန်းအဖြစ် မိဘအမွေထားခဲ့သည့် လီမွော်ခြံရှိတာမို့ သစ်သီးခြံကိုလည်း အမြဲ မကြာခဏ သွားကြည့်နေရတာပါ။ ညစဉ်ညတိုင်းနှင့် အရမ်း





ရှာန်ဝင်စားချိန်မျိုးမှ ခြံထဲမရောက်ဖြစ်တဲ့ စာတစိုက်မတ်မတ်ရေးတတ်လေသည်။

ရုတ်တရက်မြည်လာသည့် phone သံကြောင့် ဈေးဘက်လျှောက်နေရင်း phone ယူ၍ ကြည့်လိုက်ပါ၏။ ထုတ်ဝေသူ နံပါတ်ဖြစ်နေသဖြင့် ပြောရတော့မှာပါ။ တော်ရုံ သိပ်အရေးမကြီးသည့် phone ဖြစ်ပါက သူမအလုပ်ကို ပြီးအောင်လုပ်ပြီးမှ ထို missed call တွေကို ပြန်ဆက်သွယ်တတ်လေ၏။

"ဟယ်လို ပြောပါဆရာ"

"ဆရာမပို့တာ အခုဆို အုပ် (၂၀) ပြည့်တော့မယ်နော်"

"ဪ . . . ဟုတ်ကဲ့"

"စာမူခတိုးပေးဖို့ရယ်၊ စာချုပ်ထပ်ချုပ်ဖို့အတွက် ရန်ကုန်ကို ဆင်းလာခဲ့ပါဦး"

"ရှင်! . . . ကျွန်မ ပထမဆုံး ချုပ်ထားတဲ့စာချုပ်က အုပ် (၃၀) မဟုတ်ဘူးလား။ အဲဒါ မပြည့်သေးဘဲနဲ့"

"မှန်ပါတယ်၊ နောက်ထပ် စာချုပ်အသစ် ထပ်ချုပ်ချင်လို့ပါ ဓောင်ရေလည်း တိုးရောင်းရလို့ စာမူခတိုးပေးချင်လို့ပါ ဆရာမရယ်"

"ဟုတ်လား . . . အားနာလိုက်တာရှင်"

www.burmeseclassic.com



"မြို့တော့ ဆရာမအတွက် စိတ်ဆက်စာတွေလည်း တစ်ပြုံ ကြီး ရောက်နေလို့ပါ။ လိပ်စာမသိစေချင်ဘူးဆိုလို့ ဒီမှာ လူကိုယ်တိုင် ရော၊ စာတွေပါ လာပို့တာ များနေပြီ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ကျွန်မ ရက်ကြည့်ပြီး လာခဲ့ပါ့ မယ် ဆရာ။ ကျေးဇူးပါပဲရှင်"

"ကျွန်တော်ကသာ ကျေးဇူးတင်ရမှာပါဗျာ။ ဒါဆို ဒါပဲနော်"

"ဟုတ်ကဲ့"

အလို! စာမူခတိုးပေးမလို့တဲ့လေ။ ကျေးဇူးတင်လိုက်တာ နော်။ ထုတ်ဝေသူနှင့် စာဖတ်ပရိသတ်တွေကို အကုန်လုံးပါပဲ။ ချစ်ခြင်း ၏ သစ်ပင်က ခြောက်သွေ့ပြီး သောကနီးစဲစဲ အခြေအနေမှာ မဂ္ဂဇင်း တွေ့ပွတ္ထွေမှတစ်ဆင့် လုံးချင်းရေးရန် စတင်ခဲ့သည့် ကာလက တစ်နှစ် လေးသာကျော်ခဲ့တာပါလေ။ စာချုပ်ထဲမှာ စာအုပ် (စာမူ) အရေ အတွက်ကြောင့် မျက်လုံးပြူးပြီး မည်သို့များရေးရပါ့ဟု စိုးရိမ်ခဲ့ရပေ မယ့် (၁၀) အုပ်ကျော်သည်နှင့် လက်က အလိုလို သွက်လာတော့တာ မဟုတ်ပါလား။ 'ပုံရိပ်စံ' ၏ "အသည်းအသက်မက ချစ်ရပါသော မောင်" မှစ၍ စာဖတ်သူတို့၏ ရင်ကို ထိုးစိုက်နိုင်ခဲ့တာပါလေ။

ကြိုးစားရပါဦးမည်။ ဒီအလုပ်ကို ရွေးချယ်ခဲ့ခြင်းက [စာဖတ် သူတွေ လက်ခံပေးနေသရွေ့] အသက်ကြီးသည့်အရွယ်အထိ





ဖောက်ချလုပ်သွားနိုင်လို့ပါပဲ။ စာပေအလင်းဖြင့် လူတို့၏မျက်စိကို အလင်းဆောင်ပေးသည့် တစ်ထောင့်တစ်နေရာမှာ ပါဝင်ခွင့်ရခဲ့သဖြင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရတာ အမှန်ပါ။ 'အနိတီငယ်' သိလျှင် မည်မျှ ဝမ်းသာရှာပါမည်နည်း။ အိပ်ခန်းထဲ အောင်းနေပြီး အပြင်မထွက် သည့် တူမဖြစ်သူကို စိတ်ရောဂါဝေဒနာ စွဲကပ်သွားမှာစိုးသည်က 'အနိတီငယ်' အစိုးရိမ်ဆုံး မဟုတ်ပါလား။

"တီ!"

မြို့ထဲမှာ ကားတွေ၊ ဆိုင်ကယ်တွေ ပေါလွန်းသဖြင့် သတိ ထား၍ လျှောက်နေရပါ၏။ ဒီပုံအတိုင်းတော့ မဖြစ်သေးပါ။ 'မောင့်' ဆိုင်ကယ်လေးကို ပြန်ပြင်ပြီး စီးရတော့မှာမဟုတ်လား။ ဒါမှလည်း ခရီးထဲသွားရတာလည်း အဆင်ပြေတော့မှာလေ။

အရင်ဆုံး လိုချင်သည့်ပစ္စည်းကို ရှာဝယ်ရလေ၏။ ပြီးမှ သစ်သီးဆိုင်ဘက်ဝင်၍ သစ်သီးအနည်းငယ်ရွေးဝယ်ကာ တစ်ဖက်ဆိုင် ထဲမှ လက်ဖက်အသားအရွက်နုနုလေးကို ရှာဝယ်လိုက်ရပါသည်။ စုံသလောက်ဖြစ်ပြီမို့ မြင်းလှည်းဖြင့် ပြန်ရန် ဂိတ်ရှိရာသို့ အတော် လျှောက်ရဦးပေမည်။ ပစ္စည်းတွေ တစ်ပြုံတစ်ခေါင်းကြီး ကိုင်ရင်း ဆိုင်ထဲမှ ထွက်လိုက်ပါ၏။

"နွေ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့!"

ရုတ်တရက် ကပ်ရှုံခေါ်လိုက်သံကြောင့် အလန့်တကြား ဖြစ်သွားရလေသည်။ အနောက်ကို လှည့်ကြည့်မိစဉ် ရင်ထဲမှ ထိတ်သွားရပါ၏။ မဆုံတာကြာပြီဖြစ်သည့် သူငယ်ချင်းက ဟိုးအရင်ကထက် ပိုကြည့်ကောင်းပြီး ပိုခန့်နေသည့်နှယ်ပါ။

"ဩော်"

"တစ်ယောက်တည်းလား"

"ဟုတ်တယ်"

"နွေ့အမျိုးသားရော"

အမေးရှိသော်ငြား အဖြေက နတ္ထိမို့ ဘာမှမပြောဖြစ်ပါလေ။ ဟုတ်သားပဲ။ 'မင်းကျော်စွာ' သင်္ဘောမတက်ခင်က 'စ' တို့ မင်္ဂလာဆွမ်းကျွေးကို လာခဲ့သေးတာလေ။ ဒီတော့ သူမအမျိုးသားကို ကောင်းကောင်းကြီး သိပေမပေါ့။ ဟိုးတုန်းကနှယ် တရင်းတနှီး ပြုံးပြတတ်တုန်းပါပဲလား။

"အထုပ်အပိုးတွေ မနိုင်မနင်းနဲ့ နွေရယ်။ ဆိုင်ကယ်နဲ့လာတာလား"

"ဟင့်အင်း . . . အလာတုန်းက မြင်းလှည်းနဲ့လာခဲ့တာ"

"ဒါဆို မြင်းလှည်းဂိတ်ကို အဝေးကြီးလျှောက်ရမှာပေါ့"





"အင်း"

"ကိုယ်လိုက်ပို့ပေးမယ်လေ၊ အိမ်အထိ"

"မှဟုတ်တာ၊ တကူးတကကြီး သူများကို ဒုက္ခမပေးချင်ပါဘူး"

"သူစိမ်းမှမဟုတ်တာ နွေရယ်။ သူငယ်ချင်းတွေပဲဟာ။ အရင်အိမ်မှာပဲ မဟုတ်လား"

ခေါင်းကို မညိတ်ချင်ပါဘဲ ညိတ်လိုက်ရလေ၏။ ဟိုတုန်းက အိမ်လေးမှာ ဟိုတုန်းကအတိုင်း ရှိနေဆဲပါပဲ။ ဘာဆို ဘာမှမပြောင်းလဲပေမယ့် ပြောင်းလဲတာတစ်ခုကဖြင့် သူမတို့အိမ်မှာ 'မောင်' ရှိမနေတော့ပါ။ ဒါကို "ကျော်စွာ' ကို မည်သို့ပြောရပါ့။ အထူးသဖြင့် သူမအပေါ် သာမန်ထက် ပိုသာသည့် သံယောဇဉ်တွေကို မြင်နေရတယ်ဆိုပြီး 'ကျော်စွာ' အပေါ် 'မောင်' အမြင်မကြည်လင်ခဲ့ခြင်းကြောင့်ပါပဲ။

"အိမ်မှာ အန်တီငယ်ရှိနေတယ် မဟုတ်လား။ လေးနေမှာပေါ့ နွေ။ ကိုယ်ကူသယ်ပေးပါ့မယ်"

"အားနာလိုက်တာ"

"ကျေးဇူးပါဗျာ"

"ဟင်! . . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နွေဆီက ဒီလိုမျိုး စကားပြောတာမှ သိပ်မကြားဖူးလို့လေ"

ယဲ့ယဲ့မျှ ပြုံးမိလေ၏။ လက်ထဲမှ လေးသည့်အထုပ်တွေကို ယူပြီး သယ်နေပြီမို့ လက်လွှတ်ပေးလိုက်ရလေ၏။ ကားရပ်ထားရာဆီ ဦးဆောင်၍ ခေါ်နေသဖြင့် နောက်မှ ခပ်သွက်သွက် လိုက်ခဲ့ရပါသည်။ မြင့်မားသည့် အရပ်အမောင်း၊ တောင့်တင်းသည့် ခန္ဓာကိုယ်က 'မောင်' ထက်ပင် 'ကျော်စွာ' က ကြည့်ကောင်းခဲ့တာပါ။

သို့သော် သူမ နှလုံးသားကဖြင့် အတွင်းစိတ်ကိုမြင်ပြီး နှစ်သက်သဘောကျခဲ့ပါသည်ဆိုသည့် 'မောင့်' အပေါ်မှာသာ ချစ်ခြင်းတွေ ပုံပေးခဲ့မိတာပါလေ။

ထို့ကြောင့်ပင် သူ့ထက် အသားပိုဖြူသူ၊ သူ့ထက် ပိုကြည့်ကောင်းသည့် 'ကျော်စွာ' ကို 'မောင်' မနာလို မရှုစိမ့်ခဲ့တာပင် မဟုတ်ပါလား။

သတိရလိုက်တာ 'မောင်' ရယ်။

"ဟောဗျာ ...ဘာကို သဘောကျပြီး ပြုံးနေရတာလဲ နွေရဲ့"

"ဘာမှမဟုတ်ပါဘူး"

"ရှေ့မှာပဲထိုင်နော်။ စကားပြောလို့ အဆင်ပြေအောင်"





ကားတံခါးဖွင့်ပေးနေပြီမို့ တက်လိုက်ရလေ၏။ 'မောင်' သာ 'ကျော်စွာ့' ကားပေါ် သူမပါလာတာကိုမြင်လျှင် မည်မျှ ဒေါသဖြစ်လိမ့်မည်နည်း။ အနိဋ္ဌိတယ်နှင့်လည်း အရင်ကတည်းက ရင်းနှီးပြီးသားမို့ သူက စိမ်းနေမည် မဟုတ်ပါ။ သူမကသာ 'မောင့်' ကိုတွေးပြီး ရင်မောနေမိတာလေ။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကားကို ခြံရှေ့မှာပင် ရပ်လိုက်လေ၏။ ကားပေါ်မှဆင်းကာ ခြံတံခါးလေးကို လက်နှိုက်၍ အရင်ဖွင့်လိုက်ပါသည်။ 'မင်းကျော်စွာ' က သူမပစ္စည်းထုပ်တွေကို သယ်လာပြီမို့ အိမ်ထဲဖိတ်ခေါ်ရတော့မည်ဟု တွေးလိုက်မိ၏။ ကားသံကြောင့် အိမ်ထဲမှ အန်တီငယ်ထွက်လာလေသည်။

"ဘယ်သူ ... ဪ ... မောင်ကျော်စွာကိုး"

"နေကောင်းရဲ့လား အန်တီငယ်"

"ကောင်းပါ့ရှင် ... ကောင်းပါ့။ ဒါနဲ့ ဘယ်တုန်းက ပြန်ရောက်သလဲ"





"ကြာပြီ အန်တီငယ်ရဲ့။ (၁၀) လကျော်ရုံ တစ်ခါပဲလိုက်ဖြစ်တာ။ တောင်ပေါ်သားနဲ့ ပင်လယ်ပြင်က မအပ်စပ်ဘူး ပြောရမလားဘဲ။ မပျော်လို့ ထပ်မထွက်တော့ဘူး"

"ဟုတ်တာပေါ့။ ဒီမှာလည်း မိဘလုပ်ငန်းတွေ ရှိနေတာပဲ။ ဝင်ပါ မောင်ကျော်စွာ"

အိမ်ရှေ့ဖိနပ်ချွတ်မှာ shoe ကို သူချွတ်လိုက်လေ၏။ အဖြူရောင် နှစ်သက်သူမို့ ဖိနပ်ကိုပါ အဖြူပင် အဝတ်များတာလေ။ တကယ်တော့ 'မင်းကျော်စွာ' ဆိုတာ model boy လို၊ ရုပ်ရှင်မင်းသားလို ရုပ်ချောမျိုးရှိသူပါ။ သန့်သန့်ပြန့်ပြန့်နေပြီး smart ကျကျ ဝတ်စားတတ်သဖြင့် မိန်းကလေးတွေ သဘောကျကြတာ မဟုတ်လား။

ထိုသို့သောပုဂ္ဂိုလ်က ရုပ်ချောချောမောသည့် မိန်းကလေးတွေကို မနှစ်သက်ပါဘဲ 'စံ' ကိုသာ သဘောကျ နှစ်ခြိုက်ခဲ့ရတယ်လို့။ ကျောင်းအတူပြီးခဲ့တာမို့ 'စံ' ရဲ့ဘေးနားမှာ မည်သို့သော ပုရိသတွေမှ မရှိခဲ့ပါ။ ထို့ကြောင့်ပင် စိတ်အေးခဲ့ရပြီး ဘွဲ့ယူအလုပ်ဝင်ပြီးမှသာ အေးအေးဆေးဆေး ဖွင့်ပြောခဲ့တာပင်။

သို့သော် အရင်ဆုံးဖွင့်ပြောခဲ့ပါသည့် 'ကျော်စွာ' အပေါ် ဘယ်လိုမှ စိတ်မလှုပ်ရှားခဲ့ပါသည့် 'စံ' က အမှတ်တမဲ့ဆုံခဲ့ရသည့် 'မောင့်' ကိုမှ မျက်စိကျ စွဲလမ်းခဲ့မိတာလေ။ အချစ်သည် ဆန်းကြယ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] သိမ်းကြောလိုက်ပါဘဲ တွဲဖြစ်ခဲ့ရသည့် 'မောင်' နှင့် 'စံ' ၏ [illegible]ဘာ မြန်မာစာဆန်တို့တောင်းလွန်းတာအမှန်ပါ။ ဒါကိုသိသိကြီးဖြစ်ပါလျက် 'နွေရိပ်စံ' ကိုက အရွှေးထခဲ့သည်ထင်ပါရဲ့။

"ဘယ်မှာတွေ့လာကြတာလဲ"

"မြို့ထဲမှာ အလေးအပင်တွေ မနိုင်မနင်းနဲ့ နွေ့ကို မြင်လိုက်တာပဲ အန်တီငယ်"

"ရာသီဥတုတော့ ပူတာမှန်ပေမယ့် ကော်ဖီတော့ သောက်လို့ရပါတယ်နော်"

"ဟုတ်ကဲ့၊ အန်တီငယ်ဖျော်တိုက်တဲ့ ကော်ဖီခါးခါးလေးကို အလွမ်းဆုံးပဲ"

"အေးပါ . . . တွေ့တော့လည်း လွမ်းအောင်ချွတတ်သားပဲ။ မောင်ကျော်စွာ ပီသပါပေ့။ နေပူထဲက ပြန်လာပြီး ချက်ချင်း ရေမချိုးနဲ့ဦးနော် သမီး"

"ဟုတ်ကဲ့ပါ အန်တီငယ်"

သူငယ်ချင်းမို့ တကူးတက ဧည့်ခံဖို့ မလိုပါလေ။ ဝယ်လာသည့်ပစ္စည်းတွေကို သိမ်းဆည်းရန် အိမ်ထဲသို့ ဝင်ခဲ့ပါ၏။ အအေးတိုက်မည်ဆိုပါက သစ်သီး တစ်မျိုးမျိုးတော့ ခွဲကျွေးရမည်သာ။ ကော်ဖီဆိုတော့ မုန့်တစ်ခုခုဖြင့် အန်တီငယ် ဧည့်ခံပေးမှာလေ။





ဧည့်ခန်းနံရံထက်ဆီမှ ဓာတ်ပုံကြီးကို ခပ်ဝေးဝေးကြည့်နေမိ၏။ အတာယ်မျှ ကျက်သရေရှိလွန်းပါသည့် ယဉ်သကို အလုလေးပါလဲ။ ဘေးနားမှာရှိနေပါလျက် ဒီပန်းပွင့်လေးကို သူပိုင်ဆိုင်ခွင့်မရခဲ့တာ ရင်အနာဆုံးပါ။ ထို့ကြောင့်ပင် ဒီနေရာ ဒီအရပ်ကို စိတ်နာသလိုဖြစ်ပြီး ဝေးရာကို ရှောင်ဖြစ်ခဲ့ရတာ မဟုတ်ပါလား။ ကြာတော့လည်း လွမ်းဖို့မေ့သွားမှာပါဆိုပြီး မြင်တော့လည်း နမျောတသဖြစ်နေသည့် ဝေဒနာကြောင့် ခက်ပါရဲ့။

အိမ်အပြင်အဆင်က ခါတိုင်းနှယ် မပြောင်းမလဲ ရှိနေဆဲပါ။ အိမ်အတွင်းနံရံကို အစိမ်းဖျော့ဖျော့လေးသုံးထားသဖြင့် မျက်စိအေးရပါ၏။ 'နွေ' ၏ ပုံကြီးမှလွဲ၍ မည်သည့်အခြားဓာတ်ပုံမှ မတွေ့ပါချေ။ မင်္ဂလာဆောင်စုံတွဲပုံပါ ရှိမနေသဖြင့် သူ အံ့ဩသွားရလေသည်။ ဘုရားရေ! 'နွေ' တို့များ လမ်းခွဲခဲ့ပြီလား။

မဖြစ်နိုင်တာ။ 'နွေ့' ပုံစံက စိတ်ဓာတ်ကျစိတ်ပျက်အားငယ်နေတာမျိုးမှ မဟုတ်တာလေ။ ချစ်သူဖြစ်ခွင့်၊ လက်ထပ်ခွင့်မျိုးမရခဲ့သော်ငြား သူငယ်ချင်းမိတ်ဆွေအဖြစ်တော့ ရင်းနှီးခွင့်ရှိပါသေးတယ်နော်။ ကိုယ်တို့က အခုမှ သိကြခင်ကြတဲ့ သူစိမ်းတွေမှ မဟုတ်တာလေ။

"ပျင်းနေပြီလား မောင်ကျော်စွာ။ အဆာပြေဖို့ Biscuit ပဲ ယူလာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အန်တီငယ်"

အန်တီငယ်ဖျော်ပေးသည့် ကော်ဖီခွက်က အတော်ကြီးလေ၏။ ကော်ဖီမှုန့်စစ်စစ်ကို သကြားနှင့် နို့ဆီ (အနည်းငယ်မျှပါရုံ) ဖြင့် ဖျော်ထားသဖြင့် မွှေးလည်းမွှေးကာ ခါးစိမ့်စိမ့်အရသာရှိပါသည်။ အရင်က 'နွေ' တို့အိမ်လာတိုင်း ဒီလိုကော်ဖီကို သူပဲ မြည်းခွင့် သောက်ခွင့်ရှိခဲ့ရတာ မဟုတ်ပါလား။ ဆက်တီစားပွဲထက်မှာ အလှပန်းအိုး မထားပါဘဲ (စားပွဲတင်) မီးဆိုင်းလှလှလေးရှိနေလေ၏။ အရင်တုန်းက အတိုင်း လူနှင့်မလိုက်ဖက်သည့် ကဗျာဆန်မှုတို့ 'နွေ' ထံမှာ ရှိနေသေးပါလား။

"အခု ဘာတွေလုပ်နေလဲ"

"မေဖေ့လုပ်ငန်းတွေပဲ ဝိုင်းကူပေးပါတယ် အန်တီငယ်။ ကိုယ်ပိုင်လုပ်ငန်း ခွဲချင်ပေမယ့် မေမေဆူတာနဲ့ပဲ လက်လျှော့ခဲ့ရလို့ပါ"

"ဒါဆို ခြံထဲမှာပဲအချိန်ကုန်တာပေါ့"

"ဟုတ်ကဲ့၊ နွေကော အခု ဘာလုပ်နေလဲ"

"ဒီလိုပဲ . . . ခြံထဲသွားလိုက် အိမ်တွင်းအောင်းလိုက်နဲ့လေ။ အပြင်တောင်သိပ်မထွက်ဖြစ်ဘူး။ ဒီနေ့မှ စာတိုက်သွားရင်း မောင်ကျော်စွာနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံသွားတာ"

"ဒါနဲ့ ကိုဖေယျာ ဘယ်သွားလဲ"





အန်တီငယ် နှုတ်ဆိတ်သွားလေ၏။ ဘာလဲ။ ဒီမေးခွန်းကို 'နွေ' ကို မေးစဉ်ကလည်း မဖြေခဲ့တာလေ။ ဘယ်လိုဖြစ်ပြီး အိမ်ထောင်ဦးစီးက အိမ်မှာရှိမနေဘဲ ဘယ်ကိုရောက်နေရပါလိမ့်။ စပ်စုတာမျိုး မဟုတ်ပေမယ့် သုံးဦးတည်းသာရှိနေသည့် မိသားစုမို့ စကားရှာကြံမေးလိုက်မိရုံပါ။

"အန်တီငယ်"

"မောင်ကျော်စွာ ဘာမှမသိသေးဘူးလား"

"ဘာကိုလဲ အန်တီ"

"မောင်ဖေယျာ ပျောက်သွားတာ တစ်နှစ်ကျော်ကြာနေပြီ ကွယ့်"

"ဗျာ!"

"ဟုတ်တယ်၊ စံနဲ့လက်ထပ်ပြီး လပိုင်းလောက်အကြာမှာ ရန်ကုန်ဆင်းမယ်ဆိုပြီး ခရီးထွက်သွားကတည်းက ပြန်မရောက်တော့တာပဲ"

"ဟာ!"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ပျောက်သွားတာ တဲ့လား။ မသိနားမလည်သည့် ကလေးလည်း မဟုတ်ပါဘဲ သတင်းအစအနမရနိုင်အောင် ပျောက်စရာအကြောင်းမှ မရှိတာလေ။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတတ်တဲ့ အရွယ်လည်း မဟုတ်တဲ့ အိမ်ကို မပြန်လာတာ တစ်နှစ်ကျော်ပြီတဲ့။ ဘယ်လိုယောက်ျားမျိုးပါလိမ့်။

"နွေက လိုက်မရှာဘူးလား"

"မရှာဘဲနေမလားကွယ်။ ကိုယ်တိုင်မရှာနိုင်ပေမယ့် လူလွှတ်ပြီး ရှာခိုင်းတာ (၆) လတောင်ကျော်တယ်။ သားသိတဲ့အတိုင်း ရန်ကုန်ဆိုတာ ကျယ်လွန်းပါဘိသနဲ့"

"သူ ဘယ်လိုပြောပြီး ထွက်သွားတာတဲ့လဲ"

"ဓာတ်ပုံပြိုင်ပွဲဝင်ဖို့ဆိုလား ပြောသွားတာပဲ"

"ဒါဆိုလည်း အဲဒီလိပ်စာအတိုင်း ရှာမှပေါ့ဗျာ"

"ရှာတာပေါ့ မောင်ကျော်စွာ၊ ဘယ်နေလိမ့်မလဲ"

"အဲဒီတော့"

"အဲဒီမှာ မောင်ဖေယျာနာမည်နဲ့ ပြိုင်ပွဲဝင်တဲ့သူတစ်ယောက်မှ မရှိပါဘူးတဲ့"

"ဟာ! ကျစ်! . . . ဒါဖြင့် . . . သူ . . . သူ . . . လူလိမ်ပေါ့"

"ရှူး! သမီးကြားသွားမယ် မောင်ကျော်စွာ။ စံကဲ သူ့ယောက်ျားအကြောင်းကို ပြောတာ နည်းနည်းမှ မနှစ်သက်ဘူးကွယ့်"

သေစမ်း! . . . ဘယ်လိုဖြစ်ပြီး လူလိမ်ရဲ့စကားကိုမှ 'နွေ' ယုံကြည်ခဲ့ပါသလဲ။ လုပ်သည့်အလုပ်ကိုက အခြေအမြစ်မရှိသည့်





ဓာတ်ပုံသမားတဲ့လေ။ နယ်မြေတကာ လျှောက်သွားရင်း ရှခင်းပုံလှလှလေးတွေ ရှာဖွေသည်ဆိုပြီး သူတို့မြို့ကိုရောက်လာရာမှ သူ၏ 'နွေ'ကို မထင်မှတ်ဘဲ တွေ့သွားခဲ့တာပါ။ တကယ့်ကို ခဏဆိုမှ ခဏလေးပါပဲ။ (၃) လလား (၄) လလား အတိအကျ မသိလိုက်ပါဘဲ ထိုလူကို 'နွေ' ရွေးချယ်ခဲ့တာ သူ့ဘဝမှာ shock ရစေသည့်အဖြစ်အပျက်ဆိုးကြီးပါလေ။

"ဖြစ်မှဖြစ်ရလေ၊ နွေ့ကို အရှုးလုပ်သွားတာ"

"အဲဒီလိုလည်း ကံသေကံမ ပြောလို့မရဘူး မောင်ကျော်စွာ။ သူ ထွက်သွားတဲ့နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မုန်လုံယာဉ်က ချောက်ထဲကျပြီး မီးလောင်ခဲ့တယ်။ ပြီးတော့ သိတဲ့အတိုင်းပဲ။ ဒီမှာက လမ်းဆိုးကြတဲ့ ခရီးသည်တွေလည်း များတော့ အဲဒီကားထဲပဲ ပါသွားသလား ဘာမှရေရေရာရာ မသိခဲ့ရဘူး"

"နွေရာ"

သေလား၊ ရှင်လား သေချာမသိသည့် ခင်ပွန်းဖြစ်သူကို အနေတိုင် စောင့်နေသတဲ့လား။ နှစ်အတော်ကြာ ခရီးမှင်ခဲ့သည့် သူ့ကိုပြင်း လက်မခံပါဘဲ လပိုင်းသာတွေ့ရသည့် သူစိမ်းကို ယုံပြီးပုံအပ်ခဲ့ရသယ်လို့။ ဖြစ်ရလေ 'နွေ' ရယ်။ တစ်ဖက်သတ်ချစ်ခဲ့ရတဲ့ ကိုယ့်ရဲ့ရင်ထဲမှာ ကြေကွဲခဲ့ရပေမယ့် အခုလိုမျိုး 'နွေ့' ဘဝရဲ့လက်တွဲဖော်က



www.burmeseclassic.com

www.burmeseclassic.com



[illegible]ချစ်ခဲ့တာမို့ ကိုယ်စား နာကျင်ခံစားရတာအမှန်ပါ။ 'နွေ' ကို ချစ်ခဲ့သည့် အဲဒီလူကို ဘယ်အချိန်ထိ (ပြန်လာမှာလဲဆိုပြီး) စောင့်ဆိုင်းနေမှာပါပဲ။

"နွေ့ကို သနားလိုက်တာ အန်တီငယ်ရယ်"

"အဲဒီစကားကို သမီးရှေ့မှာ မပြောမိပါစေနဲ့ မောင်ကျော်စွာ။ စံက လုံးဝမကြိုက်လို့ပါ။ မိန်းမသားတစ်ယောက်အနေနဲ့ ဘယ်သူ့ကိုမှ အားမကိုးဘဲ ရပ်တည်နေတာပဲ ကြည့်တော့။ အားငယ်စိတ် ညှိုးနွမ်းစေတဲ့ပုံစံမျိုး မမြင်စေရအောင် သူ့ဘာသာ အားတင်းထားတာလေ"

လက်ဝါးနှစ်ဖက်ကိုပူး၍ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိပါ၏။ မရှိတော့တဲ့ရှူကို အပြစ်တင်ဒေါသထွက်ရမှာလည်း ခပ်ခက်ခက်ပါပဲ။ ကိုယ် မခူးရက်တဲ့ပန်းတစ်ပွင့်ကိုမှ ခူးခြွေပြီး ရက်ရက်စက်စက် နင်းချေပစ်ခဲ့ရက်တယ်လို့၊ ဘယ်လို ရင်ဘတ်နဲ့ချစ်ခဲ့ပြီး ဘယ်လို ခံစားချက်နဲ့ တဲ့ စိတ်နဲ့ ထားရက်ခဲ့ရပါသလဲ။ ထိုသို့ တစ်ယောက်တည်းနေချင်စိတ် ရှိခဲ့ပါက သူ၏ 'နွေ' ကို လာမချစ်ပါနဲ့လား။

"အန်တီငယ် ... ဟောတော်! ... ခုထိ မပြန်သေးဘူးလား"

"သမီးကလည်းလေ ... ဘယ့်နှယ် မောင်ကျော်စွာကို နှင်နေရတာလဲ"





"နှင်တာမဟုတ်ပါဘူး။ စံ ရေချိုးနေတာကြာပြီမို့ ပြန်လောက်ပြီပဲ ထင်နေတာ"

ရေချိုးပြီးကာစ လန်းဆန်းသည့်မျက်နှာလေးကို တွေ့ရလေ၏။ စာကြည့်မျက်မှန်မတပ်ထားတာမို့ နုပျိုသည့် မျက်နှာလေးကို မြင်နေရပါသည်။ ဆံပင်ရှည်တို့ကို ဖြည်ချပြီး ခပ်မြှင့်မြှင့်လေးချည်ထားလေ၏။ ဟိုစဉ်က ပုံရိပ်တို့ကို မြင်တွေ့လိုက်ရသလိုပါပဲ။ အရင်ထက်ပို၍ ရင့်ကျက်တည်ငြိမ်နေသည့်အလှကို သူ အသိအမှတ်ပြုမိလေသည်။

"နွေခြံထဲ သီးနှံအထွက်ကောင်းရဲ့လား"

"ဒီလိုပါပဲ ပုံမှန်ပေါ့"

"ဖိုဖိုစီးစီးလုပ်သင့်တာပေါ့ နွေ။ ကိုယ်တို့ မက်မန်းတွေတောင် Ok လို့ ပိုင်လုပ်ငန်းတောင် လည်ပတ်နေနိုင်ပြီ။ ကြွားတာမဟုတ်ဘူးနော်။ နွေတစ်ယောက်တည်း အလုပ်မနိုင်မနင်းဖြစ်နေရင် ကူညီပေးနိုင်လို့ ပြောရတာပါ"

"အင်းပါ ... မိဘလက်ငုပ်လက်ရင်းမို့ စိလည်း ဆက်လုပ်ဖြစ်နေတာပါ"

"ကိုယ်တို့ခြံနဲ့ သိပ်မှမဝေးတာဘဲ၊ တစ်ခါတလေ ဝင်ကြည့်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ . . . သမီးမသွားဖြစ်တဲ့ရက်မျိုးမှာ မောင်ကျော်စွာကို ကိုယ်စားလွှတ်လိုက်ရတာပေါ့။ ဟုတ်တော့လည်း ဟုတ်တယ် မောင်ကျော်စွာ။ မိန်းကလေးဦးဆောင်နေတာမို့ အလုပ်သမားတွေက သိပ်မရိုသေချင်ကြဘူး။ သူများခြံတွေက တစ်နှစ်ထက်တစ်နှစ် ပိုပြီး အထွက်နှုန်းတိုးလာပြီး အန်တီတို့ခြံက အမြဲ ဒုံရင်းက ဒုံရင်းဖြစ်နေတာ ကြာပြီ"

"အန်တီငယ်ကလည်းလေ"

"ဒါဆို ကိုယ်ကြည့်ပေးဖို့ မဖြစ်မနေလိုအပ်နေပြီနွေ။ ကိုယ်ကူညီပါရစေ။ ဒါနဲ့ နွေက နေ့တိုင်းမသွားဖြစ်တာ ဘာဖြစ်လို့လဲ"

"သမီးက"

"အန်တီငယ်"

"ကွယ် . . . မောင်ကျော်စွာကို ဖုံးထားချင်လို့လား။ ဒီလောကရင်းနှီးခဲ့တာပဲ နှစ်ပေါင်းများစွာကြာနေပြီ"

"ဘာများလဲ အန်တီငယ်"

"သမီးက အခု စာရေးနေတာ နာမည်ရနေပြီလေ"

"ဗျာ!"

"ဒါကြောင့် ဈာန်ဝင်နေတဲ့ရက်မျိုးမှာ ခြံထဲမသွားဖြစ်တော့ ဟိုမှာ လုပ်ချင်သလို လုပ်နေကြတာပေါ့"





သူ့ အဇ္ဈတ္တကြီး အံ့ဩကာ မင်တက်သွားရလေတော့သည်။ ကြည့်စမ်း! သူ၏ 'နွေ' က ဘယ်လိုဖြစ်ပြီး ဒီအနုပညာလောကထဲကို ခြေချခဲ့ရတာပါလိမ့်။ ရွှေရုပ်ခဲ့ပါသည့် ပုစာဖက်သည်လည်း ဓာတ်ပုံ ထူးမြင့် အသက်မွေးလမ်းကြောင်း ရွေးခဲ့တာမို့ ခြေကြာမြေကြောများ လိုက်သွားလေသလား။

ဖြစ်ရလေ 'နွေ' ရယ်။

❁



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ခြံထဲသွားရမည်မို့ မနက်စောစောထဖြစ်ပါ၏။ စာမူရေးပြီးသည့်နေ့မှ နှစ်ရက်လောက် လက်ညှောင်းတာကို နားတတ်တာမို့ ဒီရက်တွေမှာ ခြံထဲသွားဖြစ်တာပါ။ ရှပ်လက်ရှည်ပွပွကို Jeans နှင့်တွဲဝတ်လိုက်ပါ၏။ အကြမ်းခံနိုင်သလို လှုပ်ရှားရလွယ်သည့် ဝတ်စုံမျိုးကို သူမ ရွေးချယ်ဝတ်ဆင်ရလေသည်။ ဆံပင်ရှည်တို့ကို ကျစ်၍ ဆံထုံးပြန်ထုံးထားလိုက်ပါ၏။

"အဆာပြေစားသွားဦးနော်"

အခန်းထဲမှထွက်ခဲ့စဉ် အန်တီငယ်က လှမ်းသတိပေးလိုက်လေ၏။ ရွယ်တူသူငယ်ချင်းက စီးပွားရေးမှာ ခေါင်းမော့နေနိုင်ပြီမို့





သူမလည်း ကြိုးစားရတော့မှာပါ။ စိတ်ထင်တိုင်း ပေါ့ပေါ့လေးနေ၍ မဖြစ်တော့ပါဘူး။ အန်တီငယ်ရှိနေပါသည့် မီးဖိုခန်းသို့ ဝင်လာခဲ့ရလေသည်။

"ဘာရှိလဲ အန်တီငယ်"

"သမီး ထမင်းမစားချင်မှန်းသိလို့ ခေါက်ဆွဲပြုတ်ပြီး ကြော်ထားတယ်လေ။ အချွက်လေးရောထားတာမို့ အရသာရှိမှာပါ"

"စားမယ် အန်တီငယ်"

"အေးအေး . . . အန်တီငယ် ထည့်ပေးမယ်"

ရာသီဥတု ပူပူအေးအေး ရေနွေးက အသင့်တော်ဆုံးမို့ ခြံထဲသွားတိုင်း ရေနွေးဘူးကို ယူဖြစ်လေ၏။ လက်ဖက်ခြောက်များ လှူင် ခါးသွားတတ်၍ အန်တီငယ်က ချင့်ချိန်၍ ရေနွေးနှပ်ထားပေးလေသည်။ သူမက ရေနွေးဖြူထပ်ရောကာ ခပ်နွေးနွေးဖြစ်စေလိုက်ပါ၏။ အန်တီငယ်က သူမအတွက် ပန်းကန်ပြန့်ပြန့်လေးထဲ ခေါက်ဆွဲကြော် ထည့်ပေးလေသည်။ ဂေါ်ဖီအချဉ်ပန်းကန်လေးလည်း ပြင်ပေးတာမို့ ဖွန်းခက်ရင်းဖြင့် စားလိုက်ပါ၏။

"တူနဲ့မစားဘူးလား" ဟု ခပ်တိုးတိုး ကြားယောင်လိုက်မိပါ၏။ "မောင်" က တူဖြင့် ကျွမ်းကျင်စွာ စားတတ်ပေမယ့် သူမဖြင့် တူကို ကောင်းကောင်းမစားတတ်ပါလေ။ တောင်ပေါ်သူဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



သူမစာ ရှမ်းအစားအစာတို့ကို သိပ်ကြိုက်မက်မောလှပါ။ 'မောင်' ကဖြင့် ရှမ်းတို့ဟူး၊ ရှမ်းထမင်းချဉ်နှင့် ရှမ်းခေါက်ဆွဲတို့ကို နှံ့မင်စွာ နှစ်သက်လွန်းလေသည်။

ထို့ကြောင့်ပင် သူမနှင့် ရေစက်ဆုံခဲ့ရသည် ထင်ပါရဲ့။ ဘာမဆို အကြိုက်မတူကြပါပဲ 'မောင်' နှင့် သူမ ဖူးစာဆုံခဲ့ရပါသလဲ။ မိန်းကလေးဖြစ်သည့် သူမက ပန်းမကြိုက်သော်ငြား ယောကျ်ားလေးဖြစ်သည့် 'မောင်' ကဖြင့် ပန်းလှလှလေးတွေကို နှစ်သက်ကာ စိတ်ထား နူးညံ့လွန်းတာပါ။ အထူးသဖြင့် 'စံ' အပေါ် ကြင်နာယုယလွန်းပြီး ဖွဲ့သို့ယုယင်နိုင်သည့် မျက်ဝန်းအကြည့်တို့ဖြင့် ဖမ်းစားနိုင်ခဲ့တာလေ။ ထိုအကြင်နာအကြည့်တွေကပင် 'စံ' ၏ နှလုံးသားကို အပိုင်သိမ်းပိုက်နိုင်ခဲ့တာ မဟုတ်ပါလား။

"သတိရပြန်ပြီလား"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ အန်တီငယ် စိတ်မကောင်း ဖြစ်မှာစိုး၍ တစ်ပန်းကန်ကိုတော့ ကုန်အောင်စားဖြစ်လေသည်။ နဂိုကတည်းက အစားနည်းသူမို့ 'မောင်' အမြဲပြောဆိုချော့မော့ကျွေးခဲ့တာက ရင်ကို ပိုထိခိုက်စေတာပါ။ အခုတော့ဖြင့် သူမအနီးမှာ 'မောင်' ရှိမနေတော့ပြီ။

"သမီးလွမ်းသလို အန်တီငယ်လည်း မောင်ဇေယျာကို သတိ





ရနေတုန်းပါပဲ စံ။ ဒါပေမဲ့ ... ကျန်ခဲ့တဲ့လူက အလွမ်းတွေ ပွေ့ပိုက်ထားရုံနဲ့ ဘယ်ဖြစ်ပါ့မလဲ။ အသက်ရှင်ရပ်တည်နိုင်ဖို့ ခွန်အားတွေ ရုစည်းထားရမှာပေါ့"

ရင်ထဲ နင့်သွားရလေ၏။ ကျန်ခဲ့တဲ့လူတဲ့လား။ 'မောင့်'ကို သက်မဲ့တစ်ယောက်နှယ် အသုံးအနှုန်းက ရင်ဝကိုထိုးစိုက်ချလိုက်သည့်နှယ်ပါ။ 'မောင်' မသေသေးပါဘူး။ 'စံ' ဆီကို တစ်နေ့နေ့တော့ ပြန်ရောက်လာမှာပါ။ အဲဒီတစ်နေ့နေ့ကိုပဲ 'စံ' စိတ်ရှည်ရှည်နဲ့ စောင့်နေတာပါလေ။ အသက်ရှင်နေသရွေ့ မျှော်လင့်ချက်ဆိုတာ ရှိရိုးမှန်လျှင် 'စံ' အသက်ရှူနေသရွေ့ 'မောင့်' တစ်ယောက်တည်းကိုသာ ချစ်နေပြီး မျှော်နေဦးမှာပါနော်။

"မောင့်ကို သေလူတစ်ယောက်လို သဘောမထားပါနဲ့ အန်တီငယ် ... စံ မေတ္တာရပ်ခံတာပါ"

"သမီးရယ်"

"စံ့ဘဝမှာ မောင် မသေသေးဘူး။ ဒီခြံဝ ဒီအိမ်တံခါးကို ခေါက်ပြီး ဝင်လာမယ့်ရက်ဆိုတာ ရှိလာမှာပါ အန်တီငယ်။ ဒါကြောင့်မို့ စံကို ကျန်ရစ်ခဲ့တဲ့သူဆိုပြီး မသုံးပါနဲ့။ မောင်မချစ်တော့လို့ မောင်ထားလိုက်လို့ စံတစ်ယောက်တည်း ကျန်ရစ်ခဲ့ရတာမဟုတ်ပါဘူး။ ကံကြမ္မာလှည့်စားမှုကြောင့် စံနဲ့ မောင် ခဏတာ ဝေးကွာနေရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



[illegible] အန်တီငယ်၊ တစ်ဘဝစာတော့ မဟုတ်လောက်ပါဘူး"

နောက်ဆုံးပြောထွက်လိုက်သည့်စကားလုံးတို့က ငိုသံပါသွားသလို တုန်ယင်သွားရပါ၏။ မျက်ရည်တို့က မကုန်ခမ်းသေးပါလေ။ 'မောင်' နှင့် ပတ်သက်ခဲ့သမျှ အမှတ်တရတို့သည်က သူမအတွက် ထာဝရရှိနေမှာ မဟုတ်ပါလား။ 'မောင်' သည်သာ သူမ၏ဘဝ ဖြစ်ခဲ့ရတာပါလေ။

"အန်တီငယ်က အဲဒီလို မဆိုလိုပါဘူး သမီးရယ်။ သမီးအတွက် စာနာစိတ်နဲ့ ပြောမိတာပါ"

"စိတ်ပါတယ် အန်တီ ... နားလည်း လည်ပါတယ်"

"ထမင်းချိုင့်ယူသွားဦးမလား သမီး"

"ဟင့်အင်း ... စံ နေ့လယ် (၂) နာရီလောက် ပြန်လာမှာပဲဟာ။ မယူတော့ဘူး အန်တီငယ်"

"အေး အေး ... ထားခဲ့လေ ... အန်တီငယ် ဆေးလိုက်ပါ့မယ်"

စားပြီးသားပန်းကန်ကို ဘေစင်မှာ ဆေးရန်ပြင်လိုက်သော်ငြား အန်တီငယ် တားလိုက်သဖြင့် မဆေးဖြစ်တော့ပါလေ။ ရေနွေးနွေးတစ်ခွက် မော့သောက်လိုက်ပြီး ရေနွေးဘူးကို ကျောပိုးအိတ်ထဲသို့ ထည့်လွယ်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့ပါ၏။ ဝါးဖြင့်ယက်ထားပါသည့်





ခပ်ကျဲကျဲဦးထုပ်ကို ဆောင်းကာ အိမ်ရှေ့တံခါးကို ဖွင့်၍ ထွက်လိုက်ပါသည်။

"ဂျို!"

ခြံရှေ့ အချိန်ကိုက်ရပ်သွားပါသည့် ဂျစ်ကားကြောင့် လန့်သွားရလေ၏။ ဝေလီဝေလင်း စောစောစီးစီးကြီး ဘယ်ကကားက ရောက်လာပါသလဲ။ မဖြစ်နိုင်သော်ငြား စိတ်ထဲမှ 'မောင်' များဖြစ်နေမလားဟု ရင်ထိတ်သွားရပါသည်။ ကားပေါ်မှ ဆင်းလာပါသည့် လူငယ်က အပြုံးဖြင့် လက်ပြနှုတ်ဆက်လိုက်သဖြင့် စိတ်ပျက်သွားရတော့၏။ 'မင်းကျော်စွာ' ကတော့ ဝီရိယတယ်ကြီးပါပေ့။

"Morning! နွေး။ ခြံထဲသွားဖို့ ready ပဲ မဟုတ်လား"

"ခြံထဲသွားမှာလား။ စက်ရုံသွားမလို့ မဟုတ်ဘူးလား"

"သွားမှာပေါ့ နွေးရဲ့ ... ဖြည်းဖြည်းပေါ့။ နွေးတို့ခြံထဲ အရင်ဆုံးဝင်မယ်လေ"

"မလိုက်ပါဘူး ကျော်ရယ်"

"ဘာဖြစ်လို့လဲ"

"မောင့်ဆိုင်ကယ်ကို ပြင်ထားပြီးပြီမို့ ဆိုင်ကယ်စီးမှာမို့ပါ"

သူ နှာခေါင်းရှုံ့သွားလေ၏။ လာကြိုတာက အကြောင်းသော့တပါ။ ခပ်ပွန်းသည့်မရှိသည့် အိမ်ရှင်မကို အမြဲတမ်း နှိုးနှိုးသော်ကာ



www.burmeseclassic.com

www.burmeseclassic.com



အဖြီး ရှိနေပါက ပတ်ဝန်းကျင်က မေးငေါ့တော့မှာလေ။ လူဆိုသည့် အမျိုးက ကိုယ့်ထမင်းကိုယ်စားပြီး သူတစ်ပါးအကြောင်းကို အားမနာ စတမ်း ပြောကျင့်ရှိကြတာ မဟုတ်ပါလား။ အနေအထိုင် ဆင်ခြင်နိုင်မှ သာလျှင် အပြောလွတ်မှာလေ။

"ဒီတစ်ရက်တော့ ဝင်ကြိုတာကို လိုက်ပေးပါလား နွေး ခြံထဲမှာ လေ့လာချင်လို့ပါ။ လိုအပ်တာတွေကို သိမှ နွေ့ကို ကူညီနိုင် မှာလေ"

သူပြောတာ မှန်သင့်သလောက် မှန်နေပါ၏။ အမှန်တကယ် လည်း 'မောင့်' ဆိုင်ကယ်က စက်ကောင်းကောင်း မကောင်းသေးပါ။ ဆိုင်မှာအပ်ထားတာမရသေးသဖြင့် ကယ်ရီစီးပြီး သွားရတာက လုံခြုံမှု မရှိသလိုပါပဲ။ သူငယ်ချင်းနှင့်အတူသွားတာက ပိုသင့်တော်မည့်ထင်ပါ ရဲ့။ သို့သော် 'ကျော့်'ကို သူမနှင့်တစ်မျိုးတစ်မည် မြင်ကြမှာကိုဖြင့် စိုးရိမ်မိပါ၏။

"အင်းလေ ... ဒီတစ်ရက်ပဲနော်"

"Ok! "

ဂျစ်ကားရှေ့ခန်းမှာပင် တက်ထိုင်လိုက်ရပါ၏။ ကျောပိုးထား သည့် အိတ်ကို ဖြုတ်စဉ် သူက ကူညီပေးလေသည်။ နံနက်ခင်း လေပြည်က အေးစိမ့်စိမ့်လေးတိုက်နေသဖြင့် နေရအတော်လေး





ကောင်းလှပါ၏။ စီယာတိုင်ခွေကို ကိုင်ထားပါသည့် သူ့လက်တို့ထံ အကြည့်ရောက်သွားရာမှ ဖျတ်ခနဲ မျက်စိလွှဲလိုက်ရလေသည်။ အနု ပညာသမား ဖြစ်သည့် 'မောင့်' လက်တို့က သွယ်ပျောင်းလှပေမယ့် သူ့မလက်တို့ကဖြင့် ကြမ်းတမ်းနေတာအမှန်ပါ။

"စာအုပ်ထွက်တာ ဘယ်နှအုပ်လောက်ရှိပြီလဲ"

"ထုတ်ဝေတာက (၁၀) အုပ်ကျော်ပဲ ရှိပါသေးတယ်။ ရေးပြီး တာက အုပ် (၂၀) ကျော်နေပြီ"

"ကလောင်နာမည်ကရော"

"စာဖတ်တာလည်း မဟုတ်ဘဲနဲ့ မေးစရာလား"

"ကပ်စေးနဲလိုက်တာ"

"ကျောင်းတက်တုန်းကတောင် စာအုပ်ကိုင်ရမှာ ငြီး သလောက် ကြောက်တယ်ဆို"

"ကိုဇေယျာကတော့ စာဖတ်ဝါသနာပါတယ်ပေါ့လေ။ ဒါကြောင့် သူ့ကို ရွေးခဲ့တာလား"

လွှမ်းပါသည်ဆိုမှ မျက်ရည်ဝဲအောင် စနေပြန်ပါပြီ။ မှန်ပါ ၏ 'မောင့်' ကို အဲဒီလို စာအုပ်သည်းသည်းမည်းမည်းဖတ်နေသည့် အချိန်မှာမှ သူမ စတွေ့ခဲ့တာပါ။ လိုက်ရှာ၍ ဝယ်မရသည့် original စာအုပ်ကိုမှ ရှားရှားပါးပါး 'မောင့်' လက်ထဲမှာ မြင်ခဲ့ရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



အလေးမြှောက်ကာမှတ်တိုင်ခုံမှာ ဘေးဘီကို သတိမထားဘဲ စာဖတ်နေပါသည့် မျက်ခုံကောင်းကောင်းနှင့် လူတစ်ယောက်ကို သူမက စမြင်ခဲ့တာက ရေစက်ရဲ့အစဦးကလျှပင် မဟုတ်ပါလား။

နှုတ်ခမ်းဟာသွားသည့်အထိ တအံ့တသြဖြစ်နေပါသည့် သူမကို ဖျတ်ခနဲ စာအုပ်ပိတ်ကာ မျက်မှောင်ကျုံ့ပြလိုက်သည့် 'မောင့်' ပုံစံလေးကို ယနေ့အထိ မမေ့ပါ။ လာရှုပ်သည့် ကောင်မလေးဟု အထင်ရောက်သွားမှန်း သိလိုက်တာမို့ မျက်စောင်းခဲမိရာမှ 'စံ'ကို သိပ်ချစ်မိသွားခဲ့ပါသတဲ့။ ကဗျာဆန်ခြင်း romatic ဖြစ်ခြင်းမျိုး အလျဉ်း မရှိခဲ့ပါဘဲ 'မောင်' နှင့် 'စံ' တို့ ရိုးရှင်းစွာ ဆုံစည်းခဲ့ခြင်းပါပဲ။

"နွေ"

"ဟင်"

"ဒီအတိုင်းပဲနေသွားတော့မှာလား"

"ရော် ... ဒီတိုင်းမနေလို့ ဖောက်ထိုးမိုးမျှော်နေရမှာလား"

"ကြည့်! ... အရွဲ့က တိုက်ပြီ။ အိမ်ထောင်ဦးစီးမရှိဘဲ နွေ ဒီတိုင်းနေလို့ မတင့်တယ်ဘူးလေ"

"စံက အိမ်ထောင်ရှင်ပါ ကျော်။ ယောက်ျားရှိတဲ့မိန်းမမှန်း ပတ်ဝန်းကျင်က သိထားပါတယ်"

"လက်တွေ့က ခက်ခဲပါတယ် နွေ။ တင့်တယ်ဖို့ဆိုတာထက်





တစ်ခုလပ်ဆိုတဲ့ ခေါင်းစဉ်က နွေ့အပေါ် အထင်မြင်သေးစရာ မလေးစားစရာဖြစ်လာမှာကို စိုးရိမ်မိလို့ပါ။ Sorry! နွေ စိတ်ထိခိုက်သွားလား။ ကိုယ်တို့က ဟိုးအရင်ကတည်းက ခင်ခဲ့တဲ့ သူငယ်ချင်းတွေပါ။ ဒီလောက်တော့ ပြောခွင့်ရှိမယ်လို့ ယူဆတာပဲ"

"တစ်ခုလပ်" တဲ့လား။ "မုဆိုးမ" ဟု သုံးလျှင်လည်း သုံးလို့ရနိုင်ပါ၏။ လူလေးစားခံရအောင် အထင်မြင်မသေးရအောင် ကိုယ့်ဘာသာ အဘယ်မျှ အားတင်းမာန်ချီထားရပါသလဲ။ အဓိက ကျသည့်အချက်ကိုမှ တိုက်ရိုက်ထိပြရတယ်လို့။

"စံကိုပြောဖို့ထက် ကျော်သာ အိမ်ထောင်ပြုဖို့ စဉ်းစားပါလေ။ အခုပဲ (၂၈) ကျော်နေပြီမဟုတ်လား"

"Responds က မြန်ပ"

"လက်တွေ့ကို ညွှန်ပြတာလေ"

"အင်း ... သူချစ်တွေများပေမယ့် ကိုယ်ချစ်ဆိုတာက ရှားပါးလေ နွေရဲ့"

"Engage လုပ်ဖို့ ပျက်သွားရတဲ့ နန္ဒချယ်ရီက အတော်ဆေးလှတာပဲဟာ။ ဘာလို့ လက်လွှတ်လိုက်ရတာလဲ"

"ပြောပြီးပြီလေ၊ ကိုယ်ချစ်မှ မဟုတ်တာလို့"

"ဒီအရွယ်ရောက်မှ အချစ်ဆိုတာကို ယုံကြည်တိုင်းကွယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်နေရလား"

"နွေတောင်မှ အချစ်တွေနဲ့ မွှေ့လျော်ပျော်ပိုက်နေပြီး အချစ်ဝတ္ထုတွေ ရေးနိုင်တာ မဟုတ်လား။ ကိုယ်လည်း ဒီလောက်တော့ ရှိမှာပေါ့"

သေစမ်း! ... ကိုယ့်အတတ်နှင့်ကိုယ်စူးလေပြီ။ ရေလာဖို့ မြောင်းပေးမိတာ မဟုတ်ရပါ။ ရေလာမှာကို တာပိတ်နေရင်း ချောင်ပိတ်ရိုက်ခံရတာပါလေ။ အချစ်တွေနဲ့ မွှေ့လျော်ပျော်ပိုက်နေတာတဲ့လား။ ဝုက္ကယ်တမ်းမှာဖြင့် အလွမ်းတွေနဲ့ မျက်ရည်ပင်လယ်ဝေနေတာကို သူမှ မသိနိုင်တာလေ။

လူတွေအမြင်မှာ တင့်တယ်အောင် နေတတ် ထိုင်တတ်တာမှန်ပေမယ့် သူ့ရှေ့မှာဖြင့် ဘယ်တုန်းကမှ ဟန်မဆောင်ခဲ့မိတာ အမှန်ပါပဲ။ 'မောင့်' ရှေ့မှာ ရှက်ပြုံးတို့ဖြင့် မပြောရဲ မဆိုရဲ ရှက်သွေးဖြာမိခဲ့သော်ငြား 'ကျော်' ရှေ့မှာဖြင့် ရဲရဲကြီး ပြောပုံပြောရဲတာမဟုတ်လား။ "ရင်မခုန်တဲ့အတွက် မချစ်လို့ လက်မခံနိုင်တာပါ" ဟုပြောခဲ့သည့် စကားတို့က အတိတ်မှာ မှန်ဝါးဝါးကျန်ရစ်ခဲ့လေပြီ။

❁



## အခန်း (၅)

ခြံထဲမှာ ခပ်ဖြည်းဖြည်းလျှောက်ရင်း အပင်တွေကို သူ စစ်ဆေးကြည့်နေပါ၏။ အမြစ်မဖုံးသည့် အပင်တွေ၊ ပိုးကိုက်နေသည့် အရွက်တွေ၊ အသီးညှက်သည့် အပင်တွေကြောင့် သူ အတော်လေး စိတ်ပျက်သွားရလေသည်။ ဂရုတစိုက်မရှိကြသည့် အလုပ်သမားတွေပါလား။ အလုပ်ရှင်က အိမ်တွင်းရေးပြဿနာကြောင့် ခြံအလုပ်ကို အပြီးစီးမလုပ်နိုင်တာကို အကြောင်းပြပြီး ရေသာချိ အချောင်နေကြမှန်း ရိပ်မိသွားရပါ၏။

အပင်အမျိုးအစားလိုက် ရေတွက်ကာ ထုံးဖြင့် အပင်တွေမှာ အမှတ်စဉ် မှတ်စေပါသည်။ ပြုပြင်ရမည့် အပင်၊ ဆေးထိုးဖြစ်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



အနှုန်းအစားအလိုက် ခွဲခြားကာ မှတ်တမ်းကို ကိုယ်တိုင်ရေးနေပါ၏။ ကြည့်ရတာ အသီးအရေအတွက်၊ ပုံးအရေအတွက်ကိုပဲ 'နွေ' သတိထားလုပ်ဆောင်နေသည် ထင်ပါရဲ့။ သူရောက်လာတာကို တအံ့တသြ ဖြစ်နေကြသလို မကြည့်မလင် မျက်နှာဖြင့် ကြည့်ကြသူတွေလည်း ပါဝင်နေပါသည်။

"အလုပ်သမားအားလုံး ဘယ်နှယောက်ရှိလဲ"

"(၂၀) ကျော်ပါ"

"အတိအကျ ပြောလေ"

"(၂၅) ယောက်ပါ"

"အဲဒီလောက်ရှိတာတောင် အပင်တွေကို ဂရုမစိုက်နိုင်ကြဘူးလား။ ကိုယ့်တာဝန်ကို ကိုယ်ခွဲယူပြီး လုပ်ကြရင် အသီးအထွက်နှုန်း တိုးလာမှာပဲ"

"မန်နေဂျာက"

"မန်နေဂျာ ဘယ်သူလဲ"

"ဟိုလေ ... ကြိုက်ဈေးမရလို့ဆိုပြီး ပွဲစားနဲ့ဆက်သွယ်ဖို့ မနက်ကပဲ ထွက်သွားပါတယ်"

"ဒီလောက်အသီးညှက်နေမှတော့ ကြိုက်ဈေးက ဘယ်ရမလဲ၊ ခင်ဗျားတို့က တာဝန်ကျေပွန်အောင် လုပ်ပေးမှ အလုပ်ရှင်လည်း





စီးပွားရေးခေါင်းထောင်နိုင်မှာပေါ့။ အောက်က ဖြစ်သလိုလုပ်နေပြီး လစဉ် လခရှင်းပေးနေရအောင် နွေက ကျိကျိတက် ချမ်းသာနေတဲ့လူ မဟုတ်ဘူးဗျ"

"ကျော်"

"အဲဒီမန်နေဂျာ ပြန်လာရင် ကျွန်တော့်ဆီကို လွှတ်လိုက်ပါ။ ရေသာခို အချောင်လိုက်ပြီး ပြီးစလွယ်လုပ်သမျှ အလုပ်သမားတွေကို အကုန်စိစစ်ပြီး ဖြုတ်သင့်တဲ့လူမှန်သမျှ ဖြုတ်ပစ်မယ်"

"ကျော်"

"နွေ ... အဲဒီလို ပျော့ညံ့လို့ ဒီလူတွေ ဒီအပေါက်မျိုးချိုး နေကြတာပေါ့။ အလုပ်ရှင်ဆိုတာ ရှေ့ကနေ ဦးဆောင်ပြနိုင်ရတယ် နွေရဲ့၊ ကိုယ်က ပိုက်ဆံပေးပြီး ခိုင်းရတာလေ။ အလကားလုပ်ပေးနေကြတာမှ မဟုတ်တာ။ တန်ရာတန်ကြေး ယူထားရင် ထိုက်သင့်တဲ့ လုပ်အားတော့ ပေးဆပ်ရမှာပေါ့"

"တိုးတိုးပြောပါ"

"ဟာ! ... ဘာကိစ္စ တိုးတိုးပြောရမှာလဲ။ နွေ့အလုပ်သမားတွေက အကုန်အပျင်းချည်းပဲ။ သေလို့ခြောက်တဲ့ အပင်တွေ ခုတ်ထွင် ရှင်းလင်းစရာတွေ အများကြီးရှိတာတောင် ဘာမှမလုပ်ကြဘူး"

"မန်နေဂျာက အမိန့်မပေးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မန်နေဂျာအပြောကိုပဲ စောင့်နေမှာလား။ လုပ်သင့်လုပ်ထိုက်တာတွေ့ရင် အကျိုးအကြောင်းတင်ပြရမှာပေါ့"

"ကျော်ကလည်း ရုံးခန်းထဲမှာ ပြောပါ"

"ရတယ်လေ၊ လစာစာရင်းပါ ကြည့်ရုံပေါ့"

သူ့လက်မောင်းကို ဆွဲခေါ်နေပါသည့် 'နွေ့' မျက်နှာက အတော့်ကိုပျက်နေတာပါ။ သူ ဗျူးငြလုပ်တာကြောင့် မျက်နှာပျက်နေသည် ထင်ပါရဲ့။ ယောက်ျားနှင့်မိန်းမ၏ ကွာခြားချက်က အများကြီးပါပဲလား။ ရဲရင့်ပြတ်သားပါသည်ဆိုသည့် 'နွေရိပ်' ၏ စိတ်ဓာတ်တို့က အဘယ်ကြောင့် ပျောက်ကွယ်ကုန်ရပါသလဲ။ ရုံးခန်းအဆောက်အဦးဆီသို့ ခပ်သုတ်သုတ်လျှောက်ခဲ့ကြပါ၏။

"နွေအုပ်ချုပ်ပုံက ပုံစံမကျပါလားကွာ"

"မိသားစုလို သဘောထားကြတာပါ ကျော်။ ပစ်ပစ်ခါခါကြီး မပြောပါနဲ့လား"

"စီးပွားရေးကိစ္စမှာ မိသားစုဆိုတာ မရှိဘူးနွေ။ အထူးသဖြင့် . . . ငွေကြေးကိစ္စမှာ ဆွေမျိုးမောင်နှမဆိုတာ မရှိမှန်း နွေ သိသင့်တယ်"

"သူတို့နဲ့က ကိုင်ကျွန်းမှီ ကျွန်းကိုင်းမှီပါ"

"မှန်တယ်လေ၊ အသွားအပြန်ဆိုတာနဲ့ အပေးအယူဆိုတာ





ရှိတယ်နွေ။ နွေ့ဘက်ကချည်း အသွားရှိတာ နွေကချည်း အပေးရှိနေတာ အသိသာကြီးပဲ။ ဒီမှာကြည့်ဦး . . . လစာကလည်း မတရားသဖြင့် ပေးထားတာချည်းပဲ။ ကိုယ်တို့မြို့မှာတောင် အခြေခံအလုပ်သမားတောင် ဒီလောက်မရဘူး"

စာရင်းစာအုပ်ကို သူ တဖျပ်ဖျပ်လှန်လှောစစ်ဆေးရင်း ပြောလိုက်မိပါ၏။ ဘေးနားမှာ ဝင်ထိုင်လိုက်ပါသည့် 'နွေ့' ထံမှ သက်ပြင်းချသံက အတော်လေးကျယ်သွားလေသည်။ စာရင်းစစ်ကြည့်နေရင်းမှ သူ မော့ကြည့်လိုက်မိ၏။ လစာပေးဖို့နှင့် သစ်သီးရောင်းရဖို့ကိုတောင် သူမ အာရုံရပါရဲ့လား။

"နွေ"

"စံ လူမှန်းမခံချင်ဘူး"

"ဘာ"

"အမြဲတမ်း ဒီကိုတစ်ယောက်တည်းလာနေရတာ။ ညနေစောင်းမှ ပြန်ရတာပါကျော်။ ဒီအလုပ်သမားတွေကိုမှ ပြေပြေလည်လည် မဆက်ဆံနိုင်ရင် အန္တရာယ်ရှိလာမှာစိုးတာပေါ့"

"အလို! . . . နွေက အဲဒါကို စိတ်ပူနေတာလား"

"မပူတော်ပါဘူး"

"ရန်မှုမှာကို ကြောက်တတ်ရင်လည်း bodygurad ဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ထားပါလား။ ကိုယ့်ကိုပဲဖြစ်ဖြစ်လေ။ အားကိုးလို့ရပါတယ်။ အားကိုးစေချင်လွန်းလို့ပါ”

“ကြည့်!”

စိတ်ရှုပ်နေသည့်ကြားမှ မျက်စောင်းလှလှလေးကို လက်ဆောင်ရလေ၏။ စာကြည့်မျက်မှန်ကိုပင့်လျက် သူနှင့်အတူ စာရင်းစာအုပ်တွေ စစ်ဆေးပေးနေသည့် ‘နွေ့’ ကို အကဲခတ်ရင်း သက်မကို ခိုးရှိုက်လိုက်မိပါသည်။ ပိုင်ဆိုင်ခွင့်မရခဲ့သည့် မိန်းကလေးကြောင့် ရင်မောခြင်းတို့က ‘မင်းကျော်စွာ’ ၏ဘဝမှာ အဆုံးမသတ်နိုင်သေးပါလေ။

“ဒီမှာလည်း ငွေယူထားပါလား။ ဦးဘမောင်တဲ့”

“ခြော် ... ဟုတ်တယ်၊ အဲဒီတုန်းက သူ့မိန်းမမီးဖွားတဲ့ ကိစ္စနဲ့ ကြိုတင်ငွေထုတ်ပေးထားတာပါ”

“အဲဒါ ပြန်ဖြတ်ရဲ့လား”

“ဖြတ်စရာလား၊ ဒီလိုပဲ လျှော်ပေးလိုက်တယ်”

“ကျစ်! ... ကုန်တော့မှာပဲ။ ဘယ်လိုဖြစ်ပြီး အလုပ်သမားတွေကို အလိုလိုက်ရတာလဲ နွေ့ရာ၊ စည်းကမ်းတကျကို မရှိဘူး”

“ကျော်ကလည်းလေ ... ပါးစပ်တစ်ပေါက်တိုးလာတဲ့ မိသားစုဝင်ငွေကို လျှော့ချလို့ ဘယ်ရပ့်မလဲ။ ဒီလောက်တော့





သိတတ်ရမှာပေါ့”

“အဲဒီလိုသာ နွေ့ သိတတ်နေရင် ဒင်းတို့တွေ ကလေးတပြွတ်ပြွတ်ယူနေကြတော့မှာပေါ့။ သီးနှံအထွက်တိုးအောင်တော့ ရှုမစိုက်ကြဘူး လူဦးရေတော့ တိုးအောင်လုပ်တတ်ကြတယ်”

“ဟယ်! ... ဘယ်လိုစကားကြီးလဲ”

“Sorry! ... မတတ်နိုင်ဘူး။ ကိုယ်က ဘွင်းဘွင်းပဲပြောတတ်တာ နွေ့ သိပါတယ်”

စကားပြောကြမ်းသွားသဖြင့် ‘နွေ့’ ကို အားနာသွားမိပါသည်။ အနေခက်သွားသဖြင့် ‘နွေ့’ က ခေါင်းငုံ့သွားလေ၏။ နွေ့လယ်ပိုင်းရောက်လာပြီမို့ မိုက်ထဲဆာလာသဖြင့် ကားပေါ်မှာ ယူလာသည့် ခြင်းတောင်းကို သွားယူရန် ထရပ်လိုက်ပါသည်။ ခြေလှမ်းကို နောက်ဆုတ်လိုက်မိ၍ စက္ကူဘူးကို ခြေဖနောင့်က တိုက်မိသွားရလေ၏။ ဘာများလဲဟု ငုံ့ကြည့်မိစဉ် စာရွက်တွေဖြင့် ထည့်ထားပါသည့် ပုံးဖြစ်နေလေသည်။

“အမှိုက်ကို အမှိုက်ထဲမထည့် ... ဟင်!”

တစ်ပိုင်းတစ်စ ဖြစ်နေပါသည့် အောက်ခံဘောက်ချာစာရွက်က ထွက်ကျနေသဖြင့် သူ အံ့ဩစွာဖြင့် ငုံ့၍ ကောက်လိုက်ပါသည်။ Date က ကျန်ခဲ့သည့်လမို့ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားပြီး ပြေလ



www.burmeseclassic.com

www.burmeseclassic.com



စာရွက်တိုရှာရန် လယ်ဂျာကို လှန်လှောလိုက်ပါ၏။ သူစစ်နေသည့် အထပ်ထဲမှာမရှိသဖြင့် 'နွေ' စစ်နေသည့်စာအုပ်ကို မပြောမဆို လှမ်းယူလိုက်စဉ် 'နွေ့' လက်ခုံကို အုပ်ကိုင်မိသွားရလေသည်။

"ဟင်! "

"Sorry! Sorry! အရေးကြီးလို့ ခဏယူမလို့"

"ဘာလို့လဲ"

"နွေ့မန်နေဂျာလုပ်နေတာ မှားနေသလားလို့"

"ဟုတ်ရဲ့လား ကျော်ရယ်"

သူက ဒီနှစ် လေးလပိုင်းစာရွက်နေရာ စာမျက်နှာကို လှန်လိုက်ပါ၏။ စာရင်းစာအုပ်မှ ငွေစာရင်းနှင့် ဘောက်ချာအောက်ခံမှာ ငွေစာရင်းက မတူပါဘဲ ငွေကွာနေလေသည်။ တစ်ယောက်တည်း မဟုတ်ပါဘဲ အလုပ်သမားတွေထံမှငွေက တစ်သောင်းကျော် ငွေကွာနေပါရော့လား။ အားလုံးပေါင်း (၂၅) ယောက်ဆိုလျှင်ဖြင့် တစ်လကို (၂) သိန်းခွဲ ကွာနေချေပြီ။

ဒါဖြင့် တစ်နှစ်ဆိုလျှင် သိန်း (၃၀) ကျော် ကွာလေပြီ။ ဒီမန်နေဂျာက ဘယ်တုန်းကတည်းက ဒီလိုများလုပ်နေပါလိမ့်။ အလုပ်သမားတွေကို ခေါင်းပုံဖြတ်နေလျှင်ဖြင့် 'နွေ့' ကုန်တွေ ရောင်းချသည့် ငွေတွေကိုရော ဖြတ်ခုတ်နိုင်တာပါလေ။ ဘုရားရေ! သူ၏ 'နွေ' ဘာဆို ဘာမှမသိဘဲ ဒင်းတောင်းသမျှငွေကို စာရင်းပြတာနှင့် ရှင်းပေးနေတာထင်ပါရဲ့။





"နွေ"

"ရှင်"

"မန်နေဂျာနာမည်ဘယ်သူ"

"ကိုထွန်းဇော်လေ ဘာဖြစ်လို့လဲ"

"သူ့ကိုတော့ အလုပ်ဖြုတ်မှဖြစ်တော့မယ် နွေ။ ရိုးရိုးဖြုတ်လို့တောင်မရဘူး။ ငွေကြေးလိမ်လည်မှု (ပုဒ်မ–၄၂၀) နဲ့ ရဲဖမ်းခိုင်းမှ ဖြစ်တော့မယ်"

"ဘာလို့လဲ ကျော်ရယ်"

"ဒီကောင် အလုပ်သမားတွေဆီက ဖျက်ကျထားတာ အများကြီးပဲ။ အနည်းဆုံး လခတွေထဲက တစ်သောင်းကျော်တယ်။ (၂၅) ဦးဆိုတော့ တစ်လကို သူ အချောင် (၂) သိန်းခွဲရနေပြီ။ တစ်နှစ်ဆို ဘယ်လောက်ရှိမလဲ တွက်ကြည့်။ သူ အလုပ်ဝင်တာ ဘယ်လောက် ကြာပြီလဲ . . . ဟာ! နွေ . . ."

မိုက်ခနဲဖြစ်သွားပါသည့် 'နွေ့' ကို သူ အမြန်ထိန်းပွေ့လိုက်ရလေ၏။ ဤမျှငွေကြေးနှင့်တောင် ဒီလောက်မူးဝေသွားပါလျှင် တစ်ခြင်းကို ဖြောင်လျှင်ဖြင့် မတွေးရဲတော့ပြီ။ 'နွေ' ရယ်။ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကြီးနေတာကို ဘယ်လိုများ တစ်ယောက်တည်း သည်းခံနေရပါ သလဲ။ ခုံထက်မှာ ပြန်ထိုင်စေလျက် ကျောမှီစေကာ ပန်ကာဖွင့်ပေး လိုက်ရလေ၏။

"နွေ"

"အင်း . . . ရတယ်၊ မိုက်ခနဲ မူးသွားလို့ပါ"

"ပင်ပန်းလို့လား၊ ဒါမှမဟုတ် ဆာနေပြီမို့လို့လား"

"မနက်က စားလာခဲ့တာပဲ၊ မဆာပါဘူး"

"အားနည်းတယ်ထင်ပါရဲ့၊ သစ်သီးဖျော်ရည်ဖြစ်ဖြစ် သောက်လိုက်လေ။ နေဦး ကိုယ့်ကားထဲမှာ Juice ဘူးတွေပါတယ်။ ခဏစောင့်နော်၊ သွားယူလိုက်မယ်"

သူက ရုံးရှေ့မှထွက်ပြီး သရက်ပင်အောက်မှာရပ်ထားသည့် ဂျစ်ကားနောက်ခုံမှ ခြင်းတောင်းကို ယူလိုက်စဉ် ဦးဘမောင် ခပ်သုတ်သုတ် လျှောက်လာသည်ကို မြင်လိုက်ရလေ၏။ လူခေါ်ချင်တာနှင့် အတော်ပါပဲလား။ လက်ယပ်ခေါ်လိုက်သဖြင့် အလုပ်သမားတွေ မြင်ကာ အပြေးအလွှားရောက်လာကြလေတော့သည်။ သူက ခပ်တိုးတိုး ပြောကာ မန်နေဂျာရောက်လျှင် သတင်းပို့ခိုင်းပြီး ဖမ်းရန် ပြင်ဆင်ရ လေ၏။

"နည်းနည်းတော့ ဝင်အောင်သောက်လိုက်ပါ နွေ။ ကိုယ်





ရုံးခန်းကို phone ဆက်ပြီးပြီ"

"ပြဿနာတော့ ကြီးတော့မှာပဲ"

"အရှုပ်ထုပ်ကို ရှင်းရမှာပေါ့ နွေ။ အလုပ်သမားတွေလည်း ကိုယ် သေသေချာချာ မေးမှပဲ ရှင်းပြရဲတော့တယ်။ ဒီလူ ဒီလိုဖျက်ဆီး နေတာ ကြာပြီတဲ့။ လစဉ်ထောက်ပံ့ပေးတဲ့ ကုန်တွေကိုလည်း မပေး' တစ်လှည့် ပေးတစ်လှည့်ပဲတဲ့"

မျက်ရည်ဝဲလာသည့် 'နွေ'ကို သူ မည်သို့ နှစ်သိမ့်ပေးရမှန်း ခင် မသိတော့ပါလေ။ တအောင့်အကြာမှာ ဆိုင်ကယ်သံကြားရပြီး ဆက်ကြားမှာ စီးကရက် ညှပ်ကိုင်လျက် ဆောင့်ကြွားကြွားပုံစံဖြင့် ဝင်လာသည့် 'ထွန်းဇော်' ကို တွေ့လိုက်ရလေ၏။ ရုံးခန်းထဲရှိနေသည့် 'နွေ' ကို မြင်လေမှ ပုံစံအချိုးက ခပ်ယို့ယို့ ဖြစ်သွားလေသည်။

"ဟာ! . . . မမလေး ရောက်နေတာကိုး"

"ရှင့်အပြစ်ကို ဝန်ခံပါ ကိုထွန်းဇော်"

"ဗျာ! . . . ဘာကိုပြောတာလဲ"

"မင်းလုပ်ထားတဲ့အပြစ်ကို မင်းကိုယ်တိုင် သိပေါ့ထွန်းဇော်။ ပုဒ်မ (၄၂၀) နဲ့ မင်းကို ဖမ်းချုပ်ဖို့ ငါတို့ပြင်ဆင်ပြီးနေပြီ"

"ဘာဗျ! . . . ကျုပ်ကိစ္စက ကျုပ် Boss နဲ့ပဲဆိုင်တယ်။ ခင်ဗျားက ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ"



www.burmeseclassic.com

"ဆိုင်းလို့ခြောနေရတာလဲ ထွန်းဇော်။ မင်းလုပ်ပုံက အတော် ထွန်းနေပြီ။ အလုပ်သမားအချင်းချင်း ခေါင်းပုံဖြတ်သလို ကိုယ့်အလုပ် ရှင်အပေါ် ဖြတ်ခုတ်ဖြတ်စား"

"ကဲကွာ!"

"ခွပ်!"

"ကျော်!"

လက်ပါရောက်လာသဖြင့် ရှုန်းရင်းဆန့်ခတ် အခြေအနေတွေ ဖြစ်ကုန်လေ၏။ အလုပ်သမားတွေ ဝိုင်းစု၍ ဖမ်းကြတာမို့ တော်ပါသေး သည်။ ရဲတပ်ဖွဲ့ဝင်တွေ အချိန်မီရောက်လာကာ 'လောင်းကစားမှုဖြင့် အလိုရှိနေသူ" ဟူ၍ ပြောကာ ဖမ်းဆီးသွားလေမှ ပြဿနာက ငြိမ်းလေ တော့၏။



## အခန်း (၆)

"အမယ်လေး! ... ဘုရားကယ်ပေလို့ပဲ။ ကံကြီးပေလို့ပေါ့ ဆောင်ကျော်စွာရယ်"

အန်တီငယ်က သူမတို့အိမ်ပြန်ရောက်သည်နှင့် ရင်ဘတ်ဖိ 'ဘုရားတ' လေတော့၏။ ရဲစခန်းတအောင့်ဝင်လျက် အမှုဖွင့်ရသဖြင့် ဆိုင်လက်စအလုပ်တွေကိုရပ်ပြီး မှာစရာရှိတာတို့ကိုသာ စီစဉ်ခဲ့ရတာပါ။ နေ့လယ်စာမစားရသေးခင် နှုတ်ခမ်းကွဲသွားပါသည့် သူ့ကို ဆေးထည့် ပေးဖို့ သူနာပြုလုပ်ပေးရတော့မှာလေ။

"တော်တော်နာသွားလား ကျော်"

"နည်းနည်းပါ။ ရုတ်တရက်ဆိုတော့ ကိုယ်လည်း မိလို



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့မယ်လို့ မထင်လိုက်ဘူးလေ''

"အမှုတော့ ဆက်ဆိုင်နေရဦးမှာ မဟုတ်လား။ ပြဿနာ တော့ ရှုပ်ကုန်ပါပြီ''

"အဲဒါကို ကျွန်တော့်ရှေ့နေနဲ့ တိုင်ပင်ပြီး ကြည့်ရှင်းပေးလိုက်ပါ့မယ် အန်တီငယ်၊ နွေ့ကို ရုံးပြင်ကန္နား မသွားစေရပါဘူး။ ကျွန်တော် တစ်ယောက်လုံး ရှိနေတာကို''

"ကျေးဇူးပါ သားရယ်၊ အိမ်တစ်အိမ်မှာ ယောကျာ်းသား မရှိမဖြစ် လိုအပ်တယ်ဆိုတာ အမှန်ပါပဲလား''

"အန်တီငယ်ကလည်း''

"ဟုတ်တယ်လေ၊ ဘာမဆို သမီးပဲ ဦးဆောင်လုပ်လို့မရတဲ့ အရာတွေ အများကြီးရှိနေတာ မမြင်ဘူးလား။ အဲ! . . . ဟုတ်သားပဲ ဘောစင်ရေဆင်းပိုက်ဆို့နေတာ ခုထိ မပြင်ရသေးဘူး''

"ကျွန်တော် ပြင်ပေးပါ့မယ်ဗျာ''

"ဟယ်! . . . အန်တီငယ်ကတော့ လုပ်ပြန်ပြီ''

သူမက ဆေးသေတ္တာလေးသွားယူလိုက်ပြီး အန်တီငယ်ကို စကားရပ်တန့်စေချင်ပေမယ့် သူ့ကိုနိုင်းမည့်ကိစ္စက ပေါ်လာလေပြီ။ ဒီလိုမျိုး မီးကိစ္စ၊ ရေကိစ္စ၊ စက်ကိစ္စတွေကိုတော့ သူမ မလုပ်ဆောင် နိုင်တာအမှန်ပါ။ သူငယ်ချင်းဖြစ်သူကို အစစအရာရာ အားကိုးပြီး





နိုင်းစားနေလို့ ဘယ်ဖြစ်ပါ့မလဲ။ သူ့မိဘတွေသာသိလျှင် 'စံ' ကို အမြင်မကြည်ဖြစ်တော့မှာလေ။

"နည်းနည်းစပ်မယ်နော်၊ ပိုးဝင်မှာစိုးလို့''

"အ! ''

အရက်ပျံဖြင့် အနာကို ဆေးပေးစဉ် သူက 'စံ' ၏ လက် ကောက်ဝတ်ကို ဆတ်ခနဲ ဆုပ်ကိုင်ညှစ်လိုက်လေ၏။ ဆေးထည့်ပေး ပြီးမှသာ့ သူမက လက်ကို ဆွဲယူလျက် ရုန်းလိုက်ရပါသည်။ အတွေ့ အထိ ဆိုတာတွေနဲ့ 'နွေရိပ်စံ' ၏ နှလုံးသားက မရင်းနှီးတော့ပါလေ။ တစ်ယောက်သောသူ၊ တစ်ဦးတည်းသော 'မောင်' မှလွဲ၍ တည်ငြိမ်မှု အပြည့်ရှိနိုင်ခဲ့တာ မဟုတ်လား။

"အဆိုးခံရတုန်းကတော့ မအော်ဘဲနဲ့''

"စပ်တာကိုး နွေရဲ့''

"ဦးဦးတို့ သိရင်တော့ အဆူခံရတော့မှာပဲ''

"ကလေးမှ မဟုတ်တော့တာ နွေရယ်။ ဆူစရာလား''

ဆေးထည့်ပေးနေပြီမို့ သူ ငြိမ်နေလိုက်ရပါ၏။ အရမ်းစပ်မှာ ပြီး နှုတ်ခမ်းလေးရဲက ခပ်ဖြည်းဖြည်း မှုတ်ပေးနေသည့် 'နွေ့' ကြောင့် နှလုံးသားမှ တဒုတ်ဒုတ် ခုန်နေသံက အသံကျယ်လောင်စွာ ညည်းလာတော့တာပါ။ ဘုရားရေ! 'နွေရိပ်စံ' ကို သူ ခုချိန်ထိ ချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှေ့ရှိ[illegible]တော၊ ဝိုင်ရှင်ရှိပြီဆိုကတည်းက မကြည့်မိ မချစ်မိတော့အောင် စိတ်ကို အတတ်နိုင်ဆုံး ချုန်းအုပ်ခဲ့ပါလျက် အိပ်ပျော်နေခဲ့ပါသည့် နှလုံးသားက နောက်ထပ်တစ်ဖန် နိုးထလာလေပြီလား။

"နွေ"

"ဟင်!. . . ဘာလဲ"

"ဘာမှမဟုတ်တော့ဘူး"

"ထမင်း အရင်စားမလား၊ ရေပိုက်အရင်ပြင်ပေးမှာလား မောင်ကျော်စွာ"

"ပေလက်စနဲ့ ရေပိုက်အရင်ပြင်တာပေါ့ အန်တီငယ်၊ သွားမယ်လေ"

'နွေ့' ရှေ့မှ သူထရပ်လိုက်ရပါ၏။ အပေါင်းတွေ အသစ်ဖြစ်တတ်ပေမယ့် သူကဖြင့် ဥပေက္ခာပြုမေ့ထားခဲ့ရပါသည့် သူ၏အချစ်က ဒီနေရာမှာပင် ရှာမရအောင် ကျပျောက်ခဲ့ရတာပါ။ လစ်လပ်နေမည့် နေရာတစ်ခုအတွက် ပေးနိုင်ဖို့ လစ်ဟာနေပါသည့် ရင်တွင်း တစ်နေရာအတွက် ကိုယ့်နှလုံးသားကို အမှတ်တမဲ့ ငုံကြည့်ပေးပါလား 'နွေ' ရယ်။

"မီးဖိုခန်း ဘေစင်လား"

"ဟုတ်တယ်"





"အန်တီငယ် အမှိုက်တွေ ဒီထဲချမိလို့လား"

"မဟုတ်ပါဘူး သားရယ်၊ ပန်းကန်ဆေးရင်း ထမင်းစေ့ဝင်တာလောက်ပဲ ရှိတာပါ"

"ခဏလေးနော် . . . နံပါတ်ခွတွေ ရှိရဲ့လား"

"သမီးရှေ့"

"စံ ယူလာပေးပါ့မယ်"

"နေပါ စံ။ ဘယ်ပိုက်ခွ် ဘယ်နံပါတ်ဆိုတာ မရှာတတ်ဘဲ ဖြစ်မယ်။ ကိုယ်လိုက်ရွေးပါ့မယ်"

အိမ်ဘေးအစီခဆောင် ကားဂိုဒေါင်ဘက်သို့ သူပါ လိုက်ဝင်ခဲ့ပါ၏။ နံရံကပ်စင်အောက်မှ သံပုံးကို သူမ ယူလိုက်စဉ် လက်ရှမှာ နှိုက်ပြီး တားရပြန်လေသည်။ ဒီလက်နုနုလေး သွေးခြေဉမှာကို ဖြစ်စေချင်ပါလေ။ အထဲမှ စက်ပစ္စည်းတွေကို မွှေနှောက်ရှာရင်း ရေပိုက်မှလီဖြုတ်နိုင်မည့် နံပါတ်ခွကို ယူလိုက်ပါသည်။

"ဒါဆို ရပြီ"

ဘေစင်အောက်ထဲသို့ ပက်လက်လှန်၍ ရှေ့ရှာထိုးဝင်လိုက်ပါ၏။ မှုလီကို လှည့်ဖွင့်ကာ ပလာယာပါ ဘူ၍ ရေပိုက်တစ်ဆစ် ဖြုတ်ရန် ပြင်လိုက်ပါသည်။ Join ဆက်နေရာမှာ သံချေးတက်ပြီး ချိတ်ချလိုက်ပေမယ့် အသစ်ပြန်လဲရှိန်ရောက်ပြီမှန်း သူသိလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



[illegible]တွေတောင် အသစ်လိုအပ်နေလျှင် 'နွေ' ရဲ့ဘဝအတွက် အတိုရှိအဖော်တစ်ယောက် မဖြစ်မနေ မလိုအပ်ဘူးတဲ့လား။

"လောလောဆယ်တော့ သုံးလို့ရပါမယ် အန်တီငယ်။ အသစ်တော့ လဲရမယ်"

"ဟယ်! ... ဘောင်းဘီကိုလား"

"မဟုတ်ပါဘူး။ အောက်က ပိုက်လုံးကိုပြောတာပါ။ မြို့ထဲရောက်ရင် ကျွန်တော် ဝယ်လာပေးပါ့မယ်"

"ပေကုန်ပါပြီတော်။ ရေချိုးလိုက်ပါလား သား"

"ရပါတယ်"

"ဘာရပါတယ်လဲ၊ မောင်ဇေယျာ့အဝတ်တစ်စုံ ယူဝတ်သွားလည်း ဖြစ်တာကို။ သွားချိုးလိုက်ပါ မောင်ကျော်စွာ"

အမှုန်အမွှားတွေ၊ ဖုန်တွေ၊ သံချေးရည်တွေ ပေရေကုန်သဖြင့် Sport shirt က လွှင့်ပစ်ရတော့မည့်ပုံပါ။ 'ကိုဇေယျာ' ၏ အဝတ်တွေ ယူဝတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ 'နွေ' နှစ်သက်မှာ မဟုတ်လို့ပါလေ။ 'နွေ့' ကို လှမ်းကြည့်မိစဉ် စိတ်ရှုပ်ထွေးဟန်ကို မတွေ့ရသဖြင့် စိတ်အေးသွားရပါ၏။

"ချိုးလိုက်ပါ ကျော်။ ဒီမှာ ရေလဲပုဆိုးနဲ့တဘက်ပါ။ ဒါက မောင် မဝတ်ရသေးတဲ့ T-shirt နဲ့ပုဆိုးနော်။ အကျီက ကျော်နဲ့





နည်းနည်းတော့ fit ဖြစ်နေလိမ့်မယ်"

"ရပါတယ်"

ရေချိုးခန်းရှိရာဆီ သူ လျှောက်လိုက်ရပါ၏။ 'မောင်' ဝတ်နေကျ အဝတ်တွေကို ပေးမဝတ်ချင်ဘူးတဲ့လား 'နွေ'။ 'နွေ့' ရင်ထဲကို ဝင်နိုင်ဖို့ အခွင့်က ဒီဘဝမှာ သူ မရနိုင်တော့ဘူး ထင်ပါရဲ့။ သက်ဆိုင်သူ အနီးမှာ ရှိမနေတော့တာတောင်မှ 'နွေ့' နှလုံးသားလေးက အေးစက်စက် အခြေအနေအတိုင်း ကျန်ရစ်ခဲ့ရတယ်လို့။

ထမင်းပွဲဝိုင်း ပြင်နေရင်းမှ ဝင်လာသည့် 'ကျော့်' ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ရုတ်တရက် 'မောင်' လားဟုထင်မှတ်မှားသွားမိသည့်နှယ်ပါ။ သူက 'မောင့်' ထက် body ပိုတောင့်သလို အရပ်ပိုမြင့်သဖြင့် အကျီက သိပ်မပွပါလေ။ ပုဆိုးသိပ်ဝတ်လေ့မရှိသည့် သူက လုံချည်ကို ပြင်ဝတ်နေပြန်သဖြင့် ပြုံးလိုက်မိပါ၏။

"ဟော! ... လာပါ မောင်ကျော်စွာ။ သားနဲ့ လိုက်ဖက်သားပဲ"

"နွေက ရွေးတတ်လို့ပါ အန်တီရယ်"

"ကျော့်အဝတ်အစားတွေ ထားခဲ့နော်။ စံ လျှော်ထားပေးမယ် ... ထိုင်လေ"

ခုံတစ်ခုံဆွဲယူလျက် ထိုင်လိုက်ပါ၏။ ဒါလည်း 'ကိုဇေယျာ'၏



www.burmeseclassic.com

www.burmeseclassic.com



[illegible]လေလား။ 'နွေ' တို့တူဝရီးက ထမင်းအုပ်ထဲမှ ထမင်းကို ပန်းကန်တွေထဲ ခပ်ထည့်နေလေသည်။ အန်တီငယ်က ဟင်းချက် လက်ရာကောင်းသူမို့ စားကောင်းမည်ဟု ထင်ပါ၏။ ဒါဖြင့် 'နွေ' ရော ဟင်းကောင်းကောင်းချက်တတ်ပါရဲ့လား။"

"အန်တီငယ် ချက်ထားတာ ဟင်းအစုံပါပဲလား"

"တစ်မျိုးကို နည်းနည်းစီပဲ ချက်ထားတာပါသားရယ်။ များများစားရမယ်နော်"

"နွေရော"

"ရေချိုးလိုက်ဦးမယ်"

"ဒါဖြင့် ကိုယ်တစ်ယောက်တည်း စားရမှာလား"

"အန်တီငယ်နဲ့စားလေ"

"ဟုတ်သားပဲ သမီးရယ်၊ အန်တီငယ်က မနက်အဆာပြေ စားထားတာ များသွားလို့ မစားနိုင်သေးဘူး။ မောင်ကျော်စွာ အဖော်ရှိတုန်း စားလိုက်ပါ။ နို့မို့ သမီးက ဘာမှ ဟုတ်တိပတ်တိ မစားဘူး"

အန်တီငယ် အတင်းဆွဲခေါ်နေသဖြင့် သူနှင့် မျက်နှာချင်းဆိုင် ခုံမှာ သူမ ဝင်ထိုင်လိုက်ရပါသည်။ 'မောင့်' ပုံရိပ်တို့ ထင်ဟပ်နေပါ သည့် ဒီအိမ်မှာ 'မောင်' မဟုတ်သည့်သူစိမ်းတစ်ယောက်နှင့် အတူ ထိုင်ပြီး ထမင်းစားလို့ဖြစ်ပါ့မလား။ 'ကျော်' နှင့် စကားပြောဖြစ်တိုင်း





'မောင်'က မျက်မှောင်ကြုတ်ပြီး မနှစ်သက်သလို အမြဲတမ်း ဖြစ်ခဲ့တာ ပါလေ။

"နွေရော မီးဖိုချောင် တစ်ခါတစ်ရံ ဝင်ချက်ဖြစ်သေးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မောင်မရှိကတည်းက ဝင်မချက်ဖြစ်တာကြာပြီ။ ဘယ်တော့မဆို မောင်နဲ့အတူတူ ချက်ပြုတ်လုပ်ကိုင်ခဲ့ရတာဆိုတော့ သတိရ စိတ်က ပိုလာတတ်လို့ပါ"

"Sorry ပါ နွေ၊ ကိုယ် အလိုက်မသိသလို ဖြစ်သွားရပြီ"

"ရပါတယ် . . . ကိစ္စမရှိပါဘူး။ ဟင်းတွေ ထည့်စားလေ။ စကားသာ ကျော့်ကို ပိုအားနာနေရတာပါ"

"ဘာလို့လဲ"

"အစစအရာရာ ကူညီနေလို့လေ"

"ဒါများ နွေရယ် . . . သူငယ်ချင်းတွေပဲဟာ၊ ပြောစရာလိုလို့ လား"

"ဘာပဲဖြစ်ဖြစ် ကျော့်ကို ကျေးဇူးတင်မိတာအမှန်ပါ။ စိတ်ဓာတ်ခွေသူငယ်ချင်းဆိုပြီး အမြဲတစေဒုက္ခပေးနေလို့ ဘယ်ဖြစ်ပါ့မလဲ"

"နွေ"



www.burmeseclassic.com

www.burmeseclassic.com



"[illegible]တာမှာ လှစည်းနဲ့ပတ်ဝန်းကျင်ဆိုတာ ရှိတယ် ကျော်။ ဒီတော့ စံတို့အိမ်ကို အမြဲဝင်ထွက်နေရင် မျက်လုံးတွေနဲ့ မြင်ကြမယ်။ ပါးစပ်တွေနဲ့ ပြောကြရင် နားတွေပါ ကြားကြမှာ အမှန်ပဲ ကျော်"

"ကိုယ်တို့က ကိုယ်တို့က ရိုးရိုးသားသားခင်မင်ကြတာပဲ ဟာ။ ဘာကို ဂရုစိုက်ရမှာလဲ"

"စံပြောပြီးပြီလေ။ လှစည်းဆိုတာ ရှိတယ်လို့။ စံတို့က အနေအထိုင်တည်တာ၊ ရိုးသားကြတာ မှန်ပေမယ့် သူစိမ်းတွေက အစိမ်းရောင်မျက်မှန်နဲ့ အကြည့်စိမ်းစိမ်းပဲ မြင်တတ်ကြမှာအမှန်ပဲ။ ကျင့်ဝတ်သိက္ခာဆိုတာမျိုးက ကိုယ်ပဲလုံအောင် ထိန်းနိုင်ရုံနဲ့ မလုံလောက်ဘူး ကျော်။ ပတ်ဝန်းကျင်ကယက်ရိုက်လာရင် အဲဒါက သတင်း မဟုတ်တောင်ဘဲ အတင်းဆိုတဲ့ခေါင်းစဉ်ကို ပြောင်းသွားတော့မှာ"

"ကိုယ်က ကိုယ်က နွေကို စောင့်ရှောက်ချင်တာပါ"

"စံ သိပါတယ်၊ ကျော့်စေတနာကိုလည်း လက်ခံပါတယ်။ သံယောဇဉ်တရားရဲ့နက်ရှိုင်းမှုကိုလည်း စံ နားလည်ပါတယ်။ ဒါပေမဲ့"

စကားကို ရှေ့မဆက်နိုင်ခဲ့ပါ။ ထမင်းစားမဝင်အောင်များ ပြောမိပြီလား။ 'ကျော့်' ထမင်းပန်းကန်က ကုန်သလောက် ဖြစ်နေပြီနို့ လိုက်ပွဲထမင်းအုပ်ကို လှမ်းပေးမိစဉ် လက်ကာပြခြင်းနှင့် ကြုံလေ၏





သူများတွေမပြောခင် ကိုယ်က ဆင်ခြင်မှု ကြိုတင်လုပ်နိုင်မှသာ ဖြစ်မှာလေ။ အထူးသဖြင့် 'ကျော့်' မိဘအသိုင်းအဝိုင်းက 'စံ' ကို လက်ညှိုးထိုးကြဲ့ရဲ့မှာထက် အိမ်ထောင်မပြုရသေးတဲ့ 'ကျော့်' အတွက် ခလုတ်ကန်သင်းဖြစ်လာမှာကို ပိုစိုးရိမ်မိလို့ပါလေ။

"နွေက နွေ့ကို အားလုံးက ဝိုင်းပြောကြဲ့ရဲ့မှာကို စိုးရိမ်နေ တာလား။ ကိုယ်က အဲဒီလိုအဖြစ်ခံမယ်များ ထင်နေလား နွေရယ်"

"ကျော့်အတွက်ပါ"

"ဘယ်လို"

"စံက တစ်ခုလပ်လို့ပဲသုံးသုံး၊ မုဆိုးမလို့ပဲခေါ်ခေါ် ဒီထက် နာမည်ဆိုးထပ်ရစရာမရှိဘူးလေ။ အိမ်ထောင်မပြုရသေးတဲ့ ကျော့် အတွက် စံကြောင့် နာမည်မှာ အမည်းစက်ထင်မှာကို မလိုလားလို့ပါ။ စိတ်ရင်းနဲ့ ပြောနေရတာပါ ကျော်"

ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားရပါ၏။ စေတနာကို သိတယ် မြင်တယ်တဲ့လား။ ကိုယ့်ကို လက်ညှိုးညွှန်ကြမှာထက် သူ့အပေါ်ကိုမှ ပိုစိုးရိမ်သတဲ့လေ၊ 'နွေ' ရယ်။ ကြင်နာသူပြန်ပေးမယ့် တစ်စုံတစ်ခုကို စောင့်ဆိုင်းနေတဲ့ ကိုယ့်ကို အိပ်မက်တွေမက်အောင် ဖန်ဆင်းနေပြီ လား။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကားကို တိုက်ရှေ့မှာရပ်လိုက်စဉ် ညက အတော်မှောင်နေလေပြီ။ ခြံထဲကိုပါ သွားခဲ့ရတာမို့ စက်ရုံကို ညနေစောင်းမှ ရောက်ခဲ့တာ မဟုတ်ပါလား။ 'နွေ' ဆေးထည့်ပေးသည့် နှုတ်ခမ်းမှအနာကို စမ်းမိတိုင်း ကျေနပ်ပီတိ ဖြစ်စွာဖြင့်သူ ပြုံးနေတတ်တာ ကြာလေပြီ။

လေချွန်သံခပ်တိုးတိုးဖြင့် အိမ်ထဲသို့ ဝင်လိုက်စဉ် မီးဘနစ်ပါး စလုံးကို ဧည့်ခန်းမှာ မြင်လိုက်ရလေ၏။ သူပြန်လာတာကို တမင်စောင့်နေသည့်ပုံစံကြောင့် အိမ်ပေါ်သို့ တန်းတက်ရန် အစီအစဉ်ကို ဖျက်လိုက်ရတော့သည်။ ဖေဖေ့မျက်နှာက အတော်တင်းမာခက်ထန်နေသလို မေမေသည်လည်း စိတ်ပျက်နေဟန်က အထင်းသားပါလေ။





"မင်း ဘာတွေလျှောက်လုပ်နေသလဲ မင်းကျော်စွာ"

"ဗျာ!"

"ဗျာမနေနဲ့ . . . ဒီမှာလာထိုင်ပါဦး"

ဖေဖေခေါ်နေသဖြင့် ကားသော့ချိတ်ကို ဝှေ့ရမ်းနေရာမှ ဆိုဖာခုံထက် ထိုင်လိုက်ရပါသည်။ ဒီနေ့ ဝတ်မိသည်က ဟိုတစ်နေ့က 'နွေ' မှတ်မှတ်ရရ လျှော်ပေးခဲ့ပါသည့် Sport shirt နှင့် pants ပါပဲ။ 'နွေ' လက်နှင့် ထိကိုင်ထားပါသည့်အရာတို့က 'မင်းကျော်စွာ' ၏ စိတ်နှလုံးအစုံကို ဤမျှ ချမ်းမြေ့စေပါလျက် ဘဝလက်တွဲဖော်ဖြစ်ခွင့်သာရခဲ့ပါက အဘယ်မျှ ကောင်းလိုက်မည်နည်း။ ဒီကမ္ဘာမှာ အရင်ဦးဆုံး ဝမ်းသာလုံးဆို့မည့်လူသားတစ်ဦးဖြစ်သွားတော့မှာလေ။

"မင်းကျော်စွာ"

"ဖေဖေ"

"ခုတစ်လော မင်း ဘယ်ကိုခြေလှမ်းနေတာလဲ"

"ကျွန်တော် ခြံထဲနဲ့ စက်ရုံကလွဲပြီး ဘယ်ကိုသွားရမှာလဲ ဖေဖေရဲ့"

"အဲဒီနေရာအပြင် တခြားမှာပါရှိနေခဲ့လို့ အိမ်ကို ဒီသတင်း ရောက်လာတာပေါ့ မင်းကျော်စွာ။ မဟုတ်တာနဲ့ ဘယ်သူက လေကုန်ခံပြီး ပြောကြပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုံခန်းတွေ ဘာတွေအထိ ရောက်ရှ ဝင်ထွက်ရအောင် မေမေ့သား ဘာတွေရှုပ်နေလဲ"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ သွားခဲ့တာပဲ လကျော်ကြာခဲ့တာတောင်မှ ဒီသတင်းက ပျံ့တာတဲ့လား။ 'နွေ' ကိုပြီး ပြောခဲ့သဖြင့် အိမ်ကို ဝင်ထွက်ခြင်းကို အကြောင်းတစ်စုံတစ်ရာရှိမှသာ သွားဖြစ်ခဲ့တာပါ။ သူကားကို လမ်းကြိုမလိုက်တော့ဘဲ ပြင်ထားသည့် ဆိုင်ကယ်လေးဖြင့် နေ့စဉ်သွားလာနေပါသည့် 'နွေ' ကို လမ်းမှာ မြုံးပြုံရုံ၊ လက်ပြရုံထက် မပိုခဲ့ပါဘဲ အခုမှ ဒီသတင်းက ဘယ်ကနေ ဘယ်လို ပျံ့နှံ့လာရပါသလဲ။

"အဲဒါ ကြာခဲ့ပါပြီ မေမေ။ အမှုလည်း ပိတ်သွားပါပြီ"

"အမှုအခင်းတွေအထိဖြစ်ရလား"

"နွေတို့ခြံအလုပ်သမားကိစ္စပါ ဖေဖေ။ နွေတစ်ယောက်တည်း မဖြေရှင်းနိုင်တဲ့ကိစ္စကို ကူညီပေးခဲ့ရုံပါ"

"ဘယ်က နွေလဲ"

"ကျွန်တော့်သူငယ်ချင်း နွေရိပ်စံလေ ဖေဖေ၊ မမှတ်မိလို့လား ဟို ဆံပင်ရှည်ရှည်"

"တော်စမ်း! လာပြန်ပြီလား ဒီသူငယ်ချင်း။ ဘာသူငယ်ချင်းလဲ။ အဲဒီကောင်မလေးကို ခုထိ မင်း မမေ့နိုင်ဘူးလား မင်းကျော်စွာ။ ချယ်ရီနဲ့တုန်းကလည်း အဲဒီ နွေရိပ်စံကြောင့် Engage ဖျက်ခဲ့ရတဲ့ အထိ ဖြစ်ခဲ့ရပြီးပြီ"

"အဲဒါက ချယ်ရီနဲ့ ကျွန်တော့်ကိစ္စပါ ဖေဖေ။ စိတ်သဘောထားချင်း မတိုက်ဆိုင်ခဲ့လို့ ဖျက်ခဲ့တဲ့ကိစ္စမှာ နွေနဲ့ဘာမှမဆိုင်ပါဘူး"

"ဖင်ပြောတယ် မဟုတ်လား ကို။ အဲဒီမိန်းကလေးနဲ့ ပတ်သက်လာရင် ကိုသားကို ဘယ်တုန်းက ပြောလို့ရခဲ့လို့လဲ။ သဘော်တိုက်မယ်ဆိုလို့ ဟုတ်ပြီထင်နေတာ၊ တစ်နှစ်ပဲသွားခဲ့ပြီး ဒီပြန်ရောက်တာနဲ့ အဲဒီအိမ်နား တစ်ဝဲလည်လည် ဖြစ်နေပြီ"

"ပင်ပန်းတာထက် မေမေ နာမကျန်းဖြစ်လို့ ပြန်မသွားနိုင်းတာ မဟုတ်ဘူးလား။ ဘာအပြစ်မှမရှိတဲ့ မိန်းကလေးကို အပြစ်မပုံချ ပါနဲ့လား မေမေ။ ကျွန်တော် တောင်းပန်ပါတယ်"

"နာတတ်တယ်ပေါ့။ မင်းကိုယ်မင်း ကောက်ရိုးပုံစောင့်တဲ့ ခွေး ဖြစ်နေမှန်း မသိအောင် မှုန်နေရလား မင်းကျော်စွာ၊ အံ့ပါရဲ့ကွာ"

ရင်ဝသို့ ထိုးစိုက်လိုက်သည့် သံချွန်နှယ် ခံရခက်လှန်းလေ၏။ ကြာလေပြီကော ပတ်ဝန်းကျင်က ပြောပါက ခံ[illegible]ဦးပေမည်။ ကိုယ့်ကို မွေးခဲ့ပါသည့် မိဘနှစ်ပါး၏ ထိုးနှက်ချက်က ရင်ကို ပို၍ ကြေမွ စေတာအမှန်ပါ။ ယောက်ျားနှင့်မိန်းမဆိုပြီး ရိုးသားဖြူစင်စွာ ခင်မင်နိုင် စရာမရှိတော့ဘူးလား။ သူငယ်ချင်းမိတ်ဆွေဆိုတာတွေသာ ရှိမနေပါလျှင်







www.burmeseclassic.com

www.burmeseclassic.com



ဘဝတာ ရှော့စရာတို့ ရှားပါးတော့မှာပါလေ။

"နွေနဲ့ခင်တာ အပြစ်လား မေမေ။ ကျွန်တော်တို့ ခင်လာတာ အခုမှမဟုတ်တာ"

"ခင်တယ်ဆိုလည်း ဒီအခွင့်နဲ့တင် ကျေနပ်လိုက်ပေါ့ သားရယ်။ အဲဒီကောင်မလေးကိုမှ တမ်းတမ်းစွဲဖြစ်နေရသလား။ သားဘဝအတွက် ကောင်းကျိုးဆိုတာတွေအားလုံးကို အဲဒီကြိုးတစ်ချောင်းကြောင့် မပျောက်ကွယ်သွားပါစေနဲ့လား"

"နွေက ... နွေက ... ဘာဖြစ်နေလို့လဲ"

"ကျစ်! ... ပြောရခက်လိုက်တာကွာ"

"လူလွှတ်မဟုတ်တော့တဲ့ မိန်းကလေးနဲ့ မပတ်သက်ဘဲ ကင်းကင်းနေဖို့ မေမေတို့ပြောနေတာပါ သား။ ခေါင်းမမာစမ်းပါနဲ့"

ရင်ထဲ နင့်ခနဲ ဖြစ်သွားရပါ၏။ လူလွှတ်မဟုတ်တော့လို့တဲ့လား။ ဟိုတစ်ချိန်ကဖြင့် ကျောင်းပြန်ချိန်တိုင်း အိမ်လည့်ခေါ်ရင် 'သမီး'ဆိုပြီး နှုတ်ဖျားကမချ ခေါ်ခဲ့ပါသည့် မေမေ။ 'နွေ့'မိဘတွေနှင့်လည်း တရင်းတနှီးရှိခဲ့ပါလျက် မိဘတွေမရှိတော့တဲ့နောက် မျက်နှာငယ်နေခဲ့ပါသည့် မိန်းမငယ်လေးကို မခေါ်မပြောနိုင်အောင် စိမ်းသက်သွားပြီတဲ့လား။

"အနိစ္စာမြဲလေးငုံသဘ သက်ရှိထင်ရှားရှိနေသေးရင် မေမေ





ဒီလိုပဲ ပြောမှာလား"

"မင်းကျော်စွာ"

"မေမေ့သူငယ်ချင်းရဲ့သမီးဆိုပြီး ချစ်ခဲ့တဲ့ နွေရိပ်စံပါ မေမေ။ သူစိမ်းမှမဟုတ်တာ"

"သူစိမ်းက သူစိမ်းပဲပေါ့ မင်းကျော်စွာ။ မင်းကို စိတ်မဝင်စားလို့ တခြားတစ်ယောက်ကို ရွေးချယ်လက်ထပ်ခဲ့တာ မင်းမမြင်လို့လား။ မင်းမသိရအောင် ဦးနှောက်ကို ဘာမှိုင်းတွေ မိထားလို့လဲ ပြောပါဦး"

"မှန်ပါတယ် မေမေ၊ အဲဒါ နွေ့ရဲ့လွတ်လပ်ခွင့်ပါ။ သူချစ်တဲ့သူကို ရွေးချယ်ခွင့် သူ့မှာရှိပါတယ်။ အဲဒါနဲ့ပဲ နွေ့ကို ရန်သူကြီးတစ်ယောက်လို မမြင်ကြပါနဲ့"

"မင်းရင်ကိုခွဲခဲ့တဲ့ ဓားတစ်လက်ကိုမှ ပွေ့ပိုက်ထားချင်ရအောင် မမိုက်မဲစမ်းပါနဲ့ မင်းကျော်စွာ။ ရှုံးတယ်ဆိုတာ ဆယ်ကျော်သက်အရွယ်မှာပဲ ကြည့်ကောင်းတာကို သိစမ်း!"

မျက်နှာကို လက်ဝါးဖြင့်အုပ်ထားလိုက်ပါ၏။ ရင်ခွဲဓားတစ်ချောင်းတဲ့လား 'နွေ'။ ရူးသွပ်မိုက်မဲခဲ့ပါက 'နွေ' သဘောမတူပါဘဲ အတင်းပြေးသည့် လုပ်ရပ်မျိုးကို သူလုပ်ဖြစ်ခဲ့မိမှာလေ။ သို့သော် နှမ်းမှုန်သက်သူနှင့် အတူနေခြင်း ဒုက္ခကို 'နွေ' မခံစားစေချင်လို့



www.burmeseclassic.com

www.burmeseclassic.com



သူက ချောက်ချတ်ခဲ့ရတာ မဟုတ်ပါလား။

ဒါကို သိနေပါသည့် 'နွေ' က သူ့အပေါ် နားလည်ပေးနိုင်ပေမယ့် သူ့မိဘနှစ်ပါးကဖြင့် ဘာကြောင့်များ နားမလည်ပေးနိုင်တာပါလိမ့်။ ရင်ထဲမှာနစ်ပြီး ငိုချင်စိတ်က ပြည့်လာသလိုပါပဲလား။ နွေရယ် . . . ကိုယ်တို့ရဲ့ရေစက်က ဒီဘဝမှာ ဆုံတောင်းပြည့်ဖို့ မရှိဘူးလား။ တစ်ပွင့်ကြွေ တစ်ပွင့်သစ်နှင့် ကိုယ်က ခူးဆွတ်ခွင့် မရှိရတယ်လို့

"သား"

"ကျွန်တော်က နွေ့အပေါ် အထက်တန်းကတည်းက စိတ်ဝင်စားခဲ့ပြီး ချစ်ခဲ့တာ မေမေ အသိဆုံးပါ"

"ဘာ!"

"နွေ့အိမ်က ယူလာခဲ့တဲ့ ကျောက်ကျောမုန့်ကို နှစ်ယောက်အတူ ဝေစားခဲ့သလို ကျွန်တော်ရထားတဲ့ ဒါဇင်ဘောပင်ထုပ်ထဲကနေ ဆင်တူဖြစ်ချင်လို့ နွေ့ကို ခွဲပေးခဲ့တဲ့ ကာလကို မေ့ခဲ့ပြီလား။ မေမေလည်း နွေ့ကို သမီးလေးလို ချစ်ခဲ့တာပဲလေ"

"အဲဒါက ကြာခဲ့ပြီ မင်းကျော်စွာ၊ အတိတ်ကို ပြန်တမ်းတနေလို့ ပစ္စုပ္ပန်ကို အထောက်အကူ မဖြစ်ဘူး။ လက်ရှိအခြေအနေတိုပဲ ရစ်တည်ကြည့်စမ်းပါ။ ခေါင်းမာလိုက်တာကွာ"

"လူကြီးဖြစ်တဲ့ မေမေတို့ ဖေဖေတို့ရဲ့စိတ်က ဒိုပြီး





ညကြည့်သင့်ပါတယ်"

"မိဘကိုအာခံနေတာလား မင်းကျော်စွာ။ ချယ်ရီနဲ့မယူနိုင်ဘူးဆိုပြီး တစ်နှစ်ကျော် လေလွင့်ခဲ့ပြီးပြီ၊ တော်သင့်ပြီပေါ့"

သူ ဟက်ခနဲ ရယ်မိလေ၏။ နောက်ဆုံးတော့ အရိုပ်ပေးထားသည့်ထီးက အာဏာပြလေပြီ။ နောက်ဆုံးတော့ သားသမီးကပဲ ဆတ်နက်ချခေါင်းငုံ့ရမှာတဲ့လား။ အုတ်နံ့ရုံကြီးကို ခဲတံနှင့် ထိလျှင် အုတ်နံ့ရုံကြီးသာ နောက်ဆုံး မြို့ကျသည်ဟူသည့် ပုံပြင်က ခုတော့ မျက်လေပြီ။ ဖေဖေတို့လည်း သူ့အရွယ်မှာ ချစ်ခြင်းကို ရှာတွေ့ခဲ့ မှုန်ပါလျက် အဘယ်ကြောင့် စာနာငဲ့ညှာစိတ်က မရှိရပါသလဲ။

"ချယ်ရီစော်ကားခဲ့တာကိုတော့ ဖေဖေတို့မှ မသိတာဘဲ"

"ဘာ!"

"ရင်ထဲမှာတစ်ယောက်ရှိနေတာကို မကြိုက်တာထားပါတော့ နွေ့ကို သိက္ခာချစော်ကားတာကိုတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး။ ကြောင့်မို့ သူနဲ့လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့တာပါ ဖေဖေ။ ဒီမြေနဲ့ ခဏတာ တဲ့ တစ်နှစ်တာကို ကျွန်တော်အကြောင်းမဲ့ မဖြုန်းတီးခဲ့ပါဘူး။ ဆန္ဒအတိုင်း အလုံးစုံ မဖြည့်ပေးနိုင်ပေမယ့် ဒီနေ့အထိ ကျွန်တော် ချင်တာ၊ လုပ်ချင်တာကို မရမက တောင်းဆိုတာမျိုးကို ဘယ်နှ ကြိမ်များ လုပ်ခဲ့ဖူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်ပြီ မင်းလိုချင်တာကို ဘာမဆို တောင်းဆိုနိုင်တယ် မင်းကျော်စွာ။ ဒါပေမဲ့ နွေရိပ်စံကိုတော့ မရဘူး။ ဘယ်တော့မှ ဘယ်နည်းနဲ့မှ သဘောမတူတာပဲ ဟုတ်ပြီလား"

ရင်ကို ဆုပ်ညှစ်ချေမွခံလိုက်ရသည့်နှယ်ပါ။ တနင့်တပိုး ဝေဒနာကို ရင်ထဲထည့်ထားရသည့်နှယ် နာကျင်ရလေ၏။ 'နွေရိပ်စံ' တော့ မရဘူးတဲ့လား။ 'နွေ' ကရော သူ့ကို လက်သင့်ခံမှာမို့လို့လား။ အရင်ကတည်းက မာနလေးတစ်ခွဲသားနှင့် 'နွေ' က သူ့ကိုတောင် သူငယ်ချင်းမို့ တရင်းတနှီး ဆက်ဆံပြောဆိုပေးတာလေ။

"နွေက အဲဒီလောက်တောင် ကျွန်တော်နဲ့ မထိုက်တန်ဘူးလား"

"ဟုတ်တယ်၊ အကြွေပန်းကိုတော့ အိမ်ပေါ်မတင်နိုင်ဘူးသား"

"အကြွေပန်းပေမယ့် ခရေပန်းတောင်မှ ကြွေကျသွားတဲ့အခါ မွှေးရနံ့မပြယ်ပါဘူး မေမေ။ နွေက ဂုဏ်ရှိတဲ့ မိန်းကလေး မိန်းမကောင်းမှန် တစ်ပွင့်စံ ဆိုသလို သစ္စာတည်တဲ့အမျိုးသမီး ဒီလိုအခြေအနေတွေ ဖြစ်လာမှာကို ကြိုမြင်လို့ ကျွန်တော့်ကိုတောင် ကြိုအသိပေးခဲ့ပါတယ်။ အဲဒီလို မေမေတို့ တန်ဖိုးမထားတဲ့ နွေရိပ်စံ ဒီကောင် မင်းကျော်စွာရဲ့ ဂုဏ်သိက္ခာ ထိခိုက်မှာစိုးလို့ သိက္ခာကျ





စိုးလို့ မလိုအပ်ဘဲ အိမ်ကို အဝင်မခံပါဘူး။ လူမြင် မသင့်တော်လို့ ဆိုပြီး ကားကြီးတောင် မစီးဘဲ ရှောင်ခဲ့ပါတယ်။ ဟောဒီရင်ဘတ်ကြီး ထဲကို ဝင်ဖို့ဆိုတာက အဝေးကြီးမှ အဝေးကြီးပါဗျာ"

ရင်ဘတ်ကို တဘုံးဘုံးထုရိုက်လိုက်မိပါ၏။ သူ့ရင်ကို ခွဲတဲ့ နှင်ခဲ့တားဆိုပြီး 'နွေ' ကို စွပ်စွဲကြတဲ့ သူ့မိဘတွေကရော ဘာများ ထူးခြားလို့ပါလဲ။ 'နွေ' နဲ့သူ့ကြားထဲမှာ ဘာဆိုဘာမှ မမြင်နိုင်လောက် အောင် ကျောက်လွှာတံတိုင်းကြီး ခြားပြီနေတာပါလေ။ မုန်းတီး နာကြည်းမှ နာကျင်ရတာမဟုတ်ပါဘူး။ အချစ်ကြီး ချစ်မိပြီး နင့်နင့် သည်းသည်း တွယ်တာမိလျှင်လည်း နာကျင်ခံစားရတာပါလေ။

"သား"

မေမေခေါ်နေပေမယ့် သူ လှည့်မကြည့်တော့ပါ။ တိုက်ထဲမှ ပြေးထွက်ခဲ့မိတော့၏။ စောစောက ရပ်ထားပါသည့် ကားပေါ် ပြန်တက်ကာ အပြင်းမောင်းထွက်ခဲ့မိလေသည်။ 'နွေ' ရှိ အဝေးဆုံးကို ပြေးထွက်သွားချင်ပါတယ်။ 'နွေ' နဲ့မဆုံဖြစ်တော့တဲ့ 'မင်းကျော်စွာ' ရဲ့ ဘဝက အဓိပ္ပာယ်မဲ့ခဲ့ရတာ အဘယ်မျှ ကြာခဲ့ပြီလဲ။

မိုးဦးက တဖြောက်ဖြောက်ဖြင့် ကျလာလေ၏။ သစ်ပင်ကြီးအောက်မှာ ကားကိုရပ်လိုက်ပြီး မျက်နှာကို ကားစီယာတိုင်ခွေထက် မှောက်ချလိုက်မိတော့သည်။ အသည်းကွဲတယ်ဆိုတာကို တစ်ကြိမ်သာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] နောက်ထပ်တစ်ကြိမ် မကြုံပါရစေနဲ့တော့ [illegible]လေးအောက်မှာ သူ၏ မျက်ရည်တို့နှင့်အတူ "ချယ်ရီ FM" လိုင်းမှ သီချင်းအေးအေးလေးက လွင့်ပျံ့ထွက်လာလေတော့၏။

♫ နှုတ်ဆက်ခြင်းမှာ xxx ဝေးကြပြီ xxx ဒီညတွေဟာ တို့နှစ်ယောက်အတွက် အမှတ်တရဖြစ်မယ်ဆိုရင် xxx မျှော်လင့်နေမှာ xxx ဒီနှစ်တွေအတိုင်း မင်း သတိရပါ xxx ချစ်သူ xxx

လမ်းခွဲခြင်းက ပူလောင်လွန်းတယ် xxx ဒါ အမုန်းမဟုတ် ဘူး xxx မင်းအတွက် ပေးဆပ်ခြင်းပဲ xxx ငါ သွားမယ့်လမ်း ကြမ်းတမ်းနေမယ် xxx မင်း နားလည်ပါ xxx ချစ်တဲ့သူ xxx

နင်ဟာ ငါ့ရဲ့ကမ္ဘာ xxx နင်ဟာငါ့ရဲ့အသည်း xxx နင်ဟာ ငါ့အိပ်မက်ပါ xxx နင်ဟာ ငါ့မျှော်လင့်ချက် xxx ငါတို့ဝေးသွားရင် xxx ပြန်မဆုံဖြစ်ကြရင် xxx မင်းနှလုံးသားမှာ xxx ငါ အမြဲတမ်း ရှိပါစေ xxx

ဟိုးတုန်းကလို တမ်းတတယ် xxx ခဏလေးပေါ့ xxx ပြတ်ရတဲ့ အလွမ်းရဲ့အိပ်မက် xxx ကြေကွဲစေတယ် xxx ငိုကြွေး တယ် xxx အဆုံးအစမဲ့စွာ ဝေးစေတယ် xxx

လမ်းခွဲခြင်းက ပူလောင်လွန်းတယ် xxx ဒါ အမုန်းမဟုတ် ဘူး xxx မင်းအတွက်ပေးဆပ်ခြင်းပဲ xxx ငါသွားမယ့်လမ်း





ကြမ်းတမ်းနေမယ် xxx မင်း နားလည်ပါ xxx ချစ်တဲ့သူ xxx

နင်ဟာ ငါ့ရဲ့ကမ္ဘာ xxx နင်ဟာ ငါ့ရဲ့အသည်း xxx နင်ဟာ ငါ့အိပ်မက်ပါ xxx နင်ဟာ ငါ့မျှော်လင့်ချက် xxx ငါတို့ ဝေးသွားရင် xxx ပြန်မဆုံဖြစ်ကြရင် xxx မင်းနှလုံးသားမှာ xxx ငါ အမြဲတမ်းရှိပါစေ xxx ♫

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

စာလုံးပေါင်းစပ်ပြီးသွားသည့် စာမူစာအုပ်ကို packing paper ဖြင့် အဖုံးအုပ်လိုက်ပြီး စာအိတ်အညိုထဲသို့ထည့်ကာ ပိတ်လိုက်ပါ၏။ ဒီတစ်ခါတော့ စာတိုက်မှပို့စရာမလိုပါပဲ ရန်ကုန်ကို ကျ ကိုယ်တိုင်သွားပို့ဖြစ်တော့မှာပါ။ နေ့ချင်းပြန်သွားလျှင် ပင်ပန်းလွန်းတာမို့ ရန်ကုန်ရှိ သူငယ်ချင်းထံ နှစ်ညခန့်တည်းမည့်အကြောင်း phone ဆက်ထားပြီးလေပြီ။

ကျောပိုးအိတ်ထဲသို့ သယ်သွားမည့်ဝတ်စုံ သုံးစုံခန့်နှင့်အထ ခရီးသွားလျှင် မပါမဖြစ် သယ်ရမည့်ပစ္စည်းတို့ကို စဉ်းစားပြီး ခုတင်ထက် စီထားတာမို့ စနစ်တကျစီ ထည့်လိုက်ပါသည်။ ညကားစီးမည်ဖြ





ဘောင်းဘီဝတ်သွားပြီး အနွေးထည်ကိုပါအောင်သယ်ရပေမည်။ ပိုက်ဆံအိတ်ထဲသို့ မှတ်ပုံတင်နှင့် ငွေလုံလောက်အောင် ရေတွက်ကာ ထည့်လိုက်ပါသည်။

ပြီးနောက် phone နှင့် ပိုက်ဆံအိတ်ကို စာကြည့်စားပွဲထက်မှာ မြင်သာအောင် တင်ထားရလေ၏။ ကားလက်မှတ်ကိုလည်း တစ်ပတ်ကြိုဖြတ်ပြီးသားမို့ ညသွားမှသာ ငွေရှင်းပေးရမှာပါ။ အန်တီငယ်တစ်ယောက်တည်း ဖြစ်နေမှာမို့ ထုံးစံအတိုင်း ခြံအလုပ်သမား ဦးဘမောင်နှင့် ဇနီးဖြစ်သူကို ခေါ်ထားဖို့ မှာထားရလေသည်။ လူငယ်ထက်လူကြီးက အအိပ်ဆတ်ပြီး နိုးနိုးကြားကြားရှိလှပါပဲ။ ကလေးလည်း (၆) နှစ်အရွယ်မို့ အစ်ကိုတွေ အစ်မတွေနှင့် ထားခဲ့နိုင်ပါ၏။

"တင်းတောင်!"

လူခေါ် bell သံကြောင့် ထိတ်ခနဲ ဖြစ်သွားရပါ၏။ နာရီက နောက် (၉) နာရီကို ညွှန်ပြနေသဖြင့် အလုပ်သမားတွေတော့ မဖြစ်နိုင်ပါ။ မနက်တစ်ပိုင်းအလုပ်ဆင်းပြီးမှ ညနေဘက်လာမှာမို့ပါပဲ။ ဒါဖြင့် ဘယ်သူပါလဲ။ 'ကျော်' ကအကြောင်းရှိမှသာ လှမ်းဖုန်းဆက်ပြီး လာမည်ဆိုသည်၊ အန်တီငယ့်ကို phone ကြိုဆက်ပြီးမှ လာတတ်တာ [illegible]တီလား။

"သမီးရေ ဝ်"



www.burmeseclassic.com

www.burmeseclassic.com



"တာချီက အန်တီငယ်"

ဖြင်းခင်စရာပြီးနေပြီမို့ တစ်ရေးပြန်အိပ်ရန်သာ ရှိတော့လေ၏ ဘယ်က ဧည့်သည်မို့ ဒီအချိန်ကြီးလာရပါသလဲ။ အိပ်ခန်းထဲမှ ထွက်ခဲ့သလို ရေချိုးခေါင်းလျှော်ထားသဖြင့် ဆံပင်တွေကို ဒီတိုင်းချထားရာမှ သေသပ်စေရန် လက်ကိုင်ပဝါဖြင့် ခပ်ဖွဖွလေးစည်းလိုက်ပါသည်။

"ဘယ်သူ၊ ဪ . . . အန်တီဖင်တို့ပါလား။ ဘာကိစ္စများ ရှိလို့ပါလဲရှင်"

"သားရော ဘယ်မှာလဲ"

"ရှင်"

"အန်တီတို့သား မင်းကျော်စွာကို မေးနေတာပါ နွေရိပ်စံ"

နာမည်အပြည့်အစုံကိုခေါ်ပြီး လေသံမာမာဖြင့် မေးနေပါသည့် အန်တီဖင်မာကြောင့် တအံ့တသြဖြင့် မင်းသက်စွာ ကြည့်နေမိပါ၏။ သားဖြစ်သူ ဘယ်ကိုထွက်သွားလို့ ဒီနေရာမှာ လာရှာကြပါသလဲ။ သုံးလေးနှစ်သားကလေးငယ်လည်း မဟုတ်တော့ပါဘဲ စိုးရိမ်တကြီး လာရှာပုံက အံ့သြထူးဆန်းဖွယ်ရာပါလေ။ အန်တီငယ်ပင် ဘာပြောရမှန်းမသိ ကြောင်တောင်တောင်ဖြစ်သွားရလေ၏။

"ကျော် ဘယ်ထွက်သွားလို့ပါလဲ အန်တီ"





"မောင်ကျော်စွာ ဒီကိုမလာတာ သုံးလေးလကြာနေပါပြီ မဖင်မာ။ ဟိုတလောကပဲ နှစ်ခါလား သုံးခါလား လာလည်ဖူးတာပါ"

"အန်တီတို့သားကို မိဘစကားနားမထောင်ဖြစ်အောင် ဘာတွေများပြောထားသလဲ နွေရိပ်စံ။ အရင်က အန်တီ့စကားကို မြေဝယ်မကျနားထောင်ခဲ့ပါလျက် အခုဆို ဘာပြောပြော နားမဝင်တော့ဘူး"

ဘုရား! ပြဿနာက အတော်ကြီးပုံပါပဲလား။ သားဖြစ်သူနှင့် ကတောက်ကဆဖြစ်တာနဲ့ပဲ ဒီကို အပြေးရောက်လာသတဲ့လား။ တကယ်ဆို မိသားစုအတွင်းရေးကို သူစိမ်းဖြစ်သည့် သူမနှင့် လာရှင်းရာမှ မလိုအပ်တာလေ။ ဒီလောက် ခပ်ကင်းကင်းနေပါလျက် ဘယ်လိုဖြစ်ပြီး ဇယားက လာရှုပ်ရပါသလဲ။

"ကျော်က အန်တီတို့သားပါ။ မိသားစုကိစ္စကို စံနဲ့မသက်ဆိုင်ဘဲ ဘာလို့လာပြောရတာပါလဲ အန်တီ။ စံ သိပ်နားမလည်ဘူး"

"ဆိုင်ပါသော်ကော နွေရိပ်စံ။ မင်းသာ မဖြားယောင်းခဲ့ရင် ဒီကိစ္စက ဖြစ်လာမှာမှမဟုတ်တာ"

"ရှင်!"

"ဟုတ်တယ်၊ မင်းကြောင့် ဦးတို့သား အိမ်ကထွက်သွားတာ တစ်ညလုံးပြန်မလာဘူး။ သားသာတစ်ခုခုဖြစ်ရင် မင်းအပြစ်ကင်းမယ် မထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နေကြပါဦး။ မောင်ကျော်စွာနဲ့ ဘာပြဿနာဖြစ်ကြလို့ အိမ်ကထွက်သွားတဲ့အထိ ဖြစ်ကြတာလဲ။ ဒီမှာ ငယ်တစ်ယောက်လုံး ရှိပါတယ် မမဇင်။ လူကြီးဖြစ်တဲ့ ငယ့်ကို ပြောပါ"

"ပြောရမှာပေါ့ မစောငယ်။ နင်က လူကြီးဖြစ်ပြီး ကိုယ့်တူမ တစ်ခုလပ်ကို ပြောဆိုထိန်းသိမ်း သွန်သင်ပြရမှာပေါ့။ ခုတော့ အမှီအတွယ်မရှိတာနဲ့ဘဲ သူတစ်ပါးသားလူပျိုကို ဖမ်းချွဲရတယ်လို့၊ ရှာချင်တယ်ဆိုလည်း ကိုယ်နဲ့ ဘဝတူ အဆင့်တူတဲ့ တစ်ခုလပ်လို၊ မုဆိုးဖိုလို၊ ကလေးအဖေတွေထဲကပဲ ရွေးပေးပါတော့လား"

မျက်နှာရဲရဲနီသွားရပါ၏။ ပြောရက်လိုက်ပါပေ့။ ကိုယ့်သားကို တန်ဖိုးထားပြီးချစ်တာကို 'စံ' နားလည်ပါတယ်။ သို့သော် သူတစ်ပါးသားသမီးကိုဖြင့် နှိမ်ချပြီး ပစ်ပစ်ခါခါ ပြောရတယ်လို့။ အရင်က သိမ်မွေ့ခဲ့ပါသည့် အန်တီဇင်က အခြားတစ်ယောက်နှယ် အပြောင်းအလဲကြီး ပြောင်းလဲခဲ့လေပြီ။ ဦးဦးသက်မင်းလည်း ထိုနည်းအတူပါပဲလား။

"စကားကို ကြည့်ပြောပါ မမဇင်။ စံက မမဇင်ရဲ့သူငယ်ချင်းသမီးပါ။ ကံအကြောင်းမလှလို့ ဒီလိုဘဝဆိုးနဲ့ ကြုံခဲ့ရပေမယ့် ဂုဏ်ရှိ သိက္ခာမဲ့တဲ့ ကလေးမျိုး မဟုတ်ပါဘူး။ အထူးသဖြင့် သားမောင်ကျော်စွာအပေါ်မှာ ပိုကင်းကင်းနေပြီး စည်းစောင့်တဲ့ကလေးပါရှင်"





"ဟုတ်လို့လား မစောငယ်။ ဒါဖြင့် ရဲစခန်းရောက်၊ ရုံးပြင်ကန္တားရောက်တာတွေကရော။ ကျုပ်တို့သားကို အမြတ်တနိုးတန်ဖိုးထားပြီး မွေးမြူပြုစုခဲ့တာပါဗျ။ ဒီလိုနေရာမျိုးရောက်အောင် ဆွဲခေါ်ခဲ့တဲ့ ခင်ဗျားတူမက စည်းစောင့်တာတဲ့လား"

"ကိုသက်မင်း"

"ဇင်ပြောမယ် ကို ... ကို အသာနေပါ။ ဒီမှာမစောငယ် ... နင့်တူမကို နင်မထိန်းနိုင်ဘူးဆိုရင်လည်း ရှင်းရှင်းပြောပါ။ ဒီမြို့မှာ ဘယ်လိုမျက်နှာနဲ့ ဆက်ရှင်သန်ခွင့်ရမလဲဆိုတာ ကောင်းကောင်းကြီး သိသွားစေရမယ်"

"လူကြီးတွေ မစောင့်ရှောက်နိုင်တာနဲ့ပဲ ကလေးတွေကို အပြစ်မပုံချင်ပါနဲ့ မမဇင်။ အရွယ်ငယ်ငယ် မိန်းကလေးတန်မဲ့ ယောက်ျားတွေနဲ့ တန်းတူ စီးပွားကို ရှန်းကန်ရှာနေရတဲ့ကလေးပါ။ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ စီးပွားရေးကိစ္စကို မဆက်စပ်ချင်ပါနဲ့"

"တော်ပါတော့ အန်တီငယ်။ အကျယ်အကျယ်ဖြစ်တာနဲ့ စံနဲ့ကျောင်က ကြားကုန်ပါ့မယ်"

"အော့! ... ရှက်သင့်တာကိုတော့ မရှက်နိုင်ဘဲ ဒါကျ ရှက်တတ်တယ်ပေါ့လေ"

"အန်တီဇင်"

www.burmeseclassic.com



"ဘာလဲ"

"တော်ရုံသင့်ရုံပြောလည်း စံ နားလည်ပါတယ်ရှင်။ အန်တီတို့သားကို အကူအညီတောင်းခဲ့တာ မှန်ပါတယ်။ အဲဒါကလည်း မိန်းမသားတွေ လုပ်နိုင်စွမ်းမရှိတဲ့ကိစ္စမို့ အကူအညီ ယူခဲ့မိတာပါ။ အဲဒါကို အပြစ်တင်ချင် တင်လို့ရပါတယ်။ ဒါပေမဲ့ အခု အန်တီနဲ့ဦးဦး ပြောသလိုမျိုးအထိ စံနဲ့ကျော် ပတ်သက်မှု လုံးဝမရှိပါဘူး။ ဒီလိုတွေ ဖြစ်လာမှာကိုလည်း ကြိုမြင်ခဲ့လို့ ကျော့်ကို အကြောင်းမဲ့ ဒီကို မဝင်ထွက်စေဖို့တောင်မှ အသိပေးခဲ့တာပါ။ ဟုတ်ပါတယ်၊ စံက တစ်ခုလပ်ပါ။ ယောကျ်ားဖြစ်သူ နံဘေးမှာမရှိတော့တဲ့အတွက် မုဆိုးမလို့ ပြောချင်လည်း ပြောလို့ရပါတယ်"

တံတွေးကို မျိုချလိုက်ရပါ၏။ မငိုပါနဲ့ဦး၊ ငိုလို့မဖြစ်ဘူး 'နွေရိပ်စံ'။ 'မျက်ရည်' ဆိုတာ 'အရှုံး' တဲ့။ လူရှေ့ သူရှေ့မှာ မျက်ရည်ကျပြီး ကိုယ့်အရှုံးကို ဖော်ပြလို့ ဘယ်ရပါ့မလဲ။ ကိုယ့်ခြေပေါ် ကိုယ်ရပ်ပြီး ကိုယ့်ခွန်အားနဲ့ရပ်တည်ပြီး ဝမ်းစာရှာစားနေတဲ့ မိန်းမပါ။ အားနွဲ့သူပါဆိုပြီး ပျော့ပျော့လေးသာနေမိလျှင် သူများတွေ နင်းလျှောက်သွားမှာကို သေမတတ်ကြောက်ရွံ့ခဲ့တာပါလေ။

"အမှီအခိုမရှိလို့ ကျော့်ကိုဆွဲထားတာတဲ့လား။ ပြောရက်လိုက်တာ အန်တီရယ်။ မေမေ့ဝိညာဉ်သာ ရှိနေခဲ့ရင် အခု အန်တီ





ပြောလိုက်တဲ့စကားတွေအတွက် ဘယ်လောက်ဝမ်းနည်းလိုက်မလဲ။ ခင်ပွန်းသည်မရှိပေမယ့် ကိုယ့်ဝမ်းကိုယ်ရှာပြီး ရပ်တည်နေတာပါ အန်တီ။ အိမ်ထောင်ပြုခဲ့တာ မှန်ပေမယ့် ယောကျ်ားလုပ်စာကို ထိုင်စားခဲ့တဲ့ မှီခိုသူမျိုး မဟုတ်ရပါဘူး။ ကိုယ့်နှာခေါင်းပေါက်နဲ့ အသက်ရှူပြီး ရှင်သန်နေတဲ့ နွေရိပ်စံပါ"

"စကားတတ်လိုက်တာ"

"လူကြီးကို ပြန်ခံပက်လို့ ရိုင်းတယ်လို့ ယူဆသတ်မှတ်ချင်လည်း သတ်မှတ်လို့ရပါတယ် အန်တီ။ ကိုယ့်ကိုယ်ကျင့်တရားနဲ့သိက္ခာကို ထိပါးစော်ကားလာလို့ မခံချင်စိတ်နဲ့ တုံ့ပြန်မိတာမို့ တောင်းပန်ပါတယ်"

"နွေ"

ဘုရားရေ! ဘယ်လိုဖြစ်ပြီး ဒီအချိန်အခါမှ အိမ်ထဲကို ရုတ်တရက်ရောက်လာရပါသလဲ။ ပစ္စက္ခအခြေအနေကို သဘောပေါက်သည်နှယ် သူမရပ်နေသည့် နံရံနားအထိ ကပ်လာသည့် သူ့ကြောင့် ခြေလှမ်းကို ရွေ့ရပ်လိုက်ရပါ၏။ နာကျင်ရပါတွယ် 'ကျော်'။ 'ကျော့်' ကို ပတ်ဝန်းကျင်က ကဲ့ရဲ့မှာစိုးလို့ ပြစ်တင်သမှတ်မှာကို စိုးရိမ်လို့ သော လက်တွဲဖော် အိမ်ထောင်ဘက်အတွက် စိတ်ပူခဲ့ရလို့ ကြိုးစားအသိပေးခဲ့ပါလျက် အပြစ်အပျက်က အချိန်ကိုက်ရောက်လာတော့တာ



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့သားက ပညာတတ်ပါ၊ ဘွဲ့ရပါ၊ ဦးနှောက်ရှိတဲ့ လူပါ။ ဒီတော့ အကောင်းအဆိုး အမှားအမှန်ကို ဝေဖန်သုံးသပ် ပိုင်းခြားနိုင်ပါတယ်။ လုပ်သင့်လုပ်ထိုက်တာ၊ မလုပ်သင့်မလုပ်ထိုက်တာ ကိုလည်း ဆင်ခြင်ချင့်ချိန်နိုင်ပါတယ်။ မိုက်မဲတဲ့လုပ်ရပ်မျိုး လုပ်တတ် တဲ့ကာလလေးမှ မဟုတ်တော့တာပဲ"

"နွေ ... ကိုယ် ... ကိုယ်"

"စံနဲ့မပတ်သက်ဖို့ ပြောခဲ့သလား မပြောခဲ့ဘူးလား ကျော်"

"အင်း ... ပြောခဲ့ပါတယ်"

"စံကို စိတ်ဝင်စားအောင်လို့ အမူအရာနဲ့ရော စကားနဲ့ပါ အရိပ်အယောင်ပြခဲ့ဖူးပါလား"

"မဟုတ်တာ နွေရယ်"

"စံကို ချစ်ပါလို့ရော အရှက်မဲ့စွာ ဖွင့်မေးခဲ့ပါသလား ကျော်"

"ဟာ! ... နွေ"

"နွေရိပ်စံရဲ့ဘဝမှာ မောင်ဆိုတဲ့ ချစ်သူ၊ မောင်ဆိုတဲ့ ခင်ပွန်း ယောကျ်ားတစ်ယောက်တည်းပဲ ရှိခဲ့ပါတယ်။ မောင့်ကိုပဲ ချစ်ခဲ့တာ မောင့်ကိုပဲ ဘဝထဲဝင်ဖို့ လက်ခံပေးခဲ့တာ။ အဲဒီမောင့်ကိုပဲ သေတဲ့ သက်တစ်ဆုံး ချစ်သွားမှာပါ။ ဘယ်ယောကျ်ား ဘယ်သူစိမ်းတစ်ယောက်





ကိုမှ စိတ်နဲ့ရော ကိုယ်နဲ့ပါ မပစ်မှားဘူးလို့ ဘုရားမှာ သစ္စာပြု တိုင် တည်ထားခဲ့တာ ကြာခဲ့ပါပြီ"

"နွေ"

"ရှေးဘဝကုသိုလ်နည်းခဲ့လို့ ဒီဘဝမှာ ဒီလိုစော်ကားခံရတဲ့ ဝဋ်မျိုး ကြုံရတယ်လို့ပဲ မှတ်ယူလိုက်ပါ့မယ်။ ကျော်တို့လည်း သိမှာပါ။ အဲ ကံဇာတ်အကျိုးဆက်ဆိုတာကို နားလည်ပါလိမ့်မယ်"

"နွေ"

"ကျော့်မိဘတွေကို ပြန်ခေါ်သွားပေးပါ။ မေတ္တာရပ်ခံတာပါ ကျော်။ နွေရိပ်စံရဲ့ဘဝမှာ မင်းကျော်စွာဆိုတာရော မင်းကျော်စွာရဲ့ မိသားစုကိုပါ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဖူးသလိုမျိုး ကျောပေး ခွာ၍ပြုပြီး နေပါတော့မယ်"

"မဟုတ်ဘူးနွေ ... မဖြစ်ဘူး။ ကိုယ်ရှင်းပြတာကို နား ထောင်ပေးပါဦး"

"ကျေးဇူးပြု၍ ပြန်ပါတော့"

"သား ... လာခဲ့တော့ ပြန်ကြမယ်"

ပြန်ပါတော့ 'ကျော်'။ မြန်မြန်သာ ပြန်ကြပါ။ ငိုချလိုက်ချင် စိတ်ကို မနည်းကြီး ထိန်းထားရလို့ပါလေ။ လူကြီးနှစ်ဦးက ဆက်တိုက် ... ဆရပ်လိုက်ပေမယ့် သူက သူ့မအနီးသို့ ထပ်ကပ်ရန် ရွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] 'ကျော်' ရယ် . . . အမှားဆိုတာ ရှောင်လွှဲမရတဲ့ ရှိခဲ့ရင်တောင် အဲဒီအမှားကို ကျူးလွန်မိသူက 'စံ' ပဲ ဖြစ်ချင်ပါတယ်။ 'စံ' ရဲ့ သူငယ်ချင်း 'ကျော်' ကို ဒီလိုအရိပ်မျိုး အမိုးမခံပါစေနဲ့လားကွယ်။

"ကိုယ် . . . ကိုယ် . . . နွေ့ကိုချစ်တယ်'

"သား!"

"မင်းကျော်စွာ . . . မင်း!"

"စံက မချစ်ဘူး ကျော်"

"နွေ"

"ဟိုးတုန်းကလည်း မချစ်ခဲ့ဘူး၊ အခုလည်း မချစ်နိုင်ဘူး နောင်လည်း ဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူး၊ ဒါပါပဲ"

"နွေ!"

လက်မောင်းကို ဆုပ်ကိုင်ထားသည့် သူ့လက်တို့ကို ရှိသမျှ အားနှင့် ပုတ်ချ ဖယ်ထုတ်လျက် အိပ်ခန်းရှိရာဆီ အပြေးဝင်လိုက်ရ လေတော့၏။ အိပ်ရာထက် မှောက်လှဲချကာ ချုံးပွဲချ ငိုကြွေးလိုက်မိ တော့သည်။ သည်းထန်စွာ၊ ရှိုက်ငင်စွာ၊ နင့်သည်းစွာ၊ ဆို့နင့်ကြေကွဲ ခြင်းများစွာနှင့်ပါလေ။

'မောင်' ရယ်၊ 'မောင်' မရှိတော့တဲ့ဘဝမှာ မျှော်လင့်ချက် မဲ့စွာနဲ့ အားငယ်စိတ်၊ သိမ်ငယ်စိတ်မျိုး မရှိခဲ့ပါလေ။ ဘယ်လိုဖြစ်





ချက်ရည်ထိန်းခဲ့ပေမယ့် 'စံ' က အခုမှ ဝမ်းနည်းကြေကွဲပြီး မျက်ရည် ကျရတာပါလဲ။

"သမီး စံ"

အခန်းထဲဝင်လာပါသည့် အန်တီငယ်က 'စံ' ၏ကျောကို သာသာပြီး ပွတ်ပေးကာ စိတ်လျှော့စေရန် လုပ်ပေးပါသည်။ 'မောင်' 'မောင်' မရှိတဲ့အရပ်မှာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်လာနိုင်တယ် ဆိုသည့် မျှော်လင့်ချက်နှင့် ဒီမှာ နေထိုင်နေပေမယ့် 'စံ' မှာ အခွင့်က ရှိတော့ဘူး ထင်ပါရဲ့ကွယ်။

"အန်တီငယ်"

"ပြောလေ သမီး"

"စံတို့ ရန်ကုန်မှာပဲ ပြောင်းနေကြရအောင်။ ဒီလအတွင်း ပြောင်းဖို့စီစဉ်ပါ"

"အေးပါကွယ်"

✿



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

'Moe Myint San' ကုမ္ပဏီထဲမှထွက်ခဲ့စဉ် သူ၏ Bodyguard နှစ်ဦးစလုံးက ဘေးနှစ်ဖက်မှရံကာ လိုက်ပါလာလေ၏။ ကုမ္ပဏီရှေ့ရောက်သည်နှင့် နောက်ဆုံးပေါ် Mercedes-Maybach ခဲရုပ်ရောင်ကားက သူ့ရှေ့မှာ လျှောခနဲထိုးရပ်သွားလေ၏။ ညာဘက်ရပ်နေသည့်လူက နောက်ခန်းတံခါးကို သူတက်စေရန် ဖွင့်ပေးစဉ် ဘယ်ဘက်ရှိလူက တစ်ဖက်တံခါးကိုဖွင့်၍ အရင်တက်နှင့်လေသည်။

သူတက်ထိုင်ပြီးမှ ကားတံခါးကို ပြန်ပိတ်ကာ စောစောကသူက driver ဘေးရှိခုံမှာ ဝင်ထိုင်လိုက်ပြီး ကားလေးက ကုမ္ပဏီရှေ့မှ ထွက်ခဲ့လေ၏။ Aircon အနေတော် လွှတ်ထားတာမို့ သိပ်ကြီးမအေး



www.burmeseclassic.com

www.burmeseclassic.com



ဆော်ကြား စိတ်အိုက်လွန်းသဖြင့် လည်တိုင်မှာချည်နှောင်ထားပါသည့် Necktine ကို ဖြေလျှော့ကာ ဖြုတ်လိုက်မိတော့သည်။ အခုမှ ကိုယ့်ကိုယ်ကိုယ် အထင်ကရ ပုဂ္ဂိုလ်ကြီးနယ် စောင့်ကြပ်ခံနေရပြီ မဟုတ်ပါလား။

"ဘာဖြစ်လို့လဲ Boss"

"ဘာမှမဖြစ်ဘူး"

"တစ်ခုခုဖြစ်ရင် ငြိမ်မနေဘဲ ပြောပါ Boss"

"ဟာကွာ ... ကျစ်! ဘာမှမဖြစ်ဘူး။ စိတ်အိုက်လို့ ချွတ် လိုက်တာ။ အဲဒီလောက်တောင် အသေးစိတ် ဂရုစိုက်နေရင် ဒါကိုင် ထားပေး မကျေစေနဲ့"

"Yes! Boss"

ငါနော် သေသာသေလိုက်ချင်တော့တာပါပဲ။ Accide လေး သေးသေးမွှားမွှားလေးဖြစ်ခဲ့ရုံနဲ့ အသက်ရှူရခက်စေရန် အခု သက်တော်စောင့်တွေနဲ့ အမြဲသွားနေရတော့တာပါလေ။ ဘွားမေ 'ဒေါ် ထိပ်တင်မြတ်' တို့ကဖြင့် စံပါပဲ။ သားဖြစ်သူ ရုတ်တရက်ဆုံး ကတည်းက မြေးဖြစ်သည့် သူ့ကို မျက်စိအောက်က အပျောက်မခံ အောင် အသေးစိတ် စောင့်ကြည့်နေတော့တာပါ။

Bodyguard ထားသည့်ဆို၍ အသက်အန္တရာယ်ကို ရ





လုပ်ကြံမည့် ရန်သူ ရှိနေသည်ဟု မထင်လိုက်ပါနှင့်။ ရုတ်တရက် မူးလဲသွားမှာ၊ ခေါင်းကိုက်ခဲလာမှာကို စိုးရိမ်ပြီး သူ့ကို သယ်ပိုးပြုစု ပေးနိုင်မည့် (ကျန်းမာရေးလည်း စောင့်ရှောက်ပေးနိုင်သည့်) Body-guard နှစ်ဦးကို stand by ခန့်ထားပေးတာပင်။

Hotel တွေ၊ ခရီးသွားလာရေး ဆက်သွယ်ပေးနိုင်သည့် Centre, Export & Inport ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်နှင့် လက်နှစ် ဖက်ဆန့်ပြီး စီးပွားရှာနေပါသည့် 'ဒေါ်ထိပ်တင်မြတ်' ၏ အမွေခံ မြေးဖြစ်သည့်သူ 'ဘုန်းမြတ်ဖေယျာမောင်' ၏ဘဝက အဘယ်မျှ အထီးကျန်ခဲ့ရပါသလဲ။

ရင်ဖွင့်ဖော်သူငယ်ချင်းမရှိ၊ တိုင်ပင်ဖော် ညီအစ်ကိုမောင်နှမ မရှိ၊ စကားများဖော် အပေါင်းအသင်း မိတ်ဆွေမရှိ၊ ရင်ခုန်ဖော် ချစ်သူရယ်လို့ တစ်ယောက်တလေမှ မရှိခဲ့ပါသည့် သူ့ဘဝက မည်သို့ ပျော်ရွှင်နိုင်ပါမည်နည်း။ လွတ်လပ်ပျော်ရွှင်ခဲ့ရပါသည့် လူငယ်ကာလ ကို သူ မည်သို့မည်ပုံ ကျော်ဖြတ်ခဲ့သလဲမသိပါ။ ဖေဖေနှင့်မေမေ တစ်ရက်တည်း၊ တစ်ချိန်တည်း ကားတစ်စီးထဲမှာ အဖြစ်ဆိုးနဲ့ ကြုံခဲ့ ပြီး လူ့ဘဝကို စွန့်ခွာခဲ့သည်ကိုလည်း မမှတ်မိပါ။

ထိုအချင်းအရာကို ပြန်စဉ်းစားလိုက်တိုင်း ခေါင်းထဲမှ တ ကြွင်း ကိုက်ခဲသည့်ဝေဒနာဆိုးကို မခံစားနိုင်တာမို့ ဘွားမေ့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပါလေ။ လက်ရှိအလုပ်၊ လက်ရှိအခြေအနေအတိုင်း အလိုက်သင့်လျှောက်ပေးရုံဖြင့် 'ဘုန်းမြတ်ဖေယျာမောင်'၏ ဘဝက ပြည့်စုံနေပါ၏။

"ဟာ!"

"ကျွီ!"

ကား break ကို အမြန်နင်းလိုက်သဖြင့် (ခါးသိုင်းကြိုး တပ်ထားရန် စိတ်ပျက်သည်) သူက ရှေ့ကို ဟပ်ထိုးယိုင်လဲသွားရလေ၏။ သို့သော် ဘေးမှာရှိနေပါသည့် 'ရဲရင့်' က သူ့ရင်ဘတ်နှင့် ကျောကိုပါ သိုင်းဖက်ထိန်းပေးလိုက်သဖြင့် ရှေ့ခုံနောက်မှီကျောနှင့် သူ့ခေါင်းက မထိတော့ပါချေ။ ရုတ်တရက်မို့ လန့်သွားရပြီး ရင်ထဲမှ တဒိန်းဒိန်းဖြင့် မြည်သွားရလေသည်။

"ရလား Boss . . . မူးသွားလား"

"ရတယ်"

"ကားကို ဖွတ်ကြီးရပ်ရသလားကွ။ မင်းတော့ ပြုတ်တော့မှာ နေပြီ စည်သူ"

"တောင်းပန်ပါတယ်ဗျာ။ ရှေ့မှာ ကားတိုက်သွားတာ မြင်လိုက်ရလို့ပါ"

"ဟင်!"





"အဲဒါဆို လမ်းကြောင်းပြောင်းပြီး ကွေ့ဝိုက်မောင်းလေ။ ဒါလေးတောင် မသိဘူးလား"

"ကားက အလယ်မှာ ညပ်နေလို့ပါ အစ်ကို"

"ခက်တော့တာပဲ"

'ရဲရင့်' က driver ကောင်လေး 'စည်သူ' ကို ပွစိပွစိ ဆူလိုက်သလို ကားမှန်မှလိုက်ကာတွေကိုပါ ဆွဲစေ့လိုက်လေ၏။ ရှေ့ခန်းမှ 'သီဟ' ကလည်း သူထိုင်နေသည့် နောက်ခုံနှင့် ကားမောင်းခန်းကြားမှ လိုက်ကာကြီးကို ဖျတ်ခနဲ ဆွဲစေ့ပိတ်လိုက်ကာ ကားအတွင်း မီးအပြာရောင်လေးက ပွင့်လာလေသည်။

ရော်! . . . အခုမှပဲ ဘယ်တိုင်းပြည်က ကြွလာတဲ့ အိမ်ရှေ့စံလိုမျိုး သူ့ကို ဘယ်သူမှ မမြင်ရလေအောင် လုပ်နေကြတာပါလိမ့်။

"ဒါက ဘာလုပ်ကြတာလဲ"

"အပြင်ကို မမြင်ရအောင်ပါ Boss"

"အပြင်ကိုမကြည့်ရဘဲ အချုပ်ကားထဲလိုက်ရသလို အထဲမှာ ငုတ်တုတ်ထိုင်လိုက်နေရမှာလား။ အရေးမပါတာတွေ"

"မဖယ်ပါနဲ့ Boss ။ ကြည့်လို့မဖြစ်ဘူး"

"ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"Boss က အဲဒီလိုအခြေအနေမျိုး ကြည့်လို့မြင်လို့ မဖြစ်ဘူးလေ"

"ဘာအခြေအနေလဲ"

"ဝိုက်တော့ ဝိုက်တော့ ရပြီ"

'ရဲရင့်' နှင့်သူ အခြေအတင်ဖြစ်နေစဉ် ခပ်ဖြည်းဖြည်းမောင်းနေသည့်ကားက ရုတ်တရက် ကွေ့လိုက်သဖြင့် လက်ကိုင်ကွင်းကို သူ အမြန်ကိုင်လိုက်ရပါ၏။ အခုမှပဲ နိုင်ငံခြားကားထဲက ဂိုဏ်းရာဇာနှယ် ကားကိုမောင်းပြနေပါရောလား။ စိတ်ရှုပ်လိုက်တာနော်။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ။ ပြန်လာနေပါပြီ။ ဟုတ်ကဲ့ . . . ဒီလမ်းက အဆင်မပြေလို့ ရှည်တဲ့လမ်းကို ရွေးပြီး ဆက်မောင်းနေပါတယ်။ ဟုတ်ကဲ့ နေကောင်းဆုံးရပါတယ်ခင်ဗျ။ ဟုတ်ကဲ့ပါ ခင်ဗျာ"

တရိုတသေ phone ပြောနေပါသည့် 'သီဟ' ကြောင့် ဘွားမေဆက်တာမှန်း သူသိလိုက်ပါ၏။ Boss ဆိုပြီး သူကိုယ်တိုင် phone ကိုင်ရတာမရှိပါ။ ရုံး phone ကို PA ဖြစ်သည့် 'ဝဏ္ဏကျော်' ကသာ အမြဲဖြေရပြီး သူကိုယ်ပိုင် phone ကိုလည်း 'ရဲရင့်' သာ ကိုင်ထားလေသည်။ သူပြောစရာမလိုသမျှ ထို phone က သူ့လက်ထဲသို့ ရောက်မလာပါချေ။ လိုအပ်မှသာ သူပြောရန် ဘွားမေထံ လက်လွှဲပေးစေလေ၏။





ဤသို့ ဤနှယ် 'ဘုန်းမြတ်ဇေယျာမောင်' က 'ဒေါ်ထိပ်တင်မြတ်' ၏ ကြီးထွားရာအရပ်လေးဖြစ်ခဲ့ရသလို control နှင့် ထိန်းချုပ်ခံရပါသည့် သက်ရှိ စက်ရုပ်လေးဘဝ ဖြစ်မှန်းမသိ ဖြစ်နေရလေသည်။ ကိုယ့်လက်ကိုယ့်ခြေနှင့် လုပ်ရသည်က သူ့အိပ်ခန်းတွင်းလေးမှာသာ အခွင့်ရခဲ့ပြီး အခန်းဝမှာ စောင့်ကြပ်ခြင်းခံထားရပါသည့် 'အကျဉ်းစံ' လေးပင် မဟုတ်ပါလား။

"အပြင်လေ ရှုလို့မရဘူးလားကွာ"

"မိုးရွာနေလို့ပါ Boss"

လိုက်ကာကို ဆွဲဖွင့်လိုက်ပါ၏။ တကယ်ပင် အပြင်မှာ မိုးစက်မှုန်တို့က တဖွဲဖွဲကျနေလေသည်။ ကတ္တရာမည်းမည်းကြီးထက် ပြေးခုန်ဆင်းနေပါသည့် မိုးပေါက်လေးတွေကမှ သူ့ထက်ပိုပြီး လွတ်လပ်နေသည့်နှယ်ပါလေ။ လောကမှာ ကိုယ့်ကိုယ်ကိုယ် သနားစရာအကောင်းဆုံးလူသားအဖြစ် မြင်နေရသည်က သူတစ်ဦးတည်းသာ ရှိသည် ထင်ပါရဲ့။

"ရဲရင့်"

"အမိန့်ရှိပါ Boss"

"ရည်းစားမရှိဘူးလား"

"ဗျာ!"



www.burmeseclassic.com

www.burmeseclassic.com



ထင်မထားသည့် မေးခွန်းကြောင့် ချက်ချင်း ပြန်မဖြေနိုင်ဘဲ ကြောင်တောင်တောင် ဖြစ်သွားလေ၏။ သူကသာ အသက် (၃၀) ပြည့်တော့မှာပါ။ ဒီလူငယ်လေးတွေ၏အသက်ကဖြင့် အနုမှ (၂၃) (၂၄) ဝန်းကျင်ခန့်သာ ရှိသေးတာပါလေ။ သူ့ကို ဒီလိုပဲ အချိန်ပြည့် စောင့်ကြည့်ရုံဖြင့် ဘဝကို ရှေ့ဆက်နေမှာလား။ ချစ်သူရည်းစားနှင့် ဆုံဖို့ အိမ်ထောင်ထူထောင်ဖို့ကိုလည်း ဘဝအတွက် မဖြစ်မနေ စဉ်းစားရမှာပါလေ။

"မရှိပါဘူး Boss"

"ဘာဖြစ်လို့ မရှိတာလဲ"

"ထားဖို့ အချိန်မပေးနိုင်လို့ပါ Boss"

"ကျစ်! ... မင်းဟာကလည်း ပျင်းစရာကြီးကွာ"

စိတ်တွင်းမှ လှောင်ရယ်ကြလေမလား။ တကယ်တမ်း ပျင်းစရာကောင်းသည့်ဘဝမှာ နေနေရသည်က သူသာဖြစ်နေတာပါလေး နားခိုရာရင်ခွင်ပျောက်ခဲ့သည့်ကာလတို့က ဟိုးအတိတ်မှာ ကျန်ရစ်ခဲ့လေပြီ။ မောဟိုက်နွမ်းလျနေရပါသည့် ရင်အပူကို ဘယ်ရင်ခွင်ထဲဝင်ပြီး ဖြေလျှော့ခွင့်ရပါ့မည်နည်း။ ရှူးရှူးမှူးမှူးဖြင့် တရှိုက်မက်မက် ခွဲလမ်း မြတ်နိုးရမည့်ချစ်သူတစ်ယောက်ကိုဖြင့် တမ်းတနေမိတာအမှန်ပါ။

ဘွားမေနှင့် စကားကတောက်ကဆဖြစ်တိုင်း ဘာတ





ဘယ်လိုဆိုပြီး သူပြောသမျှ ပြုံးပြုံးလေးနားထောင်မည့် တစ်စုံတစ်ယောက်သာရှိနေပါလျှင် အဘယ်မျှ ကောင်းလိုက်ပါမည်နည်း။ ညဘက် မေးစက်ပျော်ပိုက်စေရန် ခေါ်တွေ့သောက်ပြီး အိပ်ရသည့်ဝဋ်က အမြန်ဆုံး ကျွတ်ချင်လှပါပြီ။ ဘယ်တော့မဆို ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ကိုယ့်ခြေကိုယ့်လက်နဲ့ လုပ်ရသည်ရယ်လို့ တစ်ကြိမ်မှ မရှိခဲ့ရပါချေ။

"Boss Boss"

"ဘာလဲကွာ"

"ငြိမ်သွားလို့ ခေါ်ကြည့်ရတာပါ"

"မင်းရည်းစားမှိုလို့ အဲဒီလောက်ထိ ဂရုစိုက်ပြနေတာလား!"

စိတ်တိုတိုဖြင့် ပိတ်အော်လိုက်သဖြင့် 'ရဲရင့်' ပါးစပ်ပိတ်သွားလေတော့သည်။ သူ့ကို သီးသန့်ဆေးကုပေးပါသည့် family doctor ကိုက တစ်ယောက်တည်းလွှတ်မထားဖို့ ဟိုတွေး ဒီတွေးဖြင့် အတွေးမများစေဖို့ အန္တရာယ်မဖြစ်စေရန် စောင့်ကြပ်ပေးဖို့ မှာထားထားရှိ အလုပ်သမားတွေကို အပြစ်မြင်နေလို့လည်း မရပြန်ပါ။ သူဖြစ်ခဲ့ခဲ့သည့် Accident ဆိုတာက ကိုယ့်ကိုယ်ကိုယ် ရန်ရှာခဲ့သည့် အပြုအမူမျိုးများဖြစ်ခဲ့လေသလား၊ မစဉ်းစားချင်ပါလေ။

"ရဲရင့်"

"Yes! Boss"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မှော်စော ထပြေးချင်တယ်"

"မိုးတွင်းကြီး မဖြစ်ဘူး Boss၊ ခြံထဲမှာ လမ်းလျှောက်ချင် လျှောက်ပါလား"

"ခြံထဲလျှောက်မှတော့ မင်းကိုပြောမလားကွ။ အကျယ်ချုပ် ချထားခံရသလို ဖြစ်နေလို့ အပြင်ထွက်မလား ပြောပါတယ်"

"မေမေကြီး ကြိုက်မယ်မထင်ဘူး Boss"

"ဒီလောက်တောင် ဘွားမေကို ကြောက်ရရင် ဘွားမေ့ကိုပဲ Boss ခေါ်ပေါ့။ ဘာလို့ ငါ့ကို လာခေါ်နေသေးလဲ"

"မေမေကြီးက ဒီလိုခေါ်ဖို့ မှာထားလို့ပါ Boss"

"တော်ပြီ နားငြီးတယ်"

အသံတို့ တိတ်ဆိတ်သွားပြန်လေ၏။ အဲဒါပဲကြည့်ပါ။ သူ ပြောသည်နှင့် အခြေအတင် ပြန်ပြော၊ ရန်ဖြစ်ပေါက်ကွဲပစ်လိုက်လျှင် စိတ်ထဲ အဘယ်မျှ ရှင်းလင်းပေါ့ပါးသွားပါမည်နည်း။ အခုတော့ တစ်ယောက်တည်း စိတ်တိုရင်း စိတ်ကို ပြန်လျှော့ထားရတော့ ရင်ထဲ အဘယ်မျှ မွန်းကြပ်ပြည့်သိပ်နေရပါသလဲ။ ရွယ်တူမရှိတဲ ငယ်သူတွေ နဲ့ပဲ ပေါင်းနေရသဖြင့် သူကချည်း တစ်ဖက်သပ်နိုင်စားသလို ဖြစ်နေ တော့ ခက်သားလား"

"လမ်းထဲဝင်ပြီ Boss"





"ငါသိတယ်"

ည (၇) နာရီကျော်မှ သိပ်ကြီးမိုးမချုပ်လှပါ။ ဒီအချိန် ဘွားမေ အိပ်သေးမှန်း သူသိနေပါ၏။ အသက် (၇၀) ကျော်နေသည့် ဘွားမေ အဖြင့် ကျန်းမာရေးကောင်းပြီး အသက်ရှည်နေတုန်းပါပဲ။ အိပ်ချိန် ည်းသည့် အရွယ်ဖြစ်သလို သတိကလည်း အခုချိန်ထိ ကောင်းနေ တုန်းပါ။ သူများတွေ မှတ်ဉာဏ်အားနည်းသည့်အရွယ်မှာ သူ၏ ဘွားမေကဖြင့် နေ့စဉ် လုပ်ငန်းဆောင်တာများကို အမြဲမှတ်ထားကာ အချိန်မကျန် လုပ်ဆောင်နေစဲပါလေ၏။

"တီ! တီ!"

ခြံဂိတ်ဝမှာ ကားခဏရပ်ပြီး ဟွန်းသံပေးလိုက်ပါ၏။ Con- rol ဖြင့် ဖွင့်သည့်တံခါးက လျှောခနဲ ပွင့်သွားလေသည်။ ခြံဝမှ ကားက ဖြည်းဖြည်းချင်း ဝင်လာခဲ့လေသည်။ တိုက်အိမ်နီနီကြီးထဲ ရောက်ဖို့ တောင်ကုန်းလမ်းကိုကွေ့ကာ အိမ်ကြီးကိုပတ်ပြီးမှ အိမ်ရှေ့ ခါးဝီကိုအောက်သို့ ရောက်ရလေ၏။

တိုက်နီကြီးကို မီးထိန်နေအောင်ထွန်းထားတာမို့ ရှင်းရှင်း င်းထင်းကြီး မြင်နေရပါသည်။ ဤသို့ တမေ့တမော ငေးမိစေရန် ဒီ ကွန်ကရစ်လမ်းကို ဘွားမေပြုလုပ်စေခဲ့တာပင်။ အိမ်ကို တော်ရုံ ဉ့်သည်တွေ မလာခဲ့ကြသလို ဘွားမေကိုယ်တိုင်က အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်တို့စွတွေရှိပါလျှင် တခြားလူတွေမသိ သတင်းမပေါက်ကြားစေ

ရန် အိမ်ကိုခေါ်ကာ တိတ်တဆိတ် လုပ်ဆောင်တတ်လေသည်။ ကား

ပေါ်မှဆင်းကာ တိုက်ထဲဝင်လိုက်စဥ် ဧည့်ခန်းမှာထိုင်၍ အလုပ်ရှုပ်နေ

ပါသည့် ဘွားမေကို မြင်လိုက်ရပါ၏။

❁



## အခန်း (၁၀)

Taxi က အိမ်ရာဝင်းရပ်ကွက်ထဲသို့ ဝင်လာပါ၏။ ဆင်တူ

တိုက်အိမ်တွေကိုကြည့်ရင်း ခြံနံပါတ်၊ တိုက်နံပါတ်တွေကို စစ်ခဲ့ရသဖြင့်

ကာ ဖြည်းဖြည်းချင်းမောင်းဝင်ခဲ့ရလေသည်။ အတော်လေးရှာပြီး

ဆုံး လမ်းထဲရောက်မှ ရှာနေသည့်လိပ်စာကို တွေ့လိုက်ရသဖြင့်

တ်အေးသွားရလေ၏။

Taxi ခရှင်းပေးလိုက်ပြီး ကျောပိုးအိတ်ကို လက်ဖြင့်ဆွဲရင်း

ရှေ့ မတ်တတ်ရပ်လိုက်ပါသည်။ Phone ဖြင့် သေချာကြိုမှာထား

ဖြင့် 'ချို' တစ်ယောက် အိမ်မှာရှိတန်ကောင်းပါရဲ့။ ခြံတံခါးအုတ်

ထက်ရှိ လူခေါ် bell ကို နှိပ်လိုက်ပါ၏။ အတွင်းမှ လ…ရှားမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသေးသဖြင့် ထပ်နှိပ်လိုက်ရလေသည်။

"တင်းတောင်! တင်းတောင်!"

အိမ်အောက်ထပ်တံခါး ပွင့်သွားပါ၏။ ကောင်မလေးတစ်ယောက် ထွက်လာပေမယ့် ခြံတံခါးဆီ လျှောက်မလာပါဘဲ အိမ်တွင်းသို့ တစ်ခုခု လှည့်ပြောလိုက်ဟန်တူလေသည်။ ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်သွားပြန်လေ၏။ ရန်ကုန်မြို့လူတန်းစားတွေက သူစိမ်းတွေကို တော်ရုံနှင့် မယုံရဲကြတာ မှန်နေပြီထင်ပါရဲ့။

"စံလား!"

"အင်း!"

"ဟယ်! အစောကြီးရောက်တယ်"

ညအိပ်ဝတ်စုံ ဘောင်းဘီရှည်ဖြင့် 'ချို' က ခြံသို့ ပြေးထွက်လာလေ၏။ စောစောကကောင်မလေးကပါ နောက်မှ အမြန် အပြေးအလွှား လိုက်လာတာမို့ ပြုံးပင်ပြုံးလိုက်မိပါသည်။ 'မချို' တို့ကဖြင့် အိမ်ထောင်ကျတာတောင် ခုထိ ကလေးဆန်တုန်းပါပဲလား။ တံခါး သော့ခလောက်ကို ဖွင့်ပြီး တံခါးကြီးကို တစ်ခြမ်းဆွဲဖွင့်ပေးလိုက်လေသည်။

"ဘာပါသေးလဲ"

"ဘာမှမပါဘူး။ ရှင်ပဲ ဘာမှဝယ်မလာနဲ့ဆို"





"ဟုတ်ပါပြီ။ ငါ့အတွက် အချစ်တွေပါလာရင် ပြီးတာပဲ"

ကျောပိုးအိတ်ကို ဆွဲယူနေသဖြင့် ပေးလိုက်ရတော့၏။ စံ၏ လက်ကောက်ဝတ်ကိုပါ ဆွဲခေါ်နေသဖြင့် ခြေလှမ်းကို သွက်သွက်လှမ်းလိုက်ရလေသည်။ ကြည့်ရတာ အခုမှ အိပ်မှုန်စုံမွှားဖြင့် အိပ်ရာထဲက ထွက်လာတာ ထင်ပါရဲ့။ ညှော်ခန်းရှိ ဆိုဖာပေါ်မှာ နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပါ၏။

"ငါဖြင့် မျက်နှာတောင်မသစ်ရသေးဘူး"

"ဒါလည်း လှနေတာပဲဟာ။ ကိုပေါက်ရော"

"ကျုန်ခဲ့တဲ့တစ်ပတ်ကပဲ ပြန်ထွက်သွားပြီ။ နင်နဲ့ နည်းနည်းလေး ကပ်လွဲသွားတာ"

"သြော်"

"နင် ကြာဦးမှာလား"

"ထင်တာပဲလေ၊ လုပ်စရာလေးတွေ နည်းနည်းပါလာတယ်"

"ငါ့အတွက် စာအုပ်ရော"

"စာပေတိုက်ရောက်တော့ ယူလာပေးပါ့မယ်ဟာယ်။ ဘယ်သို့ဖြစ်နေလဲ"

"အသည်းကွဲဇာတ်လမ်းချည်း စွတ်ရေးမနေနဲ့ဦး။ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုလေးတွေ ရေးပါဟဲ့''

မျက်စောင်းထိုးမိလေ၏။ တစ်ညလုံး ကားစီးခဲ့ပြီး ကားပေါ်မှာ မအိပ်တတ်သည့် 'စံ' က ခေါင်းမကြည်ဘဲ မလန်းဆန်းပါ။ နည်းနည်းလောက်အိပ်မှ ဖြစ်မည်ထင်ပါရဲ့။ ဒီမိန်းမ လေများနေပုံနဲ့ နားရတော့မည်မထင်ပါ။ 'မေချို' နှင့်က တစ်နယ်တည်းကျောင်းနေခဲ့ပြီး အတူပေါင်းခဲ့သည့် သူငယ်ချင်းပါ။ သူမအကြောင်းကို အူမချေးခါး သိနေသည့် လူဆိုလည်းမမှားပါလေ။

''ဆာနေပြီလား''

''ဆာတာထက် အိပ်ချင်နေတာ''

''ဟုတ်သားပဲ၊ အပေါ်ထပ်မှာ အိပ်ရာပြင်ထားပြီးသားမို့ ဝင်အိပ်လိုက်လေ။ ငါနဲ့အပြူး ဈေးလစ်လိုက်ဦးမယ်။ လာ လိုက်ပို့ပေးမယ်''

''ယောက်ျား နိုင်ငံခြားသွားတာတောင် လွမ်းပုံမရဘူး''

''Net သုံးပြီး အချိန်မရွေးတွေ့လို့ရပါတယ် စံရယ်၊ အနီးလေးပါ''

ဒီတစ်ခါတော့ ကျောပိုးအိတ်ကို သူမကိုယ်တိုင် သယ်ခဲ့ပါ၏။ တိုက်ကအသစ်မို့ ဆေးနံ့တို့ ရှိနေသေးလေသည်။ လှေကားမှ တက်လာခဲ့ပြီး ဝရန်တာထွက်သည့်လမ်းဘေးရှိ အခန်း Door lock ကို





'မေချို' သော့ဖွင့်ပေးလေ၏။ အဝါဖျော့ဖျော့ အခန်းအခင်းအကျင်းက သူမရင်ကို အေးချမ်းသွားစေတာ အမှန်ပါ။ ကျေးဇူးပါ 'ချို'။

''နားလိုက်နော် အေးအေးဆေးပဲ''

''အိမ်ကို သော့ခပ်သွားမှာလား''

''မခပ်ပါဘူးဟဲ့၊ ထမင်းချက် ဒေါ်ကြီးမြရော ခြံထဲမှာ အလုပ်လုပ်နေတဲ့ ဦးကြိုင်ပါ ရှိပါတယ်။ မကြောက်နဲ့၊ စိတ်ချလက်ချသာ အိပ်လိုက်၊ ဗီရိုထဲမှာ နင်ဝတ်လို့ရမယ့် အဝတ်အစားတွေ ရှိတယ်။ ကြိုက်တာယူဝတ်နော်''

'ချို' က အခန်းတံခါးကို စေ့ပိတ်ပေးသွားလေ၏။ ဘောင်းဘီ ဖြင့် မအိပ်ချင်သဖြင့် ဗီရိုကို ဖွင့်ကြည့်လိုက်ပါသည်။ ညဝတ်ပါးပါး ဝတ်စုံတွေ ရှိနေတာအမှန်ပါ။ အောက်မှာထပ်ထားသည့် အထပ်ထဲမှ လုံချည်တစ်ထည်ကို ယူ၍ လဲဝတ်လိုက်ပါ၏။ ကျစ်ဆံမြီးကျစ်လာ ပါသည့် ဆံပင်တို့က ရှုပ်ပွနေသဖြင့် ဖြည်ချလိုက်ကာ အိပ်ရာထက် လှဲလိုက်မိတော့သည်။

စိတ်ရော လူပါ ပင်ပန်းလာသဖြင့် တခဏချင်း အိပ်မောကျသွားလေ၏။ ဤသို့ အိပ်မပျော်ဖြစ်တာ အဘယ်မျှ ကြာခဲ့ပါပြီလဲ။ ရွေးချယ်ထားပါသည့် အလုပ်က စိတ်ချမ်းမြေ့မှသာ လုပ်ဆောင်နိုင်မည်။ ထိုသို့မဟုတ်ပါက ဘာမှဖြစ်မလာဘဲ ရှေ့ကို ဆက်လျှောက်လို့



www.burmeseclassic.com

www.burmeseclassic.com



[illegible]

လက်ပတ်နာရီမှ နာရီထိုးသံသဲ့သဲ့ကြောင့် မျက်စိကို ဖျတ်ခနဲ ဖွင့်လိုက်မိပါသည်။ မနက်က အုံ့မှိုင်းနေခဲ့သည့် ကောင်းကင်က ခုတော့ဖြင့် ကြည်လင်နေလေပြီ။ အချိန် (၁၀) နာရီကျော်နေပြီဖို့ လေးနာရီနီးပါး အချိန်လောက် သူမ ကောင်းကောင်း အိပ်ပျော်ခဲ့တာပါ။ ရေချိုးမှဖြစ်တော့မှာမို့ ခုတင်ထက်မှ ဆင်းလိုက်ရလေ၏။

ဆံပင်ရှည်ကို ရှင်း၍ ဖြီးကာ ဘီးကျော့ပတ်လိုက်ပါသည်။ အဝတ်အစားတွေချွတ်ကာ လုံချည်ရင်လျားထက် တဘက်တစ်ထည် ခြုံလွှမ်းလိုက်ပါ၏။ ရေလဲလုံချည်ကို လက်မှကိုင်လျက် အခန်းအပြင်သို့ ထွက်လိုက်ပါသည်။ ရေချိုးခန်းတွေက ထောင့်ဆုံးတွေမှာသာ ထားတတ်သဖြင့် ခြေလှမ်းကို လျှောက်လိုက်ရပါ၏။

ဘာသံမှမကြားရသဖြင့် 'မေချို' တစ်ယောက် ဈေးမှ ပြန်မရောက်သေးတာ၊ ဒါမှမဟုတ် အိမ်နောက်ဖေးမီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေတာလည်း ဖြစ်နိုင်ပါသည်။ အနည်းငယ်သေးမည်ထင်ရသည့် ထောင့်ဆုံးခန်းရှေ့မှာ ရပ်လျက် တံခါး doorlock ကို လှည့်ဖွင့်လိုက်၏။

"အို!"

"ဟာ!"





ပွင့်သွားပါသည့်တံခါးမှ အထက်ပိုင်းဗလာဖြင့် လူတစ်ယောက် ထွက်လာသည်က ရုတ်တရက်မို့ လန့်သွားရပါ၏။ ဖျတ်ခနဲ ထွက်လာသည့် လူ၏ အေးစက်စက်ခန္ဓာကိုယ်ထဲသို့ ရောက်လုမတတ် နီးကပ်သွားသဖြင့် ခြေလှမ်းကို နောက်သို့ ရွှေ့မိစဉ် ကိုယ်ဟန်ချက်မညီ သွားသဖြင့် ယိုင်သွားစဉ် ထိုလူက သူမ၏ခန္ဓာကိုယ်ကို ဆွဲထိန်းပေးလိုက်လေသည်။

ဒုက္ခပါပဲ၊ ဘယ်လိုဖြစ်ပြီး သူစိမ်းယောက်ျားတစ်ယောက်နှင့် နီးနီးကပ်ကပ် မရှိဖူးပါဘဲ အခုလို ဖြစ်ရတယ်လို့။ သူ့လက်ထဲမှ ရုန်းထွက်လိုက်စဉ် ရယ်သံသဲ့သဲ့ ထွက်လာသဖြင့် မော့ကြည့်လိုက်မိပါ၏။ လူကို လှောင်ရယ်လေသလားဟုလည်း စိတ်တိုသွားရပါသည်။ သို့သော် ယဲနေပါသည့် လူငယ်လေးဖြစ်နေတာကြောင့် အံ့ဩသွားရလေ၏။

"မမ လဲသွားမှာစိုးလို့ပါဗျာ"

"ရတယ်"

"ချေ့သည်လား"

"ပြီးရင် ဖယ်ပေးတော့လေ"

"Sorry!"

ကောင်လေးက ပြုံးစစဖြင့် သူမရှေ့မှ ဘေးသို့ ဖယ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရေချိုးခန်းထဲသို့ဝင်ကာ တံခါးကို တမင်တကာ အသံမြည်အောင် ဝိတ်လျက် lock ချထားလိုက်ရပါသည်။ ဘယ်လိုဖြစ်ပြီး ဒီအိမ်မှာ သူစိမ်းတွေ ရှိနေရပါလိမ့်။ အပေါ်ထပ်ရေချိုးခန်းကို သုံးသဖြင့် ညွှသည်တော့ မဖြစ်နိုင်ပါ။ ဖြူနုချောမောနေပါသည့် လူငယ်မှို 'ကိုပေါက်' အမျိုး ဖြစ်နိုင်ပါ၏။

ရေကို ခပ်မြန်မြန် ချိုးလိုက်ပြီး အခန်းပြင်သို့ ထွက်လိုက်ပါသည်။ အိပ်ခန်းထဲ ပြန်ဝင်ကာ 'ချို' အဆင်သင့်ထားပေးထားပါသည့် ကျောက်ပျဉ်နှင့်သနပ်ခါးတုံးကို သွေးကာ ခပ်ပါးပါး လူးလိုက်ပါ၏။ စာပေတိုက်သွားရန် အချိန်ရှိသေးတာမို့ မြန်မြန်သွက်သွက်လုပ်ကာ အဝတ်အစားပါ တစ်ခါတည်း လဲဝတ်လိုက်ပါသည်။

အပြင်ထွက်ရန် အိတ်ပါမလာသဖြင့် plastic file အပျော့အိတ်လေးထဲသို့သာ စာမူစာအုပ်နှင့် ပိုက်ဆံအိတ်၊ phone တို့ကိုထည့်ကာ ခေါက်ထီးကို အပြင်မှာသာ ထားလိုက်ရလေ၏။ ကိုယ့်ကိုယ်ကိုယ် သပ်သပ်ရပ်ရပ်ဖြစ်စေရန် မှန်ထဲပြန်ကြည့်လိုက်ပါသည်။ ဆံပင်ရှည်တွေကို ညီညီညာညာ ပြန်ကျစ်ထားသဖြင့် အဆင်ပြေသလောက်ပါပဲ။

အခန်းတံခါးကို ဖွင့်၍ လှေကားမှ ဆင်းခဲ့စဉ် လေချွန်သံကြားလိုက်ရပြီး နောက်မှ ဆင်းလာသံကြောင့် လှေကားလက်ရန်းဘက်





ရှေ့ရင်း ဆက်၍ ဆင်းလိုက်ရပါ၏။ ဘေးနားမှ ဆင်းလာသည့်ကောင်လေးထံမှ ရေမွှေးက အတော်လေးမျှားနေသဖြင့် အသက်ရှူရအာတောင် ခက်နေရလေပြီ။ အတော်အမွှေးနံ့သာ ကြိုက်သည့်လူငယ်လေးပါပဲလား။

"မလေးရေ!"

"အမယ်လေး!"

"ဝေ! ဘာလဲ"

ဘေးနားရောက်မှ အောက်သို့ အာပြဲကြီးဖြင့် အော်လိုက်သဖြင့် လန့်သွားရတာပါ။ 'မေချို' ကလည်း အသံကျယ်ဖြင့် ပြန်အော်ချက် ထွီခန်းဘက်ထွက်လာလေ၏။ အတော်ဟုတ်တဲ့ ခွေမျိုးတွေထိလား။ ရှေ့ကို ကြိုဆင်းသွားသည့်ချာတိတ်က သူမကို ပြန်လှည့်ကြည့်ကာ ပြုံးပြပြန်လေ၏။ ဓော်! ဘယ်လိုဖြစ်ပြီး လူကိုရောနှောချင်နေရပါသလဲ။

"ဘာပြောမလို့လဲ ညီ"

"မလေးရဲ့ ဘော်ဒါလား"

"အေး . . . ဟုတ်တယ်"

ချာတိတ်က လက်သီးဆုပ်ပြီး လက်ဝါးပြန်ဖြန့်ပြလိုက်သဖြင့် 'မေချို' က ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။ ကြည့်စမ်း!



www.burmeseclassic.com

www.burmeseclassic.com



[illegible]သတာနဲ့ တိုးနေပါပြီ။ လူကို ပိုင်ရှင် ရှိ မရှိ [illegible]နှင့် မေးတာပေါ့လေ။ 'ချို' က သူမကို မေးခွန်းပြလိုက်လေသည်။ ဒီမေးခွန်းကို ဖြေရမည့်အစိကလူက သူမပင် မဟုတ်ပါလား။

"ဘယ်လိုဖြေရမလဲ စံ"

"ရှိတယ် . . . ရှိတယ်။ ရည်းစားတောင်မဟုတ်ဘူး ယောကျ်ားရပြီးတာ တစ်နှစ်ကျော်ပြီလို့"

"ဟိုက်! . . . သေစမ်း!"

ချာတိတ်က နဖူးကို ဖြန်းခနဲရိုက်လိုက်လေတော့၏။ ညွှဲသည်ကို မိန်းကလေးမှန်းသိတာနှင့် ဒီလိုသွေးတိုးစမ်းတတ်တာက ယောကျ်ားလေးတွေ အကျင့်ပဲဖြစ်မည် ထင်ပါရဲ့။ ထမင်းစားခန်းသို့ အတူရောက်ခဲ့ရသဖြင့် ချာတိတ်က သူမကို မယုံသည့်နှယ် ကြည့်ပြန်လေသည်။ ခက်တော့တာပဲ။ ဒီကို တစ်ယောက်တည်းလာတာနှင့် လူကို ပိုင်ရှင်ရှိမည်ဟု မထင်ထားပုံပါပဲလား။

"ဘာကြည့်တာလဲ"

"ညာမပြောရဘူးနော်"

"ဟဲ့!"

"အမှန်ပြောတာဟုတ်လို့လား မလေးရ"

"အော် . . . ညာပြောရမလား ညီထွဋ်ရယ်၊ တကယ်ပါပဲ။





သူ ဘယ်သူလဲဆိုတာ ငါပြောရမလား"

"ချို"

"ကိုပေါက်ရဲ့ညီအငယ်ဆုံးလေ။ ညီထွဋ်တဲ့။ ဒါ မလေးရဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီး နွေရိပ်စံတဲ့။ သိပြီလား။ ထမင်းစားကြစို့ စံ။ အပြင်သွားမလို့လား"

"အင်း"

သူမက ချာတိတ်ကို အရေးမဝင်ပါဘဲ ထမင်းစားရန် ခုံယူ၍ ထိုင်လိုက်ပါသည်။ ဒီထဲကနေ Taxi စီးလို့ရရန် လမ်းမကြီးကို အတော်လေး လျှောက်ရမှာပါ။ ဆိတ်ငြိမ်သည့်နေရာကိုမှ ရွေးပြီး နေသလိုပါပဲလား။ သူမလို နားအေးပါးအေး စာရေးရသည့် သူ့အတွက်တော့ ဤသို့ တိတ်ဆိတ်အေးချမ်းသည့်နေရာက အတော်ပါပဲ။

"ဟိုမှာ ဘာဖြစ်လာသေးလဲ"

"နောက်မှ အေးဆေးပြောမယ်"

"ဘဲဘဲနဲ့စိတ်ကောက်ပြီးဆင်းလာတာတော့ မဟုတ်လောက်ပါဘူးနော်"

"ဟယ်! . . . ညီထွဋ်"

"စံရော အန်တီလေးပါ ရန်ကုန်မှာ အခြေချနေသားလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ချီ။ တိုက်ခန်းပဲဖြစ်ဖြစ် မြို့ထဲသွားရလွယ်မယ့်နေရာမျိုး စုံစမ်းပေးပါ”

“ဘယ်လို၊ ဟိုမှာ မနေချင်တော့လို့လား ဖြစ်ပါ့မလား စီး နင့်လုပ်ငန်းတွေက ဟိုမှာ အဆင်ပြေအောင် မြင်နေတာကို”

“ရောင်းဖို့ စိစဉ်ရမှာပေါ့”

“ဟဲ့!”

အခြေအနေကို သဘောပေါက်သွားပုံဖြင့် ‘ချို’ က ဆက်မမေးတော့ပါလေ။ ထမင်းတစ်ပန်းကန်ကို အမြန်မျိုချလိုက်ရပါ၏။ ရှင်သန်ဖို့ခွန်အားက နည်းပါးလွန်းပါရဲ့။

❁



# အခန်း (၁၁)

Breakfast ဝိုင်းက ခါတိုင်းလိုပင် တိတ်ဆိတ်နေပါ၏။ ထမင်းစား စားပွဲကြီးတစ်ခုည်းမှာ သူနှင့်ဘွားမေ နှစ်ယောက်သာ စားသောက်နေကြတာပါ။ မနက်စာကို ကော်ဖီနှင့်မုန့်လိုဟာမျိုး ဗိုက်ဝဝတာကို စားလေ့မရှိသည့်ဘွားမေက မုန့်ဟင်းခါး ခေါက်ဆွဲပြုတ်၊ ကြာဆံကြော် စသည်တို့ကို တစ်နေ့တစ်မျိုး မရိုးစေရန် ချက်ကျွေးပေးလေသည်။

အခုလည်း အသားအနည်းငယ်ဖြင့် ကြော်ထားပါသည့် ကြာဆံကြော်ကို သူတို့မြေးအဘွား စားနေကြတာပါ။ ငွေတုနှစ်ချောင်းကို ကိုင်မိစဉ် စိတ်တွင်းမှ သူ အလိုလိုတွေးမိလေ၏။ အာရုံထဲမှာ ဖွန်း



www.burmeseclassic.com

www.burmeseclassic.com



ခက်ရင်း တစ်စုံဖြင့် စားနေပါသည့် မိန်းကလေးတစ်ယောက်ကို ခပ်ဝါးဝါး မြင်နေရလေသည်။ သူမ မည်သူပါလဲ။ အဘယ်ကြောင့် ဒီပုံရိပ်တို့ကို မကြာမကြာ သူတွေးမိနေရပါလိမ့်။

"သားဖေ"

"ဟင်! . . . ဗျာ! . . . ဘွားမေ ခေါ်လိုက်လား"

"အေး . . . ဘာတွေတွေးနေတာလဲ"

"ကျွန်တော့်အတွေးထဲမှာ မိန်းကလေးတစ်ယောက်ကို မြင်နေရလို့ပါ"

"ဘာ"

"ဆံပင်ရှည်ရှည်နဲ့ ပါးချိုင့်လေးကို မြင်နေလို့ပါ ဘွားမေ"

"သားဖေ . . . ဘွားမေပြောတာကို နားမထောင်ဘူးလား။ သား ခေါင်းကိုက်တာ၊ ခေါင်းမူးတာကို မဖြစ်စေချင်လို့ ဒီလောက် သတိပေးထားတာတောင်မှ"

"သေချာမတွေးပါဘူး ဘွားမေရယ်။ အိပ်မက်ထဲမှာလည်း တွေ့တယ်၊ အာရုံထဲမှာလည်း"

"ခေါ်ရော မှန်မှန်သောက်ရဲ့လား"

သူ သက်ပြင်းရှိုက်လိုက်မိလေ၏။ 'ဆေး' တဲ့လား။ နှလုံးသား ဝိညာဉ်ဖြင့် ရှင်သန်ရမည့် သက်ရှိလူက ဆေးသက်ဖြင့် ဒီဘဝမှာ





နေခွင့်ရရတယ်လို့။ ဒီလို မကျန်းမာသည့်ခန္ဓာကိုယ်နှင့် နေခွင့်ရနေမှတော့ဖြင့် ဒီဘဝမှာ လူမဖြစ်ချင်တော့ပါလေ။ ညဘက်မှာ ဆေးကြောင့် အိပ်ပျော်ရပေမယ့် အိပ်မောမကျသည့်အချိန်မှာ အာရုံထဲရောက်နေပါသည့် မိန်းကလေးကြောင့် စိတ်မောခဲ့ရတာ အဘယ်မျှ ကြာခဲ့ပါပြီလဲ။

'ဘုန်းမြတ်ဇေယျာမောင်' ၏ အနာဂတ်ကို လူတိုင်းက ခင်းလမ်းအဖြစ်သာ မြင်နေကြပေမယ့် တကယ့်လက်တွေ့ ပမ္ပုမ်အဖြင့် ဆူးခင်းလမ်းပေါ်မှာ နာကျင်သည့်ခံစားချက်ဖြင့် နေ့စဉ် လျှောက်လှမ်းနေရတာပါလေ။ ဘဝမှာ ဘာမဆို အစစအရာရာ ပြည့်စုံ နေသည်ဟု ထင်ရပေမယ့် ကျန်းမာပျော်ရွှင်ခြင်းဟုသည် ဆုလာဘ်က နည်းနည်းလေးမျှပင် မရှိပါချေ။

"သောက်ပါတယ် ဘွားမေရယ်"

"ညအိပ်ခါနီး နှာခိုက် တရားထိုင်နိုင်းတာကော မှန်မှန်လုပ် ရဲ့လား"

ခေါင်းကို ညိတ်ပြလိုက်ပါ၏။ ဒါတွေလုပ်နေတော့ရော စိတ် ကျဉ်းမှုက အရှင်းမှ မလျော့သွားတာ ဘာကြောင့်များပါလိမ့်။ မေက ကြာခံကြော်စားသောက်ခြင်းကို အဆုံးသတ်ပြီးနေပေမယ့် ဖြင့် နည်းနည်းသာ စားဖြစ်လေ၏။ ရယ်မော ပျော်ရွှင်ခြင်း အရာဆိုသည်က ဘာများပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာနဲ့ သွားပြဖို့ အချိန်တန်နေပြီထင်ပါရဲ့။ Appointment ယူလိုက်မယ်"

"မယူပါနဲ့ ဘွားမေ။ ကျွန်တော် နေလို့ကောင်းပါတယ်"

"လူက နေကောင်းပေမယ့် ခန္ဓာကိုယ်နဲ့စိတ်ကိုတော့ check up လုပ်ရမှာပေါ့ သားဖေ။ မလိုအပ်ဘဲနဲ့ ဘွားမေက အပိုအလုပ်မျိုး လုပ်ပါ့မလား"

သူ ငြိမ်နေလိုက်ရပါ၏။ ဘယ်လိုဖြစ်ပြီး သူ့ကိုမှ စိတ်နဲ့ခန္ဓာ ဆိုပြီး ပိုင်းခြားကုသနေရပါသလဲ။ ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကို သူက (မရှိမသေစကား) အရူးကုသည့်ဆရာဝန်ဟုသာ မြင်နေတော့ ခက်သားလား။ လူကို အိပ်မွေ့ချလားချရဲ့၊ မျက်စိမှိတ်ပြီး အာရုံခံနိုင်းလား ခံရဲ့နဲ့ အမျိုးမျိုး ကြိုးနေရတာလေ။ တမင်တကာပင် ဤသို့ ဆရာဝန်တွေထံ ဘွားမေ ခေါ်သွားလားဟုပင် ထင်စရာပါပဲ။

"ပြလည်း ထူးလာတာမှ မရှိတာ"

"အလျှင်းပျောက်တော့ ပိုမကောင်းဘူးလား။ သားမျက်နှာ ရှိရင်စွဲအသက်ထက် ပိုရင့်ရော်နေတာ ဘွားမေကြည့်ရက်ပါ့မလား သားဖေ။ မိဘဆုံးရှုံးရတယ်ဆိုတာထက် ကိုယ်ရင်ထဲကဖြစ်တဲ့ သွေးသား ဆုံးရှုံးရတာက ပိုပြီး သွေးပျက်စရာကောင်းတာကို ပညာ တတ်ဖြစ်တဲ့သားက ပိုသိမှာပါ။ ဘွားမေတောင် တရားသဘော





…သိမ့်နိုင်ရင် လူငယ်ဖြစ်တဲ့ သားက ပိုပြီး ဖြေနိုင်ရမှာလေ"

မိဘတွေတဲ့။ ဖေဖေနှင့်မေမေ ရုတ်တရက် Accident ဖြစ် …တာကို သူ လုံးဝမမှတ်မိတော့ပါ။ ဘယ်တုန်းက ဖြစ်ခဲ့ပါလိမ့်ဟု …စားမိတိုင်း ခေါင်းထဲမှာ အုံ့ခဲကိုက်လာတော့တာလေ။ ဆရာဝန်က …တင်းကြီး မစဉ်းစားနှင့်ဟု သတိပေးထားတာမို့ ဒီနေ့တစ်ရပ်စာ …လုပ်ကလွဲပြီး နောက်နေ့အတွက်ကိုပါ သူ မစဉ်စားခဲ့ရပါ။ အဘယ်မျှ …စရာကောင်းလိုက်သည့် 'ဘုန်းမြတ်ဖေယျာမောင်' ဇာတဝင်ပါလဲ။

"ကျွန်တော် နားရက်ယူခဲ့မိသေးလား"

ဘွားမေမျက်ဝန်းမှ အရိပ်တစ်ခု ဖျတ်ခနဲ ပေါ်သွားလေ၏။ …ခွန်းဖြေမပေးသည်ဆိုတာထက် ကိုယ့်ဘာသာတစ်ယောက်တည်း …သည့်သလို ရေရွတ်လိုက်မိရုံပါ။ အာရုံထဲမှာ သစ်ပင်တွေ စိမ်းစိမ်း …နှင့် တောင်တန်းတွေကို မြင်လိုက်သလိုပဲပါလား။ ဟုတ်ပါရဲ့။ …နေရာတို့ကို သူရောက်ခဲ့တာမို့ ဒီလိုပုံရိပ်တို့က အာရုံထဲ စွဲထင်နေ …ဲ့ ဖြစ်ပေမည်။ စိတ်က အပြေးရောက်သွားလျှင်မြင့် သူ့မှတ်ဉာဏ် …အကောင်းအတိုင်း ပြန်ဖြစ်တန်ကောင်းပါရဲ့။

"သွားခဲ့တယ်လေ"

"ဘယ်ကိုလဲ ဘွားမေ"

"ငွေဆောင်မှာ တစ်လလောက် အနားယူခဲ့တာ၊ …



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ''

မျှော်လင့်ချက်က ဖျတ်ခနဲ အက်ကွဲသွားသည့် ခပ်ပါး
ဖန်ခွက်နှယ်ပါ။ တောင်တန်းတွေလားဟု ထင်လိုက်ပေမယ့် ဘယ်
ဖြစ်ပြီး ပင်လယ်ကမ်းခြေလိုနေရာ ဖြစ်နေရပါသလဲ။ ရေထဲရော ဆင်း
ကူးခဲ့ပါသေးသလား။ မမှတ်မိပါ။ ခေါင်းထဲမှာ ဗလာဟင်းလင်း ရှိ
နိုင်းထားပေမယ့် ရှုပ်ထွေးနေပါသည့် ပုံရိပ်အချို့က ရုပ်ရှင်ဖလင်
ရှိနေတော့ခက်သားလား။

ပထမတော့ ခပ်ပါးပါး အရုပ်ရှည်ရှည်ဖြင့် မိန်းကလေး
ပုံရိပ်ကို မြင်ခဲ့ရတာပါ။ အဲဒီနောက်မှာ ဆံပင်ရှည်ရှည်လေးကို
ပြီး ညတုန်းကဖြင့် ပါးချိုင့်လေးနှစ်ဖက်ဖြင့် အပြုံးချိုချိုလေးကို ထ
ထင်ရှားရှား မြင်ခဲ့ရလေပြီ။ သေချာခြင်းရှင်းမြစ်ကဖြင့် သူ့ဘ
ပူးတာဘက်အဖြစ် ပြသနေပြီ ထင်ပါရဲ့။ သူမ ဘယ်သူဘယ်ဝါဆိုတာ
စဉ်းစား၍ မရခင်မှာပင် ဝမ်းနည်းကြေကွဲသည့် ကြည်လဲ့လဲ့အကြည့်
ဖြင့် ကြည့်နေပါသည့် မျက်ဝန်းနက်တို့က ဖျတ်ခနဲ ပျောက်ကွယ်သွ
ခဲ့လေ၏။

မင်း ဘယ်သူပါလဲ မိန်းကလေးရယ်။

''ရေတွေကိုမမြင်ရဘဲ တောင်တန်းတွေ၊ သစ်ပင်တွေ
ချည်း မကြာခဏ မြင်နေရလို့ပါ ဘွားမေ''





''ဘာရယ်''

''ဟုတ်တယ်၊ အဲဒါ အခုမှ တွေ့ရတာမဟုတ်ပါဘူး။ ကျွန်
တော် ဆေးရုံကဆင်းခဲ့ပြီး သုံးလအကြာကတည်းက စမြင်ခဲ့ရတာ''

''မဖြစ်ဘူး . . . မဖြစ်ဘူး၊ ဒေါက်တာစိမ်းမောင်ကို အိမ်ခေါ်မှ
တော့မယ်''

''ကျွန်တော် အကောင်းကြီးပါ ဘွားမေရယ်၊ ဆရာဝန်ကို
င့်ပြီးကုသရတဲ့ဘဝလောက် မလိုအပ်ပါဘူး''

''လိုတာပေါ့ သားဖေး သားဆီမှာ တစ်ခုခုထူးခြားမှုရှိတိုင်း
ကိုအသိပေးဖို့ ဒေါက်တာက မှာထားတဲ့ဟာ''

''အဲလိုပဲ အိပ်မက်မက်ပြီး မြင်မိမြင်ရာမြင်တာမျိုးလည်း
ပိုင်ပါတယ် ဘွားမေရယ်။ သိပ်လည်း အစွဲကြီးမဟုတ်ရပါဘူး''

''အစွဲဖြစ်လာရင် ဘယ့်နှယ်လုပ်ရမလဲ သားရယ်။ ဘေး
ခန်းကျင်မှာ နို့ရှုဝမြင်နေရသမျှ ယောက်ျားလေးတွေချည်း ဖြစ်
ာတောင် မိန်းကလေးတစ်ယောက်ကိုမှ မြင်မယောင်နေတာ။
ာ! . . . အခုတစ်ခါ အပင်တွေ တောင်တွေကိုမြင်ပြန်ပြီတဲ့၊ အဲဒါ
ခြားတာပေါ့''

ဗျာပျာသလဲဖြစ်သွားပါသည့် အဘွားဖြစ်သူကြောင့် သူ
ာ်လေး စိတ်ရှုပ်သွားရပါသည်။ ဒါကြောင့် ရင်ဖွင့်ဖော်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိမဖြစ်လိုအပ်သည်ဟု သူပြောတာ မဟုတ်ပါလား။ တစ်နေ့တစ်
သူ ဘယ်လို ခံစားနေရတာ၊ သူ မည်သို့ဖြစ်ပျက်တွေးတောနေသမျှ
တစ်ခုစီတစ်ခုစီ ဖွင့်ပြောဝေမျှဖို့ ရွယ်တူဆိုသည့် သက်ရှိတွေကဖြ
အနီးအနားမှာ တစ်ဦးတစ်ယောက်မှ ရှိမနေတာပါလေ။

သူ့အတွက် ရည်ရွယ်ပြီး ဘွားမေ ခန့်ပေးထားပါသည့်
ဝန်ထမ်းတွေ၊ guard တွေကလည်း အလုပ်ကိစ္စမှလွဲ၍ မည်သို့သော
အပိုစကားကိုမျှ နှုတ်မှ မပြောရဲကြပါ။ လိုအပ်သည်ထက် ပို၍ပြော
လျှင်လည်း သူက ‘နားငြီးတယ်’ ဟု ဝိတ်အော်တတ်သဖြင့် ဘယ်သူမှ
လျှာရှည်ရဲပါ့မည်နည်း။

‘ဘုန်းမြတ်ဇေယျာမောင်’ က အဲဒီလို ခေါင်းမာပြီး ကိုယ့်
အတွက်ပဲ ကိုယ်ကြည့်လေ့ရှိသည့် အတ္တသမားသာ ဖြစ်နေလေ၏

“ကျွန်တော် အိမ်ကထွက်သွားတာ ဘယ်လောက်ကြာသွား
လဲ ဘွားမေ”

“ပြောပြီးပြီလေ၊ ငွေဆောင်မှာ တစ်လပဲကြာတယ်လို့”

ဒီတစ်ကြိမ်ထပ်မေးမိစဉ် ဘွားမေက သူနှင့် မျက်လုံးချင်း
မဆုံတဲ့ မျက်လွှာချကာ ထိုင်ခုံမှ ထရပ်လိုက်လေ၏။ ဘာသဘော
လဲ။ မနက်စာစားပြီးလို့ပဲ အခုလို အကြည့်ရှောင်လိုက်လေသလား
ဘွားမေက ဘယ်တော့မဆို စိတ်ထဲရှိတာကို လူမသိမမြင်စေ





ဖုံးကွယ်နိုင်သည့်လူပါ။ မြေးအဘွားတော်တာမှန်ပေမယ့် သူက ဖေဖေ
‘ဦးဘုန်းမြတ်’ နှင့် မတူဘဲ မေမေ ‘ဒေါ်မြလေးငုံ’ နှင့်မှ စိတ်ထား
တူခဲ့သည့် တစ်ဦးတည်းသောသားဖြစ်ခဲ့ရသူပါလေ။

“ဒီနေ့ရှိတဲ့ meeting တွေ၊ တွေ့ရမယ့်လူကြီးတွေစာရင်း
ကို cancel လုပ်ခဲ့ပြီး တတ်နိုင်သလောက် စောစောပြန်ခဲ့ပါ”

“ဒါဆို ဘွားမေကရော”

“ဘွားမေက ကိုယ့်အလုပ်ကို ဘယ်တုန်းက အကြွေးထားခဲ့
ဖူးလို့လဲ။ သားသာ ဒေါက်တာကို မစောင့်စေချင်ရင် စောစောပြန်ရမှာ
ပေါ့”

“ကျွန်တော် နောက်မှပြလည်း ဖြစ်ပါတယ် ဘွားမေရယ်”

“ကျန်းမာရေးကို first place မှာထားရမယ်လို့ ဘွားမေ
သားကို မပြောဘူးလား သားဇေယျာ။ ကိုယ့်ထက် အနှစ်နှစ်ဆယ်ငယ်
တဲ့ သားမှာ သွေးတိုးရောဂါ၊ နှလုံးရောဂါရှိနေတာကို မသိခဲ့ဘဲ
စီးပွားရေးလောကထဲ ဖွတ်ဝင်စေပြီး stress တွေတအားများစေခဲ့လို့
အသက်နှစ်ချောင်း စွန့်ခဲ့ရပြီးပြီသား။ နောက်ထပ် မျိုးဆက်အဖြစ်
ရှားရှားပါးပါး ကျန်ခဲ့ရတဲ့သားကိုတော့ အဲဒီလို အဖြစ်မခံပါရစေနဲ့”

“ဘွားရယ်”

“သေခြင်းတရားဆိုတာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက် ယောက်ျားကလေးအရွယ်မှာပဲ ရှိမှန်း သားလည်း သိမှာပါပဲ။ သားရဲ့ကျန်းမာရေးကို အားမရလို့ ဒေါက်တာစိမ်းမောင်ရဲ့ညီမလေးနဲ့ စိတ်ငြိမ်ဆယ့်ကိုးကို ရပ်ထားရတာပဲ ကြည့်တော့"

သူ မျက်နှာပူသွားရပါ၏။ 'ဒေါက်တာစိမ်းမောင်' ၏ ညီမလေးတဲ့။ သူထက် (၆) နှစ်ခန့် ငယ်လွန်းပါသည့် 'ဒေါက်တာဝါဝါလေး' နှင့် ဆုံခဲ့သည့်အကြိမ်က နှစ်ကြိမ်လား သုံးကြိမ်လား ဘယ်လောက်ရှိလဲပင် သူ မမှတ်မိပါ။ သဘောကောင်းပြီး နွေးထွေးသည့် မိန်းကလေးဟု အသိအမှတ်ပြုရုံ ခပ်ချောချောမိန်းမပျိုလေးတစ်ဦး မဟုတ်ပါလား။

"ဒေါက်တာဝါဝါလေးကို ကျွန်တော်မှ စိတ်မဝင်စားတာ"

"အခု စိတ်မဝင်စားလည်း အိမ်ထောင်ကျသွားရင် သူ့အလိုလို အခင်ပြေသွားမှာပေါ့ သားရေ။ စိတ်ကူးယဉ်တဲ့အရွယ်မှ မဟုတ်တော့တာပဲ"

"ဒါပေမဲ့ . . . သူက ငယ်ပါသေးတယ် ဘွားမေ"

ဘွားမေက ပါးစပ်သုတ်ရင်း တီးတိုးရယ်မောလိုက်လေ၏။ ဘာလဲ၊ သူပြောသည့် စကားထဲမှာ ရယ်စရာဆို၍ တစ်ခုမှ မပါတာလေ။ ဘွားမေ ဘာကိုများ သဘောကျပြီး ရယ်လိုက်တာပါလိမ့်။ ဘာမှနားမလည်သလို ငေးကြည့်နေသည့် သူ့ကို ဘွားမေက





လှမ်းကြည့်လိုက်လေသည်။

"အိမ်ထောင်ရေးမှာ အသက်ကြီးတာ ငယ်တာ ပဓာနမကျပါဘူး သားရေ။ နားလည်မှုတစ်ခုပဲ မရှိမဖြစ် လိုအပ်တာပါ"

"ဒါဖြင့် အချစ်ဆိုတာကိုရော ဘယ်နားသွားထားရမှာလဲ"

"ဟင်း ဟင်း . . . ပြောပါ့မယ် သားရဲ့။ အဲဒီအချစ်ဆိုတာ စိတ်ကူးယဉ်တတ်တဲ့လူတွေအတွက် စိတ်အပန်းဖြေစရာတစ်ခု သက်သက်ပါပဲ။ အထူးသဖြင့် မိန်းမတွေအတွက် အချစ်ဆိုတာ မလိုအပ်ဘူးကွယ့်"

"ဗျာ!"

"ဘဝလုံခြုံပြည့်စုံမှုအတွက် အာမခံချက်ကောင်းကောင်း တစ်ခုကလွဲပြီး ကျန်တာက ပါမွှားဖြစ်နေလို့ပဲ။ ကဲ! အလုပ်သွားကြစို့"

သူ ပါးစပ်အဟောင်းသားဖြစ်သွားရပါ၏။ အသက် (၇၀) ကျော်အရွယ် ဘွားမေ၏ ဒဿနက သူ့အဖို့ အံ့ဩခြင်းကိုသာ ဖြစ်စေပါလေ။ "အချစ်" မလိုအပ်ဘူးတဲ့လား။ ဒါဖြင့် သူ မက်လေ့ရှိသည့် အိပ်မက်ထဲမှ မိန်းကလေးကဖြင့် သူ့ကို ရွှန်းရွှန်းစားစားကြည့်ပြီး ချစ်တယ်" လို့ ပြောခဲ့တာကို ဘယ်လိုယူဆရပါ့မလဲ။ ခက်တော့ ညို့ 'ဘုန်းမြတ်ဇေယျာမောင်'။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

Taxi ပေါ်မှဆင်းကာ ကားခရှင်းပေးလိုက်ပါ၏။ မနက်ကတည်းက အုံ့မှိုင်းနေပါသည့် မိုးသားတွေကို ပလက်ဖောင်းပေါ်မှာ ရပ်ပြီး မော့၍ ကြည့်လိုက်မိပါသည်။ ရွာတော့ရွာမှာ အမှန်ပါပဲ။ စာပေတိုက်ကအပြန် ဈေးဝယ်ဖို့တောင် အချိန်ရှိပါတော့မလားဟု တွေးပူမိလေ၏။ လက်ထဲမှ plastic file အိတ်ကို ပိုက်ကာပူနေသည့် နေရောင်ကို ကာဖို့အတွက် ခေါက်ထီးပြာပြာလေးကို လက်တစ်ဖက်ဖြင့် ဖွင့်ပြီး ဆောင်းလိုက်ပါသည်။

ကားထွက်ရန်ခက်သည့်လမ်းကြားထဲမို့ လမ်းထိပ်မှာပင် Taxi ကို ရပ်နိုင်းကာ လမ်းထဲသို့ ခပ်မှန်မှန် လျှောက်ဝင်ခဲ့ပါ၏။ ရေချေ





ရှိနေတုန်းမို့ ချော်မလဲစေရန် လမ်းကို ငုံ့ကြည့်ပြီး လျှောက်ခဲ့ရသလို စာပေတိုက်အမည်ကို ရှာဖို့အတွက်လည်း တစ်ချက်တစ်ခါ မော့ကြည့်ရပြန်လေသည်။ ဆိုင်းဘုတ်ချိတ်ထားတာကို မြင်လေမှ ထီးကိုပိတ်လိုက်ပြီး လှေကားထစ်တို့ကို နင်းတက်ခဲ့ပါ၏။

"ဒေါက်! ဒေါက်!"

တံခါးကို ခေါက်သံသဲ့သဲ့မျှ ပေးလိုက်ပါ၏။ နေ့လယ် ထမင်းစားချိန်မို့ ထုတ်ဝေသူရှိပုံမလားဟု စိတ်ထဲ ထင့်သွားပါသည်။ လူကြီးတွေက အပြင်မှာပဲ စားတတ်ကြတာ မဟုတ်ပါလား။ ဝန်ထမ်းတွေကတော့ ရုံးထဲမှာပဲ စားကြတာမို့ တစ်ယောက်ယောက်တော့ ရှိတန်ကောင်းပါရဲ့။ မည်သူမှ တံခါးလာမဖွင့်သဖြင့် တံခါးကို ထပ်၍ခေါက်လိုက်ပါ၏။

"ဒေါက်! ဒေါက်!"

"ဂျောက်!"

ဒီတစ်ခါတော့ တံခါးက ပွင့်သွားပါ၏။ ခပ်ငယ်ငယ် ကောင်လေးက သူမကိုငေးကြည့်နေလေသည်။ ရှေ့ကို တကြည့်မျက်မှန် တပ်မထားမိလို့ မမှတ်မိဘူးထင်ပါရဲ့။ ဒီမှာက စာရေးမလေးတွေ ကြောခဏလေးနှင့် ပြောင်းတတ်ကြတာမို့ သူမကို မသိတာလည်း ဖြစ်နိုင်ပါ၏။ မျက်နှာထက်မှာ အပြုံးကို အနည်းငယ်မျှ ထင်ဟပ်စေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ပြီးဖို့အတွက်ပင် ခွန်အားက နည်းပါးနေတာ မဟုတ်ပါလား။

"ဆရာရှိပါသလား သမီး"

"ဆရာ . . . ဪ . . . ဦးရှိပါတယ် မမ။ အခုလေးတင် ပြန်ရောက်တာပါ"

"ဘယ်သူလဲ ပြီး"

"မမတစ်ယောက်ပါ"

"အထဲဝင်ခိုင်းလိုက်လေ"

"ဟုတ်သားပဲ၊ ဝင်ပါ မမ"

တိုက်ခန်းထဲ ဝင်လိုက်ပါ၏။ စာအုပ်တွေ တစ်ပြုံကြီး စီပုံထားတာမို့ မတိုက်မိစေရန် သတိထား၍ ရှောင်ပြီး လျှောက်ခဲ့ရလေသည်။ စောစောက လှမ်းမေးလိုက်သည့် မိန်းကလေးက စားပွဲခုံနောက်ရှိ ထိုင်ခုံမှာ phone ပြောရင်း စာရင်းစာအုပ်နှင့် အလုပ်ရှုပ်နေပါ၏။ သူမကို ဖျတ်ခနဲ မော့ကြည့်လိုက်သည့် မိန်းကလေးက ရုတ်တရက် ဆတ်ခနဲ ထရပ်လိုက်လေသည်။

"ဟယ် . . . မမ လာတယ်"

"အင်း"

"ဦးက ပြောတော့ပြောတယ်။ ဒီလောက်မြန်မြန်ကြီး ရောက်လာမယ်လို့ မထင်ထားဘူး။ မမဝတ္ထုတွေ သမီးတို့ အရမ်းကြိုက်တယ်။ ဇာတ်လမ်းလေးတွေကို တစ်အုပ်မှမထပ်ဘူး သီလား။ ဝတ္ထုထွက်ရင် စာအုပ်ကြကုန်မှာစိုးပြီး ဦးက ပေးမဖတ်ဘူး မမရဲ့။ သမီးတို့က သိမ်းရတဲ့ မမရဲ့လက်ရေးစာမူကို မူရင်းအတိုင်း ဖတ်ရတာ"

လူကိုမြင်သည်နှင့် တရစပ်ပြောနေပါသည့် ကောင်မလေးကြောင့် ပြုံးလိုက်မိပါသည်။ ညှော်သည်ကို ညှော်ခံဖို့စိတ်မရှိပါဘဲ ပြောချင်ရာကိုသာ ပြောနေတာမဟုတ်ပါလား။ ရုံးခန်းတံခါးက ဖျတ်ခနဲ ပွင့်သွားသလို ထုတ်ဝေသူက သူမကိုမြင်သွားလေ၏။ ခုံမှာ ဝင်မထိုင်ဘဲ မတ်တတ်ရပ်နေတာမို့ သူမကို ထင်းခနဲမြင်သာနေတာ မဟုတ်လား။

"ထင်တယ်၊ သစ်သစ်တို့ လေများနေပြီဆိုတာကို"

"မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါ ဆရာမ။ ရုံးခန်းထဲကို ဝင်ခဲ့ပါ။ သစ်သစ် တိုက်ထံဆိပ်စာရွက်နဲ့ ဝယ်ခိုင်းထားတဲ့ စာချုပ်ပါ ယူလာ"

"ဟုတ် . . . ဟုတ်! . . . ဦး"

ထုတ်ဝေသူခေါ်လိုက်သဖြင့် ရုံးခန်းထဲသို့ လိုက်ဝင်ခဲ့ရပါ၏။ Aircon လွှတ်ထားသဖြင့် ရုံးခန်းက အေးစိမ့်စိမ့်လေးဖြစ်နေလေသည်။ စားပွဲခုံရှေ့ရှိခုံမှာ ဝင်ထိုင်ကာ file ထဲမှာထည့်ယူလာပါသည့်




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စာမူကို zip ဖွင့်၍ ထုတ်လိုက်ပြီး တရိုတသေ ကမ်းပေးလိုက်ပါ၏။

"ဆရာမကို အားနာလိုက်တာ။ ကလေးတွေက အဲဒီလိုပဲ"

"ရပါတယ် ဆရာရယ်"

"ဒါနဲ့ဆို (၂၅) အုပ်နော်"

"ဟုတ်ပါတယ် ဆရာ"

"ဒါဖြင့် နောက်ငါးအုပ်ကနေစပြီး စာမူခတိုးပေးပါ့မယ်။ စာချုပ်အသစ်မှာ တစ်ခါတည်း ရေးဖြည့်လိုက်ပါ။ ပြီးတော့ (၁၀) အုပ်စာတစ်ခါတည်း ကြိုတင်ငွေပေးပါ့မယ်"

"ရှင်!"

"ဘာဖြစ်လို့လဲ ဆရာမ"

"ကြိုတင်ငွေဆိုလို့ပါ"

"ဟုတ်ပါတယ် ... နယ်ကနေ တကူးတကအမြဲလာရလို့ အခုလိုစီစဉ်ပေးလိုက်တာပါ ဆရာမ"

သူမ အံ့ဩနေရတာပါ။ စာပေစာမူခတွေကို တစ်ကြိမ်တစ်ခါမှ မသုံးဖြစ်ပါဘဲ ဘဏ်စာအုပ်နှင့် စုခဲ့တာက နှစ်နှစ်ပြည့်တော့မှာလေ။ ကိုယ်ပိုင်စီးပွားရေးနှင့် ရှာနေတာမို့ ငွေကြေးညစ္စာတွေကို အနက်တီငယ်နှင့်အတူတူ ချွေတာသုံးခဲ့တာ မဟုတ်ပါလား။ ငွေလွှဲသည့်ကိစ္စကြောင့် အခက်အခဲဖြစ်နေတာများလား။ သို့တည်းမဟုတ် သူမအတွက် ငွေလို





အစ်မည်ဟု ထင်နေလို့ပဲ ယခုလို စီစဉ်ပေးတာလည်း ဖြစ်နိုင်ပါ၏။

"ဆရာမ သဘောမကျလို့လား"

"ဟုတ်ကဲ့"

"ဟောဗျာ ... ဘာဖြစ်လို့လဲ"

"ဝန်ထုပ်ဝန်ပိုးဖြစ်နေမလားလို့ပါ ဆရာ။ ကျွန်မက တခြားစီးပွားရေးလည်းလုပ်နေတဲ့သူမို့ တစ်လကိုတစ်အုပ် (ဒါမှမဟုတ်) နှစ်လကို သုံးအုပ်လောက်ပဲ ပုံမှန်ရေးဖြစ်နေလို့ပါ။ အဲဒီလို ကြိုတင်ငွေ ယူလိုက်ပြီး မရေးနိုင်ရင်"

"ဖြစ်ရလေ ဆရာမရယ်၊ အဲဒါကို ခေါင်းထဲထည့်ထားစရာ မလိုပါဘူး"

"ကျွန်းမာရေးကြောင့် စာမူရေးတာ နှောင့်နှေးတာမျိုးလည်း ဖြစ်နိုင်တာမို့ပါ ဆရာ။ ကျေးဇူးပြု၍ တစ်အုပ်စီပဲ ပေးစေချင်ပါတယ်။ ငွေလွှဲဖို့ခက်နေရင်လည်း ကျွန်မကို လစဉ်မပို့ပါနဲ့။ သုံးလတစ်ခါ (ဒါမှမဟုတ်) ခြောက်လတစ်ကြိမ်ပေးလည်း အဆင်ပြေပါတယ်"

"ကောင်းပါပြီဗျာ ... ဆရာမ သဘောအတိုင်းပါပဲ၊ ဒါပေမဲ့ စာချုပ်အသစ်တော့ ထပ်ချုပ်သွားစေချင်ပါတယ်"

"ဟုတ်ကဲ့"

"ဒါက အခုရေးပြီးတဲ့ စာမူခချီးမြှင့်ငွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ရှင်"

စာချုပ်ထက်မှာ နံပါတ်စဉ်တပ်ပြီး စည်းကမ်းချက်တွေကို စီရေးလိုက်ရပါ၏။ ဒါက ထုံးစံပဲပို့ ဟိုယခင်စာချုပ်အတိုင်း သူမ ရေးရတာပါ။ နောက်ထပ်စာမူအုပ်ရေကို ထည့်ရေးကာ သဘောတူ ကြောင်း လက်မှတ်နှင့်နေ့စွဲကိုပါ ဖြည့်ရေးလိုက်ပါသည်။ ထုတ်ဝေသူ ကပါ စာချုပ်ထက် လက်မှတ်ထိုးလေ၏။ အမှန်က စာချုပ်နှစ်စောင် ရေးပြီး သူမပါ တစ်စောင်ယူထားရမှာပါ။

အလုပ်ရှုပ်ရသလို အဝေးထိ သယ်ရမှာမို့ ထုတ်ဝေသူသာ စာချုပ်ကို သိမ်းဆည်းပေးထားလေ၏။ သူမကိုတော့ တိုက်တံဆိပ် စာရွက်ပေါ်မှာသာ စာချုပ်ချုပ်သည့်အကြောင်းအရာနှင့်အတူ စာမူခငွေ ရရှိကြောင်း (ရှင်းပြီးကြောင်း) လက်မှတ်ရေးထိုးစေပြီး တံဆိပ်ဖြင့် ထည့်ပေးလိုက်လေသည်။ Coffee mix ဖျော်၍ လာချပေးတာနှင့် ပြန်ရန်ခက်သွားပါ၏။

"သောက်ပါနော် မမ"

"ဪ ... သုံးဆောင်ပါလို့မပြောဘူး။ ဆရာမကို မလေး မစားနဲ့ တကယ်ပါပဲ"

"ရပါတယ် ဆရာရယ်"

"ဘယ်တော့လောက် ဟိုကိုပြန်ဖြစ်မလဲ"





"ဟုတ်ကဲ့ ... နည်းနည်းတော့ကြာဦးမှာပါ။ လုပ်စရာကိစ္စ လေးတွေ ရှိသေးလို့ပါ ဆရာ"

"ဒါဖြင့် ငွေလိုတာနဲ့ phone ဆက်လိုက်ပါ ဆရာမ။ ကျွန်တော်ပြောရမှာ အားနာရင်လည်း သစ်သစ်ဦးဆီ ပြောထားလို့ရပါ တယ်။ အဆင်ပြေအောင် ဆောင်ရွက်ပေးမှာမို့ပါ"

"ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ ဆရာမ၊ သမီးတို့ရေ ဆရာမကိုပေးဖို့ ထားယူထုပ်ထားတဲ့ စာအုပ်ထုပ်ကို ယူပြီး လိုက်ပို့လိုက်ဦး"

"ဟုတ်ကဲ့ပါ ဦး"

"နေပါစေ ဆရာ"

"ရပါတယ် မမရဲ့၊ သမီးတို့ပဲ Taxi ခေါ်ပေးပါ့မယ်၊ ခဏ လေးနော်"

စာအုပ်တိုက်ဝန်ထမ်း ကောင်မလေးနှစ်ယောက်က ကျွတ် ကွတ်အိတ်ဖြင့် ထုပ်ထားပါသည့် သူမ၏စာအုပ်ကို ယူလာပြီး အောက် ထပ်သို့ အတူတူ ဆင်းခဲ့ကြလေ၏။ အသိ Taxi ကို phone ဖြင့် လှမ်းဆက်ပြီး ခေါ်နေသဖြင့် ခဏတာလေးသာ စောင့်ရပါသည်။ လှည်းထုပ်ပါနေပြီမို့ တခြားနေရာကိုသွားမည့် plan ကို ဖျက်ရလေပြီ။

"ကျေးဇူးပဲ သမီးတို့ရေ ... သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ဦးကို လက်ပြကာ taxi ကားထဲ ထိုင်လိုက်ပါ
မိုးက ခပ်ဖွဲဖွဲ ရွာနေပြီမို့ စာအုပ်ဆိုင်ဝင်ဖို့အတွက် မဖြစ်တော့ပါ
Taxi မောင်းသည့်လူကို 'မေချို' တို့နေသည့် အိမ်ရာဝင်းလိပ်စာ
သာ ပြောလိုက်ရလေသည်။ 'ချို' ကတော့ သူမစာအုပ်တွေ ရလာတ
မို့ ပျော်မှာအမှန်ပါ။ ကိုယ်ရေးသည့်စာအုပ်ကို ပြန်မဖတ်ဖြစ်သည
သူမအတွက် ဝမ်းစာဖြစ်ပုံသုတကရှာပြီး ဖတ်နေရတာ မဟုတ်ပါလာ

အချစ်ချိုချိုလေးတွေ ရေးပါတဲ့။ ရင်ထဲသိမ်းဆည်းထား
သည့် ချစ်ခြင်းတို့က ချိုမြိန်တာမှန်ပေမယ့် အလွမ်းတွေဖြင့် ဖုံးလွှမ်း
တော့ ခက်သားလား။ စကားလုံးနုနုရွရွလေးတွေဖြင့် လှလှပပလေ
စီခြယ်ချင်တာပေါ့။ သို့သော် အချစ်သင်ခန်းစာကို 'မောင်' က
သေချာမသင်ပေးခဲ့တာလေ။

ခြောက်သွေ့တဲ့ရာသီကို နှစ်သက်တာ၊ လေနွေးနွေးလေ
တိုက်ခတ်တာကို နှစ်ခြိုက်တာ၊ အမည်နှင့်လိုက်ဖက်လွန်းပါသည
အကြည့်နွေးနွေးလေးကိုမှ စွဲလမ်းမြတ်နိုးခဲ့ရတာတဲ့လား။ ဒီစကာ
တွေကို ပြောခဲ့ပါသည့် ကာယကံရှင်ကဖြင့် အနားမှာမရှိတော့ပြီ

တကယ်ဆို စာအုပ်တွေကို သဘောကျတာ၊ စာဖတ်ခြင်း
နှစ်သက်ခုံမင်တာတို့က သူမနှင့်တူခဲ့ရပါသည့် ဝါသနာအရင်းခံ
မဟုတ်ပါလား။ အဲဒီစိတ် အဲဒီအကြည့်တို့ဖြင့် သူဖတ်နေသည့် စာ





အဖုံးကို စိတ်ဝင်တစား ငုံ့ကြည့်မိရာက အကြည့်ချင်းဆုံခဲ့ရတာလေ။

"အဲဒီမျက်ဝန်းနက်နက်လေးကို စမြင်ရကတည်းက စွဲလမ်း
သွားရတာပါ"

'မောင်' ပြောခဲ့သည့်စကားသံလေးကို ပြန်ကြားယောင်မိရင်း
ယဲ့ယဲ့မျှ ပြုံးလိုက်မိပါ၏။ 'စံ' ၏မျက်လုံးမျက်ဆံနက်နက်လေးကို
သူငယ်ချင်းတွေကအစ ချီးမွမ်းပြောဆိုခဲ့သော်ငြား ဒီလောက်ထိ စိတ်
ထဲ မထူးခြားခဲ့ပါ။ ချစ်သော 'မောင်' ၏ အကြင်နာစကားတို့ကြောင့်
သာ နှလုံးသားက အရည်ပျော်ကျသွားခဲ့ရတာပါလေ။

'မောင်' ရယ်။

ဘယ်ဆီကို ထွက်ပြေးပုန်းရှောင်နေခဲ့တာပါလဲ။ မိဘတွေ
မရှိတော့တဲ့ တစ်ကောင်ကြွက် တစ်မျက်နှာ လူငယ်လေးပါ။ ဝါသနာ
ပါသော ရွေးချယ်ပြီး ဘာစီးပွားရေးကိုမှ စိတ်မဝင်စားဘူးဆိုသည့်
လေလွင့်ချင်နေပါသည့်) လူငယ်လေးကို အချစ်စံအိမ်လေးဖြင့် တည်
ဆောက်ကာကွယ်ပေးခဲ့မိတာလေ။

'နွေရိပ်စံ' ကို ရူးနှမ်းသည်ဟု ပတ်ဝန်းကျင်က ကဲ့ရဲ့ရှုံ့ချကြ
န်း သိသိကြီး ဖြစ်ပါလျက် မျက်စိစုံမှိတ် နားကိုပိတ်ရင်း အချစ်နွံထဲ
မြုပ်ခဲ့ရသည် မဟုတ်ပါလား။ ဘဝအာမခံချက်မရှိသည့် လူကို
တယ်ဆိုပြီး 'ကျော်' တောင် သူမကို စိတ်ဆိုးသွားခဲ့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ထိ မရေရာတဲ့လမ်းကိုမှ 'နွေရိပ်စံ' လျှောက်ဖြစ်ခဲ့တာပါ။ ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်ဘဲ ဘဝတစ်ခုကို ထူထောင်ဖြစ်ခဲ့ခြင်းက 'သတ္တိ' မဟုတ်ပါဘဲ "ရူးမိုက်ခြင်း" တဲ့လေ။ မှန်ပါတယ်။ ချစ်ခြင်းကြောင့် 'စံ' ရူးမိုက်ခဲ့ရတာပါ။ သို့သော် နောင်တရမည်ဟု မထင်လိုက်ပါနှင့်။

'မောင့်' ကို ချစ်မိခြင်းကြောင့် အပြစ်ရှိသည်ဟု ယူဆချင်ကြလည်း ခံနိုင်ရည်ရှိပါ၏။ အချစ်ပျောက်ရှာတဲ့ ငှက်ကလေးလို လွတ်လပ်စွာ ပျံသန်းချင်စိတ်ကို ချိုးနှိမ်ထားခဲ့ရတာလေ။ အများအမြင်မှာ အထင်အမြင်သေးခဲ့ကြလို့ 'ကျော့်' မိဘတွေကအစ အိမ်ပေါ်ထိ ရောက်လာပြီး ထိပါးစော်ကားခဲ့ကြတာ မဟုတ်ပါလား။ သူငယ်ချင်း သံယောဇဉ်ဆိုတာ ဖြတ်ရခက်တာ မှန်ပေမယ့် ဒီကိစ္စကြောင့်သာ တိခနဲ ပြတ်တောက်ခဲ့ရတာပါလေ။

'မောင်'၊ 'မောင်' မရှိတဲ့လောကကြီးမှာ 'စံ' မနေပျော်တော့တာ ကြာပါပြီ။ နွေးထွေးတဲ့အပြုံးပိုင်ရှင်လေးကို တစ်ယောက်တည်း နေဖြစ်အောင် အဘယ်ကြောင့် ထားရစ်ခဲ့ရပါသနည်း။ တကယ်ဆို မချိနိုင်တော့လို့သာ ပြောခဲ့ရင် အဲဒီရက်မှာပဲ 'နွေရိပ်စံ' ဆိုတာ သေခဲ့မှာ မဟုတ်ပါလား။

"ကျွီ!"





"အမေ့!"

"ဒီကားကလည်း လမ်းဒီလောက်ကြပ်နေတာကို စွတ်ဝင်လာတယ်"

မီးပွိုင့်မှို ကားတွေ စီတန်းရပ်ထားလေ၏။ Taxi ဘေးယှဉ်ရပ်လိုက်ပါသည့် မာစီးဒီးကားသစ်ကြီးကို ဖျတ်ခနဲ ငဲ့ကြည့်လိုက်မိပါသည်။ ဇိမ်ခံကားသစ်ကြီးစီးလာသည့်ဘဝနှင့် သူမတို့ဘဝကဖြင့် ခြားနားလွန်းတာပါလေ။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကားပေါ်မှဆင်းကာ တိုက်ကြီးထဲဝင်လိုက်သည်နှင့် ဧည့်ခန်းထဲမှာရှိနေပါသည့် ဘွားမေနှင့် 'ဒေါက်တာစိမ်းမောင်' ကို တွေ့လိုက်ရပါသည်။ စောစောပြန်လာဆို၍ စောစောရောက်လာရတာပါ။ စကားပြောနေရင်းမှ ဒေါက်တာက သူ့ကို လက်ပြနှုတ်ဆက်လိုက်လေ၏

"Good evening ကိုဖေယျာ"

"ဟုတ်ကဲ့"

"ရေမိုးချိုးပြီး ဆင်းလာခဲ့လေ။ ညနေစာအရင်စားရအောင်"

"ဒေါက်တာ အချိန်ရရဲ့လား"

"ရပါတယ် ကိုဖေယျာ၊ ဒီအိမ်ကိုလာမှတော့ အချိန်ရှိ





ဖြစ်မှာပေါ့။ ဖြည်းဖြည်းသာလုပ်ပါ"

သူက လှေကားထစ်မှ အိမ်ပေါ်ထပ်သို့ ဆက်တက်ခဲ့ရပါ၏။ ခန္ဓာကိုယ်ကျန်းမာရေးကို စစ်ဆေးမှာမဟုတ်ဘဲ စိတ်ကျန်းမာရေးကိုသာ စစ်ဆေးပေးမှာမို့ ခေါင်းကြည်လင်နေမှ ဖြစ်မှာပါ။ ရေချိုးခန်းထဲဝင်ကာ ရေနွေးနှင့်ရေအေးပိုက်ကို ဖွင့်၍ ခပ်နွေးနွေးရေဖြင့် ရေပန်းအောက်မှာ ရေချိုးလိုက်ပါ၏။ Shampoo ဖြင့် ခေါင်းကိုပါ တစ်ခါတည်း လျှော်တာမို့ ဘွားမေသိလျှင် ဆူဦးမှာအသေအချာပါ။

မိုးနည်းနည်းအေးနေပေမယ့် ခပ်ပွပွ T-shirt လက်တိုကိုသာ ဝတ်လိုက်ပါ၏။ အိမ်နေရင်းမို့ ချည်ပုဆိုးကိုသာ ရွေးဝတ်လိုက်ပါသည်။ အိပ်မက်တွေနဲ့ အတွေးပုံရိပ်တွေကို ဖွင့်ပြောရတော့မှာပါလား။ မျိုသိပ်ပြီး ဖွင့်မပြောချင်ပေမယ့် ရောဂါက ပိုဆိုးလာမှာမို့ ဆရာဝန်ကိုတော့ လိမ်ညာလို့မရပါလေ။

မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် တစ်ချက်ကြည့်လိုက်ပြီး စိတ်တိုင်းကျမှသာ အခန်းထဲမှ ထွက်ခဲ့ပါ၏။ လှေကားထစ်တွေကို နင်း၍ဆင်းခဲ့စဉ် ဧည့်ခန်းမှာ ဘွားမေတို့ ရှိမနေတော့ပါလေ။ ထမင်းစားခန်းထဲကို ရောက်နေပြီ ထင်ပါရဲ့။ သူက အလယ်ခန်းမှဖြတ်ကာ ထမင်းစားခန်းထဲသို့ ဝင်ရန် လျှောက်လိုက်ပါ၏။

"အဲဒါဆို လွန်ခဲ့တဲ့ (၆) လက အဖြစ်အပျက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မြင်ယောင်လာတာမျိုးပေါ့လေ။ အဲဒါ ကောင်းသောအိပ်မက်ပါ

ဘွားဘွားရဲ့"

"ကောင်းသောအိပ်မက်တဲ့လား ဒေါက်တာ။ အဲဒီခြောက်ထ

တာကို မှတ်ဉာဏ်က လုံးဝမမှတ်မိခဲ့တာကြာပြီကော။ အဲဒီလမ်းခရီး

ကြမ်းကြောင့် အသက်ကို မနည်းကြီးကယ်တင်ထားရတာကို သိရဲ့သား

နဲ့။ ပေါ့ပေါ့လေး ပြောရတယ်လို့"

"ဘာပဲဖြစ်ဖြစ် သူ လုံးဝမမှတ်မိခဲ့တဲ့အတိတ်ကို ကျွန်တော်

ကတော့ ပြန်မှတ်မိစေချင်ပါတယ် ဘွားဘွားရယ်။ ဒီလိုမှမဟုတ်ရင်

ဒီခေါင်းကိုက်တတ်တဲ့ရောဂါ၊ ခေါင်းမူးတတ်တဲ့အကျင့်က တစ်သက်

လုံး ပျောက်တော့မှာမဟုတ်ဘူးလေ"

"ဘွားကတော့ ပြန်အမှတ်မရစေချင်တာအမှန်ပဲ ဒေါက်တာ

မြေးနဲ့စကားများခဲ့တဲ့ အတိတ်ကို တစ်သက်လုံးမေ့ထားလိုက်ချင်တာ

ပါ။ ဘွားမြေး ဘွားကိုမုန်းမှာကို ဒီတစ်သက်မှာအကြောက်ဆုံးဆိုတာ

ဒေါက်တာသိမှာပါ"

ဘုရားရေ! အတိတ်ကမေ့ထားခဲ့တဲ့ (၆) လတာတဲ့လား [illegible]

Accident ဖြစ်ခဲ့တဲ့ကာလကို လပိုင်းလေးလောက်ခန့်သာ ရှိသည်ဟု

ထင်ခဲ့တာက မှားနေချေပြီ။ ဒါဖြင့် ဘွားမေပြောခဲ့ပါသည့် ငွေခေါင်

ခရီးစဉ်က အမှားပဲပေါ့လေ။ ဒါကြောင့် ရေလှိုင်းတွေကို သူတစ်ကြိမ်





တစ်ခါမှ မတွေးတတ်ခဲ့တာ ဖြစ်မှာပါ။

ဘွားမေနှင့် စကားများခဲ့ရသည့်ကာလတဲ့လား။ ဒါဖြင့် အဲဒီ

အချိန်မှာ သူ ဘယ်ကိုရောက်ပြီး ဘာတွေဖြစ်ခဲ့ရပါသလဲ။ လုံးလုံး

လျားလျား မမှတ်မိအောင် သူဦးနှောက်က မေ့မှ မေ့တတ်ရတယ်လို့။

ဘဝအတွက် အရေးကြီးသည့် အချိန်အတိုင်းအတာများလား။ ဒါဆို

သူ မကြာခဏ မြင်ယောင်နေတတ်ပါသည့် မိန်းမချောလေးကရော

အဘယ်သို့သောကဏ္ဍမှာ ပါဝင်နေပါသလဲ။ ဦးနှောက်ခြောက်ရပြန်ပြီ

ကော 'ဘုန်းမြတ်ဇေယျာမောင်'။

"ဟော! သားဇေ ရောက်လာပြီ။ စားကြစို့။ သုံးဆောင်ပါ

ဒေါက်တာ၊ တကူးတက ချက်ကျွေးတာမဟုတ်လို့ အားနာပါတယ်"

"ရပါတယ် ဘွားဘွားရယ်၊ အခုပဲ ဟင်းက မျိုးစုံနေပါပြီ"

"ဘယ်လိုလဲ သားဇေ"

"ဗျာ"

"မနက်ကနဲ့ အခု ဘယ်လိုနေလဲလို့ မေးတာလေ"

"ဒီလိုပါပဲ"

"တွေ့လား ဒေါက်တာ။ သူ့ကိုမေးလိုက်ရင် အဲဒီလို

စေ့လည် ကြောင်ပတ်နဲ့ အမြဲတမ်းပဲ"

အပြစ်ဖို့ပြန်ချေပြီ။ ကွယ်ရာမှာပြောတာကဖြင့် ဘွားမေနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ စကားများပြီး အိမ်ကနေ ပျောက်သွားတာဆို။ အတိတ်မေ့နေသည့်လူနာကို ဒီလိုမျိုး ဖုံးကွယ်ထားချင်မှတော့ သူလည်း ဘာကိုမှ ပွင့်ပွင့်လင်းလင်း ပြောစရာမှ မလိုတော့တာလေ။ "လောကမှာ လျှို့ဝှက်သင့်သည့်ကိစ္စကို မည်သူ့ကိုမှ မပြောသင့်ပါ" ဆိုသည့် စကားပုံက လုံးဝ မှန်နေပါရောလား။

သူ့ကို ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် ဘွားမေ၏ကျေးဇူးက ဒီဘဝမှာ ဘယ်လိုမှ မကြေနိုင်မှန်းသိခဲ့ပေမယ့် ဘယ်လိုကိစ္စကြောင့်များ မြေးအဘွားနှင့် စကားများခဲ့ရတာပါလိမ့်။ ဘာကြောင့်များ သူ စိတ်ဆိုးခဲ့ရတာများလဲ။ ဘွားမေကို မုန်းမှာစိုးလို့တဲ့လေ။ မိဘတွေ ကိုယ်စား စောင့်ရှောက်ခဲ့သည့် ဘွားမေကို သူက မုန်းဖို့ကိစ္စမှ မရှိတာ မဟုတ်ပါလား။

"ဒေါက်တာဝါဝါလေးကို အချိန်အားရင် လာပါဦးလို့ ပြောပေးပါ ဒေါက်တာ။ ဘွားမေတို့ ဖိတ်ခေါ်ပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ၊ ပြောလိုက်ပါ့မယ် ဘွားဘွား။ ဘွားဘွားတို့ မြေးအဘွားသာ အချိန်ရဖို့လိုတာပါ"

"ကွယ် ... ဒေါက်တာ့ညီမသာလာရင် ကြိုပြောလိုက်ပါ။ ဘွားမေတို့ အချိန်ပေးနိုင်ရမှာပေါ့၊ မဟုတ်ဘူးလား သားဖေ"

တယ်ဟုတ်နေပါလား။ ပေးသူနဲ့ယူသူ အပေးအယူကို





မှုနေသည့်နှယ်ပါ။ 'ဒေါက်တာဝါဝါလေး' နှင့် ယူစေချင်နေတာကို သိပေမယ့် သူ့ရင်ဘတ်ထဲမှ နှလုံးသားကဖြင့် အဲဒီဒေါက်တာမလေးကို တစ်ကြိမ်တစ်ခါမှ ရင်မခုန်ခဲ့တာအမှန်ပါလေ။ အချစ်ဆိုသည့် အရာက မိန်းမတွေအတွက် အရေးမကြီးပေမယ့် ယောက်ျားဖြစ်သည့် သူ့အတွက်ကဖြင့် အရေးအကြီးဆုံးဆိုတာကို ဘွားမေ သိပါ့မလားလေ။

"ဟုတ်ကဲ့ပါ ဘွားမေ"

"လိမ္မာလိုက်တာ သားဖေရယ်။ ဒါကြောင့် ငါ့မြေးကို ဘွားမြေ့ရဲ့သားထက် ပိုချစ်ခဲ့တာအမှန်ပဲ"

လျှာရှုပ်လေးနဲ့ပဲ ချစ်တာလား ဘွားမေရယ်။ ငယ်စဉ်က မေမေ 'ဒေါ်မြလေးငုံ' နှင့် ဖေဖေ 'ဦးဘုန်းမြတ်' ကို သဘောမတူခဲ့တာကို သူသိခဲ့ရတာကို ရေးရေးလေးမျှ မှတ်မိနေပါ၏။ မြေးလေးရှိမှသာ အိမ်ပေါ်ခေါ်ခဲ့သလို အဲဒီတုန်းက သူ့အသက် (၅) နှစ်ကျော်နီးနားလည်ကာစအရွယ်ပင် မဟုတ်ပါလား။ အခုလည်း 'သား အချစ်မြေးအနှစ်' ပုံစံမျိုးဖြင့် သူ့စိမ်းရှေ့မှာ ဟန်ဆောင်သည့်နှယ် ပြောနေပြန်ချေပြီ။

"ကျွန်တော် စားလို့ဝပါပြီ ဘွားမေ"

"နည်းလိုက်တာ"

www.burmeseclassic.com



"ရင်ထဲပြည့်နေသလို ဖြစ်နေလို့ပါ။ ဒေါက်တာ့ကို အိပ်ခန်းထဲမှာပဲ စောင့်လို့ရမလား"

"ရပါတယ် ကိုဖေယျာမောင်။ နားနားနေနေသာနေပါ။ ကျွန်တော်လိုက်တက်လာပါ့မယ်"

"ကျေးဇူးပါ ဒေါက်တာ"

ဘွားမေနှင့်တိုင်ပင်ဦးမည် ထင်ပါရဲ့။ သူ၏မှတ်ဉာဏ်လမ်းမကို ပိတ်ကာထားသည့် ရန်သူတွေက အနီးဆုံးမှာရှိနေပါရောလား။ ကူကယ်မဲ့သည့် သနားစရာလူသားအဖြစ် ကိုယ့်ကိုယ်ကိုယ် တွေးမိရင်း အားငယ်လာရသည့် နှယ်ပါလေ။ အိပ်မက်နှင့်အတွေးပုံရိပ်မှ မိန်းမချောလေးကို မြင်တိုင်း ရင်ထဲမှ တဒိတ်ဒိတ် အခုန်မြန်လာသည့် နှလုံးသားကို အံ့သြတကြီး ဖြစ်နေသည့်ကိစ္စအတွက် မည်သူနှင့်များ တိုင်ပင်ရမှာပါလိမ့်။

"ဒေါက်! ဒေါက်!"

သူ့အခန်းတံခါးကို လာခေါက်နေပြီမို့ Doorlock ကိုလှည့်ပြီး တံခါးဖွင့်ပေးလိုက်ပါ၏။ ဒေါက်တာစိမ်းမောင်က တည်ငြိမ်စွာဖြင့် အခန်းတွင်းသို့ ဝင်လာလေသည်။ ပြတင်းပေါက်အနီး သီးသန့်တာရှိပါသည့် စားပွဲဝိုင်းနှင့် ဆိုဖာခုံတွေရှိရာဆီသို့ နှစ်ဦးသား လျှောက်လိုက်ပါ၏။ ခုံမှာဝင်ထိုင်ချိန်အထိ ဘာစကားကိုမှ မပြောဖြစ်သေးပါချေ။





"အဟမ်း!"

ဒေါက်တာက ချောင်းဟန့်သံပေးလိုက်ပြီး စကားစပြောရန်ဟန်ပြင်လိုက်စဉ် တံခါးခေါက်သံသဲ့သဲ့နှင့်အတူ အလုပ်သမား ကောင်လေးက သူ့အခန်းထဲ ဝင်လာလေ၏။ စားပွဲထက်မှာ ရေနွေးကရားနှင့် ကြွေခွက်နှစ်ခုပါသည့် လင်ဗန်းလေးကိုထားခဲ့ပြီးမှ ပြန်ထွက်သွားပါသည်။

"ခေါင်းထဲ ဘယ်လိုနေလဲ ကိုဖေယျာမောင်"

"ဆရာဝန်တစ်ယောက်အနေနဲ့ ကိုယ့်လူနာရဲ့ လျှို့ဝှက်ချက်တွေ ဘယ်သူ့ကိုမှ ထုတ်မပြောရမယ့်စည်းကမ်းချက်ရှိတာကို ဒေါက်တာ သိမှာပါနော်"

ဒေါက်တာစိမ်းမောင်နှင့် သူ စကားစပြောတာက အတူတူဖြစ်ပေမယ့် သူပြောလိုက်သည့်စကားက ခပ်ရှည်ရှည်မို့ ဒေါက်တာက အံ့သြသွားလေသည်။ ဘယ်တော့မဆို ခပ်တိုတိုပြတ်ပြတ်သာ ပြောဆတ်လေ့ရှိသည့် 'ဘုန်းမြတ်ဖေယျာမောင်' က အခုတော့ စကားရှည်ကြီးပြောမိနေပြီလေ။ ဒီတော့ ဘာကိုတိုင်ပင်မည်ဆိုသည်ကို ဒေါက်တာစိမ်းမောင်တော့ ရိပ်မိမည် ထင်ပါ၏။

"မှန်ပါတယ် ကိုဖေယျာမောင်။ ဘ... ပြောချင်လို့ပါလဲ"

"ဘွားမေနဲ့ ဒေါက်တာတို့ပြောတဲ့စကားတွေကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြားပါတယ်"

"အဲဒါက"

"ပျောက်ကွယ်နေတဲ့အတိတ်ကို ပြန်အမှတ်မရစေချင်တာက စေတနာလား၊ ဒါမှမဟုတ် ဝေဒနာဖြစ်နိုင်ပါသလား"

"ဘွားဘွားရဲ့စေတနာကိုတော့ နားလည်မှုမလွဲစေချင်ဘူး ကိုဖေယျာမောင်"

"သွေးစပ်တော်တဲ့ ဘွားမေက ဘာကြောင့်များ ကျွန်တော့်ကို လိမ်ညာဖုံးကွယ်ထားချင်ရတာလဲ"

"ဗျာ"

"ခြောက်လဆိုတဲ့ကာလမှာ ဘုန်းမြတ်ဖေယျာမောင် ဘယ်နေရာကိုရောက်ခဲ့ပြီး အဲဒီကာလကို လုံးဝ မမှတ်မိဘဲ မှတ်ဉာဏ်ပျောက်ဆုံးနေရတာပါ ဒေါက်တာ။ အဲဒီအကြောင်းအရာကို ပြန်အမှတ်မရစေချင်တာ ဘာကြောင့်လဲ။ စေတနာဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ မထားသင့်ဘူးလို့ ကျွန်တော် ယူဆသတ်မှတ်ထားပါတယ် ဒေါက်တာ"

ဒေါက်တာစိုးမောင် သက်ပြင်းရှိုက်လိုက်လေ၏။ လူနာထက် ဆရာဝန်က ပို၍ စိတ်ပင်ပန်းပါ့မလား။ ကိုယ်ကုသပေးသည့် လူနာကို စိတ်ကျန်းမာရေးကောင်းရန် ဂရုတစိုက်ဖြင့် ကုနိုင်ဖို့က





ဆရာဝန်ရဲ့တာဝန်ပါပဲ။ ဘွားမေဘက်လိုက်မလား၊ (ဒါမှမဟုတ်) သူ့ဘက်ကိုပဲ လိုက်လျောမှာလား။ စဉ်းစားပြီး ဆုံးဖြတ်ပေါ့ ဒေါက်တာစိုးမောင်။

"ကိုဖေယျာမောင်"

"ပြောပါ ဒေါက်တာ"

"ဘွားဘွားက ကျွန်တော့်ကို"

"ကျွန်တော့်ရောဂါအကြောင်း ဆွေးနွေးဖို့ ရောက်လာတာလား၊ ဒါမှမဟုတ် ဘွားမေရဲ့ဩဇာအာဏာအောက်မှာပဲ နာခံပြီး ကိုယ့်လူနာရဲ့စိတ်ဒဏ်ရာကို ပိုဆိုးအောင် လုပ်ဖို့ရောက်လာတာလား"

"အဲဒီလိုတော့ မပြောပါနဲ့ဗျာ"

"ဒါဖြင့် တောင်တန်းတွေ၊ သစ်ပင်တွေကိုသာ မကြာခဏ မြင်မက်ခဲ့တဲ့အတွေးကို ဝိတ်ပင်ပြီး ပင်လယ်ပြင်ဘက်ကိုပဲ သွားခဲ့တယ်လို့ ဘာလို့ပြောရတာလဲ"

"အဲဒါကိုတော့ ကျွန်တော်လည်း သေချာမပြောနိုင်ဘူး ကိုဖေယျာမောင်။ ကျွန်တော်က ဦးနှောက်ပိုင်းဆိုင်ရာကိုပဲ ကုသပေးတဲ့ ဆရာဝန်ပါ"

"ကျေးဇူးပါ"

"ဗျာ . . . ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရူးကုပေးတာလို့ မပြောဘဲ ယဉ်ယဉ်ကျေးကျေးသုံးတဲ့ အတွက်မို့ပါ"

"ခက်တယ် ကိုဇေယျာမောင်၊ လွန်ခဲ့တဲ့တစ်နှစ်ကျော်ကာလ မှာ ကျွန်တော်ရှိနေတဲ့ဆေးရုံကို အတွင်းလူနာအဖြစ် ခင်ဗျားရောက်လာ ခဲ့တာကလွဲလို့ ဘာကိုမှ ရေရေရာရာ မပြောနိုင်ပါဘူး။ ခင်ဗျားပျောက် သွားတာ၊ ပြန်ရောက်လာတာတွေကအစ ဘွားဘွားက ဘာကိုမှ သေချာမပြောခဲ့တာပါ"

"အတွင်းလူနာ"

"ဟုတ်ပါတယ်၊ ခရီးက ပြန်ရောက်လာပြီး Accident ဖြစ် တာလို့ပဲ သိခဲ့ရတာပါ"

ဘုရားရေ! Accident တဲ့။ အဲဒါကိုလည်း သူ လုံးဝ မမှတ်မိနိုင်ပါချေ။ အရေးကြီးသည့် အစိတ်အပိုင်းကာလပါပဲလား 'ဘုန်းမြတ်ဇေယျာမောင်'။ အမြန်ဆုံးပြန်အမှတ်ရချင်ပါပြီ၊ အမြဲတစေ မကြာခဏ ခေါင်းမူး။ ခေါင်းကိုက်တတ်သည့် ဝေဒနာဆိုးကိုလည်း ပျောက်ချင်လှပါပြီ။ အိပ်မက်တွေထဲမှာ ယောင်ဝါးဝါးဖြင့် ရှာနေရသည့် မိန်းမချောလေးကိုလည်း အပြင်မှာ အမြန်ဆုံးတွေ့ချင်နေရပါပြီလေ။

"ကျွန်တော့်အိပ်မက်ထဲမှာရော အတွေးထဲမှာပါ အမြဲမြင်နေ ရတဲ့ မိန်းကလေးတစ်ယောက်ရှိပါတယ် ဒေါက်တာ။ ပြီးတော့ ..."





တောင်တန်းတွေနဲ့ သစ်ပင်တွေ၊ ပန်းခင်းတွေချည်း အမြဲတမ်း တွေ့ရ တာကလွဲလို့ ခေါင်းထဲမှာလည်း ကြည်လင်ပါတယ်။ နေလို့လည်း အတော်အသင့်ကောင်းပါတယ်"

"ကျွန်တော် ဘာများကူညီပေးရမလဲ ကိုဇေယျာမောင်"

ကူညီမည့်သူ ရှိသော်ငြား အကူအညီမှ ယူလို့မရတာလေ။ သူဆိုသည့် 'ဘုန်းမြတ်ဇေယျာမောင်' က ဘွားမေ၏ ယောင်းရိပ် အောက်မှာ ရှိနေရသည့် အပင်ငယ်လေး မဟုတ်ပါလား။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အပြင်သွားရန်အတွက် ယူစရာရှိတာတွေကို ပြင်ဆင်လိုက်၏။ ကျောပိုးအိတ်သာယူခဲ့တာမို့ အပြင်ထွက်လျှင် ကိုင်ရန်အတွက် 'ချို့' ဆီက ငှားထားသည့် slimbag အိတ်ခပ်လတ်လတ်ထဲသို့ ထည့်ကာ ထုံးစံအတိုင်း ထီးကို အပြင်မှာခဏတင်ထားပါသည်။ ရေချိုးရန်အတွက် အခန်းပြင်သို့ ထွက်ခဲ့ပါ၏။

"ဂွ်!"

"ဟယ်!"

ထုံးစံအတိုင်း သူမထက် အရင်ဦးနေသည့် ချာတိတ် ရေချိုးခန်းထဲမှထွက်လာသဖြင့် လန့်သွားရပြန်ပါ၏။ 'ညီထွန်းသာ'





သိပ်ပြုံးပြုံးဖြင့် သူမကို နှုတ်ဆက်လိုက်လေသည်။ လူငယ်ဖြစ်ပေမယ့် အချိန်ဖြုန်း အလေလိုက်တာမျိုး မရှိဘဲ အလုပ်လုပ်နေသည့်ချာတိတ်မို့ အထင်မသေးရပါလေ။

"လန့်ပြန်ပြီလား မမရာ"

"မရှိတော့ဘူးထင်နေတာကိုး"

"ဒီနေ့တော့ ကျွန်တော့်နောက်ကိုလိုက်မယ် မဟုတ်လား ရဲ့"

"အံ့မယ် ... ဘာလို့လိုက်ရမှာလဲ၊ မလိုက်ပါဘူး"

"လမ်းထိပ်ကို ကားကြီးခေါ်တာလေဗျာ၊ အမြဲတမ်း နာရီဝက် လောက် လမ်းလျှောက်နေရတာကို ကိုယ်ချင်းစာမိလို့ ကူညီတာပါ မာနကလည်း ခေါင်ခိုက်နေတာပါပဲလား"

"ဩော် ... အဲဒါလား။ ညီ စောင့်နေရမှာစိုးလို့ မလိုက်တာပါ။ အားနာစရာကြီး"

"ကိုယ့်မမမို့ ကူညီတာပါနော်။ သူစိမ်းမှမဟုတ်တာ၊ အားနာစရာမလိုပါဘူး"

"စောင့်နိုင်ရင်စောင့်လေ၊ မိနစ် (၂၀) လောက်ပဲကြာမှာပါ"

"Ok!"

ချာတိတ်က ကျေနပ်သွားပုံဖြင့် လေပင်ချွန်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မေချို' ၏ခင်ပွန်းကိုပေါက် (မင်းခေါင်သာ) က တည်ငြိမ်ပေမယ့် ညီဖြစ်သူ 'ညီထွဋ်သာ' ကဖြင့် လူငယ်မို့ ပွင့်လင်းဖော်ရွေပါ၏ တွေ့စက လူကို မထိတထိ စနောက်ချင်တာမှန်ပေမယ့် သူမ၏ အိမ်ထောင်သည်မှန်းသိသွားသဖြင့် တလေးတစား ပြောဆိုတော့တာ ပါ။

ရေကို ခပ်မြန်မြန်ချိုးလိုက်ပြီး အခန်းထဲမှာ အဝတ်အစား တာ၊ သနပ်ခါးလူးထာတို့ကို ခပ်သွက်သွက် လုပ်လိုက်ရပါသည် ဆံပင်ကျစ်ရန် အချိန်မရတော့သဖြင့် ဒီအတိုင်း ခပ်မြင့်မြင့်လေး ချည်လိုက်ရပါ၏။ အဝတ်အစားကို သေသပ်စေရန် မှန်ထဲကြည့် ဆွဲဆန့်ချလိုက်လေသည်။

အခန်းတံခါးကို စေ့ကာ ထွက်ခဲ့စဉ် တစ်ဖက်ခန်းမှ ရှူးခပ် များဖြင့် မွေးကြိုင်စွာ ပြင်ဆင်ပြီး ထွက်လာသည်က 'ညီထွဋ်သာ' ရယ်ပါ။ ဒီချာတိတ် ရေမွှေးကြိုက်ပုံနှင့် သူမက အမွှေးနံ့သာနံ့ မခံ တာက ပြဿနာပါပဲ။ ကားကြီးလိုက်စီးလျှင်ဖြင့် တစ်လမ်းလုံး ခေါင်း ရတော့မှာလေ။

"မလေး ဘာတွေဖတ်နေလဲ"

"လက်ဆောင်ရတဲ့စာအုပ်" ,

"ဘာစာအုပ်လဲ"





"ဟဲ့! ... ငါ အရင်ဆုံးဖတ်မှာနော်။ နင့်ကို မပေးနိုင်ဘူး"

"ဘယ်ရမလဲ မှန်း! "

"ညီနော် ... ဟဲ့! "

နှစ်ယောက်ထိုင်ဆက်တီမှာ မှီအုံးဖြင့် လှဲအိပ်ကာ စာအုပ် ဖတ်နေသည့် 'မေချို' လက်ထဲမှ စာအုပ်ကို 'ညီထွဋ်သာ' က ဖျတ် ခနဲ လှမ်းလုလိုက်လေ၏။ ဖတ်ချင်သည်ဆို၍ လက်မှတ်ထိုးထားပြီး ဆက်ဆောင်ပေးထားသည့် သူမ၏စာအုပ်တွေက ဆက်တီစားပွဲထက် မှာ လေးငါးအုပ်စီထားသဖြင့် 'ချို' ကို မျက်စောင်းခဲလိုက်မိလေသည်။ ဘယ်လိုဖြစ်ပြီး တစ်နေ့တည်းနဲ့ ဒီလောက်ကုန်အောင် ဖတ်ချင်နေ သည့်သူငယ်ချင်းပါလဲ။

"ဟာ! ... ပုံရိပ်စံတဲ့။ မလေးကို ဘယ်သူပေးတာလဲ။ သောမျာ! ... သူကိုယ်တိုင် လက်မှတ်ထိုးပေးတာ။ နေဦး! ... ဒါဖြင့် ဒါဖြင့်"

"အေး! ... ဟုတ်တယ်၊ နင်ထင်တဲ့အတိုင်းပဲ ကောင်စုတ် ကလေးရဲ့"

"ဟာ! ... ဒါဖြင့် မမက စာရေးဆရာမပေါ့ ဟုတ်လား"

"ချိုတို့ကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဝန်ခံတယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် . . . ဝန်ခံရအောင် ကျူပ်ကတရားခံမှ မဟုတ်တဲ့
ဟာ"

"မမက ဆိုးတယ်ဗျာ"

"အလိုတော်! . . . နေရင်းထိုင်ရင်း"

"စောစောက ပြောမှပေါ့ဗျ။ မမရဲ့ဦးဆုံးထွက်တဲ့စာအုပ်
လေ။ ကျွတ်! . . . ဘာပါလိမ့်။ သြော် . . . မှတ်မိပြီ။ အသည်းအသည်
မက ချစ်ရပါသောမောင် စာအုပ်လေ။ ကျွန်တော် သိမ်းကြိုက်ခဲ့တာဗျ
ပြီးတော့ ရှိသေးတယ်။ ဟို ဆရာဝန်မင်းသားနဲ့လေဗျာ။ DVD
ဇာတ်ကားတောင် ထွက်တာ ကြည့်ဖြစ်သေးတယ်။ သူမုန်းခဲ့တဲ့
ဆိုလား။ အဲဒါကို မေ့လိုက်ပြီချစ်သူဆိုပြီး အခွေနာမည်ပြောင်း
ထားသေးတာ။ ဆိုးတယ်ဗျာ . . . ဆိုးတယ်။ ဒါဖြင့် ဆရာမ
ပြောင်းခေါ်ရမှာလား။ မမိုက်ပါဘူး။ မမလို့ခေါ်တာ နှုတ်ကျိုးနေပြီ"

ပေါက်ပေါက်ဖောက်သလို နှုတ်မှ ဆက်ပြောနေသည်
ချာတိတ်ကြောင့် သူမ ဘယ်လိုပြောရမှန်းမသိတော့ပါလေ။ ဒီခေတ်
လူငယ်တွေ အသက် (၂၀) ကျော်တွေအကုန်လုံးကဖြင့် နေ့စဉ်နေ့တိုင်း
internet သုံးကြ computer သုံးကြ facebook တွေသာ သုံးတတ်
ကြတာ မဟုတ်ပါလား။ စာအုပ်စာပေ ဖတ်ကြသည့် လူငယ်တွေကဖြင့်
လက်ချိုးရေတွက်လို့ရသည့် လူငယ်အနည်းငယ်သာရှိကြတာပါ။





ဘယ်လိုဖြစ်ပြီး ဒီချာတိတ်က သူမ၏စာဖတ်ပရိသတ် ဖြစ်နေ
ရပါသလဲ။ DVD ရိုက်သည့်စာအုပ်ကိုပါ မှတ်မိနေတာကိုက အံ့ဩ
စရာပါလေ။ ဘယ်တော့မဆို လျှို့ဝှက်စွာ နေထိုင်တတ်သည့် သူမ
အကြောင်းကို 'ချို' လည်း သိနေမှာမို့ ဖုံးကွယ်ထားပေးမှာအမှန်ပါ။
ရန်ကုန်ကို ခဏတာလေး ရောက်ချိန်မှာမှ ဒီကိစ္စပေါ်ရတယ်လို့။

"ဝမ်းသာလိုက်တာ . . . မိတ်ဆက်စရာမလိုတော့ပေမယ့်"

"ဟဲ့! "

သူမနှင့် 'မေချို' ဖြိုင်တူအော်လိုက်ပေမယ့် ချာတိတ်လေးက
"စ" ကို ဖျတ်ခနဲ ပွေ့ပိုက်ဖက်လာတာက ခပ်ကျစ်ကျစ်ပါပဲလား။
ရှုံးသားမှန်းသိတာမို့ အပြစ်ပြောဖို့ကလည်း ခက်နေလေပြီ။ 'ချို' က
'ညီထွဋ်ဒသာ' ၏ ကျောကို တဘုန်းဘုန်းဖြင့် ထုလေတော့၏။ မရှိုးနှင့်
ဆိုသော်ငြား မောင်နှမနှယ် ရင်းနှီးပွင့်လင်းကြတာ မဟုတ်ပါလား။

"နင်တော့နော်၊ ငါ့သူငယ်ချင်းကို ဘာများမှတ်နေလဲ"

"Sorry ပါမမ။ ဝမ်းသာလွန်းလို့ စိတ်ကူလွတ်သွားတာ။
လေးက ကာယကံရှင်မဟုတ်ဘဲနဲ့ လူကို ငါးဖယ်ကြော်သလို စေနရ
ဘား"

"နင့်လုပ်ပုံက ကောင်းတာကိုး"

"အဲဒါကြောင့်ပြောတာပေါ့။ ကလေးယူမယ်ဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီးယူပါလို့။ နို့မို့ ကျွန်တော့်ကို ကလေးလိုထင်ပြီး ချစ်နေကြ တာ"

"ချစ်ရောလား။ ဒီလိုချဉ်ဖတ်ကို"

"ဟုတ်ပါတယ်၊ ချဉ်ဖတ်လို့ပြောပြောနေပြီး အလယ်တန်းရောက်တဲ့အထိ ပါးကိုလိမ်ဆွဲခဲ့တာ ဘယ်သူလဲ"

"အံမာ"

"အခုကတည်းက ဝအောင်ချစ်ထားပါ။ ပိုင်ရှင်ရှိလာတော့မှ အူမတိုပြန်နဲ့"

"အမယ်လေး ... နေသာသပ့် လေညာကပါနော်။ ကြီးကြီးကျယ်ကျယ်နဲ့ ပြောနေပြန်ပါပြီ၊ အမြင်ကိုကပ်တယ်"

"ပါးစပ်ကတော့ အမြင်ကပ်တယ်လို့ ပြောနေပြီး ရင်ထဲမှာတော့ ကျွန်တော့်ကို တုန်နေအောင်ချစ်တယ်မဟုတ်လား။ သိပြီးသားပါ မလေးရာ"

"တော်ပါတော့ ချိုရယ်။ ကလေးနဲ့ဖက်ပြီး ရန်တွေ့ရတယ်လို့"

"ဟဲ့! ... ဖက်တာက နင်တို့နှစ်ယောက်လေ၊ မပြောလိုက်ချင်ဘူး"

"သွားကြမယ် မမရေ၊ ကြာလာရင် မလေးရဲ့လေသေနတ်





ကျွန်တော်တို့ သေသွားနိုင်တယ်"

"ကြည့်စမ်း!"

သူမလက်ကို ဆတ်ခနဲ ဆွဲဖြေးပြီးမှ ချာတိတ်နောက်မှ အမြန်လိုက်ခဲ့ရလေတော့၏။ 'မေချို' ၏ Ice cream လှမ်းမှာသံက အနောက်မှလိုက်ပါလာလေသည်။ ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သည့် ချာတိတ်ကြောင့် သက်ပြင်းရှိုက်လိုက်မိပါ၏။ လောကမှာ အားနာစာ၊ နမြောစာဆိုတာကို ရှောင်တတ်ရသလို အားနာစိတ်ရှိတာကိုလည်း သူတစ်ပါးသိအောင် ပြနိုင်ရမှာပါလေ။

"ဘယ်ကိုပို့ပေးရမလဲ မမ"

"လမ်းထိပ်ကိုပဲလေ"

"မဟုတ်ဘူးလေ၊ ကျွန်တော်လည်း မြို့ထဲသွားရမှာမို့ မေးတာပါ။ လိုက်မပို့ပေးရဘူးလား"

"စာအုပ်ဆိုင်တွေ ဝင်မွှေမှာမို့ပါ။ ပြီးရင် စာမူရေးဖို့ copy စာအုပ် ဝယ်ရမယ်။ စိတ်ကူးပေါက်ရာ လျှောက်မှာဆိုတော့ လိုက်မပို့ပါနဲ့"

"အားနာလို့လား"

"အမှန်အတိုင်း ပြောရမလား"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စာဖတ်ပရိသတ်ဖြစ်နေတာကြောင့်ရော ‘ချို’ မတ်လေး ဖြစ်နေတာကြောင့်ပါ အတိုင်းအတာတစ်ခုထိ ပွင့်လင်းနိုင်ရမှာမဟုတ် လား။ လျှို့ဝှက်ရမည့်ကိစ္စ မဟုတ်တာကြောင့်လည်း ‘ညီထွေး’ ကို မဖြစ်မနေ ပြောရဲရမှာပါလေ။ ရိုးသားခြင်းက အမှားတော့ မဖြစ် နိုင်လောက်ပါဘူးနော်။

“အားမနာနိုင်ဘဲ ပြောရမှာ”

“ပြောသာပြောပါ မမရဲ့”

“ခေါင်းမူးလို့”

“ဗျာ! . . . မမက ကားစီးရင် မူးတတ်လို့လား”

“မဟုတ်ဘူး။ အနံ့အရမ်းမွှေးလွန်းတာကို မခံနိုင်တာပါ။ သိပ်မွှေးတဲ့ပန်းတွေ၊ ရေမွှေးတွေ၊ body spray တွေကို အနံ့ပြင်းလို့ မခံနိုင်ဘူး။ အသက်ရှူရခက်ပြီး မူးတတ်ကျင့်ရှိလို့ပါ”

“ဟိုက်! . . . သေစမ်း!”

နဖူးရိုက်ပြန်ပြီမို့ ‘ညီထွေးသာ’ ကိုကြည့်ပြီး သူမ ပြုံးလိုက်မိ ပါသည်။ နေသာနေတာမို့ Aircon ဖွင့်ထားပေမယ့် ချာတိတ်က ကားပြတင်းတွေကို ဖွင့်ချပေးလိုက်လေ၏။ လေအေးပေးစက်ကို ပိတ် လိုက်လေပြီ။ ကားထဲမှာ မွှေးရနံ့တွေ ပျံ့နေမည်ကိုသိနေ၍ လုပ်လိုက် မှန်း သူမ သိလိုက်ပါ၏။





“တွေ့လား။ အဲဒါကြောင့် သူများကားကို မစီးချင်တာ”

“Sorry မမရယ် . . . ကျွန်တော်ကိုယ်တိုင်က အမွှေးနံ့သာ ကြိုက်လွန်းတော့ အားနာစရာတွေ ဖြစ်ကုန်ပြီ”

“ရပါတယ် ညီထွေးရယ်၊ လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ် ခွင့်၊ ကိုယ်ပိုင်ရွေးချယ်ခွင့်ဆိုတာ ရှိပါတယ်။ မမက ညီထွေးကားပေါ် လိုက်ပြီး သူတစ်ပါးလွတ်လပ်ခွင့်ကို ပိတ်ပင်လို့ ဘယ်ရပါ့မလဲ”

“အင်း . . . အဲဒါတွေကြောင့်ကို သဘောကျတာ”

“ဘာရယ်”

“ဟုတ်တယ်လေ၊ မမက စာအရေးအသားထဲမှာပါမကဘူး အပြင်မှာပါ ပွင့်လင်းတာကိုး။ တော်ရုံ မိန်းကလေးတွေက မြို့စိစိနဲ့ ဟန်ဆောင်တတ်ကြတာ မမရဲ့။ ဥပမာ–အစားအသောက်ဆိုလည်း သိပ်မစားသလိုမျိုး။ အအေးသောက်လည်း ပုလင်းတစ်ဝက်လောက် ထားခဲ့ကြတာ။ ယောက်ျားလေးတွေ ရှေ့ဆို မပွင့်တစ်ပွင့်နဲ့ အီစီကလီ မျိုးတွေမှ အများကြီး”

သူမ ရယ်လိုက်မိတော့၏။ ဒီလိုမျိုးဝေဖန်တတ်သည့် ချာတိတ်က မည်သို့သောကောင်မလေးကို မျက်စိနှင့်မြင်ပြီး ဘဝင်ခိုက် ခဲ့မည်နည်း။

မိန်းကလေးတွေအကြောင်းကိုတော့ တော်တော်များများ



www.burmeseclassic.com

www.burmeseclassic.com



တီးခေါက်ရေလာထားပုံပါပဲ။ သူမရယ်တာကို အံ့ဩပုံဖြင့် လှည့်ကြည့်လေသည်။

"ဘာကိုသဘောကျလို့ ရယ်တာလဲ"

"ညီထွဋ်ရဲ့အလုပ်က ဘာလဲ"

"အင်း ... phone နဲ့ ပတ်သက်တဲ့ accessories နဲ့ handset တွေရောင်းတာပါ။ သူငယ်ချင်းတွေနဲ့ ရှယ်ယာစုပြီး ဆိုင်ဖွင့်ထားတယ်"

"သြော် ... ဒါကြောင့်ကိုး"

"ဘာဖြစ်လို့လဲ"

"ပြင်တာတို့ ဘာတို့ပါလုပ်ပေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ မမ ဘယ်လိုသိတာလဲ"

"ဆိုင်ဆိုမှတော့ မိန်းကလေးတော်တော်များများ ဝင်ထွက်ရှိမှာလေ။ ဒါကြောင့် ဒီလောက်ထိ မိန်းကလေးတွေအကြောင်း သိနေတာ"

"ကျွန်တော် ဝေဖန်မိပြီလား"

"မှန်တာပြောတာပဲ ... မမ နားလည်ပါတယ်"

"မမရဲ့အမြင်ကရော"

"ယေဘုယျသဘောအတိုင်း ပြောရရင်တော့ အခြေခံသုံးမျိုး





တနေ ပြန့်ပွားတာပဲရှိတာပါ ညီထွဋ်ရေ။ နံပါတ် (၁) က ဦးဆောင်တတ်သူ၊ နံပါတ် (၂) က ယှဉ်တွဲတတ်သူ၊ နံပါတ် (၃) က နောက်ချန်မှီခိုသူပဲပေါ့။ အဲဒီကမှ အလုပ်မက်တာ၊ အသုံးအဖြုန်းမခွဲခြားတတ်တာ၊ ချွေတာစုဆောင်းတတ်တာ စတာတွေ အများကြီးကွဲပြားသွားကြတာလေ"

လမ်းထိပ်ရောက်နေပြီမို့ ကားကိုရပ်နိုင်းလိုက်ရတော့၏။ ကားပေါ်မှဆင်းကာ 'ညီထွဋ်သာ' ကို လက်ပြနှုတ်ဆက်လိုက်ပါသည်။ နောက်နှစ်ရက်လောက်ဆို ပြန်ဖြစ်မှာမို့ ထပ်ဆုံစရာမှ မလိုတော့တာလေ။ တမူအသစ်လည်း စရေးဖို့ တာဆူရတော့မှာမို့ ပြန်ကိုပြန်ရမှာပါ။ အန်တီငယ်လည်း သူမကို မျှော်နေပေတော့မည်။

Taxi တစ်စီးလာနေတာကို တားရင်းဖြင့် တက်စီးခဲ့ပါ၏။ တစ်နေကုန်မှာမို့ မြို့ထဲသို့သာ လမ်းညွှန်ပြီး အေးအေးဆေးဆေး ထိုင်စီးခဲ့ရလေသည်။ ပြန်တော့မည်ပြောလျှင် 'ချို' တစ်ယောက် စိတ်ကောက်ဦးမှာ အသေအချာပါပဲ။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ညကတည်းက သိပ်ပြီး အိပ်မပျော်ခဲ့တာမို့ ခေါင်းထဲမှာ တစစ်စစ်ကိုက်ခဲနေလေ၏။ အိပ်မက်ထဲမှာ အဲဒီပါးချိုင့်နှင့် ဆံပင်ရှည်ရှည် မိန်းမချောလေးကို ထပ်တွေ့ခဲ့ရပြန်ပါသည်။ ဒီတစ်ကြိမ်မှာဖြင့် သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထားမိသလို တရှိုက်မက်မက် ငိုပြီး မျက်ရည်ကျနေတာမို့ ရင်ဘက်ကို ဆုပ်ညှစ်ချေမွသည့်နှယ် နာကျင်နေရတာ အမှန်ပါပဲ။

ဘယ်ဘဝက ချစ်သူဖြစ်ခဲ့ရိုးပါသလဲ မိန်းကလေးရယ်။ ခပ်တင်းတင်းဖက်ထားမိသည့် ကိုယ်ခန္ဓာကျစ်ကျစ်လေး။ အဲဒီနောက် ခပ်မွှမွှ မွှေးကြိုင်လိုက်မိသည့် ဆံနွယ်ရှည်များထဲမှ ရှန်ပူနံ့သင်းသင်းနှင့်





နူးပြင်ညီညီလေးထံမှ ရှင်မတောင်သနပ်ခါးနံ့ မွှေးမွှေးတို့က အိပ်ပျော်နေရာမှ သူ့ကို ဆတ်ခနဲ နိုးထစေခဲ့တာပါ။

အခုအချိန်ထိ ရင်ခုန်သံက ခုန်နေတုန်းပါပဲ။ Accident ဖြစ်ခဲ့တာမို့ အတွင်းလူနာအဖြစ် ဆေးကုခဲ့ရတာက မနှစ်ကတဲ့။ ဘယ်နေရာမှာ ဖြစ်ခဲ့မှန်းလည်း မမှတ်မိခဲ့ပါ။ ကုသပေးခဲ့သည့် ဆရာဝန်တွေကလည်း သေချာမပြောနိုင်ဘဲ အတိတ်မေ့ခဲ့သည့်ကာလကို ကိုယ်တိုင်သာ မှတ်မိသည့်အချိန်ကိုသာ စောင့်ဆိုင်းခဲ့ကြတာ မဟုတ်ပါသော။

မင်း ဘယ်သူလဲ။

ဘယ်ကလဲ။

ဘယ်မှာနေတာလဲ။

ဘယ်အချိန်မှာ ရင်းနှီးခဲ့ပါသလဲ။

ဘယ်လိုပုံစံနဲ့များ ချစ်သူဖြစ်ခဲ့တာလဲ။

ဘယ်လိုအကြောင်းအရာကြောင့်များ လမ်းခွဲသည့်ပုံစံမျိုးနဲ့ ထီးနည်းပက်လက် ငိုကျွေးနေရတာလဲ မိန်းကလေးရယ်။

မေးခွန်းတွေ တစ်သီတစ်တန်းကြီးမေးချင်နေပေမယ့် ဖြေပေးသည့်သူက အနီးအနားမှာ လုံးဝမှ ရှိမနေတာလေ။ ရင်ထဲမှာ နွမ်းလျှ ဆာပိုက်စွာ ကျန်ရစ်ခဲ့ရပါသည့် ဝေဒနာကို ဘယ်သူက ဖြေးလာ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးမှာတဲ့လေ။ 'ဘုန်းမြတ်ဓမ္မာမောင်' ဆိုသည့် ကိုယ့်ကို အိပ်မက်တွေ ဖန်ဆင်း၊ အတွေးတွေ ပုံဖော်၊ ချစ်ခြင်းတွေ သီဖွဲ့ပေးခဲ့တာပါလဲ မိန်းမချောလေးရယ်။

"မျက်နှာလည်း မကောင်းပါလား သားဖေ။ ညက ကောင်းကောင်းအိပ်ပျော်ပုံ မရပါလား။ ဒေါက်တာစိမ်းမောင်က ဘာများပြောခဲ့လို့လဲ"

Breakfast ဝိုင်းမှာ ဘွားမေနှင့် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ပြန်ပါ၏။ ဒီရက်ပိုင်း မိုးအေးနေပြီမို့ ဘွားမေက ကုမ္ပဏီကို သိပ်မသွားဖြစ်တော့ပါ။ မတက်မဖြစ် meeting မျိုးရှိမှသာ သွားဖြစ်လေသည်။ ဒီတော့ ကုမ္ပဏီရုံးချုပ်ကို သူသာ နေ့တိုင်းသွားရလေ၏။ Sunday တစ်ရက်သာ off ရက်အဖြစ် အိမ်မှာ နားခွင့်ရခဲ့ပါသည်။

"ကျွန်တော် အမြဲမက်နေတဲ့ အိပ်မက်တွေအတိုင်း အဲဒီနေရာကိုသွားပါတဲ့"

"ဘာ"

"အဲဒါမှ မေ့နေတဲ့အတိတ်ကို ပြန်အမှတ်ရမယ်လို့ အကြံပေးခဲ့ပါတယ် ဘွားမေ"

ကြေးအိုးဆီချက်စားနေပါသည့် ဘွားမေ၏ဇွန်းက ပန်းကန်လုံးထဲသို့ အသံမြည်ပြီးကျသွားပါ၏။ အစားအသောက်စားလျှင် ဘာသံ





မှ မထွက်စေရန် သူ့ကိုဆုံးမပဲ့ပြင်ခဲ့သည့် ဘွားမေက အခုတော့ အံ့သြတကြီးဖြင့် စိတ်ထဲမှာ စိုးထိတ်နေပြီထင်ပါသည်။ မြေးဖြစ်သူကို ဘယ်အချိန်အထိ မှတ်ဉာဏ်ထိန်းချုပ်ချင်နေပါလိမ့်။ တစ်နှစ်ကျော်ကာလအတိုင်းအတာက ဦးနှောက်ထဲမှာ ဆောင်းတွင်းမြူမှုန်နှယ် ခပ်ဝါးဝါးအာရုံသာရနေတာပါလေ။

"သားဖေ"

"ဗျာ"

"ဘယ်နေရာကို သွားချင်တာလဲ"

"ရှမ်းပြည်နယ်ဘက်ပေါ့ ဘွားမေ"

မျက်နှာက ကွက်ခနဲပျက်လေ၏။ ဘယ်အထိ ဖုံးကွယ်ထားချင်ပါသလဲ။ တကယ်ဆို သွေးသားတော်စပ်သည့်မြေးကို အတိတ်မေ့နေသည့် ဝေဒနာရောဂါကို အမြန်ပျောက်ဖို့အတွက် အဘွားဖြစ်သူသာ ကူညီပေးရမှာ မဟုတ်လား။ အခုတော့ဖြင့် သူ့ကို ပြန်မမှတ်မိအောင် တားဆီးပိတ်ပင်ချင်နေရတယ်လို့။

"ဘွားမေရဲ့သဘောကတော့ ဘယ်ကိုမှ မသွားစေချင်ဘူး သားဖေ။ ဘယ်လောက်အန္တရာယ်များတဲ့ လမ်းခရီးလည်းဆိုတာ သားနှမ်းမိမှာပါ"

"ကျွန်တော်က ကလေးမှ မဟုတ်တော့တာ ဘွားမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကရလေးမဟုတ်လို့ပဲ စိတ်ပူနေရတာလေ။ တစ်ကြိမ် လေး accident ဖြစ်ခဲ့ရုံနဲ့သားရဲ့အသက်ကို မနည်းကြီးကယ်ခဲ့ရတာကို ဒေါက်တာတွေပဲ သိပါတယ်။ အသက်ဆိုတာ အပိုရှိတဲ့ ပစ္စည်း မဟုတ်ဘဲ"

သူ မဲ့ပြုံးပြုံးလိုက်မိပါ၏။ အသက်ဆိုတာ အပိုမရှိတဲ့ပစ္စည်း တဲ့လေ။ ဒါဖြင့် ဒီနှလုံးသားတစ်ခုကြောင့် ရှင်သန်နေကြသည့် သက်ရှိ လူသားကို မရှင်သန်စေချင်တာက ဘာကြောင့်ပါလိမ့်။ အတိတ်မေ့ နေသည့် မှတ်ဉာဏ်ကို ပြန်ရဖို့အတွက် ခရီးထွက်ချင်တာကို တားဆီး ပိတ်ပင်နေပြီ မဟုတ်ပါလား။ မေမေ့ကို မုန်းတီးခဲ့သည့်အတွက် မေမေ နှင့် အကျင့်တူ မျက်နှာပါဆင်သည့် သူ့အပေါ် အငြိုးများထားနေသလား ပါလေ။

"ဒါဖြင့် ဒီလိုရောဂါနဲ့ တစ်သက်လုံး ခံစားနေရပြီး သေတဲ့ အချိန်ထိနေသွားရမှာလား ဘွားမေ"

"ကြည့်စမ်း! ... အဘွားကို ဒီလိုမျိုးပြောရသလား"

"ကျွန်တော့်ရောဂါကို အမြန်ဆုံး မပျောက်စေချင်ဘူးလား ဘွားမေ"

"သားဖေ"

"ပျောက်စေချင်တဲ့ စေတနာရှိရင်တော့ ကျွန်တော့်ဆန္ဒ





သည်းနည်းတော့ ဖြည့်ဆည်းသင့်တာပေါ့ ဘွားမေ"

ဘွားဘွား 'ဒေါ်ထိပ်ထားမြတ်' ၏ မျက်ဝန်းမှ မျက်ရည်တို့ စီးလာလေ၏။ သို့သော် အမြင်သို့ လုံးဝကျမလာပါဘဲ မျက်တောင် ထိပ်က ခဏလေးဖြင့် ပျောက်သွားကြပါသည်။ ဟန်ဆောင်ခြင်း အတတ်ပညာကို ဘွားမေထံမှ ဖေဖေ ရခဲ့ပါသော်လည်း မြေးဖြစ်သည့် သူက အဘယ်ကြောင့် မရရှိခဲ့ပါလိမ့်။

"ဒီလောကမှာ သွေးသားရင်းချာဆိုလို့ ဘွားမေနဲ့သားပဲ ကျန်ရှိခဲ့တာကို မသိဘူးလား"

"မျက်စိအောက်က အပျောက်မခံချင်ရအောင် ဘာကိုများ စိုးရိမ်နေတာလဲ ဘွားမေ။ ကျွန်တော့်အသက် (၃၀) ပြည့်တော့မှာပါ။ ထိန်းမလည်တော့တဲ့အရွယ်လည်း မဟုတ်တော့တာ ဘွားမေလည်း သိရဲ့သားနဲ့"

"နောက်ထပ်တစ်ကြိမ်"

စကားကို ရှေ့မဆက်တော့ပါဘဲ ရပ်ထားလေ၏။ ဘာလဲ ထပ်ပျောက်သွားမှာစိုးလို့ပါဟု ဆက်ပြောမိမှာစိုး၍ ဆက်မပြောတော့ တာများလား။ မြေးအဘွားဆိုတာ ပွင့်လင်းစွာဖြင့် ပြောရမှာပါလေ။ အရွယ်စရာ၊ လျှို့ဝှက်စရာဆိုတာက စီးပွားရေးကိစ္စနှင့် ကိုယ်ရေး ကိုယ်တာကိစ္စတွေမှာရှိကြပေမယ့် အဘွားဖြစ်သူနှင့် မြေးကြားမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိခင့်ပါရော့

"မြေး သားဖေ"

"ကျွန်တော် အတိတ်မေ့နေတာကို ပြန်ရဖို့အတွက် ဘွားမေ က ကျွန်တော့်ကို ခရီးထွက်ဖို့ လွှတ်ပေးရမှာပေါ့။ မဟုတ်ဘူးလား ဘာဖြစ်လို့များ တားချင်နေရတာလဲ ဘွားမေ"

"မြေးအတွက် ပြောနေတာပါ သားဖေ။ မလွှတ်ချင်တာ မဟုတ်ပါဘူး။ စိတ်မချလို့ပါ။ သားကို ဆေးကုသပေးတဲ့ဆရာဝန်တွေ အကုန်လုံးက ခရီးဝေးထွက်ဖို့ ပိတ်ပင်နိုင်းတာပါ သားဖေရယ်။ ဘွား ကို အထင်မလွဲပါနဲ့"

စိတ်ထဲမှ ဒေါသထွက်လာပါ၏။ သူ့ကိုစောင့်ရှောက်ကျွေးမွေး နေသည့်အဘွားကြောင့် သူ့အဖို့ အဘာယ်မျှ စိတ်ဖိစီးသည့် stre ဝေဒနာရခဲ့ပါသလဲ။ ဒါကိုတော့ မသိယောင်ဆောင်ပြီး နားလည်မှု မပေးနိုင်ရတာပါလိမ့်။ ပြောတော့ဖြင့် နှုတ်ဖျားမှ သူ့အတွက်ဆိုပြီး တကယ်တမ်းမှာဖြင့် ဘွားမေ၏ စီးပွားရေးကို ရှေ့ဆက်ဦးစီးမည့် မျိုးဆက်ကို ထိန်းချုပ်အုပ်ထိန်းနေတာမဟုတ်ပါလား။

"စိတ်မချစရာ ဘာများရှိလို့လဲ ဘွားမေ"

"ဒီရာသီက ခရီးသွားဖို့ မသင့်ဘူးလေ။ တောင်ပေါ်လ တွေဆိုတာ ကြမ်းတမ်းပြီး အကွေ့အကောက်များကများနဲ့"





"ကျွန်တော်ကလည်း အခုချက်ချင်း သွားမယ်ဆိုပြီး ပြော နေတာမှ မဟုတ်တာ ဘွားမေ။ ဆောင်းတွင်းဆိုလည်း အဲဒီတောင် ပေါ်မြို့တွေက အရမ်းအေးတတ်တာမို့ နွေရာသီတစ်ရက်ရက်လောက် မှာ တစ်ပတ်ဆယ်ရက်လောက် အနားယူအပန်းဖြေခရီးထွက်မလား လို့ စဉ်းစားထားတာပါ"

"ကောင်းပြီလေ ... ဒါဖြင့် သားသွားရင် ရဲရင့်တို့ သုံး ယောက်စလုံးကို ခေါ်သွားဖို့ လိုလိမ့်မယ်။ ကိုယ်ပိုင်ကားနဲ့ပဲ သွားပါ"

ထင်သည့်အတိုင်း ပြောပြန်ပါရောလား။ စိတ်လွှတ်ကိုယ် လွှတ် သွားချင်ပါသည်ဆိုမှ ဘေးကာနေ အမှိုက်တွေကို တစ်ခါတည်း ခေါ်သွားနိုင်းပြန်ချေလေပြီ။ အဲဒီလောက် ဂရုတစိုက်ဖြင့် စောင့်ကြည့် နေမည့် bodyguard တွေ စက္ကန့်မလပ် ရှိနေမှဖြင့် စိတ်က အပန်းပြေမှာတဲ့လား။ ကိုယ့်ကို အကျယ်ချုပ်ဖြင့် အချုပ်ခံထားရပါ သည့် တရားခံနှယ် ခံစားရအောင် ဘွားမေမှလုပ်နေရတယ်လို့။ ဒီဝဋ် မှာ အမြန်ဆုံးကျွတ်လွှတ်ချင်ပါရဲ့။

"ကျွန်တော် အလုပ်သွားတော့မယ် ဘွားမေ။ ဘာများမှာချင် သေးလဲ"

"မရှိပါဘူး။ သားလုပ်ပေးရမယ့်ကိစ္စမှန်သမျှ သားရဲ့ PA က ဆိုရင်ခံလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းကိုသာ ညိတ်ပြလိုက်ပြီး ထိုင်ခုံမှ ထရပ်လိုက်
 နေ့စဉ်နေ့တိုင်း ဆောင်ရွက်နေရပါသည့် တာဝန်တွေက ဘယ်
တော့မှ ပြီးဆုံးမှာတဲ့လဲ။ ဒါတွေကို ဦးဆောင်၍ လုပ်ခဲ့ရပါသည်
ဖေဖေလည်း သူတွေးသလို တွေးပြီး ခံစားခဲ့ရပါသလား။ အဆင်
အတန်းမတူဟူသည့် ပြစ်ချက်ဖြင့် မေမေ့ကို အသိအမှတ်မပြုခဲ့သည်
ဘွား 'ဒေါ်ထိပ်တင် မြတ်'၏စိတ်က အခုအချိန်ထိ မာကျော
တုန်းပါပဲ။

မြေးလေးရလာမှသာ အိမ်ကိုခေါ်ခဲ့ပါဆို၍ သူလက်ကိုဆွဲ
ရောက်လာသည့် ခပ်ညိုးညိုးမျက်နှာဖြင့် မေမေ့ကို ယနေ့တိုင် မြင်
ယောင်နေတုန်းပါလေ။ ဘွားမေ ပိုင်ဆိုင်ထားပါသည့် ဒီသက်မဲ့အရာ
တွေကို မေမေ့လို့ပင် သူ လုံးဝ မမက်မောပါ။ ဘဝရှင်သန်ဖို့အတွက်
တစ်စိတ်တစ်ပိုင်းမျှ အသုံးဝင်သည့် ဤသက်မဲ့ပစ္စည်းတို့ဖြင့် အသက်
တစ်ချောင်းကို ကယ်လို့မှမရတာလေ။

ရှင်သန်စေသည့် နှလုံးသားကိုဖြင့် ဘွားမေ မမြင်နိုင်
အဘယ့်ကြောင့်ပါနည်း။

"ငါ သွားတော့မယ်"

"အဆင်သင့်ပါပဲ Boss"

ညေ့်ဆောင်သို့ရောက်စဉ် သူ၏ ခပ်တိုးတိုးလေသံကို 





တွေ အကုန်ကြားကြတာပါပဲလား။ လည်ပင်းမှ Necktie ကို fit
ဖြစ်စေရန် ပြန်ပြင်စည်းနေစဉ် သူ့အတွက် coat ကို 'သီဟ' က
ယူလာပေးလေ၏။ နောက်ကျောဘက်မှ ဝတ်စေနေပြီမို့ လက်လျှို၍
ဝတ်လိုက်ရပါသည်။ တကယ်ဆို ဒီအလုပ်ကို အိမ်သူသက်ထားကသာ
လုပ်ပေးရမှာပါ။

အလို! . . . ဘယ်လိုဖြစ်ပြီး ဒီအတွေးက သူ့ဦးနှောက်ထဲ
ရောက်လာရတာပါလိမ့်။ ကိုယ်ရောစိတ်ပါ ကျန်းမာဖို့အတွက် စဉ်း
စားရမည့်လူက နှလုံးသားရေးရောက်စွကို အနည်းအကျဉ်းလေးသော်မျှ
တွေးစားဖို့ မလိုအပ်တာလေ။ အတွေးဖြင့် သူ ယဲ့ယဲ့မျှ ပြုံးမိစဉ်
ခရိုင်က တံခါးကို အဆင်သင့်ဖွင့်ပေးလေ၏။

"ညက ကောင်းကောင်းအိပ်ပျော်ပါရဲ့လား Boss"

"မေးပြန်ပြီ၊ အဲဒါ မင်းအပူလား"

ပြောနေကျအတိုင်း ဘုကောမိပြန်လေ၏။ သူ့အကြောင်းကို
သိပြီးသားမို့ ဝန်ထမ်းတွေက ဘာမှ မပြောရဲကြပါ။ ကားစက်နိုးရင်
နိုးထဲမှ ဖြည်းဖြည်းချင်း ကွေ့ပတ်ဆင်းခဲ့လေသည်။ သစ်ပင်ပန်းမာန်
တို့က နေရောင်အောက်မှာ လန်းဆန်းမွှင့်ဖူးနေကြလေ၏။ စိတ်ကြည်
သင်စေမည့် မြင်ကွင်းမျိုးကို နေ့စဉ် မြင်တွေ့နေရပေမယ့် သူကတော့
စိတ်မကြည်လင်နိုင်ပါ။ အဘယ့်ကြောင့်ပါနည်း။ အဖြေက မရှိပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ရဲရင့်"

"ပြောပါ Boss"

"အရပ်က. (၅) ပေ (၆) ပေ လက်မလောက်ရှိလိမ့်မယ်။ ခန္ဓာကိုယ်က ပိန်ပိန်သွယ်သွယ်နဲ့ ကြည့်ကောင်းတယ်။ ဆံပင်က နက်မှောင်ပြီး ခြေသလုံးလောက်ထိ ရှည်တယ်။ ပြီးတော့ မျက်နှာမှာ ပါးချိုင့်လေးနှစ်ဖက်စလုံးပါတဲ့ မိန်းကလေးကို တွေ့ရင် ငါ့ကိုပြောပါ"

"ဗျာ!"

ဘေးမှာထိုင်လိုက်လာပါသည့် 'ရဲရင့်' က သူ့ကို နားမလည်သည့် အကြည့်ဖြင့် ကြည့်လိုက်လေ၏။ ဘယ်သိနိုင်ပါ့မလဲ။ သူ့အတွေးထဲ အိပ်မက်ထဲမှ မိန်းမချောလေးကို အပြင်မှာရှာခိုင်းနေမိတာကို။ ရူးနေပြီဟု ထင်လည်းထင်ကြပါစေတော့။ တစ်ယောက်တည်း အထီးကျန်နေနေရပါသည့် သူ့ကမ္ဘာမှာ ဒီလိုအဖြစ်မျိုးက အဆန်းမှ မဟုတ်တာလေ။

"နာမည်က ဘယ်လိုခေါ်ပါသလဲ Boss"

"မသိဘူး"

"ဟောဗျာ"

"ငါက ရှာခိုင်းရှာပေးပေါ့၊ လျှာမရှည်နဲ့"

"Boss ဘယ်တုန်းက တွေ့ခဲ့လို့လဲ"





"အိပ်မက်ထဲမှာ နေ့တိုင်းတွေ့တယ်"

'ရဲရင့်' နှုတ်ဆိတ်သွားလေ၏။ ကုမ္ပဏီသို့ သွားသည့် လမ်းတစ်လျှောက်ကြာမည်ဖြစ်သဖြင့် ဆိုဖာကျောမှီကို လှဲချလိုက်ရင် မျက်စိမှိတ်ကာ လိုက်ခဲ့ပါသည်။ စာရင်းဇယားတွေ ကိန်းဂဏန်းစာလုံးတွေကို မိုးလင်းကနေ မိုးချုပ်ထိ မြင်နေရဦးမည်မို့ ဦးနှောက်ကို ရှင်းထားရမှာဖြစ်ပြီး မျက်လုံးကို အနားပေးထားရမှာလေ။

❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

မနက်ဖြန်ပြန်တော့မှာမို့ ဝယ်စရာစာရင်းမှာကျန်သည့် ပစ္စည်း အနည်းငယ်ဝယ်ရန် ညနေဘက်မှာ အပြင်သို့ထွက်ဖြစ်ပါ၏။ အန်တီ ငယ့်အတွက် လက်ဆောင်ပစ္စည်းကို ရှာဝယ်ရတာမို့ အချိန်က ကုန် မှန်းမသိ ကုန်နေလေပြီ။ ဒီကိုရောက်တာ နှစ်ပတ်ခန့်ကြာတာတော်မှ ဘာမှ မဝယ်လာဖြစ်လျှင်ဖြင့် အန်တီငယ် စိတ်ကောက်တော့မှာ မဟုတ်ပါလား။

ဒီမှာ လာနေဖြစ်မည်ဟု တိုင်ပင်စဉ် 'ချီ' က တားခဲ့တာ မေးခဲ့သည့်မြေမှ ခွာချင်တာမှ မဟုတ်တာလေ။ ဒီလိုပဲ တစ်လတန် သည်၊ နှစ်လတန်သည် လာနေချင်နေနိုင်ပါသည်တဲ့။ အန်တီငယ်





ကြာကြာနေမည်ဆိုပါက အရင်တုန်းကနေခဲ့သည့် တိုက်ခန်းကို ငှား မည်ဟု ပြောခဲ့တာ မဟုတ်ပါလား။

"ဟောတော်"

ခပ်မြန်မြန်ထွက်ခဲ့သဖြင့် ထီးယူခဲ့ရန် မေ့ခဲ့ကာမှ ကိုရွှေမိုးက ရွာနေလေပြီ။ ဟိုမှာ ဝယ်၍မရနိုင်သည့် ပစ္စည်းသေးသေးမွှားမွှားတွေ က အိတ်နှင့်အပြည့်မို့ Taxi ဖြင့် ပြန်ဖို့သာ ပြင်ရရှာတော့၏။ သူမ ထွက်လာစဉ်က ကောင်းကင်တစ်ခွင် ဖြူဖွေးနေပါလျက် ညနေစောင်း မှာမှ အဘယ့်ကြောင့် မိုးမှောင်ကျလာရတာပါလိမ့်။

"တီ! တီ!"

ဘုရားရေ! တစ်လမ်းမောင်းဘုလောက်မှာမှ ဈေးဝယ်ထွက် ခဲ့မိရတယ်လို့။ ပြန်မည့်လမ်းကြောအတိုင်း မဟုတ်သဖြင့် မည်သည့် အငှားကားမျှ ရပ်မပေးပါချေ။ တိုက်တန်းတွေ၊ ကုမ္ပဏီတွေကြားလမ်း မှ ဖြည်းဖြည်းချင်းလျှောက်လာခဲ့ရလေသည်။ လက်လည်းမအားသဖြင့် မိုးဖွဲဖွဲအောက်မှာ ထီးမဆောင်းဖြစ်ဘဲ လျှောက်ခဲ့ရလေ၏။ မိုးက တစ်စစ ပိုရွာသည်းလာလေပြီ။

"ကျစ်!"

ကားမှတ်တိုင်က မည်သည့်နေရာမှာရှိမှန်း မသိပါ။ မောင်းမြန်း ကျင်သည့် အရပ်မှာမှ တစ်ယောက်တည်း ထွက်လာမိပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လည်လည်နှင့် မျက်စိလည်တော့မှာမို့ စိတ်ထဲမှ စိုးထိတ်သွားရလေ၏။ အခုမှ တောသူ မြို့ရောက်ပုံနှင့် တူနေလေပြီ။ ခက်ပြီးကော ‘နွေရိပ်စံ’။

အိတ်နှစ်ဖက်စလုံးက လေးပင်နေသဖြင့် ဆွဲထားပါသည့် လက်ချောင်းတို့က နာကျင်လာရလေ၏။ Platform ထက် အထုပ်တို့ကို ခပ်ဖွဖွချရင်း လက်နှစ်ဖက်စလုံးကို ခါလိုက်စဉ် နီရဲနေတာကို မြင်လိုက်ရပါသည်။ ‘မောင်’ သာ မြင်လျှင်ဆူတော့မှာ အသေအချာပါ။ သူမကိုပင်ပန်းစေမည့် အလုပ်မျိုး ဘယ်တော့မှ မလုပ်စေချင်သည့်သူပင် မဟုတ်ပါလား။

‘မောင်’ တစ်နွေကုန်လို့ တစ်မိုးပြောင်းခဲ့ပါပြီ။ ‘မောင်’ ထားခဲ့တဲ့ ‘စံ’ ကိုသတိလေး တစ်ချက်သော်မျှ ရပါလေစကွယ်။ နွေရာသီကိုသာ ကြိုက်ခဲ့တာက ‘မောင်’ နှင့် ‘စံ’ အတူတူပဲ မဟုတ်ပါလား။ ဒီလို စိုစွတ်စွတ် မိုးတွင်းမှာ အပြင်ကိုထွက်ဖို့ထက် အခန်းအောင်းပြီး စာဖတ်ကြတဲ့ အကျင့်ကအစ အတူနီတူခဲ့တာလေ။ သို့သော် အစားအသောက်မှာဖြင့် ‘စံ’ က အချဉ်အစပ်တွေကို မနှစ်သက်ပေမယ့် ‘မောင်’ ကဖြင့် ရှမ်းစာအစားအသောက်မှန်သမျှ မက်မက်မောမော စားခဲ့တာ မဟုတ်ပါလား။ ထိုသို့ စားတတ်ခဲ့သဖြင့် ‘မောင်’ နှင့် နောက်ထပ်အကြိမ်ပေါင်းများစွာ ထပ်ဆုံခဲ့ရတာပါလေ။





သစ်သီးခြောက်ပစ္စည်းတွေ ထွက်ဝယ်ရင်း မြို့ထဲမှာတွေ့ခဲ့တာ။ အနိုင်တီငယ်မှာလိုက်သည့် ဈေးစာရင်းအတိုင်း ထွက်ဝယ်ရင်း (၅) ရက်ဈေးမှာ ဆုံခဲ့ရတာတို့က ‘စံ’ အတွက် အမှတ်ရစရာပင် မဟုတ်ပါလား။ မိုးတွင်းမှာ အအေးမိတတ်၍ အပြင်မထွက်ချင်တာ။ နာစေးချောင်းဆိုးဖြစ်တာတို့ စိတ်အရမ်းတိုတတ်သဖြင့် ‘မောင့်’ ကို တလေးလို ဂရုစိုက်ပေးခဲ့တာတွေက မမေ့နိုင်စရာတွေပါပဲကွယ်။

အခုနေ ‘မောင်’ သာအနီးမှာရှိနေလျှင် ‘ဒီမိုးကရွာပြန်ပြီ’ ဆိုပြီး ညည်းညူတာကို ကြားရတော့မှာပါလေ။ နွေဦးရဲ့လေပြည်အေးကိုလည်း အမှာပါးခဲ့ပါတယ်။ မိုးဦးရဲ့ မိုးစက်မှုန်လေးတွေကိုလည်း သတင်းမေးတတ်ပါရဲ့။ ဆောင်းဦးရဲ့နှင်းမှုန်လေးတွေကိုပါ မမေ့မလျော့ ပြောဆိုတတ်နေတုန်းပါပဲ ‘မောင်’။

‘စံ’ ရှိနေတဲ့မြေကို ‘မောင်’ တစ်ယောက်ပြန်ရောက်လာပါစေလို့လေ။

“ဟပ်ချိုး! ”

“ဟာ! ... တောက်! ”

Meeting Room ထဲမှာ အချိန်တော်တော်ကြာအောင် ထိုင်ဖြစ်တာမို့ Aircon အအေးကြောင့် သူ အအေးမိချေပြီ။ ဝန်ထမ်းတွေ၊ ကုမ္ပဏီ member တွေရှေ့ပင် မရှောင်နိုင်ဘဲ နှာချေမိတာမို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုလာရလေ၏။ အစီအစဉ်တင်ပြနေပါသည့် သူ့ PA "ဝဏ္ဏကျော်"က လေကြောရှည်နေတာကို အမြန်ဆုံးခပ်တိုတိုပြောပြီး အစည်းအဝေးကို ရပ်လိုက်ရလေသည်။

"GM"

"ပြီးရင် မြန်တော့မယ်"

"ဟိုလေ ... စာချုပ်မှာ လက်မှတ်ထိုးဖို့တွေရှိပါသေးတယ် Boss"

"အိမ်ကို ပေးလိုက်လေ။ ငါမစောင့်နိုင်တော့ဘူး။ ဒီထက်ပို ကြာနေရင် ဆရာဝန်ခေါ်ရလိမ့်မယ်။ အဲဒီထိုးဆေးစားဆေးတွေကို ငါ ဘယ်လောက်မုန်းလဲဆိုတာ သိတယ်မဟုတ်လား"

သူ ပိတ်ဟောက်လိုက်သဖြင့် PA ကောင်လေး ဇက်ပုသွားလေတော့၏။ တကယ်ပဲ ကိုယ့်ခန္ဓာထဲမှာ ချမ်းစိမ့်ပြီးတုန်ရင်လာပြီမို့ ဖျားတော့မည်မှန်း သူသိလိုက်ပါသည်။ လူကြီးတွေကိုပင် နှုတ်မဆက်နိုင်တော့ဘဲ Meeting Room တံခါးကို တွန်းဖွင့်၍ အရင်ဆုံးထွက်လာခဲ့မိတော့၏။ သူ့ကျန်းမာရေးကို သူအသိဆုံးပင် မဟုတ်ပါလား။

"Boss"

"ကော်ဖီပူပူလေး အရင်ဖျော်ပေးပါ၊ မြန်မြန်နော်"

"ဟုတ်ကဲ့ Boss"





သူ့နောက်မှ အပြေးတစ်ပိုင်းလိုက်ပါလာသည့် ရဲရင့်ကို လှည့်ပြောလိုက်ပြီး ရုံးခန်းတွင်းသို့ ဝင်လိုက်ပါ၏။ အာခေါင်ထဲ ယားလာပြီး မျက်လုံးတွေပါ ပူလာလေသည်။ ဆုံလည်ခုံမှာ ဝင်မထိုင်ဖြစ်တဲ့ မှန်ချပ်များမှတစ်ဆင့် အပြင်သို့ ကြည့်နေမိ၏။ မိုးတို့က တဖြည်းဖြည်း သည်းစွာရွာနေလေပြီ။

"တောက်! ... မုန်းလိုက်တာ"

"ဗျာ! ... ဘယ်သူ့ကိုပြောတာလဲ Boss"

"မိုးကို ပြောတာလေ။ အလုပ်လာရင် ရွာပြီ၊ အခု ပြန်ကာနီးလည်း ရွာနေပြီ မဟုတ်လား။ တမင်တကာ အချိန်ကိုက်ပြီးရွာသလား ထင်ရတယ်"

"ကော်ဖီရပါပြီ Boss၊ ဖြည်းဖြည်းမှုတ်သောက်နော်၊ ပူလိမ့်မယ်"

"သိတယ်၊ ငါ ကလေးမဟုတ်ဘူး"

စေတနာဖြင့် သတိပေးမှန်း သိပေမယ့် နှုတ်က မဆင်မခြင် ပြောမိပြန်လေပြီ။ သူ့အကြောင်းသိထားသဖြင့် 'ရဲရင့်' က ဘာမှ ထပ်မပြောပါချေ။ သူ့ PA က တံခါးခေါက်ပြီး ဝင်လာသဖြင့် ကော်ဖီကိုမှုတ်ရန်မေ့ပြီး မော့သောက်လိုက်မိလေသည်။ သေစမ်း ဒီလောက် သတိပေးနေသည့်ကြားက မေ့ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဦး! ... အား ... ကျစ်!"

"Boss ယူသွားရမယ့်စာချုပ် file တွေ ဒီမှာပါ"

"ထားခဲ့ ... ရဲရင့် ယူလိုက်"

လျှာအပူလောင်သွားသဖြင့် စကားမပြောချင်ကာမှ 'ဝတ္တုကျော်' ကြောင့် သူ ပိုစိတ်တိုလာရလေ၏။ ဒီမှာ ကြာကြာနေလျှင် နီးရာလူကို အပြစ်ဖို့မိမည်မို့ ပြန်ရန်ပြင်ရတော့သည်။ မနက်က ဝတ်လာသည့် coat ကို ဝတ်ထားသော်လည်း သိပ်ကြီးမနွေးသလိုပါလေ။

"ကားထုတ်နိုင်းလိုက်တော့"

"ဟုတ်ကဲ့ Boss"

ကုမ္ပဏီရှေ့ရောက်စဉ် သူ့ကားက အဆင်သင့်ရပ်ထားပြီး ဖြစ်နေလေ၏။ ကားပေါ်သို့ တက်ပြီး မောင်းထွက်ခဲ့စဉ် ညနေ (၅) နာရီခွဲနေလေပြီ။ သိပ်ကြီးနေမစောင်းသေးပါဘဲ မိုးမှောင်ကျနေသဖြင့် အပြင်မှာ မည်းမှောင်နေလေသည်။ ကားမီးရောင်တွေဖြင့် လမ်းမကြီးမှာ မိုးစက်တွေက လက်နေသည့်နှယ်ပါ။

"ကားလမ်း ကျပ်နေပြီ"

"ရှင်းတဲ့လမ်းက ရွှေးမောင်းလေ။ အိမ်အမြန်ရောက်မှဖြစ်မှာ"

"ဟုတ်ကဲ့"





Necktie ကို လျှော့လိုက်ပြီး လက်ကိုပိုက်ထားကာ မျက်စိကို စုံမှိတ်ထားလိုက်မိပါ၏။ ခြေထောက်မှာ shoe နှင့်ခြေစွပ်ဝတ်ထားပါလျက် မနွေးနေပါလေ။ အိမ်ပြန်ရောက်လျှင်တော့ ခြေထောက်ကို ရေနွေးဖြင့် နှိပ်ပေးရတော့မှာ အသေအချာပါပဲ။ တောင့်ထားဦး 'ဘုန်းမြတ်ဇေယျာမောင်' မလဲပါနဲ့ဦး။

"Boss"

"အင်း"

"သိပ်ချမ်းနေပြီလား"

"အင်း"

ရင်ဘတ်ထက် လွှမ်းခြုံလိုက်ရသည့်အတွက် စောင်တစ်ခုရှုမှန်းသိလိုက်ပါ၏။ အပေါ်ပိုင်းနွေးသွားပေမယ့် ခြေထောက်မှာ အေးနေတာကြောင့် တားလို့မရပါလေ။ သူ သတိလစ်သွားမှာကို စိုးရိမ်ပြီး သောမှ အတွတ်တွတ် ခေါ်နေပါသည့် 'ရဲရင့်' ကို စိတ်တိုနေမိပေမယ့် ဆူဖို့ရာ အင်အားမရှိတော့သည့်နှယ်ပါ။

မိုးက ပိုရွာသည်းလာလေ၏။ ဒီတစ်လမ်းတိုးကျော်ပြီး ဟိုဘက်အခွေမ်းကို လမ်းကူးဖြစ်မှသာ Taxi တားရ၍ စီးလို့ရမည်ဖြစ်သဖြင့် အားရှင်းတာကို စောင့်နေရပါသည်။ ညနေစောင်းမို့ ရုံးဆင်းချိန်ဖြစ်ပြီး ဆိုင်းကားတွေများကာ လမ်းကမရှင်းပါလေ။ တစ်ဖက်မှာ မီးပွိုင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဆူရှိုင်း တားလမ်းမကြီးမှာကား အတော်ရှင်းသွားလေ၏။ လူကူးမျဉ်းကြားမရှိသည့် လမ်းမှ သူများတွေ ကူးပြီး လျှောက်သည့်အတိုင်း ကားလမ်းမကျယ်ထက် သူမ ဖြတ်လျှောက်လိုက်ပါသည်။

"တီ!"

ရုတ်တရက် ရိုဝ်ခနဲ ကွေ့မောင်းလာသည့် ကားထဲမှ မီး အလင်းရောင်နှင့်အတူ ကားဟွန်းသံကျယ်ကျယ်ကြောင့် ရင်ထိတ်သွား ရလေ၏။ နားထဲရော ရင်ဘတ်ထဲမှာပါ ဒိန်းခနဲ ဆောင့်မြည်သံနှင့်အတူ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရလေသည်။ ပလက်ဖောင်းပေါ်မှ လူတွေ ၏ အော်သံသဲ့သဲ့နှင့်အတူ တစ်စုံတစ်ခုက သူမ၏ခန္ဓာကိုယ်ကို ပ တိုက်လိုက်ခြင်းကိုသာ နောက်ဆုံးသိလိုက်ရလေ၏။

"ကျွီ!"

"ဒုန်း!"

"ဟာ!"

တုံ့ခနဲ ရပ်သွားသည့်ကားကြောင့် သူ မှိတ်ထားသည့် မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်ပါ၏။ ဘေးမှာရော ကားရှေ့ခန်းမှာ တစ်ဦးမှ ရှိမနေပါဘဲ သူတစ်ယောက်တည်းသာ ကားထဲမှာ ကျန်ရစ် လေသည်။ ဘာလဲ ကားတိုက်မိပြီလား။ ဘာကိုများ တိုက်မိတာလဲ

"ရဲရင့် သီဟ"





"Boss! ဆင်းမလာနဲ့ . . . မဆင်းနဲ့"

"ဘာဖြစ်လို့လဲ"

"ကားတိုက်မိသွားတာပါ။ ဘာမှကြီးကြီးမားမားမဖြစ်ဘူး၊ သတိမေ့လဲသွားတာပါ။ ကားပေါ်ပြန်တက်ပါ Boss"

"ဘယ်သူ့ကို တိုက်လိုက်တာလဲ၊ စည်သူရော"

"Boss"

'ရဲရင့်' တားနေသည့်ကြားမှ သူ ကားပေါ်မှဆင်းမိလေပြီ။ လူတွေ ပြုံနေပါသည့်လူအုပ်ကြားထဲသို့ တိုးဝှေ့ဝင်လိုက်မိ၏။ ဘာသွေး ရောင်မှ ရှိမနေသဖြင့် စိတ်အေးသွားသော်ငြား လူနာကို ဆေးရုံ ဆေးခန်းပို့ရမှာမို့ သူ ငုံ့ကြည့်လိုက်မိပါသည်။ သီဟပွေ့ကိုင်ထားသည် က မိန်းကလေးတစ်ဦးဖြစ်နေလေ၏။

"ဟင်!"

"Boss!"

ကားရှေ့တည့်တည့်မှာ 'သီဟ' ပွေ့ချီလိုက်သည့် မိန်း ကလေးကို သူက ယူလိုက်မိပါသည်။ ဘုရားရေ! ဒီဝိမက်ထဲမှ မိန်း ကလေးကို ဒီလိုပုံစံမျိုးနဲ့ ရုတ်တရက်မြင်လိုက်ရတယ်လို့၊ ဒီလိုမျက်နှာ ခန္ဓာကိုယ်ခပ်ပါးပါး ဒီဆံနွယ်ရှည်တို့က သူ့အတွေးတွေကို ဖမ်းဆုပ် ထားခဲ့သည့် အရိပ်ရှင်လေးပင် မဟုတ်ပါလား။



www.burmeseclassic.com

"ရှဲရှင့် ... ဆေးရုံ အမြန်"

ကားပေါ်သို့ မည်သို့မည်ပုံဖြင့် ပြန်ရောက်ခဲ့သည်ကို မမှတ်မိပါ။ သူတင်းတင်းပွေ့ပိုက်ထားမိသည်ကတော့ ထိုမိန်းကလေး၏ ကိုယ်ခန္ဓာလေးကိုပါပဲ။



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နီးစပ်ရာပုဂ္ဂလိက ဆေးခန်းကြီးသို့ ခေါ်ခဲ့သဖြင့် အမြန်ဆုံး ရောက်ခဲ့ရလေ၏။ မိုးရေစိုလာသည့် အဝတ်အစားတို့ကို ဆေးရုံအဝတ်အစားဖြင့် လဲဝတ်စေပြီး ဆံနွယ်ရှည်တို့ကိုပါ ခြောက်သွေ့အောင် သုတ်ပေးထားသဖြင့် နဂိုအတိုင်း သဘာဝအလှတို့က ပေါ်လွင်နေသည့်နှယ်ပါ။ သူမနှင့် တစ်ပါတည်းပါလာသည့်ပစ္စည်းတို့က ဘာတစ်ခုမှ အကောင်းပကာတိ မကျန်ဘဲ အကုန်ကြေမွကုန်တာလေ။

အိမ်ကိုဆက်သွယ်ခေါ်ရန်အတွက် သူမ phone ကလည်း နှိပ်ပါကွဲလျက် ကြေမွအက်ကွဲနေတာမို့ ခက်ချေပြီ။ Special room တစ်ခန်းငှားကာ ထားထားသဖြင့် သူရော 'ရဲရင့်' ပါ အတူရှိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သွားမေးစိတ်ပူနေမှာစိုးသဖြင့် ကုမ္ပဏီမှာ ခုချိန်ထိ ရှိနေဆဲဟု သတင်းပို့ထားရလေသည်။ ည (၇) နာရီနီးပါးရှိနေပြီမို့ သတိမရသေးသည့် သူ့အတွက် စိုးရိမ်မှုတို့က အထွတ်အထိပ်ပါပဲ။

ခေါင်းထဲရှိခဲ့ရပါသည့် ပဟေဠိမေးခွန်းတို့က ဒီညဦးပိုင်းမှာပဲ အကုန်အစင် အဖြေရတော့မှာမဟုတ်ပါလား။ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီး နှလုံးသားထံမှ တဒိတ်ဒိတ်တိုးဆောင့်ခုန်လျှံနေသည်က အဘယ်ကြောင့်ပါနည်း။ စောစောက ဖျားချင်သလိုလိုဖြစ်နေခဲ့ရပါသည့် ခန္ဓာကိုယ်က ချွေးစေးတို့ထွက်နေသဖြင့် ပေါ့သွားကိုပင် ချွတ်ထားရလေသည်။

မျက်စိမှိတ်ထားပါသည့် မျက်နှာလှလှလေးကို ငေးကြည့်နေမိ၏။ မျက်တောင်ရှည်တို့က ခပ်ကော့ကော့လေးဖြစ်နေသည့် နှုတ်ခမ်းပြေပြေနှင့် နှာတံစင်းစင်းလေးက အတော်ပင် လိုက်ဖက်လွန်းတာပါ။ တင်းတင်းစေ့စိတ်ထားပါသည့် နှုတ်ခမ်းပါးလေးက ဆိုးဆေးမတင်ပါဘဲ ပန်းနုရောင်သန်းနေလေ၏။ V ပုံစံလှနာ အင်္ကျီကြောင့် လည်တိုင်သွယ်သွယ်လေးကို အရှင်းသားမြင်နေရပါသည်။ ဖြူဝင်းနေပါသည့် အရေပြားကြောင့် သူမ၏သွေးကြောစိမ်းစိမ်းလေးတွေကိုပင် မြင်နေရလေ၏။

ရင်ဘတ်ပေါ်တင်ထားပါသည့် လက်ထံမှ လက်ချောင်းသွယ်





သွယ်လေးကအစ လှပလွန်းပါသည့် မိန်းမချောလေးပါလေ။ သူနှင့်ယခုလို ရုတ်တရက် မြန်းစားကြီး တွေ့ရလေအောင် မိုးနတ်မင်းဖန်ဆင်းပေးလေသလား။ ကောင်းကင်ထက်ဆီမှ ဘုံကြိုးပြတ်ပြီးကျလာသည့်နှယ် ထင်မှတ်နေမိတာပါ။

"Boss"

"အင်း"

"အိမ်ပြန်ပြီးအနားယူပါတော့။ ကျွန်တော်စောင့်ပြီးကျန်ခဲ့ပါ့မယ်။ လိုအပ်တာတွေလည်း လုပ်ပေးလိုက်မှာပါ"

"သူ သတိရမှပြန်မယ်"

"ဒါပေမဲ့"

"သတိရမှဖြစ်မယ် မဟုတ်လား။ သွေးမထွက်ပေမယ့် အတွင်းမှာ သွေးစိမ့်နိုင်တာမျိုး ရှိတယ်လို့ ဆရာဝန်ပြောသွားတာကြားရဲ့သားနဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်။ Boss က ဖျားချင်သလိုဖြစ်နေတာဆိုတော့"

"ပျောက်သွားပြီ"

"ဗျာ"

"မဖျားတော့ဘူး။ ပျောက်ပြီလို့ ပြောတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုက်လျက် နေရာမရွေ့ဘဲ ရပ်ပြီး သူမကို စိုက်ကြည့်နေမိသဖြင့် 'ရဲရင့်' က အံ့ဩသွားပုံပါ။ အိမ်ပြန်တာထက် သူမက ဗိုအရေးကြီးနေတာ မဟုတ်ပါလား။ ဘယ်လိုလဲ၊ သတိရပါ့မလား။ ရာခိုင်းထားခဲ့ပါသည့် မိန်းကလေးကို အခုလို မျက်မြင်ကိုယ်တွေ့ဖြင့် ကိုယ်တိုင်မြင်တွေ့ရမည်ဟု မထင်ခဲ့ပါလေ။

နှလုံးသားဆီမှ တဒုတ်ဒုတ် အခုန်မြန်နေတာက ဘာကြောင့်ပါလဲ။ ဒီမိန်းမချောလေးကိုများ ချစ်မိနေပြီလား 'ဘုန်းမြတ်ဖေယျာမောင်'။ တစ်ကြိမ်တစ်ခါမှ မကြုံဖူးသည့် ချစ်ခြင်းဆိုသည့်အရာက သူ့ထံကို တည့်တည့်ကြီးများ ဆိုက်ရောက်လာတာများလား။ ထူးဆန်း အံ့ဩဖွယ်ရာပဲလားနော်။ လောကကြီး မည်သို့များ ဖန်တီးလေပြီလဲ။

တစ်သက်နဲ့တစ်ကိုယ် ဘယ်မိန်းကလေးကိုမှ စေ့စေ့မကြည့်ဖူးခဲ့သည့် သူ၊ သူ့စိမ်းတစ်ယောက်ကြောင့် ရင်တစ်ခါမှ မခုန်ဖူးခဲ့သည့် သူ့ကိုမှ ဤသို့ ထူးခြားမှုတွေ ဖန်ဆင်းရတယ်လို့။ ဘာပဲဖြစ်ဖြစ် သူ မေ့လျော့နေခဲ့ပါသည့် အတိတ်နွံထဲမှ နိုးထလာအောင် ယခုလို ဖန်တီးပေးလာတာကိုဖြင့် ကျေးဇူးတင်ရပေမည်။

"Boss"

"ရှူး!"

မိန်းကလေးထံမှ ညည်းညူသံသဲ့သဲ့မျှ ထွက်လာသဖြင့်





'ရဲရင့်' ကို အသံတိတ်စေရန် အချက်ပြလိုက်ရပါ၏။ Drip ချိတ်ထားသည့်အပ် ပြုတ်မထွက်စေရန် သူ့လက်က အလိုလိုကိုင်ထိန်းပေးလိုက်မိသားဖြစ်သွားရလေသည်။ ဖြည်းဖြည်းချင်း ပွင့်လာပါသည့် မျက်တောင်ရှည်တို့က ကန့်လန့်ကာဆွဲတင်လိုက်သည့်နှယ် ကြည့်ကောင်းလွန်းနေတာပါလေ။

အလို! ဝင်းလဲ့တောက်ပသွားပါသည့် မျက်ဆံနက်နက်လေးက သူ့ရင်ကို ထိတ်သွားစေသလို နှုတ်ခမ်းဖူးဖူးလေးက မသိမသာ ပွင့်အလာသည့် နှင်းဆီငုံဖူးလေးနှယ်ပါ။ ကြည့်ပါဦး . . . အဘယ်မျှ ရင်သပ်ရှုမောဖွယ်ရာ အလှတရားတို့နှင့် ပြည့်စုံလိုက်ပါသည့် မိန်းမငယ်လေးပါလဲ။

"မောင်"

ဗုဒ္ဓေါ! မည်သို့ခေါ်လိုက်ပါသနည်း။ လက်ဖျံကို ထိန်းကိုင်ထားပါသည့် သူ့လက်ခုံကို လာ၍ ဆုပ်ကိုင်လိုက်သည့် အေးစက်စက်လက်ဖဝါးလေးကြောင့် လူက တွန့်ခနဲ လန့်သွားရလေ၏။ ဘုရားရေ! အခုမှ တွေ့ဖူးတဲ့မိန်းကလေးရဲ့ သတိပြန်လည်ရလာခြင်းက သူ့ကို 'မောင်' ဟူသည့် ဝိသေသဖြင့် ခေါ်ဝေါ်နိုးထစေသခဲ့ခြင်းတဲ့လား။

"မောင် . . . မောင် ရှိနေတယ်"

"မှားနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အို! . . . ဘာလို့မှားရမှာလဲ။ မောင်မှမောင်၊ စံရဲ့မောင် အစစ်ပါ"

"Boss"

လက်နှစ်ဖက်ဖြင့် သူ့လက်ကို ဆုပ်ကိုင်လိုက်သဖြင့် တကယ့်ကို မယုံကြည်နိုင်သည့်နှယ် အံ့သြနေမိတာပါ။ ဘယ်တုန်းက သိခဲ့ပြီး ရင်းနှီးခဲ့ပါသည့် အတိုင်းအတာမျိုးဖြင့် သူ့ကို သူမ ဒီလိုခေါ် နေရတာပါလိမ့်။ Accident ဖြစ်မှုကြောင့် ခေါင်းကိုများ ထိခိုက် သွားလေသလား မသိနိုင်ပါ။

"ဒီမှာအစ်မလေး . . . ခေါင်းထဲမှာ ဘယ်လိုနေလဲ ခင်ဗျ"

"ကောင်းတယ် . . . နည်းနည်းနာနေတာကလွဲလို့၊ မောင် နေဦးလေ"

"ကျွန်တော်တို့ကားနဲ့ တိုက်မိသွားရတာပါ အစ်မလေး ခဏနေ ဆရာဝန်ရောက်လာပါလိမ့်မယ်"

"အဲဒါက အရေးမကြီးပါဘူး။ မောင်နဲ့စကားပြောပါရစေ ရှင်"

"ဗျာ! . . . ဘယ်ကမောင်လဲ"

"ဒီမှာလေ . . . စံရဲ့ခင်ပွန်း"

"ဟင်!"





ဘုရားရေ! ခင်ပွန်းတဲ့လား။ မဖြစ်နိုင်တာ။ အတိတ်ကာလ ကို မေ့လျော့နေခဲ့သည့် သူ့ကို မျက်လှည့်ပြသည့်နှယ် ပဥ္စလက်အ တတ်ပညာများ ဤမိန်းကလေးမှာရှိနေပြီလား။ သူနှင့်'ရဲရင့်' ပါ မှင်တက်အံ့သြသွားရလေ၏။ လိမ်ညာသည့်ပုံစံမျိုးလည်း လုံးဝရှိမနေ ပါသည့် မိန်းကလေးကို အထူးအဆန်းနှယ် ငေးကြည့်နေမိတာ အမှန် ပါ။

ခင်ပွန်းတဲ့၊ ဒါဖြင့် အိမ်ထောင်သည်မိန်းကလေးပေါ့။ ဗုဒ္ဓေါ! ပိုင်ရှင်ရှိနေပါသည့် မိန်းကလေးကိုမှ အတွေးကမ္ဘာထဲမှာရော အိပ်မက် ဖက်ပါထဲကိုပါ ခေါ်မိရတယ်လို့၊ ကြောက်စရာကောင်းသည့် အဖြစ်အ အပျက်ကိုမှ ပွေ့ဖက်တွယ်တာခဲ့မိရတယ်လို့ 'ဘုန်းမြတ်ဖေယျာမောင်' ရယ်။ အံ့ဖွယ်ပါပဲ။

"အစ်မလေး မှားနေပြီ။ ဒါ . . . ကျွန်တော့်ရဲ့ Boss ပါ"

"မောင်ပါ၊ စံနဲ့လက်ထပ်ခဲ့တဲ့ ခင်ပွန်းဆိုတာကို စံ ကောင်း ကောင်းကြီး မှတ်မိနေပါတယ်"

"မဟုတ်ဘူး"

"မောင်"

"မှားနေပြီ ကိုယ်က"

"နည်းနည်းလောက် ဖယ်ပေးပါရှင်၊ လူနာကို ဆေးထိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



စင်သာင်ပေးမှာမို့ပါ''

ဆရာဝန်နှင့် သူနာပြုရောက်လာပြီမို့ သူတို့ ရှောင်ထွက်လိုက်ရလေ၏။ ရင်တွင်းမှ နှမ်းလျှမှုနှင့်အတူ တနုံ့နုံ့ ခံစားချက်တို့က ရုတ်ချည်းဖြစ်ပေါ်လာလေတော့သည်။ ဘုရားရေ! ဘယ်လိုဖြစ်ရတာပါလိမ့်။ မျှော်လင့်ချက်က ရေပေါ်မှာ ပေါ်လာသည့် ရေမြှုပ်လေးလို ဖျတ်ခနဲမြင်ပြီး ဖျတ်ခနဲ ပျောက်ကွယ်သွားသည့်နှယ်ပါ။ ရင်ထဲ မကောင်းလိုက်တာနော်။

''ခေါင်းထဲမူးပြီး အန်မိရင် စိုးရိမ်စရာဖြစ်မှာမို့ ဒီတစ်ညတော့ စောင့်ကြည့်ရပါမယ်''

''ဟုတ်ကဲ့ ... Special nurse ထားပေးပါ့မယ် ဒေါက်တာ''

''အိမ်ကလူတွေ ဆက်သွယ်ရင် ပိုကောင်းပါလိမ့်မယ်ရှင်။ မိန်းကလေးအဖော်လိုအပ်မှာမို့ပါ''

''ဟုတ်ကဲ့ ... ကျွန်တော်တို့ ဆက်သွယ်လိုက်ပါ့မယ်''

ဆရာဝန်ကြီးနှင့် သူနာပြုဆရာမက သူမကိုစစ်ဆေးပြီး အခန်းထဲမှ ထွက်သွားလေတော့၏။ ရဲရင့်က လိုအပ်သည့်ဆေးဝါးတို့ကို ဝယ်ပေးရန် အောက်ထပ်သို့ ဆင်းသွားလေသည်။ တာဝန်ကျ nurse ရောက်မလာခင် လူနာအနီးမှာ တစ်ယောက်ယောက် ရှိရမည်ဖြစ်





တံခါးကို အသာဖွင့်၍ ဝင်လိုက်မိပါ၏။ သူမက ဆေးရုံခုတင်ထက် လှဲမနေပါဘဲ ခပ်မတ်မတ်ထိုင်နေသဖြင့် သူပြန်ဝင်လာတာကို မြင်နေရလေသည်။

''လိုအပ်တာမှန်သမျှ ရဲရင့်တာဝန်ယူလုပ်ဆောင်ပေးနေပါတယ်။ အခုလိုဖြစ်သွားရတဲ့အတွက် စိတ်မကောင်းပါဘူး။ အခု ဆေးကုသပေးနေတာကိုရော အိမ်ပြန်ရောက်တဲ့အချိန်ထိပါ ဂရုစိုက်ပြီး တာဝန်ယူပေးမှာပါ။ တရားစွဲဖို့မိုဗျား စိတ်ကူးရှိပါသလား။ ကျွန်တော်တို့ဘက်က လျော်ကြေးပေးဖို့ အသင့်ရှိနေမှာပါ''

မျက်ရည်လေးဝဲလျက် သူ့ကိုငေးကြည့်နေသဖြင့် ပြောလက်စ စကားကို ရပ်လိုက်ရပါသည်။ တကယ်ပဲ သူက သူမ၏ခင်ပွန်းနှင့် ရုပ်ဆင်တာ အတော်လေးတူနေတာများလား။ မဟုတ်ဘူးဟု ငြင်းဆန်ခဲ့သဖြင့် ထိုစကားကို သူမ ထပ်မပြောတော့ပါချေ။ ဆေးရုံခုတင် ခြေရင်းတန်းမှာ ချိတ်ထားပါသည့် လူနာမှတ်တမ်းကိုယူ၍ ကြည့်လိုက်မိပါ၏။

'နွေရိပ်စံ' အသက်က (၂၈) နှစ်တဲ့လား။ ဒါဖြင့် သူမ အတိလစ်မေ့မြောသွားပေမယ့် ခေါင်းကိုထိခိုက်မိပြီး ဦးနှောက် ချောင်သွားတာတော့ မဟုတ်ဘူးပေါ့လေ။ သို့သော် လူ့ကို 'မောင်' ဟု တစ်ခါလေးခေါ်လိုက်ရုံဖြင့် ... သူ့ရင်ထဲ နွေးသွားခဲ့တာက



www.burmeseclassic.com

www.burmeseclassic.com



အဘာယ်ကြောင့်ပါနည်း။

"တကယ်ပဲ မမှတ်မိတော့တာလား ဟင်"

"ဟင်! ... ဘာကိုလဲ"

"စံကိုပါ"

"ဟင့်အင်း ... ခင်ဗျား လူမှားနေတာပါ"

သူမ မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ ရွှန်းလဲ့ဝင်းပသည့် မျက်ဝန်းနက်တို့မှ မျက်ရည်က ပါးပြင်ထက်သို့ ပေါက်ခနဲ ကျလာလေတော့သည်။ အလို! အဲအာယ့်ကြောင့်များ ငိုရလေသနည်း။ မိန်းကလေး တစ်ယောက်၏ မျက်ရည်ကို ချူသည့် ဆိုးသွမ်းသည့်လူက သူသာဖြစ်နေပြီလား။ တငြိမ့်ငြိမ့် တိုးခုန်နေပါသည့် ရင်ခုန်သံကိုတောင် သံသယ ဝင်လာရတာပါ။

"ဒေါက်! ဒေါက်! "

တံခါးခေါက်သံကြောင့် အခန်းတွင်းသို့ ဝင်လာပါသည့် အမျိုး သမီးတစ်ဦးနှင့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရပါသည်။ သူ ရပ်နေတာကို သတိမထားမိပါဘဲ လူနာရှိရာဆီကိုသာ အာရုံစိုက်ပြီး ရောက်သွားသဖြင့် သူက ခြေလှမ်းကို နောက်ဆုတ်၍ ရပ်လိုက်ရလေ ၏။

"စံ"





"မမ"

"ချို"

"ဘယ်လိုဖြစ်ရတာလဲ စံရယ်။ ပြန်မလာလို့စိတ်ပူပြီး စောင့်နေတာ။ လူတစ်ယောက် phone ဆက်အသိပေးလို့ ဒီမှာရှိမှန်း သိလိုက်ရတာပဲ။ ကံကြီးပေလို့သာပေါ့"

"မမ နေရတာသက်သာရဲ့လား"

"အင်း"

"နှင့်ကို ဘယ်သူလိုက်ပို့ ဟောတော်! ... ကိုဖေယျာပါ လား"

"ချို"

"ကြည့်စမ်း! ... ရှင်ထွက်သွားခဲ့တာ တစ်နှစ်ကျော်ကြာပြီး အခုမှ ပြန်တွေ့ကြတာပေါ့လေ"

"ချို မဟုတ်ဘူး"

"ဘာကိုမဟုတ်တာလဲ"

"သူက ... သူက ... မောင် မဟုတ်ဘူးတဲ့"

"ဘာ! "

သူ့လက်မောင်းကို ဇာရင်းတနီးပုတ်ကာ နှုတ်ဆက်လိုက်ပါ သည့် မိန်းကလေးကြောင့် အံ့သြပြီးရင် အံ့သြသွားရတာပါ။ လာပြီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် 'ကိုဇေယျာ' တဲ့။ သူ့နာမည်ကို အတိအကျ ခေါ်လိုက်တာမို့ လူက တွန့်ခနဲ ဖြစ်သွားရလေ၏။ သူ့မထံမှ တားမြစ်သံ ခပ်တိုးတိုးကြောင့် ထိုမိန်းကလေးက လက်ကို ပြန်ရုတ်သွားလေတော့သည်။

ဘာတွေဖြစ်ကုန်ပြီလဲ သူ သေချာမသိတော့ပါချေ။ 'ရဲရင့်' ပြန်လာခေါ်နေပြီဖြစ်သဖြင့် ဆေးရုံထဲမှ သူ ထွက်ခဲ့ရလေ၏။ ရင်ထဲမှာ မွန်းကြပ်ပြည့်သိပ်နေတာ အမှန်ပါပဲ။

❀



## အခန်း (၁၈)

တစ်ညလုံး ငိုထားမိသည်မို့ ခေါင်းထဲမကြည်မလင်ဖြစ်နေလေ၏။ သို့သော် ခေါင်းမူးနေပါက ဒီဆေးရုံမှ ဆင်းလို့မရမှာမို့ အာမှ မဖြစ်သလို နေနေရတာပါ။ မနေ့ညကတည်းက လိုလိုမယ်မယ်ဆိုပြီး 'မေချို' ယူလာပေးသည့်ဝတ်စုံကို (သန့်ရှင်းရေးလုပ်ပြီး) ဆေးရုံဝတ်စုံနှင့် လဲဝတ်လိုက်ပါသည်။

မရဲတရဲမျှော်လင့်ခြင်းတို့ ပျက်သုဉ်းလေပြီမို့ လူက အားမရှိတော့သည့်နှယ်ပါ။ မဟုတ်ဘူးတဲ့လား။ ပြတ်သားစွာ ငြင်းဆန်ခဲ့သည့် စကားလုံးတို့က နားထဲမှာခါးသည်းစွာ ဝင်ခဲ့ရသလိုပါပဲ။ 'ခင်ဗျား' တဲ့လား။ ရင့်သည်းသည့်အသုံးအနှုန်းပါပဲလား 'မောင်' ရယ်။ စိမ်း



www.burmeseclassic.com

www.burmeseclassic.com



သက်သည့်အကြည့်တို့က 'စံ' ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသည့်နယ်
ခပ်ငေးငေးကြည့်နေခဲ့တာပါလေ။

'မောင်' မဟုတ်ဘူးတဲ့လေ။ ဒီမျက်နှာ၊ ဒီကိုယ်ခန္ဓာ၊ ဒ
အရပ်အမောင်းနှင့် ဒီအသံမျိုးကို 'စံ' က မမှတ်မိအောင် မေ့နေတာ
မဟုတ်တာလေ။ အတူသဖြင့် သူမ ဘေးနားသို့ကပ်လာသည့် 'မောင်
ကိုယ်ရနံ့သင်းသင်းနှင့် 'မောင့်' မျက်နှာထက် မေးစေ့မှာ ရှိနေပါသည်
မှဲ့နက်နက်လေးက ဒီဘဝမှာမက နောက်ဘဝဆက်တိုင်း အမြဲ အမှ
ရစေမည့် အမှတ်တရဆိုတာကို 'မောင်' မသိဘူးတဲ့လားကွယ်။

"စံ"

"သွားကြမယ် ချို"

"သူတို့ကို မစောင့်တော့ဘူးလား"

ခေါင်းကို ခပ်ဖြည်းဖြည်းသာ ခါလိုက်မိပါ၏။ စောင့်ေ
ရော ဘာများ ထူးမှာတဲ့လဲ။ ကိုယ့်ကိုမမှတ်မိတဲ့လူ။ မဟုတ်ဘူး
သည့် လူကိုမှ ရိုးမြေကျ ပေါင်းသင်းဖို့ ခေါင်းညိတ်ပြီး အချစ်
ပုံပေးခဲ့မိသည့် 'နွေရိပ်စံ' ရဲ့ဘဝက ကျွမ်းထိုးမှောက်ခုံဖြင့် ပျက်ခဲ့
ပြီ။ ရက်စက်ပဲ့ 'မောင်' ရယ်။

"ဒါဆိုလည်း ညီထွဋ် လာကြိုမှာကိုတော့ စောင့်လိုက်
စံ။ ကောင်လေးက ညကတည်းက မျက်စိမျက်နှာပျက်ပြီး စိတ်





ဆော်ပူနေတာ။ Taxi နဲ့ ပြန်မှာကို စိတ်မချလို့ သူကိုယ်တိုင် လာကြို
မယ်တဲ့"

"အောက်ကပဲ စောင့်ကြတာပေါ့ ချိုရယ်"

"မဖြစ်ပါဘူး စံရယ် . . . တစ်စုံတစ်ခုဖြစ်နေမှဖြင့်။ ညီထွဋ်
လာနေပါပြီ။ ခဏလေးပဲ စောင့်လိုက်ပါဟယ်"

ခုတင်ထက် အသာပြန်ထိုင်ချလိုက်ပါ၏။ Night duty
ဆင်းလာသည့် ဆရာဝန်က ဘာမှ ထူးထူးခြားခြား မဖြစ်ပါက မနက်ဖြန်
ဆင်းလို့ရပြီဟု ခွင့်ပြုထားသဖြင့် အချိန်မရွေး ပြန်လို့ရနေပါပြီ။ ဘာမှ
အတော်စပ်ပါသည့် သူစိမ်းယောကျ်ားလေးကမှ 'စံ' အပေါ် စိတ်ပူဖော်
ရပါသေး၏။ ရင်ခုန်ဖက်ဖြင့် အတူပေါင်းဖက်ခဲ့ရသည့် 'မောင်' ကဖြင့်
'စံ' ကို နည်းနည်းလေးတောင်မှ ငဲ့ကြည့်ဖော်မရပါလား။

ရင်တွင်းမှ စူးခနဲအောင့်သွားသဖြင့် မျက်နှာက မဲ့သွားရလေ
၏။ ဟိုပြန်ရောက်ရင်တော့ ပါရဂူဖြင့် သေချာပြန်ပြရတော့မှာလေ။
အနှိုင်ယံသိလျှင် ပိုပြီး စိတ်ပူနေမှာအမှန်ပဲ။ အဲ့ဒေးကိုသွားတိုင်း
အိမ်ကနေ စိတ်မချဖြစ်နေတတ်တာ မဟုတ်ပါလား။

"ဘာဖြစ်လို့လဲ စံ"

"ဟင့်အင်း"

"စိတ်ထဲ နာနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲနာနေပြီလား" တဲ့။ မေးရက်ပါရဲ့။ နာချင်ပေမယ့် မနာနိုင်တော့ ခက်သားလား။ ကြင်နာခြင်းရဲ့တစ်ဖက်ကမ်းမှာ နာကျင်ခြင်းဆိုတာ ရှိမှန်းကို အခုမှ 'စံ' တကယ်သိခွင့်ရခဲ့တာပါ။ ကိုယ့်ကို ခဏတာမျှသာ ပေါင်းပြီး ချန်ရစ်ခဲ့ပါသည့် ယောကျ်ားတစ်ယောက်၏ ချစ်ခြင်းကို ယုံကြည်ခဲ့မိသည့် အရူးတစ်ယောက်အဖြစ် မည်သို့ ရှေ့ဆက်ရှင်သန်ရပါ့မည်နည်း။

လုပ်ရက်ပို့ 'မောင်' ရယ်။ ဒီလိုသာ အတည်မပေါင်းချင်လျှင်လည်း ချစ်သူဘဝမျှနဲ့သာ အဆက်ဖြတ်ထားခဲ့သင့်တာပါ။ လွယ်လွယ်တွေ့၊ လွယ်လွယ်ကြိုက်၊ လွယ်လွယ်ချစ်ပြီး လွယ်လွယ်နဲ့ လက်ထပ်ခွင့်ပေးခဲ့လို့ အခုလို အလွယ်တကူနဲ့ ထားရစ်ခဲ့ရတာပေါ့လေ။

"စံ"

"ကိုယ့်ကိုယ်ကိုယ် ဘာမှန်းတောင် မသိတော့ပါဘူး ချိုရယ်"

"နောင်တဆိုတာမျိုးကြီးကိုတော့ မရစေချင်တာအမှန်ပဲ စံ။ နင်နဲ့သူကြားမှာ ဖုံးကွယ်ထားတဲ့ အကြောင်းအရာတစ်ခုခုတော့ ရှိမယ်လို့ငါထင်တယ်"

"စံက ... စံက ... ဘာကို ဘယ်လောက်အထိ မျှော်လင့်ပြီး နေသွားရမှာလဲ"

"ခက်လိုက်တာ၊ ကိုပေါက်လည်း ပြန်ထွက်သွားတာ





အနည်းဆုံး နှစ်နှစ်လောက်ကြာဦးမှာ။ သူသာသိရင် အတော်ဒေါကန်မှာပဲ။ သူ့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတော့ မဟုတ်ပေမယ့် ဒိတ်ခွေလို ခင်ခဲ့သေးတာကိုး"

"ကိုပေါက်ကို မပြောပါနဲ့တော့ ချိုရယ်။ သူသိလည်း ဘာမှ လုပ်ပေးလို့မှမရတာ"

"ငါလည်း ဘယ်လိုမှ စဉ်းစားလို့မရဘူး။ တကယ်ပဲ ကိုဖေယျာမောင် မဟုတ်သလို ခပ်တည်တည်နဲ့ ဟန်ဆောင်သွားတာ နည်းသေချာကြီး"

ဟန်ဆောင်တာတဲ့လား။ မဖြစ်နိုင်တာ။ သူ့ပုံစံက ဟန်ဆောင်ထားတဲ့ အမူအရာမျိုးမှ မဟုတ်တာ။ သူမကို ငုံ့ကြည့်နေခဲ့သည့် မျက်ဝန်းတို့မှ အေးစက်ခြင်းတို့က နွေးထွေးသည့်တက် ပြောင်းလုလု အထိ ရှိခဲ့တာ မျက်မြင်ပါ။ သို့သော် အဘယ်ကြောင့် ဝန်မခံချင်ရပါသလဲ။

"နင် ဘာဆက်လုပ်မလဲ စံ"

"ပြန်မယ်"

"ဘယ်လို"

"ဌာနေကို ပြန်ရုံပေါ့ ချိုရယ်။ စံရဲ့နေရပ်က ဟိုမှာ၊ စံ့ရဲ့ အလုပ်လည်း အဲဒီမှာ၊ စံ ရှင်သန်လှုပ်ရှားနေရတဲ့ဘဝက တင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တည်းမှာပဲ ရှိနေတာပါ။ ဒီတော့ အိမ်ပြန်ရုံပဲ ရှိတော့တာ မဟုတ်လား"

"ဒီပုံစံနဲ့ ဘယ်လိုပြန်မလဲ"

"အရင်ကလည်း တစ်ယောက်တည်း ကျင်လည်ခဲ့တာပဲ ချိုရယ်။ ဒီလိုပဲ ရှင်သန်နေရဦးမှာပေါ့။ ဟင်း . . . ဒီနှစ်ကိုက စ အတွက် ကံဆိုးလွန်းတာ ထင်ပါရဲ့"

"စံကလည်း"

"ဟုတ်တယ်လေ၊ စီးပွားရေးမှာ လူလိမ်ခံရတယ်။ အရှ အခင်းကြုံတယ်။ ပြဿနာပေါင်းစုံနဲ့ကို ကြုံခဲ့ရတာ မဟုတ်လား"

"အဲဒီထဲမှာမှ နှလုံးသားကို အလိမ်ခံရတာက ပိုနာကျင်ရ တယ်ပေါ့လေ"

သူမ နှုတ်ဆိတ်နေမိတော့၏။ နှလုံးသားအလိမ်ခံရသတဲ့ မှန်ပါတယ်။ ဒါပေမဲ့ သူက လိမ်ညာယူသွားခဲ့တာမှ မဟုတ်တာ။ စံ ကိုယ်တိုင်ကိုက သူ့လက်ထဲကို လိုလိုလားလားနဲ့ ပေးအပ်ခဲ့မိတာပါ ယုံယုံကြည်ကြည်နဲ့ ပုံပေးခဲ့တာပါ။ ရွှးရွှးမိုက်မိုက်နဲ့ မျက်စိစုံမှိတ်ခဲ့မိ တာပါ။ ယုံမှတ်မိသူမှာသာ အပြစ်က ရှိတာမဟုတ်ပါလား။

ကြည့်စမ်း! ဘယ်လိုဖြစ်ပြီး 'မောင့်' ကို အပြစ်မမြင်မိတာ ပါလိမ့်။ တစ်ကြိမ်လိမ်ညာခံရပါက လိမ်သူ၏အမှားဆိုပြီး 'စ





ကိုယ်တိုင်ကိုက 'မောင့်'အပေါ်မှာ တစ်စက်ကလေးသော်မျှ အပြစ် မတင်ရက်ခဲ့တာလေ။ အချစ်သည် လူ၏အမြင်ကို အမှောင်ဖုံးစေသည် ဆိုသည့်စကားလုံးက ဒက်ထိကို မှန်ကန်နေတာပါ။

ပြော် . . . 'နွေရိပ်စံ' ၏ နှလုံးသား 'မောင်' ရယ်။

"ရွှေဘဝက ကုသိုလ်နည်းခဲ့လို့ ထင်ပါရဲ့"

"အလို! . . . ယောဂီလေသံ ပေါက်လာပါရောလား"

"မလှောင်ပါနဲ့ ချိုရယ်။ ယောဂီမဝတ်နိုင်လို့ ဒီလိုစာတွေ ရေးနေသေးတာ မဟုတ်လား"

"တော်သေးတာပေါ့"

"ဒေါက်! ဒေါက်! "

"မမ"

"ဟော! . . . ချာတိတ်လာပြီ"

'ညီထွဋ်သာ' ရောက်လာပြီမို့ ပြန်ရန်ပြင်လိုက်ပါ၏။ ခံပင်ကို သေချာမဖြီးရပါဘဲ လျှိုပတ်၍ ထုံးထားတာမို့ အိုစာသည့်ရုပ်တော့ ပေါ်နေလေမည်။ သယ်စရာ ဘာမှမရှိသဖြင့် 'ညီထွဋ်'က သူမကို လာတွဲခေါ်လိုက်လေ၏။ ကြင်နာရမည့်လူက ဥပေက္ခာပြုထားပြီး သူစိမ်းကဖြင့် စေတနာဖြူစင်စွာဖြင့် ကူတွဲရတယ်လို့။

"မမရဲ့ Spouse (ကြင်ယာ) ကိုစောင့်ဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့!"

"ဘာပေါက်ကရပြောမှာလဲ။ အိမ်ပြန်ပါ့မယ်ဆိုတာကို"

'ချို' က မျက်ရိပ်ပြလိုက်သဖြင့် 'ညီထွဋ်' ဖက်ပုသွားလေ၏။ Special room ထဲမှ အတူထွက်လာခဲ့ပြီး lift ဖြင့် အောက်ထပ်သို့ ဆင်းခဲ့ကြပါသည်။ မကြာခဏ ရောက်ဖြစ်ခဲ့သည့် မြို့မှာမှ 'မောင့်' ကို တွေ့ခဲ့ရပေမယ့် နှစ်ကိုယ်တူ ချစ်သမှုကဖြင့် ဘယ်တော့မှ ပြန်မရတော့သလိုပါလေ။ ဝေးခဲ့သည့်ကာလတစ်နှစ်ကျော်အကြာမှာ 'နွေရိပ်စံ' ၏ ချစ်ခြင်းတို့က ကြေမွအက်ကွဲပြီး ပျောက်ကွယ်သွားကြလေပြီ။

အားတင်းထားခဲ့တာအမှန်ပါ။ လင်ယောက်ျားမရှိခဲ့သည့် ကာလအတိုင်းအတာလေးမှာ ကိုယ်စိတ်နှလုံး သုံးပါးအစုံနဲ့ သစ္စာစောင့် သိခဲ့ပါ၏။ လွယ်လင့်တကူ လမ်းဖွင့်ပေးကြတဲ့လူရှိပေမယ့် မျက်စိစုံမှိတ် ဖွတ်တိုးဝင်မိစေရန် အရှက်တရားတို့က အခွင့်မပေးခဲ့ပါချေ။ တစ်သက်တာ ချစ်ခြင်းမျိုးဖြင့် ချစ်ခဲ့တာပါ။ ထာဝရ မပျောက်ပျက်နိုင်တဲ့ မေတ္တာမျိုးနှင့် ပုံအပ်ပေးခဲ့တာပါ။ ရိုးမြေကျရည်ရွယ်ပြီး အနှစ်များမရှိပါဘဲ ဘဝတစ်ခုကို 'မောင့်' လက်ထဲ နှင်းအပ်ပေးခဲ့တာပါကွယ်။

အခုတော့ဖြင့် မေတ္တာရွက်လှေလေးလည်း မှောက်ချေပြီ။ ချစ်ခြင်း၏သစ်ပင်လည်း လဲကျလေပြီ။ ဘဝ၏စံအိမ်သည်လည်း





ပြိုပျက်သွားပြီကော။ 'နွေရိပ်စံ' ၏ ကံကြမ္မာက အပူတို့ဖြင့် ဖုံးလွှမ်းအုပ်မိုးထားခြင်းကြောင့် ထိုသို့သော မီးတောင်လျှောင်အိမ်ကနေ 'မောင်' ရုန်းထွက်ရှောင်ပြေးခဲ့လေသလား။

"စံ"

"ဟင်"

ကားပေါ်တက်ထိုင်လိုက်ပေမယ့် လူနှင့်စိတ်မကပ်သလို ဖြစ်နေသဖြင့် 'မေချို' က လက်မောင်းကို ကိုင်လှုပ်၍ သတိပေးလိုက်လေ၏။ ပြည့်ဖုံးကားချလိုက်သည့် တစ်ခန်းရပ်ပြဇာတ်နှယ် မျက်လှည့်ဆန်လွန်းသည့် ဘဝပါပဲ။ ကံဇာတ်ဆရာ၏အလိုကျအတိုင်း 'က' ရပါသည့် သူမတို့၏ ဘဝအိမ်ထောင်ရေးက သဲတစ်မှုန်နှယ်၊ ရေတစ်စက်နှယ် လေထဲမှာ လွင့်ပျောက်ပျက်ပြယ်ပြီး အရာမထင်တော့လေပြီ။

ဩော် 'စံ' သိပ်ချစ်ရတဲ့ 'မောင်' ရယ်။

"မဖြစ်တော့ပါဘူး။ နင့်ကို ဒီတိုင်း အိမ်ပြန်ခိုင်းရင် အိမ်ပြန်ရောက်ဘဲ လမ်းမှာပဲ ပျောက်သွားလိမ့်မယ်"

ဒါဆိုလည်း အေးသွားတာပေါ့ 'ချို' ရယ်။ ရေစုန်သာ မျှောလိုက်ချင်ပေမယ့် နှလုံးသားကို ဦးစားပေးသည့်အရွယ် မဟုတ်သဖြင့် ရင့်ကျက်တည်ငြိမ်ခြင်းအသိဉာဏ်က ဦးနှောက်ကို ထိန်းချုပ်နိုင်တာမို့ ထင်ရာမစိုင်းနိုင်ပါ။ သူမ၏ဘဝထဲမှာ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရှိနေသေးတာ မဟုတ်ပါလား။ သတို့ကောင်းကောင်း ချုပ်ပါ 'နွေရိပ်စံ'။

"အိမ်က ကားနဲ့ပဲ ဟိုအထိ ငါလိုက်ပို့ပေးမယ်"

"မလေးတို့ မိန်းကလေးနှစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ။ စိတ်မချပါဘူး။ ကျွန်တော်လိုက်ပို့ပါ့မယ်"

"မဟုတ်တာ"

"ဘာမဟုတ်တာလဲ၊ ညီထွဋ်ပြောတာမှန်တယ်။ မွေးရပ်ကို မပြန်ဖြစ်တာ ကြာတာနဲ့ မရောက်ဖြစ်ဘူး။ ငါတို့မောင်နှမတွေ တစ်ပတ်ဆယ်ရက်လောက် ခရီးထွက်ကြတာပေါ့"

"Ok! Allright. Good Idea ပဲမလေး။ မမ ခေါ်မယ် မဟုတ်လား"

"ဩော် . . . လိုက်ပို့မယ့်သူကပဲ ပြောရသေးတယ်"

"စိတ်ဓာတ်မကျပါနဲ့ မမရဲ့။ အချစ်စစ်မှန်လျှင် မေတ္တာလမ်းက ဘယ်သောအခါမျှ မဖြောင့်ဖြူးဘူးတဲ့။ အကွေ့အကောက်၊ အနိမ့်အမောက်၊ အလိမ်အခေါက်တွေ တအားများတာဗျ"

"အမယ်လေးဟယ် . . . ပြောနေလိုက်တာများ သူကိုယ်တိုင် အချစ်ဒဿနဆရာကြီးထင်နေတယ်။ အချစ်ဝတ္ထုတွေရေးနေတဲ့ စာရေးဆရာမကို ဆရာလုပ်နေရလား။ နင်တော့နာဦးမယ်"





"စေတနာပါ မလေးရယ်။ မမရင်ထဲ ထည့်သိုထားရသမျှ လေးလံတဲ့ခံစားချက်တွေကို မျှဝေယူပြီး ပေါ့ပါးစေချင်လို့ပါ။ မမ နားလည်မှာပါဗျာ"

"ဒါနဲ့ပဲ နောက်ထပ်အသည်းကွဲဇာတ်လမ်း ထပ်ထွက်လာတော့မှာပဲ"

"မရေးပါဘူး ချိုရယ်။ နင်တို့မောင်နှမတောင်းဆိုထားတဲ့ ဇာတ်လမ်းမျိုးပဲ ရေးနိုင်အောင် ကြိုးစားပါ့မယ်"

"တော်တယ်၊ ဒါမှ my best friend"

"သည်းသည်းလှုပ် ကဲကဲဆတ် ချစ်ပြတဲ့ကောင်လေးနဲ့ ကောင်မလေးအကြောင်း ရေးပြလိုက်စမ်းပါ မမရာ၊ အားတွေအပြည့်အသိပ်ပေးပါရစေ"

"ရှုးပဲ့ ညီထွဋ်သာ"

ကားလေးထဲမှာ ရယ်သံတွေ ထွက်လာပါ၏။ လိုက်မရယ်ဖြစ်သော်ငြား သူမ ပြုံးရုံတော့ပြုံးဖြစ်လေသည်။ ကိုယ့်အပူတွေကို သူတစ်ပါးထံ မကူးစက်စေချင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ရုံးခန်းတွင်းသို့ ဝင်လာပါသည့် 'ရဲရင့်' ကို မျှော်လင့်တကြီးဖြင့် ကြည့်လိုက်မိ၏။ မနက်ကတည်းက လူက ဂနာမငြိမ်ဘဲ တစ်နေရာတည်းမှာမထိုင်ဖြစ်သလို မကြာခဏ ဟိုဒီလမ်းထလျှောက်ဖြစ်နေခဲ့တာက အရူးတစ်ယောက်နှယ်ပါပဲ။

"ဘာတဲ့လဲ"

"ဆေးရုံမှာ သူ မရှိတော့ဘူး Boss"

"ဘာ!"

ခေါင်းထဲ မိုက်ခနဲဖြစ်သွားရပါ၏။ သူကိုယ်တိုင် လိုက်ပါမည်ဆိုသည်ကို ပင်ပန်းသည်ဆိုပြီး ကုမ္ပဏီမှာနေစေခဲ့တာလေ။ စိတ်က





တိုလာပြီး အော်ဟစ်ပေါက်ကွဲလာသဖြင့် မနည်းကြီး ချုံးနှိမ်နေရပါ၏။ အိမ်မှာလည်း ဘွားမေမရိပ်မိအောင် ဟန်ဆောင်ထားရတာက အဘယ်မျှ နေရခက်စေပါသလဲ။

"မင်းကို ငါပြောတယ်လေ။ ငါကိုယ်တိုင်လိုက်ချင်တာကို မင်းတားခဲ့လို့ ဒီလိုဖြစ်ရတာ။ မင်းအပြစ်ပဲ"

"ဟုတ်ကဲ့ပါ Boss ရဲ့။ ကျွန်တော် ဆက်ပြောပါရစေဦး"

"ဘာပြောဦးမှာလဲ"

"ဆေးရုံမှာ လူနာမှတ်တမ်းရှိခဲ့လို့ စုံစမ်းခဲ့ပါတယ်ဗျ"

"အဲဒီတော့"

'ရဲရင့်' ကော်လံကို ဆုပ်ကိုင်ထားပါသည့်လက်က အနည်းငယ် လျော့သွားပါ၏။ သို့သော် လုံးဝတော့ လွှတ်မပေးသေးပါလေ။ ခင်းဇို့ အသုံးမကျတာနှင့်ဘဲ အစီအစဉ်တွေ အကုန်ပျက်ကုန်တာ မဟုတ်လား။ ကုမ္ပဏီကိစ္စမဟုတ်တာတောင်မှ personal ကိစ္စလေးကို အဆင်ပြေအောင် မလုပ်နိုင်ရတယ်လို့ အသုံးမကျလိုက်တာနော်။

"ဆက်ပြောလေကွာ"

"အိမ်လိပ်စာရတာနဲ့ပဲ အိမ်ကိုလိုက်သွားခဲ့ပါတယ်"

"တွေ့ရောလား"

"မတွေ့ဘူး ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ!"

"ဟိုလေ . . . အဲဒီအစ်မလေးက ဒီမှာနေတာမဟုတ်လို့ နယ်ပြန်သွားပြီတဲ့"

"မင်းတော့လား"

"GM"

ရုတ်တရက် ရောက်လာပါသည့် သူ့ PA ကြောင့် 'ရဲရင့်' ကို ရန်ရှာနေသည့် စိတ်က ပျက်လေပြီ။ ဒါကြောင့် ဒီမှာ ဒီကိစ္စကို မစီစဉ်ချင်တာမဟုတ်လား။ သူကိုယ်တိုင် မလုပ်မိတာနှင့် အကုန်ကမောက်ကမ ဖြစ်ကုန်တာလေ။ ကုမ္ပဏီရုံးခန်းတွင်းမှာမို့ သူကိစ္စကို ခဏရပ်ကာ 'ဝဏ္ဏ' ယူလာပေးသည့်အလုပ်ထဲ အာရုံစိုက်လိုက်ရပါ၏။

စိတ်ရှုပ်လိုက်တာနော်။ 'နွေရိပ်စံ' က ကိုယ့်ကို 'မောင်' ဟု ခေါ်သံကြောင့် ရင်ထဲမှာ ထိတ်ခနဲခုန်ပြီး ဘာပြောရမယ်မှန်းမသိခဲ့တာမို့ လူမှားပြီဟု ပြောမိခဲ့တာပါ။ (၆) လကျော်ကာလကို အတိတ်မေ့ခဲ့သည့်အတွက် ထိုမိန်းကလေးကို နည်းနည်းလေးသော်မျှ မမှတ်မိခဲ့ပါချေ။ သူမ သူငယ်ချင်းကပါ သူကိုရင်းနှီးသည့်ပုံစံဖြင့် နှုတ်ဆက်စကားပြောခဲ့တာမို့ ဒီကိစ္စက သူသိဖို့ နီးစပ်သွားသည့်နှယ်ပါ။

"တောက်! . . . ညံ့လိုက်တာ"

"ခင်ဗျာ"





"ငါ့ကိုယ်ငါပြောတာ။ ဒါ စစ်ပေးရမှာမဟုတ်လား"

"ဟုတ်ပါတယ် GM"

"ဒါဖြင့် ထားခဲ့"

"အဲဒါက ညနေအပြီးတင်ရမယ့် တင်ဒါစာရင်းမို့ပါ GM"

"အေးလေ . . . ညနေရရင်ပြီးရော မဟုတ်လား။ လျှာက ရှည်ပြန်ပြီ။ သွားတော့"

"ဟုတ်! . . . ဟုတ်ကဲ့"

'ဝဏ္ဏ'က ရုံးခန်းထဲမှ ထွက်သွားလေတော့၏။ ယခုတိုင် ခေါ်တစ်ရပ်၍ စောင့်နေပါသည့် 'ရဲရင့်' ကို လက်ယပ်ပြ၍ အနီးသို့ လာရန်ခေါ်လိုက်ပါသည်။ (၆) လတာ ပျောက်ခဲ့သည့်ကာလကို ပြန်မှတ်မိရန်အတက် လမ်းစရှာတွေ့ကာမှ ဒင်းအသုံးမကျလို့ လမ်းစက ပျောက်သွားရတာလေ။

"ဆက်ပြော"

"ဗျာ"

"ဘယ်မှာနေလဲဆိုတာ မစုံစမ်းခဲ့ဘူးလား"

"အဲဒါတော့"

"ပြန်လျော်ပေးလိုက်တဲ့ ပစ္စည်းထုပ်နဲ့ Handset ကရော"

"အဲဒါကိုတော့ အဲဒီအိမ်မှာပဲ ပေးခဲ့ပါတယ်။ အစ်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဆီကို အမြန်ချောပို့စနစ်နဲ့ ပို့ပေးလိုက်မယ်တဲ့''

''တောက်! ... အသုံးကိုမကျဘူး။ အဲဒီအိမ်ရှင်အမျိုးသမီး
ကို သေချာမေးခဲ့ပါလား''

''အဲ! ... မမေချိုနဲ့ဟိုကောင်လေးတို့ပါ အစ်မလေး
အိမ်အထိ ကားနဲ့ခရီးထွက်ပြီး လိုက်ပို့နေလို့ အလုပ်သမားတွေနဲ့
တွေ့''

''တာကွာ!''

''ခွမ်း!''

စက္ကူဖြူ ဖန်တုံးကို နံရံသို့ ပေါက်လိုက်မိပါ၏။ မျှော်လင့်ချက်
အလင်းရောင်မှေးမှေးလေးက သူ့ရှေ့မှာ ဖျတ်ခနဲပေါ်လာပြီး ဖျတ်ခနဲ
ပျောက်ကွယ်သွားရလေသည်။ 'စံ' တဲ့လား။ Accident ဖြစ်ခဲ့တာ
သေချာလေးတောင်မှ မတောင်းပန်ခဲ့ရသေးပါ။ 'မောင်' ဟူ
ဝိသေသကြောင့် အတိတ်ကာလ လျှို့ဝှက်ချက်ကို ရှာနိုင်ဖို့အတွက်
အလင်းမှုမှုလေးသာ ပေးခဲ့ပြီး ခြေရာပျောက်သွားတာများလား
'နွေရိပ်စံ'။

''အသုံးကိုမကျဘူး။ ဒီလောက်လေးမှ သုံးစားလို့မရ
မင်းကို ဘာများခိုင်းလို့ရမှာလဲ''

''တောင်းပန်ပါတယ် Boss ။ ကျွန်တော် အချိန်မီရော





သွားတာမှန်ပေမယ့် သူတို့က မနက်အစောကြီး ထွက်သွားတာဆို
တော့''

''ဘာကွ! ... ဘာများ အချိန်မီလို့လဲ။ သုံးစားမရတဲ့
ဦးနှောက်၊ လက်မှတ်ဝယ်ပြီး Aircon Bus နဲ့သွားရင်တောင် ရုံးစမ်း
လို့ ရနိုင်သေးတယ်။ ကိုယ်ပိုင်ကားနဲ့သွားတော့ ငါက ဘယ်နေရာမှာ
ဘယ်လိုရှာရမှာလဲ''

''Boss ပြောတော့ အစ်မလေးကို မမှတ်မိဘူး၊ မသိဘူး
ဆို''

''အေးလေ ... အဲဒါကြောင့် မေ့နေတဲ့ကွင်းဆက်ကို ရှာတွေ့
ခဲ့ရတာပေါ့။ မင်းအသုံးမကျလို့ ကောက်ရိုးပုံထဲ အပ်ကျပျောက်ရတာ။
ဟိုအိမ်ရောက်တာတောင် သူနေတဲ့နေရာကို သေချာမစုံစမ်းခဲ့ဘူး။
မှတ်ဦးနှောက်ရဲ့''

'ရဲရင့်'က သူ ပျစ်ပျစ်နှစ်နှစ် ပြောဆိုနေသမျှ ခေါင်းငုံ့ငြိမ်ခံ
နေလေ၏။ ဒေါသထွက်ရတာကလွဲပြီး ဘာအကျိုးမှမရှိပါလား။ သူ့ကို
သိစေချင်၍ ဟိုအိမ်ကလည်း လိပ်စာကို မပေးတာမှန်း သိနေသဖြင့်
ခေါင်းထဲမှာ ကလိကလိဖြင့် နေလို့မရတော့တာလေ။ မင်း ဘယ်လိုလဲ
နိုးကလေးရယ်။ လူကို အိပ်မက်တွေထဲမှာ ဒုက္ခပေးခဲ့ရုံမျှမက အခု
အပြင်မှာပါ နေမထိ ထိုင်မသာဖြစ်အောင် ပြုစားခဲ့ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိမ်မှာ မရှရအောင် စုံစမ်းပေး"

"ဗျာ!"

"ဟုတ်တယ်လေ၊ ဒီတစ်နည်းပဲရှိတော့တာကို"

"ကျွန်တော် သေချာမေးခဲ့ပါတယ် Boss ရယ်။ အလု
သမားတွေက လုံးဝမသိတာပါ။ ပြီးတော့ အဲဒီအိမ်ရှင် မမေချိုရဲ့
ဆိုတော့ သူတို့သွားတာ နှစ်ပတ်တန်သည် တစ်လတန်သည်ဆိုပြီး

"တောက်!... တော်တော့။ ဘာမှ ဆက်မပြောနဲ့ မပြော
ချင်ဘူး"

"တိုးတိုးပြောပါ Boss ရယ်။ မေမေကြီးနားထဲ ပြန်ရော
မှာစိုးလို့ပါ"

ကြည့်စမ်း! ဒါကျ တယ်သိပါလား။ ဘွားမေ ခန့်ပေးထား
သည့် လူတွေဆိုပေမယ့် သူ့ driver ရော၊ guard တွေပါ နှုတ်လုံ
တာကို သူ သိနေပါ၏။ သူ၏ လျှို့ဝှက်ချက်မှန်သမျှကို ဘွား
မသိအောင် ဖုံးထားနိုင်တာကြောင့် ဒီကိစ္စတွေကို တိုးတိုးတိတ်တိ
စုံစမ်းနေလို့ရတာ မဟုတ်ပါလား။

"ဒါဆိုလည်း သူတို့ ဘယ်အချိန်ပြန်ရောက်သလဲဆိုတာ
လူလွှတ်ပြီး စောင့်ကြည့်နိုင်းထား။ ဒါပဲလုပ်လို့ရတော့မယ်"

"ဟုတ်ကဲ့ပါ Boss"





"သိပါရော"

"Boss lunch စားဖို့ ထမင်းချိုင့်ပြန်ယူနေပါတယ်"

"သွားတော့၊ ငါ အလုပ်ဆက်လုပ်ဦးမယ်"

"ဖြစ်ပါ့မလား"

"ဘာကိုပြောတာလဲ"

"Boss သေချာအာရုံမစိုက်ဘဲ စစ်နေတာ အဲဒီ file တစ်
ထ်ကြီးက လျှော့မှမလျှော့သေးတာ"

"အဲဒါ မင်းကြောင့်လေ၊ မင်းလုပ်လို့ အာရုံစူးစိုက်လို့မရ
တာ"

"အစ်မလေးကြောင့် မဟုတ်ဘူးလား"

"ငါ!"

"Sorry! Boss ... အခုပဲသွားပါပြီ"

စားပွဲထက်ရှိ နာမည်ဖန်တုံးဖြင့် ထုရန် ချိန်ရွယ်လိုက်သဖြင့်
ခန်းတွင်းမှ 'ရဲရင့်' အမြန်လစ်လေတော့၏။ သူ့အမိန့်ကို ခံယူတတ်
သည့် ဝန်ထမ်းကို အလွယ်တကူ အလုပ်ဖြုတ်လို့ ရပါ့မလား။
ယ်စာစားဖို့အတွက် ဘွားမေက အမြဲတမ်း ထမင်းချိုင့်လာပို့နိုင်း
တာမို့ မစားချင်ပေမယ့် စားရတော့မှာပါ။

လူဆိုတာ ကိုယ့်စိတ်နဲ့ကိုယ့်ခန္ဓာကိုပေါ်မှာသာ ရှိနေရမှာလေ။

www.burmeseclassic.com



အခုတော့ဖြင့် ဘွားမေအတွက် အသက်ရှင်ပြီး အမိန့်နာခံရပ်တည်နေရ သည့်လူ ဖြစ်နေရတယ်လို့။ အချိန်မှန်စား၊ အချိန်မှန်အိပ်၊ အချိန်မှန် အလုပ်လုပ်ဖို့အတွက် စက်ရုပ်လိုသာ ရှင်သန်နေရတာမို့ အနာဂတ်မဲ့ လူသားနှယ် ဖြစ်နေရပါ၏။ ဒီပုံစံအတိုင်း ဘယ်အသက်အရွယ်ထိများ နေသွားရမှာပါလိမ့်။

"ဒေါက်! ဒေါက်! "

"Lunch စားလို့ရပါပြီ Boss "

ရုံးခန်းတွင်း ဝင်လာပါသည့် 'သီဟ' နှင့် 'ရဲရင့်' က ညေ့စ် သီးသန့်စားပွဲထက်မှာ သူစားဖို့အတွက် ပြင်ဆင်ပေးလေသည်။ မွှေး နွေးနွေး ဟင်းလျာတို့က မွှေးမြနေသော်ငြား အစာစားချင်စိတ်က နည်းနည်းလေးမှ မရှိပါချေ။ အစားအသောက် နေ့စဉ် စားရတာ ရောဂါသက်သာဖို့အတွက် ဆေးတွေကို နေ့နေ့ညည မှန်မှန်သောက် နေရသည့် ဝဋ်မှ အမြန်ဆုံး ကျွတ်လွတ်ချင်ပါရဲ့။

"Boss"

"ဟင်း! ... စားချင်စိတ်ကိုမရှိဘူး"

"ဆေးသောက်ရဦးမှာမို့ နည်းနည်းပဲဖြစ်ဖြစ် ဝင်အောင်စား လိုက်ပါဗျာ"

"စိတ်မှ မချမ်းသာတာ။ ဘယ်လိုစားလို့ဝင်မှာလဲ"





"ကျွန်တော်တို့ကို မေမေကြီးပြောတာ မခံစေချင်ရင် နည်း နည်းတော့ စားဖြစ်အောင်စားလိုက်ပါ Boss ရယ်"

"တဆိတ်ရှိ ဘွားမေနာမည်နဲ့ ငါ့ကိုချုပ်ကိုင်နေကြ။ ကောင်း ဘယ်သိလား။ မင်းတို့ကို အလုပ်ဖြုတ်ပြီး ငါထွက်ပြေးချင်တယ်"

"ဗျာ! "

"ဘယ်ကိုပြေးချင်လို့လဲ Boss "

"အဲဒါ မင်းတို့သိဖို့ မလိုပါဘူး"

"အစ်မလေးရဲ့သတင်းကို ကျွန်တော်တို့ အမြန်ဆုံး စုံစမ်း ပေးပါ့မယ် Boss ရယ်။ စိတ်မဆိုးတော့ပါနဲ့"

"ပြောလိုက်ရင် ဒီအတိုင်းပဲ။ အသက်မရှင်ချင်တဲ့လူကိုတော့ ရှင်ရှင်အောင် စောင့်ရှောက်နေပြီး စိတ်ချမ်းသာအောင်တော့ မထား ပေးကြဘူး။ စိတ်ကုန်တယ်"

နှုတ်မှ တရစပ်ပြောလိုက်ပေမယ့် ပြင်ဆင်ပေးထားသည့် စားပွဲရှိရာဆီသို့ ထခဲ့ရပါ၏။ မစားချင်လည်း အတင်း မရမက မျိုချရ မှာပါလေ။ ကြွေပန်းကန်ပြားထဲ ထည့်ထားပေးပါသည့် ထမင်းက ပြည့်အမောက်ကြီးမို့ ချိုင့်ထဲသို့ ပြန်ခွဲ၍ ထည့်လိုက်ရပါသည်။ ချိုင့်က လက်ဖက်ခြောက်နှပ်ထားပါသည့် ရေနွေးကို ခွက်ထဲသို့ အဆင်သင့်ထည့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက် ရွေးတတ်သည့် သူ့ကို ဟင်းမျိုးစုံဖြင့် ထည့်ပေးလိုက်သည့် ဘူးမေပါပဲ။ ဖွန်းခက်ရင်းနှင့် စားရလွယ်ကူစေ အသားဟင်းတွေ ချက်ပေးလိုက်ပေမယ့် သူက ချဉ်ချဉ်စပ်စပ် အရသာ မျိုးတို့ကိုသာ စားချင်တာပါ။ ထမင်းစားရတာထက် ခေါက်ဆွဲတို့ အရည်တို့ကိုသာ စားလိုက်ချင်တာပါ။ ချိုင့်ထဲထည့်သယ်လို့ အဆင်ပြေ မည့်ဟင်းတို့က ဆီပြန်ဟင်းတွေသာဖြစ်ပြီး ဟင်းရည်ကဖြင့် မပါဝင် ပါချေ။

အိမ်မှ ထမင်းစားပွဲမှာ ဖွယ်ဖွယ်ရာရာလေးစားချင်စဖွယ် ချက်ပြုတ်ပြင်ဆင်ပေးသည့် အိမ်ရှင်မသာ သူ့ဘဝထဲမှာ ရှိခဲ့လျှင် အဘယ်မျှ ကောင်းလိုက်မှာပါလိမ့်။ အိမ်ပြန်ချိန်မှာ အိမ်သူကို မြင်ချင် ဇောဖြင့် နေ့စဉ် စောစော အမြဲပြန်ချင်စိတ်မှာပါ။ ပါးပြင်ထက်မှ သနပ်ခါးနံ့လေး ရှူရှိုက်ရင်း တစ်နေ့တာ မောပန်းနွမ်းလျခဲ့သည့် စိတ်ကို အပန်းဖြေစေမှာလေ။

"နွေရိပ်စံ"

'မောင်' လို့ခေါ်သံလေးကို အထပ်ထပ် အခါခါ ကြားယောင် နေမိတာ။

စိုလဲ့လဲ့ရည်ရွှမ်းနေပါသည့် မျက်ဝန်းတို့၏အကြည့်ကို အကြိမ်ကြိမ် မြင်ယောင်နေမိတာ။





တကယ်ပဲ ကိုယ်က မင်းနဲ့လက်ဆက်ခဲ့သည့် သတို့သားသာ အစစ်အမှန်ဖြစ်ခဲ့လျှင် ပျော်ရွှင်စရာ စံအိမ်နန်းတော် တစ်ဆောင်တော့ ကိုယ့်ဘဝမှာ ရှိခဲ့မှာပေါ့နော်။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကားလေးက အမြန်လမ်းမကြီးထက်မှာ တရိပ်ရိပ် ပြေးနေလေ၏။ မနက်စောစောထထွက်ခဲ့ကြသဖြင့် အပြင်မှာ အလင်းရောင်က ပြပြလေးသာ ရှိနေသေးပါသည်။ 'ညီထွဋ်' နှင့် 'မေချို' က တစ်လှည့်စီအလှည့်ကျ မောင်းပေးသဖြင့် ခရီးက သိပ်မကြာနိုင်ပါ။ ထိုင်ခုံကို ခပ်မှီမှီပုံစံဖြင့် စီးခဲ့ရသဖြင့် အိပ်ချင်စိတ်က ဖြစ်နေပေမယ့် ကားမောင်းနေသည့် 'ချို' တို့ကို အားနာသဖြင့် မအိပ်နိုင်ပါချေ။

"စ်"

"ဟင်"

"အိပ်ချင်ရင် အိပ်လိုက်ပါလား။ တစ်ယောက်တည်း





လွှတ်လွှတ်လပ်လပ် လှဲအိပ်ပြီးလိုက်လို့ရတာပဲဟာ"

"ဟင့်အင်း . . . မအိပ်ပါဘူး။ လမ်းက ဒီလောက်ကြမ်းနေတာ။ ဘယ်လိုအိပ်လို့ပျော်မှာလဲ"

"ငါ့ အနောက်မှာ ဆင်းထိုင်ပေးရမလား"

"နေပါစေ . . . ရတယ်ချို"

"မမ ပျင်းနေပြီလား။ သီချင်းဖွင့်ပေးမယ်လေ။ စာမူရေးဖို့ စဉ်းစားလို့ရအောင် တစ်ယောက်တည်းနောက်မှာ စီးခိုင်းထားတာပါ"

"အံမယ် . . . ညီတို့ကားမောင်းရင် အိပ်ငိုက်မှာစိုးလို့ ချို့ကိုပါ ရှေ့မှာစီးခိုင်းထားတာပါနော်"

"ဟင်းဟင်း . . . ဒါတော့ သိသားပဲ"

"စ်က စာရေးရင် တိတ်ဆိတ်လည်းရေးတတ်တယ်။ သီချင်းဖွင့်ထားပြီးလည်း ရေးတတ်တယ် ညီထွဋ်ရဲ့။ အစ်ကို,က ရှာနဝင်ဖို့ပဲ တဲ့"

"မိုက်တယ်ကွာ၊ မမ စာရေးတာ သေချာကြည့်ဦးမှပဲ"

"အဲဒါတော့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"မမက ဘေးမှာ တစ်ယောက်ယောက်ရှိနေရင် ဘာစာမှ ရေးလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဟောဗျာ! . . . မမချစ်ချစ်ကြီးရှိနေတုန်းက ဘယ်လိုများ ရေးခဲ့တာလဲ”

“ဟဲ့! . . . စံက ကိုဇေယျာမရှိတော့တဲ့အချိန်မှ စာစရေးခဲ့တာ ညီထွဋ်ရဲ့”

“ဪ . . . sorry မမရယ်”

သတိရအောင် အမည်ကို ရွတ်ကြပြန်ပြီလား။ ‘စံ’ ရဲ့အဖြစ်က တကယ့်ကို ဆိုးလွန်းပါရဲ့ ‘မောင်’ ရယ်။ ကိုယ့်ခင်ပွန်းကို မျက်စိရှေ့တွေ့နေပေမယ့် ကိုယ့်ကို မမှတ်မိတဲ့အဖြစ်တဲ့လေ။ အသက်တမျှ ချစ်ပါတယ်ဆိုသည့် စကားကို ပြောခဲ့သည့် လူက ‘မောင်’ မဟုတ်တော့သည့်နယ်ပါ။ အဘယ်မျှ ဤသို့ ပြောင်းလဲခဲ့ရပါသလဲ။

‘မောင်’ ချစ်ခဲ့တဲ့ မိန်းကလေးကို လုံးဝ မမှတ်မိရတော့အောင် ‘မောင့်’ နှလုံးသားက အေးစက်ခဲ့လေသလား။ ဆုပ်ကိုင်မိတဲ့လက်ကို အသာဖယ်ချလိုက်ပြီး ထရပ်လိုက်ပါသည့် ဟန်က တစ်ကြိမ်တစ်ခါမှ မရင်းနှီးခဲ့ဖူးသည့် သူစိမ်းနှယ် စိမ်းကားလွန်းခဲ့တာလေ။ အတွေးနှင့်အတူ ရင်ထဲမှာ နင့်ခနဲ ခံစားရင်း နာကျင်သွားရပါ၏။

“မနက်က ဘာမှမစားခဲ့လို့ ဆာနေပြီလား မမ”

“ဟင့်အင်း . . . မဆာပါဘူး”

“ဆာရင်ပြောနော် စံ။ Coffee သောက်ချင်လည်း ပြောပေး





လို့ရတယ်။ ဓာတ်ဘူးထဲမှာ ရေနွေးဖြည့်လာပေးတယ်”

“မသောက်ချင်ပါဘူး ညီရယ်။ Pionia ရောက်တော့မှပဲ တစ်ခုခုစားကြတာပေါ့”

“Ok လေ”

‘နေပြည်တော်’ နှင့် ‘ရှမ်းပြည်နယ်’ ဘက်သွားရာလမ်းခွဲလမ်းဆုံမှာ ဖွင့်သည့် စားသောက်ဆိုင်မှာပဲ ခရီးသွားတိုင်း စားတတ်တာမို့ ထိုဆိုင်မှာပဲ စားဖြစ်လေသည်။ သူမက သွားရေစာစားရတာထက် ထမင်းဟင်းကိုသာ ပိုကြိုက်ပါ၏။ အားထားပြီးစားသည့်ထမင်း စားမဝတိုင်း သွေးပေါင်ချိန်က ကျတတ်တာမို့ ဒါကိုတော့ ဂရုစိုက်ရလေသည်။

“အန်တီငယ်တော့ မျှော်နေမှာထင်ပါရဲ့”

“မျှော်ရုံဘယ်ကမှာလဲ။ ပြန်လာတာသေချာရင် အစားအသောက်တွေ ကြိုပြီးချက်နေလောက်ပြီ”

“အတော်ပဲ . . . ခရီးပန်းတာ ဆာဆာနဲ့ အဝစားရမယ်”

“ဟိုရောက်ရင် မမချက်ကျွေးမှာလား မောင်”

“အလို! . . . မျှော်လင့်ချက်ကြီးနဲ့ပါလား။ စံက အချက်အပြုတ် ဒီလောက်မတော်ဘူး ညီထွဋ်ရဲ့။ ကိုဇေယျာက အချက်အပြုတ်မှာ Special ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"သွားပါပြီဗျာ၊ ဟုတ်လား မမ"

"အင်း"

"သူ့ပုံစံက အဲဒီလိုမထင်ရပါဘူး"

"ရှူး!"

အကြောင်းအရာက ဆက်လာပြန်ပြီမို့ 'ချို' က 'ညီထွေး' ကို အချက်ပြလျက် သတိပေးလိုက်လေ၏။ မပြောလည်း သိပါတယ် 'ချို' ရယ်။ 'မောင်' ဆိုသည့် 'စံ' ၏ချစ်သူခင်ပွန်းက အနီးနားမှာ မရှိပေမယ့် ရင်ဘတ်ထဲက နှလုံးသားမှာ မှတ်ကျောက်တင်ထားခဲ့တာ ကြာနေပါပြီလေ။

သတိမရနိုင်ဘဲ မေ့ထားလို့မှ မရခဲ့တာ အမှန်ပါ။ 'စံ' ၏ ရင်ထဲမှာ နာကျင်မှာစိုးလို့ အန်တီငယ်က 'မောင့်' နာမည်ကို မပြောမိ အောင် နှုတ်စောင့်ထိန်းခဲ့တာ အဘယ်မျှကြာခဲ့ပါပြီလဲ။ ပတ်ဝန်းကျင်က မေးငေါ့အတင်းပြောသမျှကို မျက်စိမှိတ် နားပိတ်ခဲ့ရတာက 'စံ' နှင့် အတူ အန်တီငယ် သိရှိခဲ့တာမဟုတ်ပါလား။

အခုမှတော့ 'မောင်' ၏အမည်ကို မခေါ်ဖြစ်အောင် ထိန်း ရောလား။ သက်ရှိထင်ရှား ရှင်သန်နေသည့် 'ခင်ပွန်း'ဖြစ်သူ 'မောင့်' ကို ကာယကံရှင်ဖြစ်သည့် 'စံ' ရော သူငယ်ချင်းဖြစ်သည့် 'ချို' ၏ မျက်စိနှင့် တပ်အပ်မြင်ခဲ့ရတာပါ။ 'ချို' ပြောသလိုပင် 'စံ' နှင့်





'မောင့်' ကြားမှာ ဖွင့်ပြောပြလို့မရနိုင်သည့် အကြောင်းတစ်ခုခုရှိခဲ့ရိုး မှန်ပါလျှင် ထိုအကြောင်းအရာက ဘာများပါလဲ။

"ဟယ်လို! . . . အေးပြော၊ ငါတို့အမြန်လမ်းမှာပဲ ရှိနေသေး တယ်။ ဘာပြောချင်လို့လဲ၊ ဘယ်လို . . . အဲဒီတော့ ဘာပြောလိုက်လဲ နှင်းမှုန်၊ အင်း အင်း . . . ပြီးတော့ရော အေး! ကောင်းတယ်။ အဲဒီ ပစ္စည်းတွေ သေချာသိမ်းထားလိုက်။ ငါပြန်လာမှပဲ စံဆီပို့ပေးမယ်။ အေးအေး . . . ဒါပဲနော်"

'မေချို' က phone ပြောလိုက်ပြီး သူမရှိရာ နောက်ခုံဘက် သို့ လှည့်ကြည့်လိုက်လေ၏။ လမ်းသွားရင် မအိပ်တတ်သည့် 'စံ'က မျက်စိမှိတ်ချင်နေပေမယ့် 'ချို' ပြောသမျှ အကုန်ကြားနေရသဖြင့် မေးဆတ်ပြလိုက်ပါသည်။ အိမ်ကဆက်လိုက်တာမို့ သူမ သိစေရန် ပြောပြချင်ပုံပါပဲ။

"ဘာလဲ"

"အိမ်မှာ နင့်ပစ္စည်းတွေ ရောက်နေတယ်"

"ဘာပစ္စည်းတွေလဲ"

"Accident ဖြစ်တုန်းက ကျကွဲကုန်တဲ့ပစ္စည်း list အတိုင်း အလျော်ပြန်လာပေးတဲ့ပုံပဲ စံ။ Handset အသစ်ပါ ဝယ်ပေးတယ်တဲ့။ နောက်ဆုံးပေါ် phone တဲ့ စံ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စူးခနဲ အောင့်လာလေ၏။ အဖိုးတန်ပစ္စည်းတွေတဲ့လား။ အဲဒါတွေကို ပြန်ပေးလို့ရော 'စံ' က ဝမ်းသာမှာတဲ့လား 'မောင်'။ လိုအပ်လို့ ငွေကြေးနဲ့ လဲလှယ်ပြီး ဝယ်ခဲ့တာ ဖြစ်ပေမယ့် ဒီပစ္စည်းတွေက အချိန်မရွေး ပြန်ရနိုင်တဲ့ပစ္စည်းတွေပါကွယ်။ တကယ်တမ်း ပြန်လိုချင်တဲ့ 'စံ' ရဲ့နှလုံးသား 'မောင့်' ချစ်ခြင်းမေတ္တာကိုဖြင့် ဒီဘဝမှာ ပြန်ရနိုင်ပါတော့မလား။ မျှော်လင့်ချက်နဲ့ အသက်ရှင်တဲ့ လူသားအတွက် အိပ်မက်ခါးတွေကိုသာ 'မောင်' မှ ဖန်ဆင်းပေးရတယ်လို့ ရက်စက်လိုက်တာနော်။

"စံ မယူတော့ဘူး ချို"

"ဘယ်လို"

"သူတို့ပြန်ရောက်လာရင် အဲဒီအတိုင်း ပုံစံမပျက် ပြန်ပေးလိုက်ပါ"

"ဘာဖြစ်လို့လဲ"

"လက်မခံချင်လို့ပါ"

"စံကလည်း ဟယ်၊ ပစ္စည်းတွေက မနည်းဘူးတဲ့။ နှင်းဆီ အပ်လို့ ဝယ်ထားတာတွေ မဟုတ်လား"

"ပြောတဲ့အတိုင်းသာ ကျေးဇူးပြုပြီး လုပ်ပေးပါလား ချို ရယ်"





"အေးပါ"

စိတ်ထဲမှာ နာချင်တာအမှန်ပါ 'မောင်'။ ဘယ်တော့မဆို 'မောင့်' လက်နှင့်ထိပေးသည့် ပစ္စည်းမှန်သမျှ သဘောကျနှစ်ခြိုက်ပြီး တန်ဖိုးထားခဲ့တာချည်းပါပဲ။ 'မောင်' ကိုယ်တိုင်ရိုက်ပေးခဲ့တဲ့ 'စံ' ၏ ဓာတ်ပုံ။ 'မောင်' စိတ်တိုင်းကျ ပြုလုပ်ပေးတဲ့ စာရေးစားပွဲ၊ 'မောင်' နှင့်အတူတူ ဆောက်ခဲ့သည့် ပန်းစင်။ 'မောင်' နှင့်ရယ်မော ပျော်ရွှင်စွာ ဆေးသုတ်ခဲ့ကြသည့် တိုက်ပုလေး၏ အတွင်းနှင့်အပြင် အလှများ စသည် စသည်တို့က သူမဘဝတွင်းမှာ ကြည့်လေရာ မြင်နေရတာ မဟုတ်ပါလား။

'မောင့်' အငွေ့အသက်တို့ လွှမ်းခြုံနေပါသည့် အိမ်လေးကို နှုတ်ရက် မစွာရက် မရောင်းရက်ဘဲ တွယ်ကပ်နေမိသည့် သံယောဇဉ်ကြီးက အဘယ်မျှ ခိုင်ခံ့ခဲ့ပါသနည်း။ တစ္ဆေကိုယ် ထူထောင်ခဲ့ပါသည့် အိမ်ပြည်မှာ အထီးကျန်ပြီးနေခဲ့ရသည့် ကျန်ရစ်သူ၏ လွမ်းဆွတ် သော စိတ်ကို 'မောင်' နည်းနည်းလေးမျှ နားလည်ပါရဲ့လား။

မိဘတွေ အမွေပေးခဲ့ပါသည့် အိမ်ကြီးကား ယနေ့တိုင် ရှိနေပါ လျက် ဒီတိုင်းပိတ်ထားခဲ့ပြီး 'မောင်' အနေမခက်အောင်လို့ ဒီနေရာ မှာ 'မောင့်' စိတ်တိုင်းကျ လိုက်လျောပြီးနေခဲ့တဲ့ အိမ်ယူသက်ထား သော်လျှာကို တာနာစိတ်လေး ပိစိလေးသော်မျှ မပေးချင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲတယ်ဆိုတာကို ချစ်သူရည်းစားဘဝရဲ့ အပျော်တမ်း ဇာတ်
လမ်းမျိုး စိတ်ကူးယဉ်ဝတ္ထုတွေမှာသာ မြင်ဖတ်ခဲ့ရပြီး ဘဝရဲ့ အစိတ်
အပိုင်းအဖြစ် 'နွေရိပ်စံ' ကို တုပ်နှောင်မည့် လှောင်အိမ်အဖြစ် ရှိ
မည်ဟု လုံးဝ မထင်မှတ်ခဲ့မိပါချေ။

အရုဏ်တက်အလင်းတန်းက အရှေ့အရပ်ဆီမှ စတင် ထွ
လက်လာလေ၏။ တစ်နေ့တာ၏အစ ပန်းချီကားက ကျက်သ
ပြည့်စုံလှပနေပေမယ့် 'စံ' ၏ဘဝ နေဝင်ချိန်ကဖြင့် အလျင်အမြ
နီးကပ်လာသည့်နှယ်ပါ။ ဟုတ်ပါတယ်၊ အသက်သေမှ ဘဝဆုံး
ချည်း မဟုတ်ရပါဘူး။ နှလုံးသားသေဆုံးရပ်တန့်သွားရတာမျိုး
လည်း ဘဝကို အဆုံးသတ်စေတာပါလေ။

'မောင်' ချန်ရစ်ခဲ့တဲ့ဘဝမှာ ဆက်ပြီး ရှင်သန်ဖို့ ခွန်အ
ဆိုတာက 'နွေရိပ်စံ' မှာ အနည်းအကျဉ်းသော်မျှ မရှိတော့ပြီ။ အ
ငယ်ဟူသည့် (ငယ်စဉ်က ပြုစုပျိုးထောင်ပေးခဲ့ပါသည့် မိဘကိုယ်
အဒေါ်ဖြစ်သူ) တည်းတည်းလေးချည်နှောင်ထားသော ကြိုးတစ်
ရှိမနေလျှင် 'မောင်' မရှိတော့သည့် ဒီလောကကို အပြီးအပိုင် 
နိုင်းစွန့်လိုက်တော့မည်သာ။

ပါးပြင်ထက်သို့ မျက်ရည်တို့က ပေါက်ခနဲ စီကျလာ
တော့၏။ မငိုချင်ဘူးဟု စိတ်ကို တင်းထားသော်ငြား နှလုံးသာ





တင်းမခံနိုင်လေပြီ။ ဒဏ်ရာများနှင့်ရင်ခွင်ကို 'မောင်' မှ မမြင်နိုင်တာပဲ။
ချစ်ခြင်းကြောင့် အပြစ်ခံရမည်မှန်း သိခဲ့ပါလျက် 'မောင့်' ကို မျက်စိ
မှိတ်မှိတ်ပြီး ဖွတ်နှစ်ချစ်မိခဲ့မည် မဟုတ်ပါ။

အချစ်၏ အဓိပ္ပာယ်ကို လေးလေးနက်နက် ပုံဖော်ခဲ့သည့်
လူသားအတွက် အဓိပ္ပာယ်လွဲမှားအောင် လောကကြီး ပဥ္စလက်ပြခဲ့
လေသလား။ ရင်ကို ဟက်တက်ကွဲစေသော၊ နှလုံးသားကို အက်ကွဲ
ကြေမွစေသော၊ အသည်းကို ဆုပ်ခြေပျက်စီးစေသော အရာကမှ
ချစ်ခြင်းတဲ့လား။ ဤသို့သာ ဖြစ်မည်ဟု ကြိုသိခဲ့ပါက ချစ်ခြင်း၏
အတိတ်နိမိတ် စာမျက်နှာကို 'နွေရိပ်စံ' လှန်လှောဖတ်ကြည့်မိခဲ့မည်
ထင်ပါချေ။

လှပသည့် အိပ်မက်တို့ကို ဖန်ဆင်းပေးခဲ့သော တန်ဖိုးရှင်က
ဘယ်မှာတဲ့လဲ။ အတွေးတွေမှန်သမျှကို ချိုသောအရသာအဖြစ် ဖန်တီး
ပေးသောက်စေခဲ့ပါသည့် စေတမန်၏ ကျိန်စာက ဒဏ်ရာအထပ်ထပ်
ဒဏ်ရာအစင်းလိုက်ဖြစ်ပြီး သွေးစိမ်းရှင်ရှင် ထွက်နေသည့် သုံ့ပန်း
အဖြစ် အချစ်ရဲ့ကျေးကျွန်နှယ် ခံစားစေခဲ့ရပါသလား။

လောကမှာ အချစ်နှင့်စစ်မက်ပြိုင်ပွဲမှန်သမျှ အကုန် တရား
ဝင်ပါတယ်ဆို။ ဒါဖြင့် 'စံ' ၏ ချစ်ခြင်းက ဤသို့ တစ်ဖက်သတ်
ကျဆုံးခြင်းအပြည့်နှင့် အဆုံးသတ်ရတော့မှာတဲ့လား။ ဘယ်ဘဝက



www.burmeseclassic.com

www.burmeseclassic.com



များ သူတစ်ပါးချစ်ခြင်းကို ခွဲခဲ့မိလို့ ဒီဘဝမှာ ဒီလို အသည်းကွဲခြင်းမျိုး နဲ့ ကြုံရတာပါလိမ့်။

ရင်ကို စူးစိုက်စေသည့်မြားတံ။

နှလုံးသားကို အက်ကွဲစေသည့်အဆိပ်။

အသည်းကိုကြေမွစေသည့် Acid

ထိုအရာတို့ကပင် အချစ်ဟု အမည်တွင်စေလေသလား။

"ချစ်တယ်" ဟူသည့်စကားကို ရင်မှနှစ်ပြီး အလေးအနက် ပြောခဲ့တာပါ။ နင့်နင့်သည်းသည်းချစ်မိသည့်အတွက် တွယ်တာခြင်း သံယောဇဉ်ကို ပုံပေးခဲ့မိတာပါ။ 'မောင်' ၏ ချိုမြိန်သည့်အပြုံးလေး ကြောင့် နှစ်ကိုယ်တူနေထိုင်ဖို့ 'နွေရိပ်စံ' အမည်ပေးကျုံခဲ့ရတာပါကွယ်။

ဘဝမှာ တစ်ကြိမ်လေးမျှမိရုံနဲ့ ပြန်ပြင်လို့ မရသည့်အရာ မှ 'စံ' က ဆုပ်ကိုင်တွေ့ထိက်လျက်သား ဖြစ်ခဲ့တာတဲ့လား။ 'နောင်တ' ဟူသည့်အရာကို တစ်ခါလေးသော်မျှ မရချင်ခဲ့ပါ။ သို့သော် ထို နောင်တ တရားတို့ကပင် စံ၏ဘဝတွင်းသို့ မုန်တိုင်းဆင်ပြီး ဝင်ရောက် လာခဲ့တာပါလေ။

ကြင်နာခဲ့သမျှအားလုံးက နာကျင်ခြင်းအဖြစ် ပြောင်းလဲ အဆုံးသတ်လေပြီ။ ချစ်ခြင်း၏ ပြင်းရှရှဝေဒနာက ခံစားရခက်ခဲလှ လေစွ။ ချိုမြိန်မည်ဟုထင်မှတ်ပြီး မျိုချမိခဲ့ပါသည့် စပျစ်ဝိုင်က ထို





အဖြစ် ကူးပြောင်းခဲ့ရမည်ဟု နည်းနည်းလေးသော်မျှ မထင်ခဲ့မိပါ။

'မောင့်' ကြောင့် 'စံ' ချစ်တတ်ခဲ့ပါတယ်။

'မောင့်' ကြောင့် 'စံ' တွယ်တာမြတ်နိုးတတ်ခဲ့ပါတယ်။

'မောင့်'ကြောင့် 'စံ' အပြုံးတို့ဖြင့် ပျော်မွေ့တတ်ခဲ့ပါတယ်။

'မောင့်' ကြောင့်ပင် စွဲလမ်းမက်မောတတ်ခဲ့တာ အမှန်ပါ လေ။

ထိုသို့သော 'မောင်' ကပင် 'စံ' ၏ ဘဝကို အမှောင်တကာ့ အမှောင်ဆုံး၊ အနက်တကာ့အနက်ရှိုင်းဆုံး ချောက်ကမ်းပါးဆီကို တွန်းပို့ခဲ့တာပါလေ။

'နွေရိပ်စံ' သေခဲ့ရပါပြီ 'မောင်' ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ခြံရှေ့သို့ ကားလေးရပ်လိုက်သဖြင့် ခြံထဲမှ ဦးဘမောင်က အပြေးအလွှားထွက်ကာ ခြံထောင့်ဘက်မှ တံခါးအကြီးကို ဖွင့်ပေး လိုက်လေ၏။ 'ညီထွဋ်သာ' က ကားကို တံခါးအကြီးမှ မောင်းဝင်ခဲ့ မယ့် 'ချို' နှင့် 'စံ' က အိမ်ရှေ့တည့်တည့်မှာရှိနေပါသည့် တံခါး အသေးလေးကိုသာ ဖွင့်ပြီး ဝင်လိုက်ကြပါသည်။

"အမယ်လေးနော် . . . စာရေးဆရာမရဲ့နေအိမ်လို့ မပြော ဘူး။ ခြံပြင်က မြင်ကတည်းက အတော်လေး ကဗျာဆန်နေပြီ"

"အိမ်က ကျဉ်းတော့ နေရကျပ်မှာစိုးပါတယ် ချို"

"နီးနီးကပ်ကပ် အိပ်ရတာပေါ့ စံရယ်၊ အဆောင်မှာနေတုန်း





တာလိုပဲပေါ့"

"ပစ္စည်းတွေကို ဦးဘမောင်တို့ သယ်ပေးလိမ့်မယ် ညီထွဋ် ရဲ့။ လာပါ အိမ်ထဲဝင်ကြစို့"

အိမ်ရှေ့ရောက်စဉ် အန်တီငယ်က တံခါးအဆင်သင့်ဖွင့်၍ ကြိုနေလေ၏။ မတွေ့ရတာနှစ်ရှည်ကြာနေပြီမို့ 'ချို' က အန်တီငယ်ကို ခပ်တင်းတင်းလေးဖက်လိုက်လေသည်။ 'မောင့်' ကိစ္စကို ဒီအိမ်မှာ လုံးဝမပြောမိစေရန် လမ်းမှာကတည်းက နှုတ်ပိတ်ထားပြီးပြီမို့ စိတ် အေးသွားရပါ၏။

"အန်တီငယ် နည်းနည်းပြည့်လာသလားလို့"

"ဟုတ်ပါ့ သမီးချိုရယ်။ အလုပ်လုပ်သလောက် ပင်ပန်းပြီး ပြည့်လာတာပဲ။ ခရီးပန်းလာကြတာ ထမင်းစားကြတော့မလား။ အန်တီငယ် အဆင်သင့်ချက်ထားပြီးသားကွယ့်"

"ခဏလောက်နားဦးမယ် အန်တီငယ်၊ မောလွန်းလို့ မစားနိုင် သေးဘူး"

"အမောပြေ အရည်လေးတော့ တိုက်ပါ့အန်တီ"

"ဪ . . . အေးကွယ်၊ ဒါနဲ့ သူလေးက"

"ကိုပေါက်ရဲ့ညီ အငယ်ဆုံးပါ အန်တီငယ်။ နာမည်က ညီထွဋ်သာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . . သားကိုကို မင်းခေါင်သာကိုပဲ အန်တီငယ်က တွေ့ဖူးတာကွယ်။ အငယ်က ကိုပေါက်ထက် ပိုချောနေပါလား"

"ဟား! . . . အန်တီ့ကို ချစ်သွားပြီများ"

"ဒီကလေးကိုတော့ အရှုံးဘုံမြှောက်မလုပ်လေနဲ့ အန်တီငယ်ရေ တော်ကြာ ရန်ကုန်မပြန်ချင်တော့တဲ့ ဒီမှာသောင်တင်နေလိမ့်မယ်"

"အဲဒီတော့လည်း ခေါ်ထားရုံပေါ့ သမီးချိုရယ်။ အိမ်မှာအားကိုးအားထား ပြုစရာ ယောက်ျားသားမှ မရှိတာ"

"မမရေ . . . ကြားလားဗျို့။ အားကိုးချင်လို့တဲ့"

"အန်တီငယ် ခေါ်ထားချင်လည်း မရပါဘူး။ ညီထွန်းက စီးပွားရေးလုပ်နေတာ။ စံ နေသိပ်မကောင်းလို့ စိတ်မချတာနဲ့ ဒီအလုပ်ဖျက်ပြီး စေတနာနဲ့ လိုက်ပို့ကြတာပဲကြည့်"

သူမက 'ချို' အနားယူစေရန် အိပ်ခန်းဆီသို့သာ ခေါ်လိုက်၏။ အလုပ်ခန်းက ကျဉ်းပေမယ့် 'ညီထွန်း' အိပ်လို့အဆင်ပြေမှာပါ။ 'မေချို့' က အဝတ်အစားပင်မလဲနိုင်တော့တဲ့ ခုတင်ထက် ပစ်လှဲအိပ်လေတော့သည်။ ကားကို တစ်လှည့်စီမောင်းပို့ခဲ့ရတာမို့ ပင်ပန်းကြမှာလေ။ ပေါ့ပေါ့ပါးပါး အဝတ်အစားလဲဝတ်ပြီး အိပ်ခန်းထဲအသံမပြည်အောင် သတိထားကာ ထွက်လာခဲ့ပါ၏။ 'ညီထွန်း





တစ်ယောက်တော့ အန်တီငယ်နှင့် အဖွဲ့ကျကာ ပေါက်ပေါက်ဖောက်နေတော့တာပါပဲလား။

"ဟုတ်တယ် သားရဲ့ သားမမက အနံ့ရှူးတဲ့အရာမှန်သမျှဘာကိုမှ မရှူနိုင်ဘူး။ အသက်ရှူရ ခက်ပြီး မူးတတ်တဲ့အကျင့်ရှိတယ်"

"ဒါကြောင့်မို့ ခြံထဲမှာလည်း အနံ့မရှိတဲ့ပန်းတွေချည်း စိုက်ထားတာပေါ့လေ"

"ဟင်း ဟင်း . . . အဲဒါက သားမမရဲ့ခင်ပွန်းမောင်ဖေယျာကြိုက်တဲ့ပန်းတွေပဲ စိုက်ထားတာသားရဲ့။ စံက ပန်းမကြိုက်ဘူး"

"ဟာ . . . အံ့ရော"

"အိမ်လာပြီး အတင်းအုပ်နေတာပေါ့လေ"

"စပ်မိစပ်ရာ ဘာညာကွိကွပေါ့ မမရဲ့ မလေး down သွားပြီလား"

"အေး"

'ညီထွန်းသာ' က အန်တီငယ်ဖျော်တိုက်ပါသည့် ကော်ဖီထဲမှ ရေခဲတုံးလေးတွေရောပြီး Ice coffee အဖြစ် သောက်နေလေ၏။ ယောက်ျားလေးမို့ ခရီးဝေးထွက်လာတာတောင် အပင်ပန်းခံနိုင်ပြီး သန်းလန်းဆန်းဆန်း ရှိနေပါသည်။ အန်တီငယ်က 'စံ' အကြောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဈော်ပေးပေမယ့် ထုံးစံအတိုင်း ပူပူခါးခါးလေးသာ သောက်ဖြစ်လေ၏။

"မမတို့ ကော်ဖီက ရှယ်ပဲ။ မိုက်တယ်ကွာ"

"Ready made မှမဟုတ်တာ ညီထွဋ်ရဲ့။ ကိုယ့်ဘာသာ ကြိတ်စက်နဲ့လှော်ပြီး ကြိတ်ထားလို့ မွှေးနေတာမဟုတ်လား"

"Right! ...ဒါမှ တကယ့်ကော်ဖီစစ်စစ် အရသာပဲ"

"မစစ်တစစ်ကြီးကိုများ"

"ဟင်!...ညာလို့လဲ"

"ရှင်ပဲ ရေခဲတွေ ရောသောက်နေတာလေ"

'ညီထွဋ်' အော်ရယ်လိုက်သဖြင့် အသံတိုးရန် အမူအရာပြလိုက်ရပါသည်။ အိမ်က ခပ်သေးသေးမို့ ထမင်းစားခန်းထဲပြောသမျှ အိပ်ခန်းတွင်းမှ အတိုင်းသားကြားနိုင်လေ၏။ ရန်ကုန်မှာ အိမ်အကြီးနှင့် နေလာခဲ့တာမို့ ဒီမှာနေတတ်ပါ့မလား။ အားနာမိပါသည်။ ကိုပေါက်တို့မျိုးရိုးက အစဉ်အဆက် ချမ်းသာခဲ့သည့်မိသားစု မဟုတ်ပါလား။

"သားလေးကို ဒီမှာပဲ အိပ်ခိုင်းမှာလား သမီး"

"အလုပ်ခန်းပဲ အလွတ်ရှိတာမို့ အဲဒီမှာပဲ ထားရမှာပေါ့ အန်တီငယ်ရယ်။ ညီထွဋ်နေလို့တတ်ပါ့မလား။ အဆင်မပြေရင် မမ





မိဘတွေနေခဲ့တဲ့ အိမ်မှာ တည်းခိုင်းမယ်လေ"

"ဒါတော့ ဘယ်ဖြစ်မှာလဲ မမရဲ့။ မမရော မလေးပါ မရှိရင် ကျွန်တော် အူကြောင်ကြောင်ဖြစ်နေမှာပေါ့"

"ညီထွဋ်နေမယ်ဆို ချို့ကိုပါ အတူသွားခိုင်းမှာပေါ့။ တစ်ယောက်တည်းတော့ ဘယ်လွှတ်ပါ့မလဲ"

"အဲဒါက ပိုတောင်မဖြစ်သေးတယ်"

"ဘာဖြစ်လို့လဲ"

"မမကို တစ်ယောက်တည်းဖြစ်မနေစေချင်လို့ ဒီအထိ လိုက်လာခဲ့တာကို"

'စံ' က 'ညီထွဋ်' ကို မျက်ရိပ်ပြ၍ ဆက်မပြောမိစေရန် တားရပြန်ပါ၏။ 'မောင့်' ကိုပြန်တွေ့ခဲ့ပေမယ့် သတင်းကောင်း မဖြစ်ခဲ့သဖြင့် အန်တီငယ်သိလျှင် စိတ်ဆင်းရဲမှာစိုးလို့ပါလေ။ လူငယ်ဖြစ်သည့် 'စံ' တို့က ပို၍စိတ်ခိုင်ရမှာ မဟုတ်ပါလား။

"ဒီမှာနေမှ မမချက်ကျွေးမယ့် လက်ရာကို မြည်းစမ်းကြည့်လို့ရမှာလေ"

"ဟုတ်ပါ့၊ ဒီရာသီမှုစ်ချဉ်ပေါ်တာနဲ့ အန်တီငယ် ဝယ်ထားမိသေးတယ်။ ငါးရက်ဈေးဖွင့်ရင် ဝက်သားသွားဝယ်ပြီး ချက်ကျွေးလိုက်ပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမလက်ထဲအပ်တာလား အန်တီ။ မမက ဟင်းချက်တာ လက်ရာမကောင်းဘူးဆို"

"ကောင်းပါတယ် သားရယ်။ မောင်ဖေယျာက ပိုတော်တာပါ။ မီးဖိုချောင်ဝင်တိုင်း သတိရစိတ် ပိုတိုးလာတာနဲ့ သမီးကို အန်တီယက တမင် မဝင်ခိုင်းတာပါ"

"ညီထွန်းတို့ရောက်တုန်းတော့ မမ ချက်ကျွေးပါ့မယ်။ အပန်းမကြီးပါဘူး"

"Good! ... ဒါနဲ့ ခုန မမပြောတဲ့ အိမ်က အတော်ဝေးလား ဟင်"

"ဘာလဲ ... သွားချင်လို့လား"

"ဟင့်အင်း ... မေးကြည့်တာပါ"

"သိပ်တော့မဝေးပါဘူး။ ဒါပေမဲ့ ဒီလောက်တော့ ချောင်သိပ်မကျဘူး။ လမ်းမကြီးနဲ့ နီးတဲ့ခြံပါ။ အိမ်ထောင်ပြုမှ ဒီမှာဝယ်ပြီး လာနေဖြစ်ခဲ့တာ။ ဟိုအိမ်ကိုပြန်ပြုပြင်ပြီး ဆောင်းတွင်းနဲ့ နွေမှာ Foreigner တွေလာရင် Hotel လို ငှားပေးတယ်။ Family နဲ့ one group အဖြစ် လုံးချင်းပဲ ဆိုပါတော့။ ဒီလိုမိုးတွင်းဆို ဘယ်သူမှ မရှိဘူး။ ဒီအတိုင်းပိတ်ထားတာ၊ တစ်လတစ်ခါပဲ cleaning သွားလုပ်ရတယ်"





"မနေပေမယ့် မမလိုက်ပို့ပေးမှာ မဟုတ်လား"

"အင်းပေါ့၊ သစ်သီးခြံထဲလည်း ပို့ပေးပါ့မယ်။ တစ်ပတ်လောက်တော့ နေဖြစ်မယ် မဟုတ်လား"

"ဟုတ်! ... ဒါနဲ့ မမအလုပ်ခန်းဆိုတာ စာရေးတဲ့အခန်းလား"

"ဆိုပါတော့။ ဒါပေမဲ့ ... အခုက အိပ်ခန်းမှာပဲ ရေးဖြစ်တာပါ"

"ကျွန်တော်တို့ရောက်တာနဲ့ မမ အလုပ်ပျက်နေပါဦးမယ်"

"ရှာန်ဝင်စားရင် ဆယ်ရက်လောက်နဲ့ တစ်အုပ်ရေးလို့ ပြီးပါတယ် ညီထွန်းရယ်"

"ကုန်ကြမ်းတွေ အများကြီး ရှိတယ်ပေါ့လေ"

ပြုံးရုံသာ ပြုံးပြမိပါ၏။ အနားယူအိပ်စက်စေရန် 'စံ' ၏ အလုပ်ခန်းကို တံခါးဖွင့်ပေးလိုက်ပါသည်။ ဒီအခန်းထဲမှာက စာကြည့်ခန်းဖြစ်သလို 'စံ' ရေးသည့် စာအုပ်တွေနှင့် ထုတ်ဝေထားပြီးသည့် ဝတ္ထုစာအုပ်တွေ သိမ်းဆည်းထားပါသည့် နံရံကပ် ဗီရိုကြီးတွေ ရှိနေတာပါ။ စာရေးမည့် copy စာအုပ်တွေကို ဗီရိုအောက်ဆုံးထပ်မှာ စီထားရမှာမို့ ဝယ်လာပါသည့် စာအုပ် စက္ကူပုံးတွေက ဒီတိုင်းချထားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုတင်တော့ သေးလိမ့်မယ်နော်။ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် မမရဲ့။ မြူတ်ကျတော့လည်း လာကောက်မယ့်ဗျာ။ စာအုပ်တွေ ယူဖတ်လို့ရတယ် မဟုတ်လား"

"ရပါတယ်ရှင်၊ ကဲ! . . . နားပါတော့။ အိပ်ရာနိုးရင် ရေချိုးထမင်းစားကြရအောင်"

"Ok! "

အိပ်ရာအခင်းသပ်ပြင်ထားပေးတာမို့ 'ညီတွင်' အိပ်လို့ရမှာပါ။ တံခါးကို ပြန်စေ့ပိတ်ခဲ့ကာ သူမ အိပ်ခန်းထဲသို့ ဝင်လိုက်ပါ၏။ 'ချို' က တရှူးရှူးနှင့် အိပ်မောကျနေသဖြင့် အနှောင့်အယှက်မပေးဘဲ အသာလေးပြန်ထွက်ခဲ့ရပါသည်။ 'စံ' အိပ်ချင်လာရင်တော့ ဧည့်ခန်းရှိ Dream bed မှာ ခဏတာမှေးလို့ရနိုင်လေ၏။

"သမီး မအိပ်ဘူးလား"

"အိပ်လို့မရပါဘူး အန်တီငယ်ရယ်။ ကားပေါ်မှာတော့ မှေးပြီးလိုက်စီးခဲ့တာပဲ"

"မမလေး"

"ဪ . . . ဦးဘမောင်"

"ကျွန်တော်တို့ ပြန်လို့ရပါပြီလား"

"အို . . . ရတာပေါ့။ အခုလို အိမ်မှာ ဝိုင်းကူပြီး စောင့်ပေးတဲ့





အတွက် ကျေးဇူးအများကြီးတင်ပါတယ်ရှင်။ သုံးလေးရက်ကြာလောက်မှ ကျွန်မ ခြံထဲကို လာခဲ့ပါ့မယ်။ အသစ်ခန့်ထားတဲ့ မန်နေဂျာရော အခြေအနေ ဘယ်လိုရှိလဲ"

"အဆင်ပြေပါတယ် မမလေး။ စာရင်းဇယားလည်း နိုင်တယ်။ အသောက်အစားလည်း မရှိတဲ့ လူငယ်လေးပါ"

"တော်ပါသေးရဲ့၊ အဆင်ပြေသွားလို့"

"ကျွန်တော်တို့ ပြန်ပါဦးမယ် မမလေး"

"ဟုတ်ကဲ့ရှင့်"

ဦးဘမောင်တို့ဇနီးမောင်နှံကို မုန့်ဖိုးငွေပေးစဉ် ငြင်းနေသဖြင့် ဇနီးဖြစ်သူ၏ လက်ထဲသို့ အတင်းထည့်ပေးလိုက်ရပါ၏။ ကားဂိုဒေါင်ထဲမှ ကွပ်ပျစ်မှာပင် လာစောင့်အိပ်ခဲ့သလို အပြန်မှာ သန့်သန့်ရှင်းရှင်း ဆေးကြောပေးသွားသည့် တာဝန်ကျေပွန်သော အလုပ်သမားတွေပါပဲ။

"ပြန်သွားကြပြီလား"

"ဟုတ်ကဲ့ အန်တီငယ်"

"မအေးလည်း အန်တီငယ့်အတွက် အဖော်ရတယ် သမီးရဲ့။ အတော်အောက်သက်ကျေတဲ့ အလုပ်သမားတွေပဲ"

"မေမေတို့ရှိခဲ့တဲ့ လက်ထက်ကတည်းက အလုပ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



မို့ သစ္စာရှိကြတာပါ အန်တီငယ်။ အပြန်အလှန် အကျိုးပြုကြတာကိုး”

“သမီးလည်း နားတော့လေ”

“အင်း … ညှော်ခန်းမှာပဲ ခဏတစ်ဖြုတ် မှေးလိုက်မယ်”

“အေးအေး … နောက် (၄၅) မိနစ်လောက်ဆို အန်တီငယ် ဟင်းရည်အိုးနွှေးတော့မယ်၊ သမီးတို့ နေ့လယ်စာ ပူပူနွှေးနွှေးလေး စားလို့ရအောင်”

အန်တီငယ်က ထမင်းစားဖို့အတွက် ဟင်းနွှေးဖို့ မီးဖိုချောင် ဆီသွားပြီမို့ ‘စံ’ က ညှော်ခန်းတံခါးကို ပိတ်ကာ Dream bed မှာ အသာလှဲအိပ်လိုက်ပါ၏။ ခရီးပန်းလာတာကြောင့်ရော တစ်လမ်းလုံး မျက်ရည်တစ်ပေါက်ပေါက်ကျပြီး ကျိတ်ငိုခဲ့ရသဖြင့် အတော်မောနေတာအမှန်ပါ။ နာရီဝက်လောက်တော့ အိပ်ပျော်လောက်ပါရဲ့။

အလျော်လာပေးသည့် ပစ္စည်းတွေကို ပြန်ပေးခိုင်းတာမို့ ကိစ္စက ပြတ်ပါ့မလား။ မရမကလာပြီး ဆက်သွယ်နေပါလျှင် အကြောင်းကိစ္စက ရှည်နေပေဦးမည်။ သို့သော် ပြဿနာမရှိပါချေ။ ‘ချို’ က ပြောတတ်ဆိုတတ်သည့် သူငယ်ချင်းမို့ သူမ ရှိရာနေရာကို ထုတ်ပြောမိမှာမှ မဟုတ်တာလေ။

ရေမြေဝေးလို့ သွေးအေးသွားတာကိုပဲ ကြားဖူးခဲ့တာပါ





‘မောင်’ ရယ်။ ‘စံ’ တို့က ဒီမြေပေါ်မှာပဲနေပြီး ဒီရေကိုပဲ သန့်စင်အောင် ဖြုလုပ်ပြီး သောက်နေကြတဲ့ လူတွေပါ။ ရှူရှိုက်နေရတဲ့ လေထုကလည်း အတူတူပါပဲ။ ဒါကိုတောင်မှ တောင်ပေါ်သူလေး ‘နွေရိပ်စံ’ ကို ‘မသိဘူး’ ဟု စိမ်းစိမ်းကားကား ငြင်းရက်ရတယ်လို့။

ဘဝချင်းက ဝေးကွာလွန်းလို့များလား။ အမြင့်နေရာကနေ ငုံ့မကြည့်ချင်လောက်အောင်များ ‘စံ’ က နိမ့်ကျနေလို့လားကွယ်။ လက်ထဲမှာ ဘာဆို ဘာမှရှိမနေတဲ့ အညတရ လေလွင့်လူငယ်လေးကိုမှ ချစ်မိခဲ့တဲ့ ‘စံ’ ပါ။ ဘာနောက်ခံအထောက်အပံ့မှ ရှိမနေတဲ့ လူတစ်ယောက်ကိုရွေးဖို့အတွက် တော်ရုံသတ္တိနဲ့တော့ မဖြစ်မှန်း ‘မောင်’ လည်းသိခဲ့တာပါလေ။

ရိုးရိုးမိုက်မိုက် ချစ်ခဲ့မိတဲ့ ‘နွေရိပ်စံ’ ကို ရက်ရက်စက်စက် ဥပေက္ခာပြုနိုင်လောက်အောင် ‘မောင့်’ နှလုံးသားက အေးစက်စက် ဖြစ်နေပြီတဲ့လား။ သြော် ‘မောင်’ ရယ်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

ခေါင်းထဲ အုံ့ခဲနေသဖြင့် Sunday နာရက်မှာ ဘယ်မှမသွား
ဖြစ်တော့ပါ။ သူမ၏သူငယ်ချင်းဖြစ်သူအိမ်ကို သူကိုယ်တိုင် သွားချင်ပေ
မယ့် ကျန်းမာရေးက ဖောက်နေပြီ မဟုတ်ပါလား။ သူမကို အစားမြိန်
လျော့်ပေးသည့်ပစ္စည်းဘောင်ချာတွေက စားပွဲထက်မှာ အခုထိ
အတိုင်းဖြစ်နေသဖြင့် သိမ်းရန် အံဆွဲကို ဖွင့်လိုက်ပါ၏။

"ဒုတ်!"

"ဟာ! ကျစ်!"

အံဆွဲက လျောလျောရှုရှု မထွက်လာသဖြင့် စိတ်က အ
လို တိုလာရလေသည်။ ခေါင်းထဲမကြည်မလင်ဖြစ်နေကာမှ စိတ်





ရောက ပေါ်လာရတော့တာလေ။ အားဖြင့် ဆောင့်တွန်း၍ ဆွဲလိုက်မှ
သာ အံဆွဲက ထွက်လာလေတော့၏။ Staplar အသေးကိုနှိက်၍
စာရွက်ကို ထပ်ကာ ဖိချုပ်လိုက်ပါသည်။ ပြီးနောက် အံဆွဲထဲထည့်
သိမ်းလိုက်စဉ် လက်ခနဲအရာတစ်ခုကို မြင်လိုက်ရလေ၏။ လက်က
အလိုလို ထိုအရာကို ကောက်ယူမိပြီးသား ဖြစ်သွားရပါသည်။

အလို! ရွှေအိုရောင်သော့တံလေးပါလား။ ဘယ်နေရာက
သော့များပါလိမ့်။ အိမ်မှ အခန်းသော့တွေ အကုန်လုံးကို တွဲထား
တတ်သဖြင့် မှတ်မိနေပါသည်။ ဆင်တူတွေဖြစ်နေပေမယ့် sticker
ဖြင့် နံပါတ်တတ်ထားပေးတာမို့ပါပဲ။ အခန်းထဲရှိ ဗီရိုတွေ၊ အံဆွဲတွေကို
လည်း ထိုသို့ပင် မှတ်ထားသဖြင့် လွဲစရာအကြောင်း မရှိပါချေ။

ဒါဖြင့် ဒီသော့လေးက ဘယ်နေရာကို ခတ်ထားသည့် သော့
ပါလိမ့်။ သူ လုံးဝ စဉ်းစားလို့မရပါချေ။ ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာ
သည့် အတွေးကြောင့် အိပ်ခန်းထဲမှ ထလာခဲ့ပါ၏။ လှေကားထစ်
တို့ကို ခပ်မြန်မြန်ဆင်းလာစဉ် 'မိစူး' က လှေကားထစ်တွေကို ရေစို
ဝတ်ဖြင့် ကြမ်းတိုက်နေလေသည်။

"အစ်ကိုကြီး . . . ဖြည်းဖြည်းဆင်းပါနော်"

"နင်ကလည်း။ ဒီအချိန်ကြီး သန့်ရှင်းရေးလုပ်နေရသလား"

"အစ်ကိုကြီး အိပ်နေတုန်းမို့ လုပ်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားမေရော"

"ညည့်ခန်းမှာ ရှိပါတယ်ရှင့်"

ဘွားမေ ညည့်ခန်းမှာရှိသည်ဆို၍ သူ့ခြေလှမ်းတို့က လှေကား ထစ်တို့မှာပင် ရပ်သွားရလေ၏။ စာကြည့်ခန်းကို အရင်ဝင်လို့ဖြစ်တာ မို့ ခြေလှမ်းကို ဆက်လျှောက်ခဲ့ပါသည်။ ဘွားမေက စာကြည့်မျက်မှန် ဖြင့် တရားစာအုပ်ထူကြီးကို ဖတ်နေလေ၏။ စီးပွားရေးကိစ္စတွေကို သူ့ကိုချည်း ပုံပေးထားသဖြင့် ဒီအဘွားက ဝန်ပေါ့နေပြီ မဟုတ်ပါလား။

"ဆေးသောက်ပြီး တစ်ရေးလောက်အိပ်မယ်ဆိုပြီး ဘာလို့ ဆင်းလာပြန်တာလဲ"

"လုပ်စရာရှိလို့"

စာကြည့်ခန်းတံခါးကို ဖွင့်ဝင်လိုက်သဖြင့် ဘွားမေ ဘာမှ မပြောတော့ပါချေ။ ဒီအခန်းက အမြဲ သော့တန်းလန်းဖြင့်သာ ထား တတ်သဖြင့် ဒီသော့လည်းမဟုတ်ပြန်ပါ။ စာကြည့်စားပွဲအောက်မှာ စာရွက်စာတမ်းတွေ သိမ်းဆည်းရသည့် မီးခံသေတ္တာရှိသဖြင့် ဖွင့်ကြည့် မိပြန်၏။ ဒါလည်း မဟုတ်ပါလား။

"ကျစ်!"

"ဘယ်လိုဖြစ်ပြီး ဂနာမငြိမ်ဖြစ်နေပြန်သလဲ သားဖေ"

"ဘာမှမဟုတ်ပါဘူး ဘွားမေရယ်"





အခန်းထဲမှ ပြန်ထွက်စဉ် မြေအောက်ခန်းကို သတိရသွား သဖြင့် မီးဖိုခန်းဘေးရှိ တံခါးကိုဖွင့်ကာ မြေအောက်စတိုခန်းဆီ ဆင်း လာခဲ့ပါသည်။ မိုးတွင်းမို့ ရေစိုငွေ့ကြောင့် အေးစိမ့်နေပြီး လေအသန့် သိပ်မရပါချေ။ အလုပ်သမားတွေကို အမြဲတမ်းရှင်းခိုင်းထားသဖြင့် ပစ္စည်းတို့က သပ်သပ်ရပ်ရပ် စီစီရီရီ ရှိနေပါ၏။

နေပါဦး၊ ဒါက သေတ္တာလို ဗီရိုလိုသော့မျိုးမဟုတ်ဟု သူ တွေးမိလေ၏။ ဒါဖြင့် ဘယ်တံခါးသော့ပါလိမ့်၊ စဉ်းစားနေရသဖြင့် ခေါင်းက ပိုကိုက်လာရတော့သည်။ ဒုက္ခတော့ များချေပြန်ပါပြီ။ 'ဘုန်း မြတ်ဇေယျာမောင်' ကို ခေါင်းစားသည့် အလုပ်မျိုး မလုပ်စေရဟု ဆရာဝန်မှာထားပါလျက် ဘာလို့များ ခေါင်းအေးသည့်အလုပ်မျိုး မလုပ်ဖြစ်ရပါသလဲ။

"Boss! Boss!"

ခေါ်သံနှင့်အတူ မြေအောက်ခန်းသို့ ဆင်းလာပါသည့် 'ရဲရင့်' ကြောင့် သေတ္တာတစ်ခုကို ဖွင့်ပြီး ကြည့်နေသည့်လက်ထဲမှ အထုပ်က လျှောခနဲကျပြီး ကြမ်းပြင်ထက် ရောက်သွားလေ၏။ ပြန့်ကျဲသွားပါ သည့် ရှုခင်းဓာတ်ပုံတို့က မြောက်မြားစွာဖြင့် သံမံတလင်းထက်ရှိနေ လေတော့သည်။ ဘုရားရေ! ဘယ်လိုဖြစ်ပြီး ဒီဓာတ်ပုံတွေကို ဒီထဲမှာ သိမ်းထားရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"Boss!"

"ဘာဖြစ်လာပြန်ပြီလဲ"

"အခုပဲ သီဟပြန်ရောက်လာပါပြီ၊ ဒါပေမဲ့"

"ဘာ . . . ဒါပေမဲ့လဲ"

"ဟိုလေ . . . ဟိုအိမ်ကနေ Boss ပေးခိုင်းထားတဲ့ပစ္စည်းတွေကို ပြန်ပေးလိုက်လို့"

"ဘာ!"

"Boss!"

"အဲဒါကို သေချာပြောပြီး မပေးဘူးလား ကွ။ သူ လိုအပ်လို့ ဝယ်လာတဲ့ပစ္စည်းတွေကို မင်းတို့ကြောင့် ပျက်စီးသွားရတာလေ။ အသုံးမကျလိုက်တာ"

"Boss! . . . ခဏလေး"

ဖုန်းလက်စသေတ္တာကို ဒီအတိုင်းထားပစ်ခဲ့ပြီး မြေညီထပ်သို့ ပြန်တက်ခဲ့ရပါ၏။ 'ရဲရင့်' က သူ့နောက်မှ ခပ်သွက်သွက်လိုက်လာပေမယ့် သူကသာ ဧည့်ခန်းကို ရှေ့မှ အရင်ဆုံးရောက်လာလေသည်။ ထင်လိုက်သည့်အတိုင်းပါပဲ။ ဧည့်ခန်းရှိ စားပွဲထက်မှာ သူမထပ်ပို့လိုက်ပါသည့် ကတ္တူပါဆယ်ပုံးက ရှိနေသလို ဘွားမေရှေ့မှာ ကုပ်ကုပ်လေး ရပ်နေသည်က 'သီဟ' ဖြစ်နေလေသည်။





"မေးရင် ဖြေလေ၊ ဒါက ဘာတွေလဲလို့"

"ဟိုလေ . . . ဟို ဟို"

"ဘာတဟိုဟိုနဲ့၊ ငါ့ကိုလိမ်ပြောဖို့ စဉ်းစားနေတာလဲ"

"ကျွန်တော် မှာထားတဲ့ပစ္စည်းတွေပါ ဘွားမေ"

ဆတ်ခနဲ လှည့်ကြည့်လိုက်ပါသည့် ဘွားမေ၏အကြည့်တို့က သူ့ကို ယုံကြည်ပုံမရပါချေ။ လှည့်ပတ်ဖြေဖို့ စိတ်ကူးမရှိပါဘဲ လူရိုးလူဖြောင့်ဝန်ထမ်းတွေကြောင့်လည်း ခက်ပါရဲ့။ ဘွားမေက ပစ္စည်းပုံး၏အပြင်မှာ သီးသန့်ရှိနေပါသည့် စက္ကူအိတ်ထဲမှ ဘူးကို ဆွဲထုတ်လိုက်လေသည်။ ကဲ! ခုမှတော့ ဘယ်လိုမှ ငြင်းလို့မရတော့ပါလေ။

"ဒါက ဘာလဲ သားဖေ၊ ဘွားမေကို တစ်ကြိမ်တစ်ခါမှ လိမ်ညာဖူးခဲ့တဲ့မြေးကပါ အခုလို လုပ်လာတာတော့ မကောင်းပါဘူး။ Phone အသစ်ဝယ်ရအောင် သား‌ရဲ့ phone က ဘာများ ဖြစ်နေလို့လဲ။ ပြီးတော့ ဒီပုံးရဲ့ပုံစံက ပစ္စည်းမှာလို့ ရောက်လာတာမျိုးမှ မဟုတ်ဘာ"

"ကျွန်တော် ပြောပြီးပြီလေ"

"ဘွားမေ သိချင်တာအမှန်ကိုပါ သားဖေ၊ မှင်သေသေနဲ့ ညာဖို့ မကြိုးစားပါနဲ့။ သားအကြောင်းကို ဘွားမေ အကုန်လုံးသိနေတာကို သိရဲ့သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းရှိုက်လိုက်မိပါ၏။ ဖြစ်ခဲ့သည့်ကိစ္စက တစ်ပတ်ဆယ်ရက်ကျော်ကြာခဲ့ပြီမို့ မေ့မေ့ပျောက်ပျောက် နေနိုင်ရမည် ဖြစ်ပါလျက် သူ မမေ့နိုင်တော့ ခက်သားလား။ အခုတော့ ဘွားမေကို မည်သို့မျှ ဖုံးကွယ်ထားလို့မရတော့ပါ။

"အလျှော်ပြန်ပေးစရာရှိလို့ပါ ဘွားမေ"

"ဘာဖြစ်ခဲ့လို့လဲ၊ ဘယ်သူ့ကို ပေးစရာရှိလို့လဲ"

"လဆန်းလောက်တုန်းက မြို့ထဲက လမ်းကျဉ်းမှာ ကား Accident ဖြစ်ခဲ့ပါတယ် ဘွားမေ"

"ဘုရား!"

"အသေးစားလေးပါ။ အသေအပျောက် ဘာမှမဖြစ်ခဲ့ပါဘူး"

"ကား၊ ကားချင်းလား၊ ဒါမှမဟုတ် လူလား"

"လူကိုပါ"

"အမယ်လေး!"

"ဘွားမေ"

"နေ နေ ရတယ်၊ တိုက်မိတာ လူကြီးလား၊ ကလေးလား ယောကျ်ားလား၊ ဒါမှမဟုတ် မိန်းမလား"

ဘွားမေက ရင်ဘတ်ဖိထားလျက် ဆက်တိုက်ဆိုဖာထက် မြှ ထိုင်လိုက်လေ၏။ လူမသိအောင် ဖုံးကွယ်မျိုသိပ်ထားရသည့်





အကြောင်းအရာက စိတ်ထဲ အဘယ်မျှ လေးလံနေရပါသနည်း။ ဖွင့်ဟ ပြောချလိုက်မှသာ ရင်ထဲ ပေါ့ပါးပြီး စိတ်လွတ်လပ်သွားမည်မှန်း သူသိနေပါသည်။ ခွင့်လွှတ်ပေးပါ ဘွားမေ။

"မိန်းကလေးပါ"

"ဘယ်လို"

"အတိအကျပြောရရင် ကျွန်တော့်အိပ်မက်ထဲ အမြဲရောက်လာတတ်တဲ့ မိန်းကလေးကို အပြင်မှာ တွေ့လိုက်ရတာပါ ဘွားမေ"

"သားရေ"

ဘွားမေ၏အထိတ်တလန့်ဟန်က ပို၍ တိုးလာလေသည်။ ရုတ်နာမှာ သွေးမရှိတော့သည့်နှယ် ဖြူဖျော့လာလေတော့၏။ ဘယ်လိုလဲ။ ထိုမိန်းကလေးအကြောင်းပြောလိုက်သည်နှင့် သူ၏အဘွားက ဤသို့ ကူြမြေမဆည်နိုင်ဖြစ်လာတာပါလား။

"ကျွန်တော့်ကို ဘယ်အချိန်ထိ ဖုံးဖိသိုဝှက်ထားဖို့ စဉ်းစားထားပါသလဲ ဘွားမေ"

"ဗေယျာ"

"အမှန်တရားဆိုတာ တစ်နေ့နေ့တော့ သူ့အလိုလို ပေါ်လာတတ်တာ သဘာဝပါ ဘွားမေ။ ဘွား ဘယ်လောက်ပဲ မပြောပြကြားမှာက ကျွန်တော်သိအောင်တော့ လက်တွေ့ပြသနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သား မြေးလေး"

"နွေရိပ်စံတဲ့ ဘွားမေ။ အဲဒီနာမည်ကို ဘွားမေကြားဖူးပါသလား"

ခေါင်းခါပြလေ၏။ ငြင်းသတဲ့၊ ငြင်းဆန်သတဲ့လား ဘွား 'ဒေါ်ထိပ်တင်မြတ်' ရယ်။ 'ဘုန်းမြတ်ဇေယျာမောင်' ရဲ့ ဘဝသက်တမ်း တစ်လျှောက် လွယ်လင့်တကူ ခေါင်းညိတ်လက်ခံခဲ့သည်ဟူ၍ မရှိခဲ့ပါ။ ဤမျက်နှာထက်မှာ 'ဒေါ်မြလေးငုံ' နှင့် ချွတ်စွတ်တူနေပါသည့် မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ မေးစေ့တို့ကြောင့် ချွေးမအဖြစ် အမြဲမြင်ပြီး စိတ်တေးမှတ်ခဲ့လေသလား။

"မဟုတ်ဘူး" "မှားနေပြီ" ဟူ၍ ပြောခဲ့သည့်အဖြစ်ကို ဖျတ်ခနဲ အမှတ်ရလိုက်မိလေ၏။ 'မောင်' တဲ့။ 'စံရဲ့ခင်ပွန်းပါ' ဟူ၍ တိတိကျကျ ပြောခဲ့ပါသည့် နွမ်းလျလျ တစ်မျက်နှာကို စက္ကန့်နှင့်အမျှ မြင်ယောင်နေခဲ့မိတာပါ။ ဘွားမေ ခေါင်းခါလိုက်တာကို သူ ဒီလောက် ရင်ထဲနင့်သွားစေတာမို့ ထိုမိန်းကလေး၏ ခံစားချက်ကို စာနာစိတ်ဖြစ်သွားရပါသည်။ သူမ အဘယ်သို့များ နာကျင်ခံစားသွားရရှာမလဲ။

"ဘွားမေ"

"ဘွား တကယ်မသိတာပါ သားဖေ။ သားသိချင်တဲ့ အဲဒီ အတိတ်ကာလကို ဘွားမေလည်း သိချင်ပါတယ်။ ဒါပေမဲ့ အဲဒီသိချင်





စိတ်က တစ်ဝက်ပဲရှိပါတယ် မြေး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မြေးနဲ့ဘွားမေ နောက်ထပ်တစ်ကြိမ် အကြီးအကျယ် စကားမများစေချင်လို့ပါပဲ"

"ဟင်!"

"အဲဒီတုန်းက ဒေါက်တာဝါဝါလေးနဲ့ စေ့စပ်ဖို့ စီစဉ်ပေးရင်း ပြဿနာက ကြီးသွားခဲ့တာပါ။ ဘွားမေ ချပေးတဲ့လမ်းကြောင်းအတိုင်း မလိုက်နာဘဲ သားက ဝါသနာကိုပဲ ဦးစားပေးခဲ့တော့"

"ဝါသနာ"

ခေါင်းညိတ်လေ၏။ အလို! ဝါသနာတဲ့လား။ သူမေ့နေခဲ့သည့် အကြောင်းအရာထဲမှာ ဝါသနာဆိုတာကိုပါ ဘာကြောင့်မေ့ခဲ့ရတာပါလိမ့်၊ ရင်ထဲ ထိတ်သွားရပြီး စောစောက ကြည့်ခဲ့မိသည့်ဓာတ်ပုံတို့ကို မြင်ယောင်လိုက်မိလေ၏။ ဒါဖြင့် ဒါဖြင့် သူမေ့နေခဲ့သည့် ဝါသနာဆိုတာက အပျော်တမ်းဓာတ်ပုံရိုက်ခြင်း ဖြစ်နေတာပေါ့လေ။

အတွေးဖြင့် နှလုံးသားဆီမှ တဒုတ်ဒုတ်မြည်ကာ အခုန်မြန်လာရလေတော့၏။

"အဲဒါနဲ့ ဘွားမေလည်း စိတ်မထိန်းနိုင်ဘဲ တစ်ကြိမ်တစ်ခါ ရွယ်ဖူးတဲ့ လက်နဲ့ရိုက်ခဲ့တဲ့ နောင်တကို ပြန်အမှတ်မရချင်တော့လို့ပါ



www.burmeseclassic.com

www.burmeseclassic.com



မြေး။ (၆) လကျော်ကာလကို အစားပြန်လျော်ပေးလို့ရရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ မြေးကို ရှာမတွေ့ဘဲ သတင်းမရခဲ့တဲ့ ငရဲကာလပါသားဖေ။ ပြန်တွေ့မယ့်တွေ့တော့ အရေးပေါ်ခန်းကထွက်လာတဲ့ ဘုန်းမြတ်ဖေယျာမောင် ဖြစ်နေခဲ့တာလေ''

သူ အသက်ရှူရန်ပင် မေ့လျော့နေခဲ့ပါ၏။ အလျော်တဲ့ 'နွေရိပ်စံ'။ မင်းကို ကိုယ်ပြန်ပေးရမယ့်အရာက ဒီသက်မဲ့အရာဝတ္ထုတွေ မဟုတ်ဘူး ထင်ပါရဲ့။ မင်းကို မတွေ့မဖြစ် တွေ့ဖို့လိုအပ်နေပြီ 'နွေရိပ်စံ'။

❀



## အခန်း (၂၃)

ထမင်းဝိုင်းမှာ စကားသံနှင့် ရယ်သံတို့ဖြင့် ဆူညံနေလေ၏။ ဤသို့ အသံမျိုးစုံ မထွက်ဘဲ နေခဲ့ရတာ အဘယ်မျှကြာခဲ့ပြီလဲ။ "အိမ်" ဟူသည့်အဓိပ္ပာယ်က အခုမှ ပြည့်စုံလာသည့်နှယ် ခံစားလိုက်ရပါသည်။

သူမ တစ်ယောက်သာ သိပ်မစားဖြစ်ပါဘဲ 'ချို' နှင့် 'ညီထွဋ်' တဖြင့် မြိန်ရေယှက်ရေ စားသောက်နေသဖြင့် ဝမ်းသာမိတာ အမှန်ပါ။

"အရသာရှိလိုက်တာ မမရာ။ မီးဖိုခန်းမဝင်တာကြာပြီဆိုတဲ့ လက်က ဟင်းချက်လက်ရာပျက်မသွားပါလား။ အံ့သြစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ်ပေါ့လေ။ ထည့်စားနော် . . . မနက်စောစော ထပြန်ရင်လည်း ဗိုက်ထဲ အဝထည့်ပေးဖို့ ထချက်ပေးမယ်"

"ကြိုက်တယ်ဟော့၊ မနေ့က မှုစ်ချဉ်နဲ့ဝက်သားလည်း မိုက်တယ်။ အခုချက်ပေးတဲ့ ဝက်သားအချိုချက်လေးလည်း ကြိုက်တာပဲ။ သုံးထပ်သားကို ဒီလောက်အရသာရှိအောင် ချက်တတ်လား"

"မကြားဖူးဘူးလား ချိုရဲ့။ အရွက်မှာလက်ဖက်၊ အသားမှာဝက်၊ အသီးမှာသရက်တဲ့။ ပြီးတော့ ငါးမှာငါးသလောက်၊ မယားမှာ ဆံထောက်တဲ့လေ"

"ကြားလား ညီထွဋ်"

"တောသူတော့ မယူချင်ပါဘူးဗျာ။ Date out တယ်"

"အပြောမကြီးနဲ့နော်"

"ဒါဆိုလည်း မမရှာပေးလေ။ မမရေးတဲ့စာအုပ်ထဲက ဖြစ်မှုံ မှုံမထင်လှတဲ့ မိန်းကလေးမျိုး"

"လှတာမက်ရင် ညစာခက်တတ်တာ မသိဘူးလား"

"မလေးနော် . . . မမတို့က တစ်ဖက်၊ ကျွန်တော်တို့က တစ်ဖက် ဖြစ်နေသလိုပဲ။ အန်တီကရော"

"ဘက်ညီအောင် သားဘက်ကို လိုက်ပါ့မယ်ရှင်"

"တွေ့လား၊ ကျွန်တော့်ကို တကယ်ချစ်တာ အနံ့ယီ





တစ်ယောက်ပဲရှိတယ်"

ရယ်သံတွေ ထွက်လာပြန်ပါ၏။ ဝက်သားကို ကြက်သွန်နီ လက်တစ်လုံးခန့်စီ ခွဲစိတ်ပြီး ပဲငံပြာရည်ပါလေရုံဖြင့် အချိုချက်ကာ အအီပြေစေရန်အတွက် ချဉ်ပေါင်ရွက်ဟင်းချိုလေး ချက်ပေးထားတာပါ။ ရာသီပေါ်အစာဖြစ်သည့် ပလောင်တောင်မွှေးကို ရှားရှားပါးပါး ဝယ်လာဖြစ်တာမို့ ပုစွန်ခြောက် ခပ်လတ်လတ်လေးဖြင့် ရောကြော်ပေးထားပါ၏။ အရသာစုံစေရန် ရှောက်သီးစိမ်းငါးပိချက်လေးကို အတို့အမြုပ်နှင့် စားလို့ရရန် စီစဉ်ပေးထားလေသည်။

"မမ"

"ပြော"

"စာမူ စရေးနေပြီလား"

"ရေးပြီ၊ ရှင်တို့မောင်နှမအမျိုးတွေ အိမ်လိုက်လည်တဲ့နေ့က စရေးဖြစ်တာ"

"ကျွန်တော်ပြောတဲ့ ဇာတ်လမ်းလား"

"ဟုတ်ပါ့ရှင်၊ မျက်စိအောက်က အပျော့ကမ်ခံနိုင်အောင် သည်းသည်းလှုပ်တုန်နေအောင်ချစ်ကြတဲ့ ကောင်လေးနဲ့ကောင်မလေး အကြောင်း"

"မိုက်တယ်ကွာ၊ ခေါင်းစဉ်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... စာအုပ်ထွက်မှ ဖတ်ပါလား ညီထွဋ်ရယ် နင် အတော်လွန်နေပြီ"

"ဒါလေးမေးတာကိုများ မလေးရာ။ ခေါင်းစဉ်တပ်ပြီးမှ စာမူ စ,ရေးတာ မဟုတ်လား မမရဲ့"

"ဒါပေါ့"

"ဒါဆို ဘာလဲဟင်"

ကလေးမုန့်တောင်းသည့်နှယ် မရမကမေးနေသည့် 'ညီထွဋ်' ကြောင့် သူမ ပြုံးမိလေ၏။ လူငယ်လေးမို့ စိတ်က လွတ်လပ်ပေါ့ပါး နေတာ မဟုတ်ပါလား။ စိတ်သွားတိုင်းကိုယ်ပါသည့် အရွယ်ကို 'စံ' မည်သို့ဖြတ်သန်းခဲ့မှန်းပင် မမှတ်မိတော့ပါလေ။ မျက်ခုံးပင့်လျက် အသံတိတ်မေးနေသည့် 'ညီထွဋ်' ကို 'ချို'က ပေါင်ဆွဲဆိတ်လိုက်မေ မယ့် ချာတိတ်က မဖြုံပါချေ။

"ကြည့်!"

"ပြောပြပါ မမရဲ့။ ကြိုပြီး ရင်ခုန်ချင်လို့ပါ"

"ရင်တွေ အရမ်းခုန်ပါတယ်လို့ ပေးထားတယ်"

"အားပါးပါး!"

"ဘာလဲ ... ဒါကိုလည်း နိုက်တာပဲလား"

"ဒါပေါ့"





"ငါတို့ ဒီမနက်ပြန်လာတဲ့ လမ်းမှာ ဟိုတစ်ယောက်ကို တွေ့တယ်"

"ဘယ်သူလဲ"

"မင်းကျော်စွာ"

အန်တီငယ်က ထမင်းစားလို့အရင်ပြီးပြီမို့ ထနှင့်လေ၏။ ထမင်းဝိုင်းမှာ 'စံ' တို့ပဲရှိတော့သဖြင့် ကိုယ်ရေးကိုယ်တာကိစ္စကို တီးတိုးပြော၍ရမှန်း 'ချို' သိနေ၍ ပြောခြင်းပါပဲ။ 'ညီထွဋ်'က နားစွင့် နေပြန်လေပြီ။

"နင့်ကို မှတ်မိတယ်ပေါ့လေ"

"ကျောင်းအတူပြီးခဲ့တာပဲ။ ဒီရုပ်ကြီးကို မမှတ်မိစရာလား"

"တွေ့တော့လည်း နှုတ်ဆက်လိုက်ပေါ့ ချိုရယ်"

"မျက်နှာက အတော့်ကို ဝမ်းနည်းပုံပဲစံရဲ့။ နင့်ကို သူ စွဲလမ်းနေတုန်းပဲဆိုတာ အသိသာကြီး"

"ဟာ! ... မမက အဲဒီလောက် စွဲတုန်းပဲလား"

"ငြိမ်ငြိမ်နေစမ်းပါ။ လူကြီးစကားဝိုင်းကို မနှောင့်ယှက်ချင် နဲ့"

'စံ'က စားပြီးသားပန်းကန်တွေကို ဆေးရန် ထပ်ကာ ဆောင် ရှိရာဆီ လှည့်လိုက်ပါ၏။ 'ချို' ပါ ကူလုပ်ပေးရန် အနားသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ ဒီဘောစင်ပျက်သွားစဉ်က 'ကျော်' လာလုပ်ပေးသွားတာ မှတ်မှတ်ရရ မဟုတ်ပါလား။ သို့သော် သူငယ်ချင်းသံယောဇဉ်က တား၍မှ မကောင်းတာလေ။

"နှုတ်ဆက်ရင်းနဲ့ နှင့်အကြောင်းပြောလာတော့ ငါလည်း ပြောလိုက်မိတယ်"

"ဘာကိုလဲ"

"ကိုဇေယျာ လိုက်လာတော့မှာလို့"

"ဘယ်လို . . . သားနဲ့ ရန်ကုန်မှာတွေ့ခဲ့ပြီလား သမီး။ အန်တီငယ့်ကို ဘာလို့မပြောတာလဲ"

အလို! . . . ထမင်းစားပွဲကူသိမ်းရန် ပြန်ရောက်လာပါသည့် အန်တီငယ်က 'စံ' တို့စကားကို နားစွန်နားဖျားကြားသွားလေတော့၏။ "နေပြောနောက်ကြည့်၊ ညပြောအောက်ကြည့်" ဟူသည့်စကားပုံက မှန်နေပါရောလား။ လူကြီးဖြစ်သူကို ဘာမှဖုံးကွယ်လို့မရနိုင်ပါလေ။

"ဟင်လို့ . . . သမီးစံ"

"တွေ့တော့ တွေ့ခဲ့ပါတယ် အန်တီငယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ . . . ဘာတဲ့လဲ"

သက်ပြင်းရှိုက်ရင်း ဆေးပြီးသားပန်းကန်တို့ကို စင်မှာ တင်





လိုက်ပါ၏။ အေးအေးဆေးဆေးပြောရမည့်ကိစ္စကို ဖုတ်ပူမီးတိုက် ပြောလို့ရပုံမှလား။ အထူးသဖြင့် ကိုယ်ရေးကိုယ်တာကိစ္စမို့ မျက်ရည်ကျလာပါက သူစိမ်းဖြစ်သည့် 'ညီထွဋ်' ရှေ့မှာ မငိုချင်ပါလေ။

"သမီး"

"ငါ ဒီသစ်သီးပန်းကန် ဧည့်ခန်းကိုယူသွားတော့မယ်နော်။ လာ ညီထွဋ်"

"ချို" က အလိုက်တသိဖြင့် ညီထွဋ်ကိုခေါ်ကာ ရှောင်ပေးပါ၏။ ထမင်းစားခန်းရှိ ခုံမှာပင် အန်တီငယ်နှင့် အတူပြန်ထိုင်လိုက်ရလေသည်။ ရင်ထဲမှာ ဆို့နင့်နေသည့် ဝေဒနာက အခုလို ထုတ်ပြောဖြစ်မှ ပေါ့ပါးသွားပုံမှလား။ မပြောမဖြစ် ပြောရမှာကတော့ အသေအချာပါပဲ။ သုတ်နေသည့်လက်သုတ်ပဝါကို လှန်းသည့်ဆီမရောက်ဘဲ လက်ထဲမှာပင် လုံးချေဆုပ်ကိုင်ထားလိုက်မိလေသည်။

"စံ"

"မောင်က မောင်က စံကို လုံးဝမမှတ်မိဘူး အန်တီငယ်"

"ဘယ်လို"

"တစ်ခါမှ မမြင်ဖူးတဲ့ သူစိမ်းတစ်ယောက်ရဲ့အကြည့်မျိုးနဲ့ ကြည့်နေခဲ့တာပါ"

"သမီးက အကျိုးအကြောင်းမပြောပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါတယ် အန်တီငယ်"

"အဲဒီတော့"

"မောင်က မဟုတ်ဘူးတဲ့"

"ဘာ"

"လူမှားနေတာလို့ပဲ ပြောနေတော့ စံလည်း ဘာဆက်ပြောရမယ်မှန်း မသိခဲ့ဘူး"

"ဖြစ်ရလေ သမီးရယ်"

အန်တီငယ်က သူမကို အသာဖက်လိုက်လေ၏။ မငိုမိအောင် စိတ်ကို မနည်းထိန်းထားသော်ငြား မျက်ရည်တို့က ဝဲလာသည်သာ။ 'မောင်' ရယ်၊ ဘဝမှာ မျှော်လင့်ချက်နဲ့ ရှင်သန်ကြတာက လူသားတွေပါပဲ။ ဒါပေမဲ့ အဲဒီလူတွေထဲမှာ 'နွေရိပ်စံ' က မပါဝင်ရတော့ပါလား။ 'မောင့်' ကို နေ့စဉ်နှင့်အမျှ မျှော်လင့်စောင့်စားနေရတာတွေက အရာမထင်ဖြစ်ခဲ့ရမည်ဟု 'စံ' မထင်ခဲ့ပါလေ။

"မောင်က ... မောင်က အရင်လိုပုံစံမျိုး မဟုတ်တော့သလိုပဲ အန်တီငယ်"

"ဟင်"

"ဟုတ်တယ်၊ စံတို့ မြင်စဉ်က သာမန်ပုံစံမျိုးနဲ့ လုံးဝကွာခြားနေတာပါ။ ကြည့်ရတာ တော်ရုံချမ်းသာမယ့်မျိုးရိုးလိုပဲ





သားမှာ စောင့်ကြပ်ပေးနေတဲ့ အစောင့်အရှောက်တွေကအစ မောင့်ကို ရိုသေသမှု ရှိကြတာ"

"ဘာရယ်"

"အနေတင့် အခြေမြင့်သွားပြီမို့ ဒီမြေကစံကို အလွယ်တကူ မေ့သွားပြီထင်ပါရဲ့"

"သမီးရယ်"

"ချိုကတော့ မောင်နဲ့ထပ်ဆုံခဲ့ရင် သေချာပြောပြမယ်လို့ ပြောပါတယ်။ ဒါပေမဲ့ စံတော့ မမျှော်လင့်တော့ပါဘူး။ စောင့်စားနေရတဲ့ဘဝက အရူးလိုပဲ အဓိပ္ပာယ်မဲ့လွန်းပါတယ်လေ။ မိုး ဘယ်တော့ ရွာမလဲဆိုပြီး ရေကိုစောင့်မျှော်နေတဲ့ ကန္တာရအလယ်က လူလို ရေငတ်တဲ့ဘဝ၊ မေတ္တာငတ်ခဲ့ရတဲ့ဘဝက ဤမျှနဲ့ တော်လောက်ပါပြီနော်"

"သမီး စံ"

အန်တီငယ့်ပခုံးထက် မေးတင်လိုက်မိစဉ် မျက်ရည်တို့က ဖိုးဖိုးပေါက်ပေါက်ဖြင့် ကျလာလေတော့၏။ နောက်ဆုံး နောက်ဆုံးဆိုပြီး ငိုကြွေးခဲ့တာမှန်ပေမယ့် သူမ၏မျက်ရည်ပင်လယ်က မခမ်းခြောက်နိုင်တာက ဘာကြောင့်များပါလိမ့်။ အလွမ်းဟူသည့် သမုဒ္ဒရာထဲမှာ အဆုံးတိုင် နစ်မြုပ်သေဆုံးသွားချင်တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အားတင်းထားပါ သမီးရယ်။ သမီးအသက်က ငယ်ငယ်လေးရှိသေးတာပါ။ ဘဝကို ရှေ့ဆက်လျှောက်ပြီး ရှင်သန်ဖို့အတွက်သာ စဉ်းစားစေချင်ပါတယ် စံ"

ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်လိုက်မိ၏။ အားတင်းခဲ့ရတာပါပဲ။ ဒီခွန်အားတွေသာ မရှိဘဲ ယုတ်လျော့နေခဲ့ပါက စီးပွားရေးဆိုတာကို ဦးထောင်ခေါင်းမော့လာအောင် သူမ ဦးစီးနိုင်မှာမှ မဟုတ်တာ။ အချစ်ဆိုတာ ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပေမယ့် ဦးနှောက်ရှိသည့် ပုထုဇဉ်မို့ အကောင်းနှင့်အဆိုးကို ပိုင်းခြားဆုံးဖြတ်နိုင်ရပေမည်။

"တစ်နှစ်ကျော်ကြာတဲ့အထိ နေနိုင်ခဲ့သေးတာပဲသမီးရယ်။ သူ့ကိုမျှော်လင့်တာလည်း မျှော်ပေါ့။ ရေစက်ဆိုတာ မကုန်သေးရင် ဒီဘဝမှာ သမီးနဲ့သူ ပြန်တွေ့ခွင့်ရမှာပါ"

"စံက စံက မျှော်နေရဦးမှာလား။ မျှော်လင့်သမျှ အမောတွေချည်းဖြစ်နေတာက ခက်ပါတယ် အန်တီငယ်"

"အန်တီငယ် သိပါတယ် ကလေးရယ်။ သမီးခံစားနေရတဲ့ ဝေဒနာမျိုး အန်တီငယ်လည်း ထပ်တူထပ်မျှ ခံစားရတာပါ။ သမီးရင်ထဲကိုလည်းမြင်တယ်။ နားလည်းနားလည်ပါတယ်ကွယ်။ ဒါပေမဲ့ . . . သမီးရဲ့မတ်မတ်ရပ်နေတဲ့ခြေထောက်တွေကို ဒီအတိုင်း ထူမတ်ပြီး မယိုင်စေချင်တာပါ။ လူဆိုတာ ကိုယ့်အဆုတ်နဲ့ပဲ ကိုယ်အသက်ရှူရတာ။ သူတစ်ပါးကို အားကိုးပြီး ရှင်သန်ရတာမျိုး မဟုတ်ဘူးလေ။ အန်တီငယ် ဒီလောက်ပြောပြရင် သမီး သဘောပေါက်မှာပါနော်"

"ဟုတ်ကဲ့"

"သမီးချိတို့ ရှိနေတုန်း ပျော်ရှာပါစေကွယ်။ အိမ်ထောင်ကျပြီးကတည်းက ဒီကို ပြန်လာဖို့ ခက်ခဲခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ရွှယ်တူချင်းတောင်မှ ဘဝကံအကျိုးပေးက မတူပါလားနော်"

ပါးပြင်ထက်မှ မျက်ရည်တို့ကို လက်ဝါးဖြင့်ပင် သုတ်လိုက်မိ၏။ ကံတူအကျိုးပေးတဲ့လား။ သူမက ဘယ်ဘဝက မကောင်းမှုပြုမိခဲ့လို့များ ဒီဘဝမှာ ကံအကျိုးပေးမကောင်း ဖြစ်ခဲ့ရပါသလဲ။ 'မေချို' လည်း ပျော်ရွှင်ဖွယ်ရာ အိမ်ထောင်မျိုး ရရှိခဲ့သလို 'စံ' လည်း ဘဝတစ်ဆစ်ချိုးမှာ အတိုင်းအတာတစ်ခုထိ ပျော်ခဲ့ရတာအမှန်ပါ။

"မောင်"

'မောင်' ရှိမနေတဲ့နေရာမှာ 'မောင်' နဲ့ဝေးကွာနေခဲ့ရပေမယ့် တစ်မိုးတည်းအောက် အတူတူရှိနေသလို ခံစားချက်မျိုးနဲ့ 'စံ' ဆက်ပြီး ရှင်သန်နေဦးမှာပါ။







www.burmeseclassic.com

www.burmeseclassic.com



အမြဲတိုင်း ပျောက်ကွယ်သွားတဲ့ ရင်နင့်ခြင်းတွေက လျှပ်တစ်ပြက်နှယ် 'မောင်' ကို ခဏလေး မြင်ခွင့်ရခဲ့တာမို့ ကျေနပ်ခဲ့ရပါတယ်။ ဒီဘဝမှာ မသိနိုင်တော့ပေမယ့် အတိတ်ထောင့်တစ်နေရာက 'နွေရိပ်စံ' ကို တစ်စက္ကန့်လေးမျှသာ မှတ်မိခဲ့လျှင်ဖြင့် –

ဩော် ... 'မောင်' ရယ်။

❁



BURMESE CLASSIC

## အခန်း (၂၄)

ပါဆယ်ထုပ်ထားပါသည့် ကဗ္ဗျူပုံးနှင့် Handset အိတ်ကို ကားပေါ်သို့ တင်နိုင်းရပြန်ပါ၏။ ဒီပစ္စည်းတွေတော့ ဟိုအိမ်နဲ့ဒီအိမ်ကို ခေါက်တုံ့ခေါက်ပြန် ရောက်နေလေပြီ ဘွားမေက သူ ကားပေါ်မတက်ခင်အထိ အိမ်ဝမှာ ရပ်စောင့်ကြည့်နေလေသည်။

"စကားကို ပြေပြေလည်လည်ပြောဦးနော် သားဇေ"

"ဟုတ်ကဲ့ပါ ဘွားမေ"

သီဟာဖွင့်ပေးထားပါသည့် တံခါးပေါက်မှတစ်ဆင့် ကားပေါ်သို့ တက်ထိုင်လိုက်ပါ၏။ မာစီးဒီးကားက ငြိမ့်ငြိမ့်လေးဖြင့် အိမ်ပတ်ထမ်းကိုကျော်ကာ ခြံထဲမှ ထွက်ခဲ့လေသည်။ ခြံဝမှထွက်စဉ် 'ရှိရင့်'

www.burmeseclassic.com



လက်က သူ့ကို လာထိလေ၏။ ပေါင်ပေါ်တင်ထားသည့်လက်မို့ အေးစက်စက်ဖြစ်နေတာကို သိသွားပါသည်။

"Boss! . . . စိတ်လှုပ်ရှားနေပြီလား"

"အိမ်ရှင်တွေ ပြန်ရောက်တာ သေချာပါတယ်နော်"

'ရဲရင့်' မေးတာကို မဖြေဘဲ သူက မေးခွန်းပြန်ထုတ်မိလေ၏။ အကြောင်းအရာကို သေချာမသိသေးတာတောင်မှ သူ ဤမျှ စိတ်လှုပ်ရှားနေမိလျှင် ဇာယနဏာများသိခဲ့လျှင်ဖြင့် စိတ်ကို ထိန်းမရနိုင်ပြီ။ သူမက ထိုသို့ပင် သူ့ကို Excite ဖြစ်စေလေသလား။

"သူ ဘယ်မှာနေတာတဲ့လဲ"

"ဗျာ"

"နွေရိပ်စံကို မေးတာလေ"

'ရဲရင့်' က ပြန်မဖြေနိုင်သဖြင့် နှုတ်ဆိတ်ငြိမ်သက်နေလေ၏။ နာမည်လေးက အဘယ်မျှ အေးချမ်းစေပါသလဲ။ အပူမှလာပြီး အရိပ်ခိုဝင်လိုက်ရသည့်နှယ်ပါ။ 'မောင်' ဟူသည့်ခေါ်သံနှင့် အကြည့်နွေးနွေးကို ပြန်အမှတ်ရနေမိပါ၏။ 'မောင်' တဲ့။ သူထက်ငယ်သည့် မိန်းကလေးက ဤသို့ပင် ခေါ်ခဲ့လေသလား။ ဘယ်လိုလဲ 'နွေရိပ်စံ'။

"Boss"

"_____"





"Boss"

"အင်း . . . ဘာလဲ"

"ရောက်ခါနီးနေပြီ"

ဝတ်ထားသည့် Suit ကို ကြယ်သီးတပ်၍ ဆွဲဆန့်လိုက်မိ၏။ လည်ပင်းမှာစည်းထားပါသည့် Necktie ကိုလည်း သေသပ်စေရန် အနည်းငယ် ဆွဲတင်းလိုက်ပါသည်။ သူစိမ်းတွေရှေ့မှာ သူ ဤသို့ဖြစ်နေမိပါလျှင် သူမရှေ့မှာ မည်သို့ တည်ငြိမ်ပြရပါမည်နည်း။ ရင်မောရပါလား။

"ငါ့ကိုကြည့်ဦး"

"Ok ပါတယ် Boss"

"ကားဘေးမှာပဲ ကျန်ခဲ့ကြနော်။ အိမ်ထဲလိုက်မဝင်ကြနဲ့ဦး။ တော်ကြာ . . . မင်းတို့ကိုမြင်ပြီး လန့်ကုန်ဦးမယ်"

"ဟုတ်ကဲ့ပါ . . . Boss, Boss မြင်ရလောက်တဲ့နေရာမှာပဲ ရှိနေမှာပါ"

"တီ! တီ!"

အိမ်ရာခြံဝင်းရှေ့ရောက်ပြီမို့ ကားဟွန်းသံပေးလိုက်ပါ၏။ အိမ်ထဲမှ အလုပ်သမားကောင်လေး ပြေးထွက်လာကာ ခြံတံခါးကို ဖွင့်ပေးလေသည်။ "ဘယ်သူလဲ" "ဘယ်ကလဲ" "ဘာလာလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲ" "ဘာကိစ္စရှိလို့လဲ" ဟူသည့် မေးခွန်းတွေ တစ်ခွန်းမျှပင်မမေးဘဲ သူ့ကားကို အဆင်သင့် ဝင်စေသဖြင့် အံ့ဩနေမိပါ၏။

ဘုရားသိကြား 'မ' လို့ အဆင်ပြေပါစေသား။

"ကျွီ"

ဆင်ဝင်အောက်မှာပင် ကားက ငြိမ့်ငြိမ့်လေးထိုးရပ်သွားလေ၏။ 'သီဟ' က သူဆင်းစေရန် တံခါးဖွင့်ပေးနေပြီမို့ ကားပေါ်မှ သူဆင်းလိုက်ပါသည်။ ကျောက်ပြားစီထားပါသည့် လှေကားသုံးထစ်ကို နင်းတက်ခဲ့စဉ် ရင်ထဲမှာ ဒိတ်ခနဲ ဆောင့်ခုန်လေ၏။ သူ့အကြောင်းကို သူပြန်သိရတော့မှာလေ။

ဟင်းလင်းဖွင့်ပေးထားပါသည့် အပေါက်ဝမှ အိမ်ထဲသို့ သူဝင်လိုက်၏။ ဧည့်ခန်းကျယ်မှာ မည်သို့သော တစ်စုံတစ်ယောက်မှ ရှိမနေပါလေ။ ဘာလဲ သူ့ကို ဒီမှာတစ်ယောက်တည်း ထိုင်စောင့်ခိုင်းလေပြီလား။ ဇဝေဇဝါ အတွေးဖြင့် သူ မတ်တတ်ပင် ရပ်နေမိပါသည်။

"သြော် ... ရောက်လာပြီလား၊ စောသားပဲ ထိုင်ပါ"

"ကျွန်တော်"

"အရင်ဆုံးထိုင်လိုက်ပါလား ကိုဖေယျာ။ မတ်တတ်ကြီးရပ်နေတာ မသင့်တော်လို့ပါ"

သူမ ပြောနေပြီမို့ ဆိုဖာမှာ သူဝင်ထိုင်လိုက်ရပါ၏။ အိမ်ရှင်





အမျိုးသမီးက သက်သောင့်သက်သာဟန်ဖြင့် သူနှင့် မျက်နှာချင်းဆိုင်ရှိ ခုံမှာ ထိုင်ချလိုက်လေသည်။ မျက်နှာထက်မှာ ဖော်ရွေသည့်အပြုံးမျိုး မတွေ့ရပါဘဲ တည်တည်တင်းနေဟန်က အပြည့်ပါပဲလား။

"ကျွန်တော် ဘုန်းမြတ်ဖေယျာမောင်ပါ မမချို"

"ဟုတ်ကဲ့ ... ချို သိပါတယ်"

"ဒါဖြင့် ... ဒါဖြင့် ... နွေရိပ်စံကို"

"ခဏနေဦး ကိုဖေယျာ။ ရှင် အခု ဒီကိုရောက်လာတာ ဘာကိစ္စနဲ့လဲ"

"နွေရိပ်စံ"

"စံရဲ့အကြောင်းကိုတော့ ကျွန်မ ပြောလိမ့်မယ်မထင်နဲ့ ကိုဖေယျာ"

"ဗျာ!"

"စံက သူ့အကြောင်းကို ရှင့်ဆီမှာ လုံးဝဖွင့်မပြောဖို့ ချို့ကို ကတိတောင်းထားလို့ပါပဲ"

"မဟုတ်သေးပါဘူး"

"ဟုတ်ပါတယ် ကိုဖေယျာ။ ချို့သူငယ်ချင်းကို အကောင်းကကတိနဲ့ သူ့ဇာတိမြေပြန်ရောက်အောင် အိမ်အထိ ပို့ပေးခဲ့တာပါ။ သူ့စိမ်းက စိုးရိမ်စိတ်ဖြစ်ပေမယ့် ကာယကံရှင်ကတော့ ဥပေက္ခာပြုချင်



www.burmeseclassic.com

www.burmeseclassic.com



ပြုမှာပေါ့၊ မဟုတ်ဘူးလား"

သူ မျက်နှာအပ်သွားရပါ၏။ အပြစ်ရှိသည့် လူတစ်ယောက်နှယ်ပါလေ။ သူ့ကို တမင်ရည်ရွယ်ပြီးပြောဆိုနေပါသည့် မိန်းမရွယ်ကို မည်သို့ ခွန်းတုံ့ပြန်ရမည်ပင် စဉ်းစား၍မရပါ။ ခေါင်းထဲ ရှုပ်ထွေးလာခြင်းကြောင့် မျက်နှာကို ရှုံ့လိုက်မိလေ၏။

"ကျေးဇူးပြု၍ နွေရိပ်စံရဲ့ Address ကျွန်တော့်ကို ပေးပါလား မမေချို"

"Sorry ပါ၊ မပေးနိုင်ပါဘူး"

"ဘာ . . . ဘာဖြစ်လို့လဲ"

"ပြောပြီးပြီလေ၊ စံက ဘာဆိုဘာမှ မပြောရမပေးရလို့ သေချာမှာလိုက်တာရှင့်"

"ကျွန်တော် သူ့အကြောင်းသိရမှဖြစ်မှာမို့ပါဗျာ"

သူမ မဲ့ပြုံးပြုံးလိုက်လေ၏။ လူကို လှောင်ရယ်စရာ သတ္တဝါနှယ် မြင်လေပြီလား။ ခေါင်းထဲ နောက်ကျိလာမှုကြောင့် အမြင်တွေပင် ဝေဝါးလာရတော့တာပါ။ ဘုရားရေ! 'နွေရိပ်စံ'က သူ့ကို ဘာဆိုဘာမှ မသိရလေအောင် ပိတ်ပင်ပြီး မျက်စိရှေ့ ဖျတ်ခနဲ ပေါ်လာခြင်းက ရုတ်တရက် ကိုယ်ယောင်ဖျောက်လျက် ပြေးလေပြီ။

"သူ့အကြောင်းသိချင်တာတဲ့လား။ အတော်တရားပါလား





ကိုဖေယျာ။ သူ့အကြောင်းကို သိဖို့ထက် ရှင့်ကိုယ်ရှင် ဘယ်သူဘယ်ဝါဆိုတာကို သိဖို့ အရင်ကြိုးစားပါဦး"

"ဗျာ!"

"ချို့ပြောတာကို ရှင် သဘောပေါက်မှာပါနော်"

"အဲဒါကို အဲဒါကိုပဲ သိချင်လို့ ဒီကိုရောက်လာရတာပါ မမေချို။ ကျေးဇူးပြု၍ ကူညီပါဗျာ"

"ချို့လည်း ကူညီချင်ပါတယ် ကိုဖေယျာ။ ဒါပေမဲ့ ချို့သူငယ်ချင်းရဲ့ ရင်တွင်းခံစားချက်ကို ပိုနားလည်နေတော့ ခက်တယ်ရှင့်"

"သူက . . . သူက"

"နွေရိပ်စံရဲ့ဘဝမှာ အပျော်က သုံးလေးလလောက်ပဲရခဲ့၊ ပိုင်ဆိုင်ခဲ့ရရှာတာပါ"

"ဟင်"

"ဘယ်နေရာကနေ ဘယ်လိုရောက်လာမှန်းမသိ၊ မိဘမရှိ၊ အိမ်မရှိ၊ ဘာဆိုဘာမှ လက်ဆုပ်လက်ကိုင်ပြဖို့မရှိခဲ့တဲ့ လူတစ်ယောက်ကို ဘဝထဲ ဆွဲခေါ်ဖို့က တော်ရုံသတ္တိနဲ့ မရနိုင်ဘူး ကိုဖေယျာ"

"ကျွန်တော်"

"ဘဝနှစ်ခု မပေါင်းစပ်နိုင်ဘူးဆိုရင်လည်း ယောက်ျား[illegible] ရှင်းရှင်းနဲ့ဘွင်းဘွင်းမျိုး ပြောသင့်တာပေါ့။ အခုတော့ ကိုယ့်ဘဝရဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်သူက မဟုတ်ပါဘူးဆိုပြီး ငြင်းလိုက်တာ စံ ဘယ်လောက်တောင်မှ အရှက်ရခဲ့သလဲ ရှင် စဉ်းစားကြည့်"

"မဟုတ်ဘူး မမချို၊ မဟုတ်ဘူး"

"ရက်စက်တယ်ဆိုလည်း တော်ရုံသင့်ရုံပေါ့ရှင်၊ အပြစ်မဲ့တဲ့ မိန်းကလေးရဲ့ဘဝကို နင်းချေပစ်ခဲ့ရလောက်အောင် သူမှာ ဘာချို့ယွင်းချက်များရှိခဲ့လို့ပါလဲ ပြောပြပါဦးရှင်"

သူ မျက်နှာကိုလက်ဝါးဖြင့် အုပ်ထားလိုက်မိပါ၏။ အလို! မထင်မှတ်ထားတာတွေက အကုန်ဖြစ်ပျက်ခဲ့တာတဲ့လား ။ 'မိန်းမပျို လေးရဲ့ဘဝကို နင်းချေဖျက်ဆီးခဲ့သည့် လူယုတ်မာတစ်ယောက်၏ ဘဝမျိုးဖြင့် သူနာမည်က ပြန်အဖတ်ဆယ်လို့ရနိုင်တော့မည် မထင်ပါလေ။

ဖြစ်ရလေ 'နွေရိပ်စံ' ရယ်။

"ကျွန်တော်"

"တစ်နှစ်ကျော်ကြာခဲ့ပြီရှင့်"

"ဗျာ"

"ဒါပေမဲ့ . . . ခုထိ အနည်းမထိုင်သေးပါဘူး။ ရှင့်ကိုလည်း မှတ်မိနေတုန်းပါ"

"ကျွန်တော် . . . ကျွန်တော်"





"ရှင် မြတ်နိုးလှပါချည်ရဲ့ဆိုပြီး လက်ထပ်ခဲ့တဲ့ ဇနီးဖြစ်သူကို မမှတ်မိနိုင်လောက်အောင် ရှင့်အသည်းက အတော်မာတာပဲ ကိုဖေယျာရဲ့"

"မမွှေချို"

"မပြောဘူးဆိုပြီး ရင်ထဲမသိမ်းထားနိုင်လို့ ပြောလိုက်မိပြီ။ ကျန်တာတော့ ရှင့်အပိုင်း ရှင့်ကိစ္စပဲ"

"သူနေတဲ့နေရာ"

"No! . . . မပြောနိုင်ဘူး။ အဲဒါကိုသာ ပြောမိရင် သူငယ်ချင်းစာရင်းက ပယ်ဖျက်တော့မှာ"

"မမချို . . . ကျေးဇူးပြု၍"

"ပြန်နိုင်ပါပြီ ကိုဖေယျာ။ နောက်ကို ဒီနေရာကို ထပ်ပြီး ရောက်မလာတော့ဘူးလို့ ထင်ပါတယ်"

ကောင်းပါလေ့! အပြီးအပြတ်ဟန်ဖြင့် လက်နှစ်ဖက်ပါ ခါပြနေပါသည့် သူမကြောင့် သူ ထရပ်လိုက်ရတော့၏။ အိမ်ရှင်ကနှင်နေပြီမို့ ဤနေရာမှာ သူ ဆက်ရှိနေစရာမှ မလိုတော့တာလေ။ တိုက်ထဲမှ ထွက်ခဲ့စဉ် သူမကိုပင် နှုတ်မဆက်ခဲ့မိပါ။ ကားပေါ်ရောက်ချိန်အထိ လူက ငူငူငိုင်ငိုင်ဖြင့် စိတ်နှင့်မကပ်တော့ပါချေ။

"Boss"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်မယ်"

ရှာကြည့်စရာက အိမ်မှာပဲရှိတော့တာ မဟုတ်လား။ အံဆွဲထဲက တွေ့ခဲ့ပါသည့် ရွှေအိုရောင်သောတစ်ချောင်း။ ပြီးနောက် မြေအောက်စတိုခန်းမှဓာတ်ပုံတွေ။ ဟုတ်တယ်၊ အဲဒီဓာတ်ပုံတွေထဲမှာ သူ ရှာဖွေနေပါသည့် ပဟေဠိကို တစ်စွန်းတစ်စအဖြေလေးတော့ ရနိုင်ကောင်းပါရဲ့။ ကားက အိမ်အထိ ပြန်မောင်းခဲ့သလို တိုက်ရှေ့ရောက်သည်နှင့် ကားပေါ်မှ သူ အမြန်ဆင်းလိုက်ပါ၏။

"မြေး"

ဘွားမေခေါ်တာကို ပြန်မလှည့်ကြည့်ဖြစ်တဲ့ အလယ်ခန်းမှ တစ်ဆင့် မီးဖိုခန်းဘေးရှိ တံခါးဆီ သူ ဦးတည်လိုက်ပါသည်။ စတိုခန်းတံခါးမှတစ်ဆင့် လှေကားထစ်တို့ကို အပြေးတစ်ပိုင်းဆင်းခဲ့မိ၏။ ဟိုတစ်လောလေးက မွှေခဲ့ပါသည့် သေတ္တာပုံးကို သူ ပြန်ဖွင့်လိုက်ပါသည်။

အထဲမှ စာရွက်တွေကို ဖယ်ထုတ်လိုက်ရင်း ဓာတ်ပုံထည့်ထားပါသည့် စက္ကူအိတ်ကို ယူလိုက်မိ၏။ အိတ်က ရှောရှောရှူ ထွက်မလာဘဲ တစ်စုံတစ်ခုနှင့် ငြိကာ ငြိခနဲ ပြဲလေတော့သည်။ "အမြန်လို အနှေးဖြစ်" ဟူသည့်စကားက ကွက်တိမှန်နေလေ၏။ ဘာနှင့်များ ငြိသလဲအတွေးဖြင့် နှိုက်ယူမိစဉ် plastic အိတ်ထဲမှာ





ထိုးထိုးထောင်ထောင် ထွက်နေပါသည့် ပစ္စည်းကို မြင်လိုက်ရလေသည်။

ဘုရားရေ! တစ်စစိကျိုးပဲ့ပျက်စီးနေပါသည့် camera အကြီးစားဖြစ်နေပါရောလား။ ဒါဖြင့် သူ့ဝါသနာဆိုတာ ဒီလို camera ဖြင့် ဓာတ်ပုံရိုက်ခြင်းဆိုတာ အမှန်ပဲပေါ့လေ။ ကူးပြီးသားဓာတ်ပုံထပ်ကို ယူ၍ တစ်ပုံချင်း ပြန်ကြည့်လိုက်မိပါ၏။ ရှုခင်းပုံများကြားမှ ဓာတ်ပုံတစ်ပုံက သူ့ခြေဖမိုးထက် ဒေါက်ခနဲ ပြုတ်ကျသွားလေသည်။

ချစ်သော 'စံ' အတွက်

အမှတ်တရ

'မောင်'

နောက်ကျောဘက်မှ မြင်နေရပါသည့် စာတမ်းကြောင့် သူ့နှလုံးသားက တဆတ်ဆတ် ခုန်လာလေတော့၏။ တုန်ရင်နေပါသည့် လက်ဖြင့် ဓာတ်ပုံကို ကောက်ယူ၍ ကြည့်မိစဉ် ကြည်လဲ့လဲ့မျက်ဝန်းတို့ဖြင့် မဲ့တရိပြုံးနေသည့် မိန်းကလေးကို မြင်လိုက်ရလေသည်။

ဒါ 'နွေရိပ်စံ' ပါပဲ။

❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"တင်းတောင်! တင်းတောင်!"

"လာပြီ ... လာပြီ"

အိမ်ရှေ့မှ လူခေါ် bell သံကြောင့် အိမ်ထဲမှ အသံလှမ်းပြု လိုက်ရပါ၏။ အန်တီငယ်ပါ အဆင်သင့်ဖြစ်နေပြီမို့ အပြင်ထွက်ရန် အိမ်ရှေ့သို့ ထွက်ခဲ့ရလေသည်။ ယူသွားရန်အတွက် ပစ္စည်းတွေကို စက္ကူပုံးဖြင့်ထည့်ပြီးသားမို့ သယ်ဖို့အသင့်ပါပဲ။ အိမ်တံခါးကို အန်တီ ငယ်က ဖွင့်လိုက်လေ၏။

"အတော်ပဲ ... ဒီပုံးလေး ကျေးဇူးပြုပြီး ကူသယ်ပေးပါလား မောင်ရင်"





"ရပါတယ် အန်တီ။ လှည်းပေါ်သာ တက်ပါ၊ အရင်အိမ် ကိုပဲ မဟုတ်လား"

"ဟုတ်ပါ့ ... ဟုတ်ပါ့၊ သမီးစံ လာတော့လေ"

"လာပါပြီ အန်တီငယ်"

သူမက အိမ်ထဲမှ မီးတွေကို ပိတ်လိုက်ပြီး တံခါးကို သော့ ခတ်လိုက်ပါ၏။ ပြီးနောက် သော့တံလေးကို (တိုက်ရှေ့နံရံမှာ ကပ် ထားပါသည့်) မီးအိမ်၏အောက်ထဲမှာ ထည့်လိုက်ပါသည်။ ယူသွားပါ က ကျပျောက်တတ်တာမို့ ဒီနေရာမှာ ထားခဲ့တာကို အန်တီငယ်နှင့် သူမသာ သိကြလေ၏။

ခြံလေးမှထွက်ကာ ခြံတံခါးအသေးလေးကို ကလန့်ထိုးလိုက် ပါသည်။ မြင်းလှည်းပေါ်သို့ တက်စဉ် မြင်းလှည်းမောင်းသည့်လူကြီး က အပြင်မှ တံခါးချက်ထိုးပိတ်ပေးလေ၏။ ပြီးမှ ရှေ့ခုံမှ အပေါ်သို့ တက်ကာ မြင်းလှည်းကို မောင်းထွက်ခဲ့လေသည်။

"နှင်းကျတာ စောလိုက်တာ"

"ဟုတ်ပါရဲ့၊ မိုးကုန်တာမှ မကြာသေးအ[illegible] အအေးဆိုလာပြီ"

အန်တီငယ်က ခွယ်တာကို ဇစ်ဆွဲပိတ်လိုက်ရင်း ပြောလိုက် ပါ၏။ မနေ့က ဈေးဝယ်ထားသဖြင့် ရေခဲသေတ္တာဖွင့်ထားရအောင်မို့ အိမ်မှာ Main ချေဖြစ်ခဲ့ပါ။ သိပ်လည်းကြာမှာမဟုတ်သဖြင့် အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပင် ပိတ်ထားခဲ့လိုက်ပါသည်။

"ညက သမီး phone ပြောနေသလားလို့"

"အင်း ... ထုတ်ဝေသူကို စာမူပြီးလို့ message ပို့လိုက်တာပါ။ ဆရာ မအိပ်သေးတာနဲ့ phone ခေါ်လို့ ပြောရတာလေ"

အန်တီငယ်ကို ညာမိလေပြီ။ တကယ်တမ်း ဆက်လာတာက 'မေရှိ' မဟုတ်ပါလား။ မကြားချင်သည့်စကားတို့ကို 'စံ' ပင်နားထောင်ခဲ့ပြီး အန်တီငယ်စိတ်ဆင်းရဲမှာစိုး၍ ပြန်မပြောပြချင်တော့ပါလေ။ အူတူတူပုံစံဖြင့် သူ့ခွေးမင်းက ကြွခဲ့ပါသတဲ့။ အပြစ်တင်သံဖြင့် 'ချို' တို့ကတော့ သူ့အကြောင်းကို အားပါးတရ ဝေဖန်တော့တာမဟုတ်ပါလား။ ကြာတော့လည်း မေ့လိုရသွားမှာပါ။ ခံစားသင့်သလောက် ခံခဲ့ရပြီးပြီပဲ။ နောက်ဆုံးတော့လည်း တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးတဲ့ သူစိမ်းတွေနှင့် စိမ်းစိမ်းကားကားနေပြလိုက်ရုံပေါ့နော်။ 'နွေရိပ်စံ' ရဲ့ဘဝလစ်ဟာနေတဲ့ကွက်လပ်က ဒီအတိုင်းထားလိုက်ရုံသာ ရှိတော့တာပါလေ။

"ကဲ! ... ရောက်ပြီ"

"အထဲထိ သယ်ပေးရမလား အန်တီ"

"နေပါစေ မောင်ရင် ... အလုပ်သမားတွေ လာသယ်ပါလိမ့်မယ်"





"ကျေးဇူးပါပဲနော်"

မြင်းလှည်းခရီးပေးစဉ်မှာပင် အိမ်ထဲမှ ဝန်ထမ်းတွေ ပြေးထွက်လာလေ၏။ ဒီရက်ပိုင်း သန့်ရှင်းရေးလုပ်ရမည်ဟု ပြောထားတာမို့ ခြံထဲမှအလုပ်သမားအချို့လည်း ရောက်နေပါသည်။ လိုအပ်တာတွေကို list လုပ်၍ ဝယ်ထားတာမို့ အလုပ်အတွက် မကြန့်ကြာတော့ပါ။ အိမ်ထဲဝင်၍ တာဝန်ခွဲပေးလျက် လုပ်ငန်းစလိုက်ရလေသည်။

"ဧည့်သည်တွေက လာတော့မှာတဲ့လား မမလေး"

"ဟုတ်တယ်၊ ခါတိုင်း နွေမှာမှ ရောက်လာတတ်ကြပြီး ဒီနှစ်မှ စောနေတာ။ လူလည်းများမယ်တဲ့"

"Hotel မဟုတ်တဲ့ နေရာမှာ နိုင်ငံခြားသားဧည့်သည်တွေ မတည်းရဘူးဆို"

"အဲဒါလည်း မှန်တာပဲ။ ဒါပေမဲ့ စံက ဟိုဘက်အခြမ်းမှာ Hotel ဆောက်ဖို့လျှာထားပြီးသားမို့ ဒါကို Motel လို့ စာရင်းအပ်ပြီး မှတ်ပုံတင်ထားပြီးသားပါ။ ပြဿနာမရှိပါဘူး"

"ဧည့်သည် လာ,မလာတော့မသိဘူး။ မနေ့ကတည်းက အိမ်ရှေ့ငုပင်မှာ ရွှေကျီးတော့ သာခဲ့လေရဲ့"

အန်တီငယ့်စကားကြောင့် ရင်ထဲ ဒိတ်ခနဲဖြစ်သွားရလေ၏။ အလို! ဤသို့ ရွှေကျီးသာတိုင်း ဧည့်သည်လာလေ့ရှိတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ဒါဖြင့် မည်သို့သောညွှန်သည်က ‘စံ’ တို့အိမ်ကို ရောက်လာမှာတဲ့လဲ။

နှစ်နှစ်ပြည့်တော့မယ် ‘မောင်’။ ဒီမြေကိုရောက်လာပြီး ဒီနေရာက ထွက်ခွာပျောက်ကွယ်သွားခဲ့တာ ဒီနေ့ဆို နှစ်နှစ်တင်းတင်း ပြည့်တော့မှာပါ။ ဟိုအရင်ချိန်တုန်းကလို ကျောပိုးအိတ်လေးလွယ်ပြီး လက်ထဲမှာ camera ကိုင်ထားလို့ ပြုံးစားကြီးများ ရောက်လာဦး မလားဆိုပြီး ရှုနှမ်းနှမ်း မျှော်လင့်မိပါသေးတယ်။

ဒါပေမဲ့ … ‘မောင်’ ရယ်။

ဟိုးတုန်းကလို အချစ်တွေ မရှိတော့တဲ့နေရာက ဟိုးရှေးရှေးတုန်းက ပုံပြင်တစ်ပုဒ်နှယ် ပြောစမှတ်တွင်ခဲ့ရတာ မဟုတ်ပါလား။

“နွေရိပ်စံ’ ၏ ‘မောင်’ကဖြင့် အနားမှာမရှိတော့တာ ကြာခဲ့ပြီလေ။

မှန်လုံကား၏ မှန်ပြတင်းမှတစ်ဆင့် အပြင်သို့ငေးကြည့်နေမိ၏။ ပေါင်ပေါ်မှာတင်လျက်သား ရှိနေပါသည့် ကျောပိုးအိတ် လည်ပင်းထက် ဆွဲထားပါသည့် camera နှင်လှူငယ်တစ်ဦး။ အမှန်ပါပဲ။ ထိုလူဟာ ‘ဘုန်းမြတ်ဇေယျာမောင်’ အစစ်အမှန်ဖြစ်နေလေ၏။





နှင်းမှုန်တို့ဖြင့် အုံ့မှိုင်းနေပါသည့် ဝန်းကျင်ကို သူ အငေးသား ကြည့်နေခဲ့မိပါသည်။ ဤနေရာ ဤဒေသမှာ သူ့၏နှလုံးသားတစ်စုံကို မြှုပ်နှံထားခဲ့တာတဲ့လား။ အဘယ်မျှ ကဗျာဆန်လိုက်ပါသလဲ။ အေးချမ်းသည့်အရပ်မှာမှ သူ့နှလုံးသွေးတို့ ပူနွေးခဲ့ရတာတဲ့လေ။

“စံ”

‘စံ’ ရှိနေမယ့်နေရာကို ‘မောင်’ အရောက်လာနေပါပြီ။

“တီ! တီ! ”

အဝေးပြေးဝင်းထဲသို့ ကားကြွေ၍ ဝင်နေပြီမို့ သူ ထရပ်လိုက်ပါ၏။ စိတ်က အတော်စောနေသဖြင့် လူကပါအမြန်လိုနေတော့တာပါ။ ရပ်သွားသည့်ကားပေါ်မှ သူ အရင်ဆုံးဆင်းဖြစ်လေသည်။ အထုပ်အပိုး အလေးအပင် မပါပါဘဲ ပေါ့ပေါ့ပါးပါးဖြင့် ရောက်လာရတာ မဟုတ်လား။

ကောင်းပြီ ‘ဘုန်းမြတ်ဇေယျာမောင်’ အခု ဘယ်ကိုသွားမှာလဲ။ အဖမ်းရှိသော်ငြား အဖြေက ရှိမနေပါဘဲ ဝင်းထဲမှ ခြေစုံရပ်၍ အတွေးဖြန့်နေမိလေသည်။ ရောက်ချင်ဇောဖြင့် ရောက်လာပေမယ့် သွားရမည့်နေရာကိုမှ မသိတော့တာလေ။ —

“ဖြောင်း! ဖြောင်း! ”

“ဟော့! … ကိုဇေယျာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော!"

သူ့အမည်ကို ခေါ်လိုက်သံကြောင့် ဝမ်းသာအားရဖြင့် လှည့်ကြည့်လိုက်မိပါ၏။ Taxi သမားက ကားကို ပတ်ပြီး လက်ယပ်ခေါ်နေသဖြင့် မှန်လုံးကားကြီးအနီးမှ သူထွက်ခဲ့ရလေသည်။ သူ့ကို ဒီမြို့ကလူတွေ သိနေတာများလား။

"မတွေ့တာတောင် အတော်ကြာပြီ"

"ကျွန်တော့်ကို သိလို့လား"

"ဟာဗျာ ... ကိုဇေယျာကတော့ နောက်နေပြီ။ အစ်ကို outdoor ထွက်တိုင်း ကျွန်တော့်ကားကိုပဲ အမြဲငှားစီးတာလေဗျာ။ မမှတ်မိတော့ဘူးလား ညီညီလေ"

"အင်းအင်း"

"ရင်ငွေ့နွေးနွေးကိုပဲ တန်းသွားမှာမဟုတ်လား"

"ဗျာ"

"ရင်ငွေ့နွေးနွေးစံအိမ်လေဗျာ။ ကိုယ့်အိမ်ကိုတောင် မမှတ်မိအောင် မေ့နေရလားဗျ။ ခင်ဗျားကတော့ အံ့ရောပဲ"

"ရင်ငွေ့နွေးနွေးစံအိမ်"

နှုတ်ဖျားမှ သူ တီးတိုးရေရွတ်လိုက်မိလေ၏။ 'ရင်ငွေ့နွေးနွေး' တဲ့လား။ အဘယ်မျှ သက်ဝင်လှုပလွှန်းပါသည့် အမည်လေး





ပါလဲ။ ရင်ထဲမှာ တကယ့်ကိုပင် နွေးထွေးလာသည့်နှယ် ခံစားလိုက်ရလေသည်။ တော်ပါသေးရဲ့၊ အိမ်ကိုပါသိနေသည့် Taxi သမားနှင့် ဆုံအောင် ဘုရားသိကြား နတ်ဒေဝါတွေ 'ကယ်မ' ပေလို့ပါပဲ။

"စံနဲ့ ... စံနဲ့ရော ဆုံဖြစ်သေးလားဟင်"

"ဆရာမနဲ့က ဈေးမှာတော့ မကြာခဏ ဆုံပါတယ်။ များသောအားဖြင့် ဆရာမက မြင်းလှည်းနဲ့ စီးဖြစ်တာဗျ"

"ဆရာမ"

"ဟုတ်တယ်လေ၊ ခြော် ... ဆရာမက လျှို့ဝှက်ပြီးနေတော့ တော်ရုံနဲ့ လူမသိဘူး ကိုဇေယျာရဲ့။ ဆရာမစာရေးတာ တစ်နှစ်ကျော် ကြာနေပြီ။ ကလောင်နာမည်က ပုံရိပ်စံတဲ့"

"ဗျာ! ... ဟိုလေ ကျွန်တော်သွားမှာက"

"ဟုတ်ပါတယ်၊ ဆရာမနွေရိပ်စံရဲ့အိမ်ကိုပဲ မဟုတ်လား။ ကျွန်တော် သိပါတယ်ဗျာ၊ ပေါဒီလမ်းထဲမှာပါ"

လူမှားပြီလားဟု ရင်ထိတ်သွားရသော်ငြား Taxi က လမ်းကြားအဆုံးထိ ရောက်လာလေတော့၏။ ကားပေါ်မှထဝင်းကာ ကားခရှင်းပေးလိုက်ပါသည်။ သစ်ပင်တို့ဖြင့် အုံ့ဆိုင်းငြိမ်သက်နေပါသည့် တစ်ထပ်တိုက်လေးကို ခြံဝမှမြင်နေရလေ၏။ ဒါ သူနှင့် 'စံ' ၏ "ရင်ငွေ့နွေးနွေးစံအိမ်' တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးအသေးလေးစကို ကလန့်ဖွင့်၍ ခြံထဲသို့ ဝင်လိုက်ပါ၏။ အုတ်ခဲခင်းထားပါသည့် လမ်းကျဉ်းလေးအတိုင်း တိုက်ပုလေးရှိရာထံ သူ ဖြည်းဖြည်းချင်း လျှောက်လာခဲ့မိလေသည်။ ခြံထဲမှာ သစ်ပင်ပန်းပင်တို့က နှင်းစက်တို့စိုရင်း ဖွင့်လန်းစိမ်းစိုနေလေ၏။

အိမ်တံခါးရှေ့မှာ သူ ခြေစုံရပ်လိုက်မိ၏။ တံခါးခေါက်ရမှာလား။ မဟုတ်သေးပါ။ ဒါဖြင့် bell နှိပ်ရမှာလား။ ဒါလည်းမဟုတ်သေးဘူး ထင်ပါရဲ့။ ညှိသည်မဟုတ်သည့်သူက ဒီအိမ်ကို တံခါးခေါက်ပြီး ဝင်ရမှာမှ မဟုတ်တာလေ။

အင်္ကျီအိတ်ကပ်ထဲမှ သော့တံလေးကို နှိုက်ယူလိုက်ပြီး door lock ကို လှည့်မဖွင့်ဖြစ်သေးပါ။ မှန်ပါရဲ့လား။ ဒီစံအိမ်ရဲ့တံခါးသော့လေးဖြစ်ပါစေသား။ စိတ်ထဲမှ အခါခါ ဆုတောင်းလျက် သော့တံကို ထည့်ကာ မျက်စိစုံမှိတ်၍ လှည့်လိုက်မိပါ၏။

"ဂျလောက်!"

ရင်ထဲမှ ဒိန်းခနဲဆောင့်ခုန်သံနှင့်အတူ မျက်စိပြန်ဖွင့်လျက် သူ ပြုံးလိုက်မိပါသည်။ နောက်ဆုံးတော့ နောက်ဆုံးတော့ Time machine (အချိန်ကူးပြောင်းစက်) လို သူ အတိတ်နေရာကို ပြန်ရောက်လာခဲ့ပြီပဲ။ Doorlock ကိုလှည့်ဖွင့်၍ အိမ်ထဲသို့ သူဝင်လိုက်မိ၏။ အိမ်ထဲမှာ ဘာသံမှမကြားရပါဘဲ တိတ်ဆိတ်နေလေသည်။





အိမ်ပြတင်းပေါက်တွေကို လျှောက်ဖွင့်လိုက်သဖြင့် အပြင်မှ နေရောင်ခြည်က အိမ်ထဲသို့ ဖြာ၍ ဝင်လာလေ၏။ ညှိခန်းနံရံထက် ရှိနေပါသည့် (မျက်လွှာချထားသည့်) 'စံ' ၏ဓာတ်ပုံကို သူငေးကြည့်မိပါသည်။ အဘယ်မျှ အပြစ်ကင်းစင်လွန်းပါသည့် အလှရှင်လေးပါလဲ။

အတွင်းဘက်သို့ ဆက်ဝင်လာကာ မီးဖိုခန်းရောက်သည်အထိ လူရိပ်မျှပင် မတွေ့ရပါလေ။ ကြည့်ရတာ အပြင်ထွက်သွားကြတာထင်ပါရဲ့။ ရေခဲသေတ္တာကိုဖွင့်မိစဉ် အထဲမှာ ပစ္စည်းတွေအပြည့်ဖြည့်ထားလေ၏။ ဒါဖြင့် 'စံ' က ဘယ်ကိုများ သွားတာပါလိမ့်။

အိပ်ခန်းရှိရာဆီသို့ သူလျှောက်ခဲ့ပါ၏။ မင်္ဂလာမောင်နှံဓာတ်ပုံက သူ့ရင်ကို နင့်သွားစေတာအမှန်ပါ။ ခုတင်ထက်ထိုင်ချလိုက်ပြီး ဓာတ်ပုံကို ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်မိလေ၏။ နံရံအပြည့်ကပ်ထားပါသည့် သူ့ဓာတ်ပုံတို့ကို 'စံ' နေ့စဉ်ကြည့်နေခဲ့ပါသလား။

ဖြစ်ရလေ 'စံ' ရယ်။

'မောင်' မရှိတော့တဲ့ အချိန်ကာလရှည်ကြီးမှာ 'မောင့်' ကို ပြန်လာနိုးဖြင့် နေ့စဉ်မျှော်ကိုးပြီး စောင့်စားနေခဲ့တာပေါ့နော်။

ခုတင်ထက်မှာပင် camera နှင့် ဈေးခြင်းအိတ်ကို သူချထားလိုက်ပါ၏။

"ဟဲ့!... အိမ်တံခါးပွင့်နေတယ်။ ပြတင်းပေါက်တွေရောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သော့က ဒီထဲမှာပဲရှိတာ အန်တီငယ်ရဲ့"

"ဒါဖြင့် ဘယ်သူရောက်နေတာလဲ"

တိုးသဲ့သဲ့အသံလေးက သူ့ရင်ကို တဒုတ်ဒုတ်ဖြင့် အခုန်မြန်စေလာလေ၏။ ခုတင်ထက်မှ ထရပ်ကာ အခန်းဝဆီ လျှောက်ခဲ့စဉ် ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရလေသည်။ ဒါ 'မောင်' သိပ်ချစ်ခဲ့တဲ့ 'စံ' ရဲ့ခြေသံလေးတဲ့လား။

"ဘယ်သူလဲ၊ ဘယ်သူရောက်နေတာလဲ"

"ဂျလောက်!"

"အမယ်လေး!"

ရုတ်တရက် အခန်းတံခါးကို ဖွင့်လိုက်သဖြင့် သူမ လန့်သွားရပါ၏။ အခန်းဝမှာရပ်နေပါသည့် သူ့ကို အံ့ဩမင်သက်စွာဖြင့် ငေးကြည့်နေမိလေသည်။ ဒါ အိပ်မက်များလား။ မကြာခဏ မြင်မက်ခဲ့ဖူးသည့် အိပ်မက်တွေထဲကအတိုင်းမို့ ယုံရခက်ခက်ပါပဲ။

"စံ"

"ဟင်!"

"မောင်ပါ"

ဘုရားရေ! တကယ်ပဲ 'စံ' ၏ 'မောင်' ရောက်လာတာတဲ့လား။ လူက ဘာမှမပြောနိုင်တော့ဘဲ အရုပ်တစ်ရုပ်နှယ် ရပ်နေမိပါ၏။





သူက သူမရပ်နေသည့်နေရာဆီ လျှောက်လာပြီး ခန္ဓာကိုယ်ကျစ်ကျစ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်လေသည်။

"မောင် ... မောင် ..."


"ဟုတ်ပါတယ် ... မောင်အစစ်ပါ"

"မောင် တကယ်ပဲ ပြန်လာတယ်နော်"

"ဟုတ်ပါတယ်။ မောင့်မှာ ပြောစရာတွေ အများကြီးရှိနေတယ် စံ။ မောင်, ပြင်းထန်တဲ့ Accident တစ်ခုဖြစ်ခဲ့ပြီး ..."

သူ တတွတ်တွတ် ရှင်းပြနေသည်က သူမနားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်ပါပဲ။ လွမ်းဆွေတ်နေခဲ့ရပါသည့် ရင်ခွင်ကျယ်ကြီးထဲမှာ ဝမ်းပန်းတနည်း ငိုချလိုက်မိလေတော့၏။ တခြား ဘာကိုမှ မကြားလိုတော့ပါ။ 'စံ' ဘဝမှာ 'မောင်' သာ ထာဝရရှိနေခဲ့ရင် ပြီးပြည့်စုံသွားပါပြီလေ။

**လေးစားလျက် ...**



28th June 2016

PM (3:37)

www.burmeseclassic.com